ကြာသပတေးနှင့် ဝဂေသမီး အိပ်ထောင်ရေး အချစ်ရေး အဆင်ပြေဝလိုသော် . . . ဝိတောက်သား ကို ဘုရားထုလုပ်ကိုးကွယ်ရပါမည်။ ပလ္လင်တော်မှာ သပြေသားကို ပလ္လင်တော် လုပ်ရပါမည်။ ဥာဏ်တော် အပြင်မှာ (၅)လက်မ၊ ပလ္လင်အပြင်မှာ (၂)လက်မ ရှိရပါမည်။ ထို့အတူ ဝဂေသားနှင့် ကြာသပတေးသမီး အိပ်ထောင်ရေး အချစ်ရေး အဆင်ပြေဝလိုသော် (တမာသား)ကို ဘုရားထုလုပ်ရပါမည်။ ပလ္လင်တော်မှာမူ (သပြေသား)ကိုသာ ပလ္လင်ပြုရပါမည်။ ဥာဏ်တော်အပြင်မှာ (၅)လက်မ၊ ပလ္လင်အပြင်မှာ (၂)လက်မ ရှိဝေရပါမည်။ ပုံတော်မှာ ဘုဇိဝသပုံပင် ထုလုပ်ရပါမည်။ ကြာသပတေးနေ့၊ ဝဂေနေ့ တစ်နေ့နေ့သည် လပြည့်နေ့နှင့် ကြဲကြိုက်သောအခါ ဝုဒ္ဓဂုဏ်မှုးတော်များကို ဝတင်ထုလုပ်ရပါမည်။ အချိန်အစားကျနေမှာ ထုလုပ်ပြီးနောက် ဒွေဒုဒ္ဓ ဝုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့ တစ်နေ့နေ့သည် လပြည့်နေ့နှင့် ကြဲကြိုက်သောအခါ နံနက် အရုဏ်တက်အချိန်၌ ပင့်သံဃာ ဘနဉ်းဆုံး (၅)ပါး။ အများဆုံး (၁၀)ပါးပင့်၍ အနေကစာတင် ကိုးကွယ်ရပါမည်။

ကပ်လှူပူဇော်ရမည့်အချိန်၊ နာရီကား ဝုဒ္ဓဟူးနေ့ နံနက် (၇)နာရီမှ နံနက် (၉)နာရီအတွင်း၊ တစ်ကြိမ်၊ ကြာသပတေးနေ့ နံနက် (၇)နာရီမှ နံနက် (၉)နာရီအတွင်း တစ်ကြိမ်၊ သောကြာနေ့ နံနက် (၇)နာရီမှ နံနက် (၁၀)နာရီအတွင်း တစ်ကြိမ်၊ စင်္နေ့ နံနက် (၉)နာရီမှ နံနက် (၁၀)နာရီအတွင်း တစ်ကြိမ်၊ စုစုပေါင်း တစ်ပတ်လျှင် (၄)ကြိမ် ကပ်လှူပူဇော်နိုင်ပါသည်။

ကပ်လှူ ပူဇော်ရမည့် ပန်းများ၊ တတ်ပဒ္ဓဉ်းများမှာ သပြေပန်း (၁၅)ဥွန်း၊ သပြေပန်း (၅)ခက်နှင့် နှင်းဆီပန်း (၇)ပွင့်တို့ကို တစ်စည်းတည်းဖြစ်အောင် စုစည်း၍ ဘုရားကပ်လှူခြင်း။ ထိုးမုန့်၊ ဒန်ပေါက် ဆွမ်း၊ ပဲထမင်း နာနတ်ရည်နှင့် ပန်းသီးရေ ရောစပ်၍ (၅)ခွက် ကပ်လှူခြင်း၊ ဗယောင်းတိုင် (၅)တိုင် သို့မဟုတ် ၁၀ တိုင်ထွန်း ဘုရားကပ်လှူ၍ (ကြာသပတေး - ဝဂေ) (ဝဂေ - ကြာသပတေး)နေ့နံ သားသမီး (နာမည်ထည့်) တို့သည် တစ်ဦးနှင့် တစ်ဦး မေတ္တာသက်ဝင်၍ ချစ်ခင်ကြင်နာလာပါစေး အိပ်ထောင်ရေးသာယာ ပြောင်ပြူပါစေး အိပ်ထောင်ရေးအေးချမ်းသာယာပါစေ ဟု (၅)ခါ ဆို၍ ဆုတောင်းကြရာ၏။

တစ်နည်း . . . .

ကြာသပတေးသားသည် ဝဂေသမီးနှင့် အိပ်ထောင်ရေး အချစ်ရေး အဆင်ပြေလိုသော် ဝဂေနေ့ နံနက် (၉)နာရီမှ နံနက် (၁၀)နာရီအတွင်း တန်ဖိုးကြီးမားသော ဘုရားဝတ္ထု ၏ ဝဂေထောင့်မှဝဂေ၍ ဒေါ်နုပန်း (၁၀)ခက်၊ နာနတ်မျော်ရည် (၁၀)ခွက်၊ ပဲထမင်း (၁၀)လုံး၊ ဗယောင်းတိုင် (၇)တိုင်ထွန်း ဘုရားကပ်လှူ၍ ကြာသပတေးသား တပည့်တော်သည် ဝဂေသမီး (နာမည်ထည့်)နှင့် အိပ်ထောင်ရေး အဆင်ပြေပါစေး အိပ်ထောင်ရေး သာယာပြောင်ပြူပါစေး မေတ္တာသက်ဝင် ချစ်ခင်လာပါစေ ဟု ဆုတောင်းရာ၏။ ထို့အတူ ဝဂေသားသည် ကြာသပတေးသမီးအား အလိုရှိ၍ အိပ်ထောင်ရေး အချစ်ရေး အဆင်ပြေဝလိုသော် ကြာသပတေးနေ့ နံနက် (၇)နာရီမှ နံနက် (၉)နာရီအတွင်း တန်ဖိုးကြီးမားသော ဘုရားဝတ္ထုတို့၏ ဝဂေထောင့်မှဝဂေ၍ ပေါက်ပန်းပြူးငှင့် (၅)ပွင့်၊ ဘဲပေါင်း (၅)လုံး၊ ပဲထမင်း (၅)လုံး၊ သပြေပန်း (၁၉)ခက်၊ ဗယောင်းတိုင် (၅)တိုင်ထွန်း၊ ပန်းသီးမျော်ရည် (၅)ခွက်တို့ကို ဘုရားကပ်လှူပါ။ ဆုတောင်း သည့်အခါ တပည့်တော် ဝဂေသားသည် ကြာသပတေးသမီး (နာမည်ထည့်)နှင့် မေတ္တာသက်ဝင်၊ ချစ်ခင်ကြင်နာလာပါစေး အိပ်ထောင်ရေး သာယာပြောင်ပြူပါစေး အိပ်ထောင်ရေး အေးချမ်းသာယာပါစေဟု (၅)ခါဆို၍ ဆုတောင်းကြရာ၏။

မှတ်ချက်

ဤဘုရားမျိုးသည် ဘုရားအောက်က လင်ပန်းအဝိုင်းခံ၌ ရုပ်ပွားတော်၏ ဦးခေါင်းတော်ပေါ်မှ ရေခွက်သေးသေးပြင့် (၇)ခွက်၊ အထက်ပါအတိုင်း ဆုတောင်း၍ ရေ လောင်းချ သမ္ဘာယပေးရမည်ကို အထူးသတိပြုပါလေ။ ရေပြည့်လှဲလာပါက ထိုရေများအား အိမ်၏ စနေထောင့်တက်တွင် ရေကို သွန်ပစ်ခဲ့ရမည်တို့ကို အထူးသတိပြုပါလေ။

(က)သောကြာ - စနေ အိမ်ထောင်ရေး အချစ်ရေး အဆင်ပြေသောယတြာ

သောကြာသား - စနေသမီး အိမ်ထောင်ရေး အချစ်ရေး သာယာ၍ အဆင်ပြေစေလိုသော် (သနပ်ပင်မှ သနပ်သားကို ဘုရားထုရပါမည်။ ပလ္လင်တော် ပပါဝင်ပါ။ ထို့အတူ စနေသားနှင့် သောကြာသမီး အချစ်ရေး အိမ်ထောင်ရေး သာယာချမ်းမြေ့စေလိုသော် ဝန်းကြီးသားကို ဝဋ္ဌရုပ်ပွားတော်ထုလုပ်၍ ပလ္လင်တော်ကို သပြေသား လုပ်ရပါမည်။ ထိုဘုရားနှစ်ဆူစလုံးသည် ဉာဏ်တော်အပြင့် (၇)လက်မရှိရမည်။ ပလ္လင်မှာ (၂)လက်မ ရှိရပါမည်။ အားလုံးသည် ဘုမိ ဖဿပုံတော်ကိုပင် ထုလုပ်၍ ကိုးကွယ်ရပါမည်။ ထုလုပ်ပုံမှာ သောကြာနေ့၊ ကြာသပတေးနေ့ တစ်နေ့နေ့သည် လပြည့်နေ့နှင့် ကြုံကြိုက်သည့်အခါ နံနက် (၇)နာရီမှ စတင်၍ ဝဋ္ဌရုပ်ပွားတော်များကို ထုလုပ်ရပါမည်။ အချိန်အတန် ကြာရှည်မှာ ထုလုပ်ပြီးနောက် ထိုကြာသပတေးနေ့၊ သောကြာနေ့၊ စနေနေ့ တစ်နေ့နေ့သည် လပြည့်နေ့နှင့် ကြုံကြိုက်သောအခါ နံနက် အရုဏ်တက် အချိန်၌ အနည်းဆုံး ပင့်သံယာ (၅)ပါး၊ တမျှားဆုံး (၁၀)ပါး ပင့်၍ ဘုရားအနေကစတင် ရပါမည်။ ကပ်လှူတော်ရမည့် အချိန်၊ နေ့များမှာ ဝဋ္ဌဟူးနေ့ နံနက် (၇)နာရီမှ နံနက် (၉) နာရီအတွင်း တစ်ကြိမ်၊ သောကြာနေ့ နံနက် (၉)နာရီမှ နံနက် (၁၀)နာရီအတွင်းတစ်ကြိမ်၊ စနေနေ့ နံနက် (၉)နာရီမှ နံနက် (၁၂)နာရီအတွင်းတစ်ကြိမ်၊ ကြာသပတေးနေ့ နံနက် (၇) နာရီမှ နံနက် (၉)နာရီအတွင်း တစ်ကြိမ်၊ စုစုပေါင်း တစ်ပတ်လျှင် (၄)ကြိမ် ကပ်လှူတော် ၌ဆုတောင်းရပါမည်။ ကပ်လှူတော်ပေးရမည့်ပန်းမှာ ဓာတ်ပစ္စည်းများမှာ သပြေပန်း (၆)ခက်နှင့် ဝေါနပန်း (၁၀)ခက်၊ ထို (၂)မျိုးကို တစ်စည်းတည်းဖြစ်အောင် စုစည်း၍ ဘုရား ကပ်လှူခြင်း။ သပြေပန်း (၆)ညှင်၊ နှင်းဆီပန်း (၇)ပွင့်၊ ထို (၂)မျိုးကို တစ်စည်းတည်း ပြစ်အောင် စုစည်း၍ ကပ်လှူခြင်း။ သဲပုရာဖော်ရည်နှင့် နာနတ်ဖော်ရည် ပေါင်းစပ်၍ ကပ်လှူတော်ခြင်း။ သီးသီးနှင့် နာနတ်သီး (၂)မျိုး ရောစပ်၍ ကပ်လှူတော်ခြင်း။ သရက်သီးသနပ်နှင့် ဆွမ်း (၇)လုံး ကပ်လှူခြင်း။ ပယောင်းတိုင် (၁၆)တိုင်ထွန်း ကပ်လှူတော်၍ (သောကြာ - စနေ) (စနေ - သောကြာ) နေ့ နံ (နာပည်ထည့်) ထိုနှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာမှု ခွဲစ်ကြပါစေး မေတ္တာသက်ဝင် ချစ်ဝင်ကြင်နာကြပါစေး အိမ်ထောင်ရေး သာယာပြောင်မြှုပါစေး အိမ်ထောင်ရေး စားအဖွမ်းသာယာပါစေဟု (၇)ခါဆို၍ ဆုတောင်းတတ်ကြပါလေ။

တစ်နည်း ....

သောကြာသားသည် စနေသမီးနှင့် အိမ်ထောင်ရေး အချစ်ရေး အဆင်ပြေလိုသော် စနေနေ့ နံနက် (၉)နာရီမှ နံနက် (၁၀)နာရီအတွင်း တန်ဖိုးကြီးဘုရားစေတီ၏ စနေထောင့်မှ နေ၍ ဝေါနပန်း (၁၀)ခက်၊ နှင်းဆီပန်း (၇)ပွင့်၊ သရက်သီးသနပ်နှင့် ဆွမ်း (၇)လုံး၊ ပယောင်းတိုင် (၇)တိုင်ထွန်း၊ နာနတ်ဖော်ရည် (၁၀)ခွက်တို့ကို ကပ်လှူ၍ တပည့်တော် သောကြာသားသည် စနေသမီး (နာမည်ထည့်)နှင့် မေတ္တာမှု ခွဲစ်ကြပါစေး မေတ္တာသက်ဝင် ချစ်ဝင်ကြင်နာကြပါစေး အိမ်ထောင်ရေး သာယာပြောင်မြှုပါစေး အိမ်ထောင်ရေး စားအဖွမ်းသာယာပါစေဟု ဆုတောင်းကြရာ၏။ ထို့အတူ စနေသားသည် သောကြာသမီးနှင့်

စကားအတိုဆူစေသတြားတျမီး ဆို့

တိမ်ထောင်ရေး အချစ်ရေး အဆင်ပြေအောင်မြင်စေလိုသော် သောကြာနေ့ နံနက် (၉)နာရီမှ နံနက် (၁၀)နာရီအတွင်း အချိန်၌ တန်ဖိုးကြီးမားသော ဘုရားစေတီ၏ သောကြာထောင့်မှနေ၍ သပြေပန်း (၂၁)ခက်၊ သီးညွှန့် (၆)ညွှန့်၊ ဆွမ်း (၆)လုံး၊ သရက်သီးသနပ် (၆)လုံး၊ သီးသီးဖျော်ရည် (၆)ခွက်၊ မယောင်းတိုင် (၆)တိုင်ထွန်း ဘုရားကပ်လှူပါ။ ဆုတောင်းသည့်အခါ တပည့်တော် စနေသားသည် သောကြာသမီး (နာမည်ထည့်)နှင့် မေတ္တာမျှ ချစ်ကြပါစေ။ မေတ္တာသက်ဝင် ချစ်ခင်ကြင်နာလာကြပါစေ။ တိမ်ထောင်ရေး တေးချမ်းသာယာပါစေ။ တိမ်ထောင်ရေး တည်ငြိမ်အေးချမ်းလာပါစေ။ တိမ်ထောင်ရေး ထာဝရ တည်တံ့ခိုင်မြဲပါစေ ဟု (၇)ခါဆို၍ ဆုတောင်း တတ်ကြပါလေ။

အထူးမှတ်ချက်

အင်္ဂါသား၊ စနေသမီး အတွဲများ၊ စနေသား အင်္ဂါသမီး အတွဲများ တနင်္ဂနွေ စနေ အတွဲများ၊ ကြာသပတေး စနေအတွဲများ၊ သောကြာ စနေအတွဲများ၊ စနေ စနေချင်းအတွဲများ၊ အင်္ဂါ အင်္ဂါချင်း အတွဲများသည် ပူလောင်သောအတွဲများ၊ ပူးတဖက် မမှန်သော အတွဲများဖြစ်ပါ၍ အိမ်ထောင်ရေး၊ အချစ်ရေး အဆင်ပြေအောင်မြင်ဖို့သည် ဒုဠဂုဏ်မှူးတော်အောက်က လင်ပန်းအဝိုင်းခံထား၍ ရေခွံမီး (၇)ခွက်တို့ ဒုဠဂုဏ်မှူးတော်၏ ဦးခေါင်း တော်ပေါ်ကနေ လိုရာဆုကိုတောင်း၍ လောင်းချသမျှယ်လေး ရမည်ကိုအထူးသတိပြုပါလေ)

အထူးမှတ်သားဖွယ်ရာ အချက်အလက်များ

ဘိမ်းထောင်ရေး အဆင်မပြေတာ၊ ဘိမ်းထောင်ဖရေးမငြိမ်မသက်ဖြစ်ကြတာ၊ ဘိမ်းတွင်းရေး ထုပ္ပယ္ပများ ဖြစ်ပေါ်တာ၊ အခွံစ်ရေး အဆင်မပြေတာ၊ တစ်ယောက်နှင့် တစ်ယောက် တစ်ဦးနှင့်တစ်ဦး အဆင်မပြေတာ မပြေလည်တာ၊ ကြည်မရအောင်ဖြစ်တာ၊ ဘိမ်းထောင်တစ်ခု ပြိုကွဲတာများသည် ဒီဘ ဒီးရာနှတ်များနှင့် ပတ်သက်နေတတ်ပါသည်။ ရာဒိုင်ဒွန်း (၉၀)ခန့်သည် အဓိဘက်ဆိုင်ရာ၊ တဘာဘက်ဆိုင်ရာ ဒီးရာနှတ်များ တာဝန်မကေ့လို့ တင်ပဒဖို့ ပုက်ကွက်နေလို့ ဖြစ်ကြတာများပါသည်။ (သတိပြုကြပါလေ)။

မျိုးဒိုးအစဉ်အဆက် မျိုးဒိုးဖလေ့တို့၏ ဖလေ့ထုံးတမ်းစဉ်လာသည် လူမျိုးတစ်မျိုး၏ ဖလေ့ထုံးတမ်း စဉ်လာဖြစ်သည်ဟု မှတ်ကြရပါမည်။ ကိုးကွယ်ဆည်းကပ်ရမည့်တရာသည် ဘုရား တရား သံဃာ ရတနာသုံးပါးဟု မှတ်ယူပါ။ ဤရတနာ (၃)ပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် (ဘာသာရေး)ဟု မှတ်ပါ လေ။ ထို့ကြောင့် ဘာသာရေးနှင့် လူမျိုးရေးကို မရောထွေးသင့်ပါ။ ခွဲခြားခဲ့ သိထားသင့်၏။ ဘုရား တရား သံဃာ ရတနာသုံးပါးအား ကိုးကွယ်သင့်၏။ ဝိုဝိုးသင့်၏၊ ပူဇော်သင့်၏၊ တန်ခေတ္တာသင့်၏၊ ဆည်းကပ်သင့်၏။

(လူမျိုးဖရေးအရ ဒီဘ ဘိုးဘွား အစဉ်အဆက် အစဉ်အလာအရ ဒီးရာနှတ်များကိုမူ မဖြိုဖိုးသင့်၊ မကန့်တော့သင့်၊ လက်ဆုပ်မခိုသင့်။ သို့ပေမဲ့ ဘိန့ကုသိုလ်ကိုပြုင့် ပြုကောင်း၏။ အစားအသောက် စားမွှယ် သောက်မွှယ် မနှည်းဝတ္ထုတို့ပြုင့်မူ ကုသိုလ်ပြုမကောင်း၏။ ဘိန့ပြုကောင်း၏။ ပေးကောင်း၏ ဟု သဘော ပေါက်သင့်ပါသည်။)

(လူမျိုးတစ်မျိုး၏ မျိုးဒိုးဖလေ့ ထုံးတမ်းစဉ်လာကို စောင့်စောက်မသာ ထိန်းသိမ်းသော နှတ်ကို ဒီးရာနှတ်ဟု ခေါ်ဆိုသင့်၏။)

ထိုသို့သော အိမ်ထောင်တစ်ခုတ်၊ မြို့ပိုင်စလေထုံးစံကို စောင့်ရှောက် သောမိုးရာနတ်တို့ကို ထုံးတမ်း စဉ်လာအတိုင်းမတင်မကြွောက်ပါက ဒါနမပြုပါက သားသမီး မိဘ သို့မဟုတ် ယောကျ်ား ဇွေးမ လက်အောက် ငယ်သား လူကြီး မိဘ စိတ်ဝမ်းကွဲခြင်း၊ မစည်းလုံး မညီညွတ်တော့ခြင်း၊ မကြာခဏ ရန်ပိုးပွားခြင်း၊ ကြီးသူနှင့် ငယ်သူ မရိုသေ မလေးစားတော့ခြင်း၊ ကြီးကဲသူ၏ စကားကို ငယ်သူတို့ မလိုက်နာတော့ခြင်း၊ မနာခံတော့ခြင်း၊ အိမ်ထောင်ရေး အိမ်တွင်းရေး မငြိမ်မသက်ဖြစ်ပေါ် လာတတ်ခြင်း၊ မိသားစု အိမ်ထောင်စု စိတ်ဝမ်းကွဲပြားခြင်း၊ ဝင်ငွေမှန်သမျှ ပြန်ထွက်ရခြင်း၊ မိသားစု အိမ်ထောင်စုအတွင်း မကြာခဏ ကျန်းမာ ရေးလှည့်၍ ဖောက်ပြန်ခြင်း၊ အိမ်ထောင်ရေး အိမ်တွင်းရေး မသာယာတော့ခြင်းဖြစ်တတ်၏။ ဤကား အိမ်ထောင်ရေး အခွစ်ရေးနှင့် ပတ်သက် ငြိတွယ်နေတတ်သော မိဘ(၂)ပါးက ပေးအပ်ထားသော မိုးမိုး မှက်စိတို့ဖြင့် မသိမမြင်နိုင်သော ရှေ့ နောက် ဝဟုသုတ ပညာ အမြှာမြှာတို့နှင့်မှသာ ခန့်မှန်း၍ သိနိုင် သောကြောင့် အထူးသတိမူကြပါရန် အသိပေးအပ်ပေသတည်း။ ထို့ကြောင့် အာသာရေအရ သာသနာရေး အရ ကိုးကွယ်ဆည်းကပ်ရမည့်အရာ၊ အားကိုး ယုံကြည်စွာဖြင့် ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ကန်တော့ခြင်း၊ ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း၊ ပွားများခြင်း၊ အမြဲမပြတ် အာစုံပြုရမည်မှာ (ဘုရား တရား သံဃာ) ရတနာသုံးပါး (သို့မဟုတ်) သရဏဂုံသုံးပါးဟု မှတ်ယူရပါမည်။ (၃၇)မင်း အပြင်နတ်များ (၃၇)မင်း အတွင်းနတ်များကိုမူ မကိုးကွယ်ရ မကိုးကွယ်သင့်၊ မဆည်းကပ်ရ မဆည်းကပ်သင့်၊ မကန်တော့ရ မကန်တော့သင့်၊ အားမကိုးရ မယုံကြည်ရ . . . ဟု မှတ်ရပါမည်။ အားကိုးသင့်သည်မှာ ဗိမိ၏ (ကံ ဉာဏ် စီရိယ) ကိုသာ ဘဝတစ်သက်တာ အားကိုးယုံကြည်သင့်သည်ဟု သိမှတ်ကြရာ၏။ သုံးဆယ့် ဥနှစ်မင်းနတ်များ အပါအဝင် နတ်ဒေဝတာများကိုမူ ဒါနပြုကောင်း၏၊ စားဖွယ် သောက်ဖွယ် အသုံး တဆောင်ပစ္စည်းများ၊ ဝတ္ထုပစ္စည်းများဖြင့်မူ ပေးကောင်း၏၊ ကျွေးမွေးကောင်း၏။ အလှူဒါနပြုကောင်း၏၊ ဗိမိလူမျိုး၊ ဗိမိလူမျိုးတစ်မျိုး၏ မြို့ပိုင်ကို ထိန်းသိမ်းလာခဲ့သော မိုးရာနတ်တို့ကိုမူ ပိုမို၍ပင် ဒါနပြုကောင်း ၏။ အစားအသောက် ကုသိုလ်ပြုပေးကျွေးကောင်း၏ဟု သိရှိထားရာ၏။

ကျိုအိမ်ထောင်ရေးကဏ္ဍ၊ အချစ်ရေးကဏ္ဍနှင့် ရွှတ်ဖတ် သရဏ္ဌာယိပေးရမည်ကိစ္စများ

ကျိုအိမ်ထောင်ရေး အချစ်ရေးကဏ္ဍ၌ ပြဆိုခဲ့ပြီးသော ယတြာများကို အဆိုန် နာရီ နေ့ ရက် စသည်တို့ဖြင့် ပြသခဲ့ပြီးဖြစ်ပါသည်။ ကမ်လှုပ်ကော်ရမည့် နေ့ နာရီ အဆိုန်အခါတို့ကိုလည်း ပြသထားပြီး ဖြစ်ပါသည်။ ထိုသို့ ကမ်လှုပ်ကော်ပြီးနောက် ဝိဝိကိုးကွယ်ပုဂ္ဂိုလ်ကန်တော့နေသော ဒုဿဂ္ဂမ်ပွားတော်၏ဝန္ဒမာပင် (တစ်ထိုင်တည်းနှင့် ဣဒိယာပုတ် တစ်ပါးတည်း)ဖြင့် တောက်ပါ ဂါထာတော်များကို ရွှတ်ဖတ်သရဏ္ဌာယိပေးရမည်ကို အထူးသတိပြုကြပါလေး

(၁) ဗဟ္ဘာဟ္မဏသုတ္တာ လောတ
သုဂ္ဂတ္တော ပေါတ္တ သတ္တာ
ဗဟ္ဘာ ဂ္ဂ သုဂဏ္ဍ
သုပဋိပတ္တိယာ ဖလာ ။ ။ ၃၄ ခေါက် - ၁၀၈ ခေါက်

(၂) ဗဟ္ဘဒွေ သတ္တလောကဿိ ဝိဟာဝိတေ ဝိဒေဿကော် ၃၄ ခေါက် - ၁၀၈ ခေါက်

(၃) ဗဟ္ဘဒွေ သတ္တလောကဿိ နယေယရံ ဟုတ္တွာ ဖ သတ္တော စတိသိတော် ၃၄ ခေါက်

(၄) ဗဟ္ဘဒွေ သတ္တလောကဿိ ဣဟံဂတေန ဝိယဿော် ၃၄ ခေါက် - ၁၀၈ ခေါက်

(၅) ဉာ် ... သုရုဿိတေဒါ၊ ဝုဂ္ဂတေဒါ၊ အာကာသတေဒါ၊
အာလောကတေဒါ၊ သမဂ ဂြဟ်ဟုန် အဒဒု ရာဇာန်
သတ္တာဂ္ဂတ်ဂ္ဂါန် သတ္တာရိသာန် ထြောင်း ဟိ ဟိဂြိဒ်ကော် ၃၄ ခေါက် - ၁၀၈ ခေါက်

(မှတ်ချက်) ။ ။ ဤဂါထာတော် (၅)ပုဒ်ကို ရွှတ်ဖတ်သရဏ္ဌာယိရသည်ဟု မှတ်ရမည်။ အနည်းဆုံး ၅၄ ခေါက်၊ အများဆုံး ၁၀၈ ခေါက် ရွှတ်ပေးသရဏ္ဌာယိပေးပါလျှင် မိသားစု စည်းလုံးညီညွတ်ခြင်း၊ အိမ်ထောင်ရေး စည်းလုံးညီညွတ်ခြင်း၊ ဆွေမျိုးသားချင်းပေါင်းဖော်များ စည်းလုံးညီညွတ်ခြင်း၊ တစ်ဦးနှင့် တစ်ဦးခွစ်ခင်ခြင်း၊ အချင်းချင်း ချစ်ခင်ခြင်း၊ အိမ်ထောင်ဖက်ဝင် အချင်းချင်း ချစ်ခင်ခြင်း၊ မိသားစု အချင်းချင်းချစ်ခင်ခြင်း၊ ခုနစ်ဖက်သား/သမီး အချင်းချင်း ချစ်ခင်ခြင်း၊ လင်နှင့် ပယောဂ၊ သားနှင့်အမိ၊ အဖေနှင့်သမီး စည်းလုံးညီညွတ်မှု ခွစ်ခင်လေးစားခြင်း၊ ချစ်သူ သမီး ရည်းစားများ၊ အကြင်လင်ပယောဂများ အထူးပေတ္တာသက်ဝင် ချစ်ခင်စုံမက် ကြင်နာမှုအပြည့်အဝ ရရှိစေနိုင်တော့ခြင်း

၇ ။ စီးပွားရေးကဏ္ဍ

(က) တနင်္ဂနွေသားသမီးများသည် စီးပွားရေးအလုပ်အကိုင်များတွင် ရာခိုင်နှုန်း (၈၀)ခန့် အကျိုးပေး၏ အထစ်အငေါ့ အခက်အခဲများနှင့် ရင်ဆိုင်နေရတတ်၏၊ ထိုသို့သော အထစ် အငေါ့၊ အခက်အခဲများကို ကျော်လွှားနိုင်ပါမှ စီးပွားရေးကို အောင်မြင်နိုင်၏၊ ထိုသို့ စီးပွားရေးကို အောင်မြင်သည်ဟု ဆိုရာမှာလည်း သင့်တင့်ရုံ အဆင်ပြေရုံ အောင်မြင်မှု ရရှိခြင်းကိုသာ ဆိုလိုပါသည်၊ ထူးထူးခြားခြား အားပါးတရ အောင်မြင်မှုကိုကား မပြဝံနိုင်ပေး

တနင်္ဂနွေသား၊ တနင်္ဂနွေသမီးများသည် လယ်ထွက်ပစ္စည်းများ၊ ယာထွက်ပစ္စည်းများ၊ ကိုင်းထွက်ပစ္စည်းများ၊ ဥယျာဉ်ထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားပါက ပိုပိုအကျိုးပေး၏၊ လယ်လုပ်ခြင်း၊ ဥယျာဉ်လုပ်ခြင်း၊ ကိုင်းလုပ်ခြင်းနှင့် ယှဉ်တွဲ၍ မွေးမြူရေးလုပ်ခြင်းများတွင် အကျိုးပေးပါသည်၊ ထိုထက်တစ်ဆင့်တက်ပါလျှင် တနင်္ဂနွေသား/သမီးများသည် လယ် ယာ ဥယျာဉ် ဥ ကိုင်းမှ ထွက်ရှိသော ပစ္စည်းများအား အရောင်းအဝယ်လုပ်သော ပွဲစုံလုပ်ငန်းများ၊ ပစ္စည်းလောင်းထုတ်-သွင်း ရောင်းသောလုပ်ငန်းများ၊ ကြီးကျယ်သော ကုန်စုံဆိုင်များ၊ ကုန်ပြောက်ဆိုင်များ၊ စတိုးဆိုင်များ အကျိုးပေးပါသည်၊ အဆို့သော တနင်္ဂနွေသား/သမီးများသည် ဟင်းသီးဟင်းရွက်၊ ကုန်စိမ်းအဝယ်ဝိုင်များ ဖြန့်ဖြူးရေး ကုန်စိမ်းပစ္စည်း အရောင်းအဝယ် ကိစ္စများတွင်လည်း အကျိုးပေးပါသည်၊ ထို့ထက်တစ်ဆင့် တက်ပါလျှင် တနင်္ဂနွေသား/သမီးများသည် အုတ်လုပ်ငန်းများ၊ အုတ်ကျွတ်လုပ်ငန်းများ၊ ဘိုးလုပ်ငန်းများ၊ သွတ် သံ ဘီလပ်မြေ သစ် မျော ဝန် ဆက္ကယ် စသော ဆောက်လုပ်ရေးပစ္စည်း အရောင်းအဝယ်များ၊ စက်မြေညြတာ အရောင်းအဝယ်များ၊ ကိန်ပ် တိုက် ဖြ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ပုံနှိပ်စက်လုပ်ငန်းများတွင် များစွာ အကျိုးပေးနိုင်ပါသည်၊ စီးပွားရေးဆန်းဆန် တက်တက်ကြွကြွ အလုပ်လုပ်ပါလျှင် ကြီးပွား ချမ်းသာလာနိုင်ပါသည်၊

(ခ) တနလ်ာသား တနလ်ာသမီးများသည် ကုန်သည် ပွဲစား ရေးရောင်းရေးဝယ် ဆိုင်ဖွင့်သော လုပ်ငန်းများတွင် ပိုပိုအကျိုးပေးပါသည်၊ စီးပွားရေးလုပ်ငန်းများတွင် တနလ်ာသား၊ သမီးများသည် ရာခိုင်နှုန်းအားဖြင့် (၉၀)ခန့် အကျိုးပေးပါသည်၊ များစွာသော ကုန်စိမ်းပစ္စည်းများ၊ ကုန်ပြောက်ပစ္စည်းများ၊ များစွာသော လူသုံးကုန်ပစ္စည်းမျိုးဝိုက် များစွာသော လယ် ယာ ဥ ဥယျာဉ် ကိုင်းထွက်ပစ္စည်းများ အရောင်းအဝယ်လုပ်ငန်းများတွင် ပိုပိုအကျိုးပေးနေပါသည်၊ ပုံနှိပ်စက်လုပ်ငန်းများ၊ ဖိတ္တုကူးစက်လုပ်ငန်းများ၊ ကုန်ပျုတာလုပ်ငန်းအမျိုးမျိုးများ အကျိုးပေးနေပါသည်၊ ရောင်းမလား၊ အရောင်းဆိုင် ဖွင့်မလား၊

ပစ္စည်းသွင်းမလား၊ အားလုံးအကျိုးပေး ပါသည်၊ ထို့ပြင် ဂိမ်းဆိုင်များ၊ လောင်းကစားလုပ်ငန်းများ၊ ထီလုပ်ငန်းများ၊ အားကစားပစ္စည်း အရောင်းဆိုင်များ၊ အားကစားနှင့် ပတ်သက်သောလုပ်ငန်းများကိုလည်း အကျိုးပေးပါသည်။ ထို့ပြင် လမ်း တံတား တည်ဆောက်ရေးလုပ်ငန်းများ၊ လမ်း တံတားနှင့် ပတ်သက်သော သဲ ထုံး ကျောက် အုတ် သံဆောင်း ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး တည်ဆောက်ရေးလုပ်ငန်း အကျိုးပေးပါသည်။ ထို့ပြင် တနလ်ာသား၊ သမီးမျိုးသည် ရေသန့်စက်ရုံများ၊ ရေသန့်လုပ်ငန်းများ၊ ရေသန့် ရောင်းဝယ်ရေးများ ကြီးကျယ်ခန်းနားသော စားသောက်ဆိုင်များ၊ အဝေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ အဖျော် ယမကာလုပ်ငန်းများ၊ ရေနံ ဓာတ်ဆီ ဒီဇယ် အင်ဂျင်ဝိုင် ဘရိတ်ဆီ အရောင်းအဝယ်လုပ်ငန်းများ၊ ရွှေဆိုင်များ၊ ကျောက်မျက်ရတနာ အရောင်းအဝယ်များ၊ ကျောက်မျက်ရတနာဆိုင်များ၊ ကျောက်တွင်းများ၊ ဓာတ်သတ္တု-ဖိုင်းတွင်းများလည်း အကျိုးပေးနေသေး၏၊ ဆိုင်ကယ်ပစ္စည်းများ၊ စက်ဘီးပစ္စည်းများ၊ မော်တော်ကားပစ္စည်းများ၊ ကားလုပ်ငန်းများ၊ ကားထောင်သည်လုပ်ငန်းများ၊ ကားရေဆေး ဆီထိုး ဘဝင်လုပ်ငန်းများ၊ ကားပစ္စည်း ဆိုင်ကယ်ပစ္စည်းဆိုင်များလည်း အကျိုးပေးနေပါသေး၏၊ လုပ်ကိုင်လျှင် ကြီးပွားချမ်းသာနိုင်၏၊

(ဂ) အင်္ဂါသား၊ အင်္ဂါသမီးများသည် စီးပွားရေးအလုပ်အကိုင်တွင် ရာဇိုင်နှုန်း (၈၈)ခန့် အကျိုးပေးနေပါသည်၊ သဲ ကျောက် ကျောက်စရစ် အုတ်လုပ်ငန်းများတွင် အလွန်အကျိုးပေး၏၊ ထို့ပြင် သဲ ထုံး ကျောက် အုတ် သွတ် သံ ဘိလပ်မြေ ဓာတ်မြေဩဇာ သစ်ဆိုင်များ၊ အထပ်သားများ၊ သစ် ဝါး မျောစီ သက္ကယ်လုပ်ငန်းများ၊ အခြားအခြားသော တိမ်ဆောက်ပစ္စည်းများ၊ တိုက်ဆောက်ပစ္စည်းများ အကျိုးပေး၏၊ ထူးထူးခြွန်ခြွန် စီးပွားရေးကို ထိထိ ရောက်ရောက်လုပ်ကိုင်ပါက ကြီးပွားချမ်းသာနိုင်၏၊ ထို့ပြင် ပုံနှိပ်စက်လုပ်ငန်းများ၊ စာပုံနှိပ်စက်များ၊ ပရက်စ်လုပ်ငန်းများ၊ ကွန်ပျူတာ စာစီစာရိုက်လုပ်ငန်းများ၊ ကွန်ပျူတာသင်တန်းကျောင်းများ၊ ကွန်ပျူတာ အရောင်းအဝယ်လုပ်ငန်းများ၊ ပန်းတိမ်လုပ်ငန်းများ၊ စာတံဆိပ်ထွင်း လုပ်ငန်းများ၊ ဓာတ်သတ္တုတူးဖော်ရေးများ၊ သဲ သဲမကိုဝက်ဆံများ၊ သဲ သဲမကိုအညှာကျိုလုပ်ငန်းများ၊ သဲ သဲမကိုနှင့် ပတ်သက်သောထုတ်လုပ်မှု ရောင်းချမှုလုပ်ငန်းများ၊ ရွှေတွင်း ကျောက်မျက်ရတနာတွင်းတူးဖော်ရေးလုပ်ငန်းများ၊ ရွှေနှင့်တကွ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး ပွဲစားများ၊ စိန်ထည် ရွှေထည်နှင့်တကွ ရွှေဆိုင်များ၊ စိန်ဆိုင်များ၊ စိန်ရောင်းဝယ်ရေးများ၊ ပွဲစားများ အကျိုးပေးနေပါသေး၏၊ စက်ပစ္စည်းအမျိုးမျိုးများ ရောင်းဝယ်ရေးအလုပ်များ၊ စက်ပစ္စည်း အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်းများ၊ စီးစက်အမျိုးမျိုး၊ ရေလုပ်စက်အမျိုးမျိုး ကား ရထား ဆိုင်ကယ် အင်ဂျင်အမျိုးမျိုးများ ရောင်းဝယ်ရေး လုပ်ငန်းများ၊ ဘိလပ်မြေ ပန်းခဲလုပ်ငန်းများ၊ ကားပစ္စည်းဆိုင်များ၊ ဆိုင်ကယ်ပစ္စည်းဆိုင်များ၊ စက်ဂီရိယာ ပစ္စည်းဆိုင်များလည်း အကျိုးပေးနေသေး၏၊ ဆန်စပါးရောင်းဝယ်ရေးများ၊ ဝဲ နှမ်း ရောင်းဝယ်ရေးများ၊ နိုင်ငံခြားထွက်ခွာရေး အကျိုးဆောင်လုပ်ငန်းများ၊ နိုင်ငံခြားတိုင်းပြည်များ၌ အလုပ် လုပ်ကိုင်မည်လူများ အဆင်ပြေ ဝေရန်အတွက် ဆောင်ရွက်လုပ်ကိုင်ပေးရသောအလုပ်များ၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်နေသော ပညာရေး ကျောင်းတက်ရေး ပစ္စည်း အဝင်အထွက် ပို့ဆောင်ရေး ကျန်းမာရေး ဆေးကုသမှု စသည့် လုပ်ငန်းများ အကျိုးပေးနေပါသည်၊ ထို့ပြင် နိုင်ငံရပ်ခြားမှ ကားတင်သွင်းမှုလုပ်ငန်းများ၊ ဆေးဝါး တင်သွင်းမှုလုပ်ငန်းများ၊ စက်ပစ္စည်းများ တင်သွင်းမှုလုပ်ငန်းများလည်း အကျိုးပေးပါသည်၊ လုပ်ကိုင်ပါက ကြီးပွားတိုးတက်နိုင်ပါသည်၊

(ဃ) ဝဋ္ဌဟူးသား။ ဝဋ္ဌဟူးသမီးများသည် စီးပွားရေး အလုပ်အကိုင်များတွင် ရာခိုင်နှုန်း (၇၀)ခန့်သာ အကျိုးပေးတော့၏။ လုပ်ကိုင်ဆောင်ရွက်လျှင်လည်း အဆင်မပြေမှု၊ မအောင်မြင်မှုက ပို၍ များများလာနိုင်တော့၏။ စီးပွားရေး အလုပ်အကိုင်အက်တွင်မှ အတိမ်းအစောင်းမခံ မြောင့်မြောင့်တန်းတန်းလုပ်နိုင်ပါမှ အသင့်အတင့်အဆင်ပြေနိုင်တာမျိုးများ တွေ့ရတတ်ပါသည်။ များစွာသော အလုပ်အပမပ္ပဉ်းများ၊ အလုပ်ကုန်ပစ္စည်းများ၊ အလုပ်အပနှင့် ပတ်သက်သော စတိုးဆိုင်များ၊ ကုန်ပဒေသာဆိုင်များ၊ အလုပ်အပနှင့် ပတ်သတ်သော လူသုံးကုန် စုပေါ မားကတ်တိုလို လုပ်ငန်းအရောင်းဆိုင်ကြီးများ အကျိုးပေးပါသည်။

ထို့ပြင် အလု ပြုပြင်ရေး ဆိုင်များ၊ မှက်နာအလုပြုပြင်ရေး၊ ခန္ဓာကိုယ်အလုပြုပြင်ရေးဆိုင်ကြီးများ၊ အလုအပပစ္စည်းများ၊ အပွေးနံ့သာပစ္စည်းများ၊ အပွေးရည်အမျိုးမျိုး၊ ရေမွှေးအမျိုးမျိုး၊ ခန္ဓာကိုယ်သုံး အပွေးအမျိုးမျိုး၊ ခန္ဓာကိုယ်သုံး အလုအပဆေးဝါးပစ္စည်းအမျိုးမျိုးသည်လည်း ဝဋ္ဌဟူးသားသမီးများ အကျိုးပေးနေပါသေး၏။ လုပ်ကိုင်ပါက ကြီးပွားခွန်းသာနိုင်၏။ အလုအပနှင့် ပတ်သက်နေသော ဆေးပစ္စည်းများ၊ ခန္ဓာကိုယ်အလုအပနှင့် ပတ်သက်နေသောဆေးပစ္စည်းများ၊ ထို့ပြင် ရောဂါ ဝေဒနာနှင့် ပတ်သက်သော ဆေးပစ္စည်းများ၊ နိုင်ငံခြား ဆေး တိုင်းရင်းဆေးဆိုင်ကြီးများ၊ လူနာစမ်းသပ် ကိရိယာများ၊ ခေတ်မီဓာတ်ခွဲခန်းများ၊ ဓာတ်ခွဲခန်းသုံး ကိရိယာများ၊ ဆေးဝါးထုတ်လုပ်ရေး စက်ရုံများ ဆေးဝါးထုတ်လုပ်ရေးဌာနများလည်း အကျိုးပေးပါသည်။

ထို့ပြင် ဆရာဝန်သုံး သမားတော်သုံး ဆေးပုံ၊ ဆေးခန်းသုံး ပစ္စည်းများ မှာယူတင်သွင်းမှုလုပ်ငန်းများ ဖြန့်ဖြူးရေး တင်ပို့ပေးရေးလုပ်ငန်းများ၊ အလုအပနှင့် ပတ်သက်သော အသက်သုံးဆယ်ဓောက် ယောကျ်ားလေးများ ဝိန်းပမ္ဘီများနှင့် ပတ်သက်နေသော အကျီများ၊ ဘောင်းဘီများ၊ အဝတ်အထည်များ၊ လက်ကိုင်ပဝါ မှက်နာသုတ်ပဝါများ၊ ခါးစီး ရင်စီးပဝါများ၊ မင်္ဂလာ ဆောင်ပစ္စည်းများ၊ မင်္ဂလာ မောင်မယ်အဝတ်အစားများ၊ မင်္ဂလာခန်းဝင်ပစ္စည်းများ၊ အရောင်းဆိုင်များ လည်း အကျိုးပေးနေပါသေး၏။ ထို့ပြင် အားကစားပစ္စည်းများ အားကစားဝတ်စုံများ၊ ကျန်းမာရေးနှင့် ပတ်သက်သော ကိုယ်လက်လှုပ်ရှားသောနေရာတွင် သုံးစွဲရသောပစ္စည်းများလည်း အကျိုးပေး၏။ ဟော်တယ် တည်းခိုခန်းအပါအဝင် တိုက်တာ အဆောက်အဦများအား အလှဆင်ပေးသောလုပ်ငန်းများ၊ ဆေးအလှဆင်သုတ်ခြင်း၊ စည်ခန်း တီးခန်း ထမင်းစားခန်းတို့အား အလှဆင်ပေးခြင်း ဟိုတယ် အတွင်းအပြင် တည်းခိုခန်း အတွင်းအပြင် အလုအပပစ္စည်းများပြင် ဆေးသုတ်ခြင်း၊ အလှဆင်ပေးခြင်းလုပ်ငန်းများလည်း အကျိုးပေးပါသည်။

ထို့ပြင် ဝဋ္ဌဟူး သားသမီးများ သည် ပြိုင်ကားများ၊ အားကစားကားများ၊ ကျောင်းသားကျောင်းသူ အသယ်အပို့လုပ်ငန်းများ၊ ကျောင်းကား များ၊ ကားအရောင်းအဝယ်များ၊ ကားပွဲစားများ၊ စက်ပစ္စည်း အရောင်းအဝယ်များ၊ လှေပ်စစ်ပစ္စည်းများ ပြစ်သည့် တီဗွီ၊ ကတ်ဆက်၊ အင်တာနက်၊ ကွန်ပျူတာ၊ ရေဒီယို၊ ရေခဲသေတ္တာ၊ ပန်ကာ၊ လေအေးစက်၊ မီးစက်၊ ရေစုပ်စက် စသော စက်ပစ္စည်း လှေပ်စစ်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးများ၊ ဆိုင်ဖွင့်မှုများ၊ စာရေးကိရိယာပစ္စည်းများ၊ စာရေး ကိရိယာဆိုင်များ အကျိုးပေးနေပါသည်။

ထို့ပြင် အင်ဂျိုမ်ထောင်ခြင်း၊ ဓာတ်ထောင်ခြင်း၊ တီးဝိုင်း အဖွဲ့ထောင်ခြင်း၊ စတီတိန်းလုပ်ငန်းများ၊ ရွှမ်ရွှင်လုပ်ငန်းများ၊ ဒီဒီယိုလုပ်ငန်းများ၊ ဖိုက်ကွေးရေးများ၊ ပြသရေးများ၊ ဖော်ပြရေးများ၊ ဖိုက်ကွေးထုတ်လုပ်ရေးများ၊ ဖြန့်ဖြူးရေးများ၊ စတိတ်ဖိုးသွင်းခြင်း၊ အင်ဂျိုမ်သွင်းခြင်း၊ ဓာတ်ပွဲသွင်းခြင်း၊ တေးဂီတ အနုပညာလုပ်ငန်းများလည်း အကျိုးပေးနေသည်ဟု သိမှတ်ရာ၏။ ထိထိမိမိ စီးပွားရေးဆန်ဆန် လုပ်ကိုင်ပါက ကြီးပွားဖွံ့ဖြိုးသာနိုင်ပါသည်။

(၀) ကြာသပတေးသား ကြာသပတေးသမီးများသည် စီးပွားရေး အကျိုးပေးနှုန်းသည် ရာခိုင်နှုန်းတား ပြင့် ရာခိုင်နှုန်း (၆၀)သာရှိ၏။ အကျိုးပေးအားနည်းလျှင်၊ အထောက်အပံ့၊ အထောက်အကူရခိုင်ပါမှ စီးပွားရေးအောင်မြင်နိုင်၏။ အထောက်အပံ့၊ အထောက်အကူ ပရဒုံပါက စီးပွားရေးတွင် ဥက္ကဋ္ဌနိုင်သည်း အဆင်ပြေပြပ္ပများနိုင်သည်း လုပ်တိုင်း မအောင်မြင် မြစ်နိုင်ပသည်။ အထူးသတိပြုပါလေ။ တိတိကျကျ မြတ်မြတ်သားသားဆောင်ရွက်လုပ်ကိုင်နိုင်ပါမှ အောင်မြင်မှု ရရှိနိုင်ပါသည်။ သို့မဟုတ် မလွယ်ကူလှပေ။

(ဥဒ္ဒဟုသားသမီးများ၊ ကြာသပတေးသားသမီးများသည် ရာခိုင်နှုန်း (၇၅)ခန့်သည် နိုင်ငံတော် ဝန်ထမ်း၊ အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်းများတွင် တစ်ကြောင်းမဟုတ် တစ်ကြောင်း ပတ်သက်နေရတတ်သည်၊ ကောင်းသည်ထား မကောင်းသည်ထား ဝန်ထမ်းလောကတွင် တစ်ခုမဟုတ် တစ်ခု ပတ်သက်နေရတတ်သည်၊ လုပ်ကိုင်နေရတတ်သည်ကို အထူးသတိပြုပါလေ။)

များသောအားဖြင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းဆရာ ကျောင်းဆရာမများ၊ ကျောင်းအုပ် ပညာရေးမှူးများ၊ ကထိက ပါမောက္ခ စသည်များတွင် အကျိုးပေးအားကောင်းနေတတ်၏။ ထို့ကြောင့် ကြာသပတေးသား၊ ကြာသပတေးသမီးမျိုးသည် စာရေးကိရိယာဆိုင်များ၊ စာအုပ်ဆိုင်၊ စာအုပ် အငှားဆိုင်၊ စာရေးဆရာ စာရေးဆရာမများ၊ ကျွန်ုပ်ကျောင်းများ၊ ဘော်ဒါဆောင်များ၊ ကျွန်ုပ် သင်ကြားမှုများတွင် အကျိုးပေးကောင်းလှ၏။ (၈ တန်း၊ ၉ တန်း၊ ၁၀ တန်း ကိုက်လုပ်မှုများ၊ ဘော်ဒါဆောင်မှုင်မှုများ အကျိုးပေးလှပါသည်)

စာအုပ်စာတမ်းနှင့် ပတ်သက်သော ပုံနှိပ်စက်လုပ်ငန်းများ၊ ကွန်ပျူတာ စာစီစာရိုက်အလုပ်များ၊ ဒီဇိုင်းတမျိုးမျိုး၊ ပန်းချီအလုပ်၊ ပန်းပု အလုပ်အမျိုးမျိုးများ၊ ပန်းရံ ပန်းဆဲ ပန်းတိမ်အလုပ်များ၊ ပန်းတိမ် အလုပ်များတွင်လည်း အကျိုးပေးပါသည်။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ မူကြို ကျောင်းဖွင့်မှု၊ ကလေးထိန်းဌာနဖွင့်မှု များတွင်လည်း အကျိုးပေးပါသည်။ ထို့ပြင် ကြာသပတေးသား/သမီးများသည် သဲ ထုံး ကျောက် အုတ် သွတ် သံ ဘီလပ်မြေ သစ်လုပ်ငန်းများ၊ သစ်အရောင်းအဝယ်များ၊ သစ်ဆိုင်များ၊ အထည်သားဆိုင်များ၊ သစ်စက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဲ ထုံး ကျောက် အရောင်း အဝယ်များ၊ အရောင်းဆိုင်များ၊ အုတ်လုပ်ငန်းများ၊ အုတ်အရောင်းအဝယ်များ၊ ဘိန်ဆောက် ပဒူးနီး အရောင်းဆိုင်များလည်း အကျိုးပေးနေပါသည်။ အောက်ထစ် အညွှန့်အားဖြင့် ဆေးလိပ်၊ စီးကရက်၊ ကွမ်းယာဆိုင်များ၊ ကုန်စုံ ကုန်ခြောက်ဆိုင်များလည်း အကျိုးပေးပါသေး၏။

(၀) သောကြာသား၊ သောကြာသမီးများသည် စီးပွားရေးအလုပ်အကိုင်များတွင် ရာခိုင် နှုန်းအားဖြင့် (၈၅) ဝန့် အကျိုးပေးနေပါသည်။ စီးပွားရေးကို တိတိကျကျ စီးပွားရေးဆန်ဆန် အလုပ်လုပ်ဘတ်ပါက ကြီးပွားချမ်းသာနိုင်ပါသည်။ စီးပွားရေးအလုပ်ဖြင့် ကြီးပွားချမ်းသာနိုင်ပြီး နာမည်တစ်လုံး ဂုဏ်တစ်လုံး နှင့် စီးပွားရေးလောကမှာ ကျော်ကြားတောက်ပနိုင်ပါသည်။ စီးပွားရေး မလုပ်တတ်ပါက စီးပွားရေးနှင့် လူမှုရေး ရောယှက်ပါက ငွေဝင်လိုက်၊ ငွေပြန် ထွက်လိုက်နှင့် ကြာလာသည်နှင့်အမျှ အကြွေးပတ်လည် ဝိုင်းရှိ ဥက္ကဋ္ဌများတတ်ပါသည်။ သတိပြုပါလေ။ ရေသန့်စက်များ၊ ရေသန့်ဂေဟာများ၊ ရေသန့်ပြန်ပြန်ရေများ ရောင်းချရေများတွင် အကျိုးပေး၏။ လက်မက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ အဝေးဆိုင်၊ အရက်အပါအဝင် အဖျော်ယမကာဆိုင်များလည်း သောကြာသားသမီးများသည် အကျိုးပေးနေပါသည်။ ဓာတ်မီစားသောက်ဆိုင်ကြီးများ၊ ဓာတ်မီးထမင်းဆိုင်ကြီးများ၊ ဓာတ်မီနှိုင်ငံတကာ အဆင့်မီစားသောက်ဆိုင်ကြီးများ အသားကင်ဆိုင်၊ အသုတ်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ခေါက်ဆွဲဆိုင်၊ ဟော့ပေါ့ဆိုင်၊ အသားကင်အမျိုးမျိုးဆိုင်၊ နိုင်ငံခြား

အစားအစာများ၊ တရုပ်အစားအစာများ၊ ဥရောပ အစား အစာများ၊ ထိုင်းအစားအစာများ၊ အစား အသောက်များ အလွန်အကျိုးပေးခြင်း၊ ထို့ပြင် ထမင်းသုတ်အမျိုးမျိုး၊ ထမင်းကြော်အမျိုးမျိုး ကြက်သား ပလာတာအမျိုးမျိုး၊ အစားအသောက်အမျိုးစုံကိုပင် သောကြာသားသမီးများ အကျိုးပေးပါသည်။ ထို့ပြင် တည်းခိုခန်းများ၊ အလှအပအဆင့် အတန်းပြ တည်းခိုခန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ခေတ်မီအဆင့်မြင့် ဟိုတယ်ကြီးများ၊ ညကလပ် များ၊ ညကပွဲများ၊ ညဘက်ဖော်ပြရေးအဖွဲ့များ၊ တေးဂီတများ၊ အနုပညာ လုပ်ငန်းများ၊ စင်တင် တေးဂီတအဖွဲ့များ၊ ညဘက်စားသောက်ပွဲယဉ်ရာဆိုင်များ၊ အဖော်ယဖကာအမျိုးမျိုး အရက် အမျိုးမျိုး၊ စားသောက်ပွဲယဉ်ရာအမျိုးမျိုးတို့ကိုလည်း အကျိုးပေးနေပါသေး၏။

ထို့ပြင် သောကြာ သား/သမီးများသည် မင်္ဂလာခန်းဝင်ပွဲများအရောင်းဆိုင်များ၊ ဧည့်ခန်း အိပ်ခန်း အလှအပ ပြင်ဆင်ပေးမှုများ၊ ပန်းအလှပြုပြင်ရေးများ၊ ပန်းအစစ်အမျိုးမျိုးများ၊ ပန်းအတုအမျိုးမျိုးများ၊ ပန်းများဖြင့် အလှပြင်ဆင်ရေးလုပ်ငန်းများ၊ မင်္ဂလာဆောင်များ၊ မင်္ဂလာခန်းမများတွင် ပန်းအမျိုးမျိုး အလှအပပစ္စည်းအမျိုးမျိုး၊ လိုက်ကာအမျိုးမျိုး၊ ကာလကာအမျိုးမျိုး၊ အလှဆင်မှုများလည်း အကျိုး ပေးပါသေးသည်။ ပြည်တွင်းပြည်ပ သစ်သီးအမျိုးမျိုး၊ ပြည်တွင်းပြည်ပ ပန်း အမျိုးမျိုး၊ ပြည်တွင်းပြည်ပ အမွှေးနံ့သာအမျိုးမျိုးတို့ကိုလည်း သောကြာသား/သမီးများသည် အကျိုးပေးပါသေး၏။ အချစ်ရေးနှင့် ပတ်သက်သော ပစ္စည်းများ၊ အချစ်ရေးနှင့် ပတ်သက်သော ဆေးဝါးများ၊ အချစ်ရေးနှင့်ပတ်သက်သော အမွှေးနံ့သာပစ္စည်းများလည်း အကျိုးပေးနေပါသေး၏။

ထို့ပြင် သောကြာသား/သမီးများသည် စက်ကိရိယာအမျိုးမျိုးများ၊ မော်တော်ကား အမျိုးမျိုးများ၊ မော်တော်ဆိုင်ကယ်အမျိုးမျိုးများ၊ ရွက်လွှေ၊ စက်တပ်လွှေ၊ သင်္ဘောလုပ်ငန်းများ၊ သင်္ဘောတည်ဆောက်ရေး များ၊ သင်္ဘောအရောင်းအဝယ်လုပ်ငန်းများ၊ ဆန်စက်၊ စပါးစက်၊ ကြိတ်စက်၊ ဆွေစက်၊ လေးစက်၊ ဖော်စက်၊ မီးကင် မီးဖုတ်စက်၊ အမှုပေးစက်၊ အခြောက်ခံစက်၊ လျှော်စက်၊ ပွတ်စက်က စသဖြင့် များစွာ အကျိုးပေးသော သည်ဖြစ်၍ စီးပွားရေးကို အားပါးတရ ကျယ်ကျယ်ပြန့်ပြန့်လုပ်ပေးနိုင်လေ ကြီးပွားချမ်းသာလေဟု မှတ်ကြပါလေ။

(ဆ) စနေသား စနေသမီးများသည် စီးပွားရေးလုပ်ငန်းတွင် အကျိုးပေးမှုနှုန်းသည် ရာခိုင်နှုန်းအားဖြင့် (၈၀)ခန့်ရှိပါသည်။ လုပ်တတ်လျှင် ထင်ပေါ်ကျော်ကြားသော စီးပွားရေး သမားတစ်ဦးဖြစ်နိုင်ပြီး မလုပ် တတ်ပါက ကြီးမားသော ဆုံးရှုံးနစ်နာမှုများနှင့် ရင်ဆိုင်ရတတ်ပါသည်။ စနေသား/သမီးများသည် စီးဖိုအောင်သုံးပစ္စည်းမှန်သမျှ အကျိုးပေးပါသည်။ (ဥပမာ) စီးဖိုအောင်သုံးပစ္စည်းများဖြစ်သည့် ဆန် ဆီ ဆား ငြုပ် ကြက်သွန် အာလူး ငါးပိ ငါးခြောက် ငံပြာရည် ငြုပ်သီး ငြုပ်သီးမှုန့် ပဒွန်ခြောက် ပဒွန်ခြောက်အမှုန့် အချိုမှုန့် ဟင်းခပ်ဇလား ဘဲဥ ကြက်ဥ လက်ဖက် လက်ဖက်ခြောက် စသည်များသည် စီးဖိုအောင်သုံး ပစ္စည်းများဖြစ်၍ အကျိုးပေးပါသည်။

ထို့ပြင် ထင်းအမျိုးမျိုး မီးသွေးအမျိုးမျိုး ရေနံ စသည်မှာသည်လည်း စီးဖိုအောင်သုံးပစ္စည်းများပင် ဖြစ်ပါသည်။ ထို့ပြင် ရေနံ တတ်ဆိ ဒီဇယ် အရောင်းအဝယ်များ မွေးမြူရေးပစ္စည်း အရောင်းအဝယ်များ တိရိစ္ဆာန်အစားအစာအရောင်းအဝယ်များ တိရိစ္ဆာန်များမှ ရရှိသော သားရေများ သားရေနှင့်ပြုလုပ်သော ဘိန်းဖိတ်အမျိုးမျိုး အရောင်းအဝယ် များ၊ ပဲ နှမ်း ဆန်စပါးနှင့် ပတ်သက်သော ပွဲရုံလုပ်ငန်းများ၊ ငြမ်း ကြက်သွန်၊ အာလူးပွဲရုံ လုပ်ငန်းများ၊ ကျောက်မျက်ရတနာလုပ်ငန်းများ၊ ပွဲလှူတွေ့ဖော်ပြခြင်း၊ ကျောက် ဖူးဖော်ပြခြင်း၊ ကျောက်မျက်ရတနာ ဖူးဖော်ပြခြင်းလုပ်ငန်းများ အကျိုးပေးနေပါသေးသည်။ ကုလားအသုံး

အဆောင်ပစ္စည်းများ၊ ဒန်တို၊ ဒန်ခွက် စတီးလ်ပန္နဲများ၊ ဝန်သတ္တုထည်ပစ္စည်းများလည်း အကျိုးပေးပါသည်။ လမ်း တံတား လုပ်ငန်းများ၊ လမ်း တံတားခင်းသောလုပ်ငန်းများ၊ လမ်း တံတားနှင့် ပတ်သက်သော သဲ ကျောက် ကျောက်စရစ် ကျောက်ကြီး ကျောက်လတ် ကျောက်သေးမှုံ့များ၊ အုတ်လုပ်ငန်း၊ အုတ် အရောင်းအဝယ်များ၊ သဲအောင်းအမှိုက်များ၊ သစ် လုပ်ငန်း၊ သစ်အမှိုက်မှိုအောင်းဝယ်ရေး၊ ကားအရောင်း အဝယ်များ၊ ကားပစ္စည်း၊ ဆိုင်ကယ်ပစ္စည်း၊ အရောင်းအဝယ်များ၊ ရေစက်၊ မီးစက်၊ ပန့်အမှိုက်မှိုး၊ လယ်ထွန်စက်၊ ထော်လာကွိုက်များ၊ အရောင်းအဝယ်များလည်း အကျိုးပေးပါသည်။

ထို့ပြင် လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်မော်တာများ၊ ဗိုင်နပို့များ၊ လျှပ်စစ်ဝါယာအမှိုးမှိုးများ၊ မီးခလုတ်များ၊ မိန်းခလုတ်များ၊ မီးသီးများ၊ မီးချောင်းများ အားလုံးလည်း အကျိုးပေးပါသည်။

ဤကား ခုနစ်ရက်သား ခုနစ်ရက်သမီးများ၏ အကျိုးပေးနေသောလုပ်ငန်းများပင် ဖြစ်ပါသည်။ ထိုလုပ်ငန်းများထဲမှ မိမိနှင့် အကျိုးပေးသော အလုပ် ဖြစ်ဖို့လိုအပ်ပါမည်။ မိမိနှင့် အကျိုးမပေးသော အလုပ်မျိုးကိုမူ အထူးတွေးတောရွေးချယ်ရန်လိုပါ။ မိမိနှင့် အကျိုးမပေးသော လုပ်ငန်းမျိုးကို လုပ်မိပါက များစွာ ဆုံးရှုံးနစ်နာနိုင်ပါသည်။ သတိကြီးစွာထားပါ။ အချို့က ပြောက်ပေးတတ်ပါသည်။ အချို့ကတော့လည်း မိမိလုပ်ချင်သောအလုပ်ဖြစ်ပေမယ့် ငွေက မပြည့်စုံလို့ မိမိဆီက ငွေလှည့်ချေးငှားချင်၍ လုပ်ငန်းနှင့် အကြောင်းပြ၍ အလုပ်ကို မူးတွဲ၍ စပ်တူရွယ်ယာသဘောမျိုးပြစ်လာတောင် မန်တီးလာတတ်ပါသည်။ အထူးသတိပြုကြပါလေ။ ဒုက္ခ များစွာ ရောက်တတ်ပါလိမ့်မည်။ အချို့က မိမိဆီက ငွေ မတွက် ထွက်လာအောင် ဝိုက်ဆဲ မကုန် ကုန်အောင် ပြောက်ပင့်ပေးတတ်၏။ မိမိအား ဒုက္ခ မရောက် ရောက်အောင်ပြောက်ပေးနေတာကို အထူးသိမြင်တတ်ကြပါလေ။

အလုပ်တစ်ခုခုကို လုပ်ကြမည်ဆိုပါလျှင် ပထမဆုံး ကြည့်ရှု ရမည်မှာ မည်သည့်အလုပ်သည် မိမိနှင့် အကျိုးပေး၏ မပေး၏ အထူးသိထားဖို့ လိုပါလိမ့်မည်။ အကျိုးပေးနေသောအလုပ်ကို တွေ့ရှိပြီးပါက မိမိသည် လုပ်ချင်၏ မလုပ်ချင်၏ စိတ်ပါဝင်စားမှု ရှိ၏ မရှိ၏ကို ဝေဖန်သုံးသပ်ပါ။ အရှုံးမလုပ်လိုက်ပါနှင့်၊ ယခုတွေ့ရှိထားသောအလုပ်သည် မိမိနှင့် လိုက်ပက်၏ မလိုက်ဖက်၏ ဝါသနာပါ၏ မပါ၏ တို့ကိုလည်းကောင်း၊ လုပ်ချင်လွန်းအားကြီးသည့်အလုပ် ဟုတ်၏ မဟုတ်၏ကိုလည်းကောင်း သေချာစွာ သုံးသပ်ဖို့ လိုပါသည်။

(၀) မိမိနှင့်အလွန်အကျိုးပေးနေသော အလုပ်၊ လုပ်ငန်းဖြစ်ဖို့ အထူးအရေးကြီးပါသည်။

(၂) ထိုအကျိုးပေးနေသောအလုပ်၊ လုပ်ငန်းကို မိမိသည် စိတ်ပါဝင်စားခြင်း ရှိ မရှိ၊ ဝါသနာပါခြင်း ရှိ မရှိ လုပ်ကိုင်ချင်သည့်စိတ် ရှိ၏ မရှိ၏ကို ဝေဖန်ပိုင်းခြားပေးပါ။

(၃) လုပ်ချင်လွန်းအားကြီးသည်၊ ဝါသနာလည်းပါသည်၊ စိတ်လည်းဝင်စားသည်ဟု ဆိုခဲ့ပါ လျှင် မိမိမှာ လက်ရှိ ရှိနှင့်ပြီးသား ငွေကြေးနှင့် ကိုက်ညီ၏ မကိုက်ညီ၏ လုံလောက်၏ မလုံလောက်၏တို့ကို ဝေဖန်ပိုင်းခြား၍ လုံလောက်သည်ဟုဆိုပါမှ အလုပ်ကိုလုပ်သင့်ပါ သည်။

(၄) လုပ်ငန်း၊ အလုပ် စတင် လုပ်ဆောင်သည့်အခါ နေ့ကောင်းရက်သာ အချိန်ကောင်း အခါကောင်းဖို့ အချိန်အခါကောင်းမှာ အလုပ်ကို စတင်လုပ်ကိုင်ဖို့ အထူးလိုအပ်ပါ လိမ့်မည်။

(၅) အလုပ်လုပ်လျှင် လုပ်ငန်းစတင်လုပ်လျှင် အလုပ်ကို အလုပ်နှင့်တူအောင်လုပ်ရပါမည်။ အလုပ်လုပ်ချိန်ကို အပြည့်အဝအချိန်ပေး၍ အလုပ်ကို ကြိုးစားလုပ်သင့်ပါသည်။ အလုပ်ကို သူတစ်ပါးနှင့် လက်လွှဲပထားရ၊ မိမိကိုယ်တိုင်ကိုယ်ကျ ကြပ်ကြပ်မတ်မတ်ဖြင့် အလုပ်လုပ်ရပါမည်။

(၆) မအောင်မြင်ခင် ဆို့ပြဲချွေတာ စားပါ သောက်ပါ၊ အဝိုင်ဝေ သုံးစွဲတာ မရှိပါစေနှင့်၊ အထူးသဖြင့် (အသုံးနှင့် အဖြုန်း) ကို အထူးသတိပြု ကျင့်ဆောင်ပါလေ၊ (ငွေကို သုံးနေတာလား၊ အလကား ဖြုန်းပစ်နေတာလား) ဆိုသည်ကို စည်းကမ်းတကွ ကိုင်တွယ်တတ်ကြပါလေ၊

(၇) စတင်၍ အလုပ်လုပ်ခဲ့ပါလျှင်လည်း တစ်ဝက် တစ်ဖျက်လုပ်တာမျိုး အလုပ်တစ်ခုကို ခဏဆုံးပစ်တိုင် သို့ရောက်အောင် ရေဆုံးပီးဆုံးရောက်အောင် မလုပ်ဘဲ အလုပ်ကို တစ်မျိုး ပြီး တစ်မျိုး ပြောင်းလဲခြင်း (ဟိုဟာကောင်းနိုးနိုး ဒီဟာကောင်းနိုးနိုး) လုပ်တာမျိုး မဖြစ်စေဘဲ အလုပ်တစ်ခုခုကို ပြီးဆုံးသည်တိုင်အောင် အားကြိုးမာန်တက် အလုပ်လုပ်ရပါမည်၊

(၈) အထက်ပါ အချက်ကြီး (၇)ချက်နှင့် ညီညွတ်စွာ အလုပ်လုပ်ခြင်းဖြင့် ကြီးပွားတိုးတက် အောင်မြင်မှု ရရှိလာသောအခါ ဤအတိုင်းမနေမူ၍ ဝိဝိဝါသနာပါပြီးဖြစ်သော ပိဝိနှင့်အကျိုးပေးထားပြီးဖြစ်သော ပိဝိအလွန်လုပ်ချင်လွန်းသော အလုပ်ဖြစ်သော (ပိဝိဘဝတွင် အားကိုးလောက်သော အလုပ်ဖြစ်သော) အလုပ်တစ်ခု ထပ်ခဲ့လုပ်ကိုင်၍ဖြစ်စေ၊ အလုပ်နှစ်ခု ထပ်ခဲ့၍လုပ်ကိုင်၍ဖြစ်စေ၊ အလုပ်ကို ထပ်မံခဲ့ထွင်၍ အလုပ်လုပ်သင့်ပါသည်၊

(၉) အလုပ်လုပ်ရာတွင် ပိဝိလုပ်သောအလုပ်သည် ပိဝိဘဝ ပိဝိဝိသားစု ပိဝိ၏ ကိုယ်ထောင်စုတစ်ခုအတွက် (အားကိုးလောက်သောအလုပ်) ဟုတ်၏၊ မဟုတ်၏၊ ကြည့်ရှုပါလေ၊ မဟုတ်သေးပါက အားကိုးလောက်သော အလုပ်တစ်ခုခုကို ပိဝိစိတ်ကြိုက်၊ ဝိဝိဆန္ဒရှိသလို အထက်ပါလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လုပ်ကိုင်သင့်၏ဟု မှတ်ကြပါလေ၊

(၁၀) ထိုသို့ ပိဝိဘဝတစ်သက်တာတွင် အားကိုးလောက်သော အလုပ်အကိုင် စီးပွားရေးသည် အောင်မြင်မှု တိုးတက်မှုရှိလာပါက အမျိုးအတွက် ဘာသာအတွက် သာသနာအတွက် ဆန္ဒရှိသလို လှူဒါန်း ဒါန(မြို့၌ (ဒါန ကုသိုလ် သီလကုသိုလ် သဓကုသိုလ် ဝိပဿနာ ကုသိုလ်) ထိုကုသိုလ်(၄)မျိုးအား ပွားများကြကုန်ရာ၏၊

စီးပွားရေးနှင့် ပတ်သက်၍ အလုပ်အကိုင်နှင့်ပတ်သက်၍ အကျွန်ုပ် ဆရာအရှင်သည် တိကျပြတ်သားစွာ လမ်းညွှန်ပြသခဲ့ပါ၏၊ ပြန်ဟ အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် ယခု အကျွန်ုပ် ဆရာအရှင် လမ်းညွှန်ပြသထားသော စီးပွားရေးအလုပ်အကိုင် လုပ်ပုံလုပ်နည်းတို့ကို အထူးလေ့လာ မှတ်သား၍ ဆောင်ရွက်လုပ်ကိုင်ပါက ကြိုးစားအားထုတ်ပါက စီးပွားရေးတွင် မအောင်မြင်စရာမရှိ၊ မတိုးတက်စရာမရှိ၊ ကြီးပွားချမ်းသာ တိုးတက် နိုင်တော့သည်သာ ဖြစ်ကြရကုန်တော့၏၊

ဆထူးမှာကြားလိုသည်မှာ . . . .

စီးပွားရေးအလုပ်မှန်ပါလျှင် စီးပွားရေးနှင့်တူတောင် အလုပ်နှင့်တူတောင် ဆောင်ရွက် လုပ်ကိုင်ရပါမည်၊ စီးပွားရေးထဲမှာ (လူမှုရေးကိစ္စ)များ မရောထွေးမိပါစေနှင့်၊ အထူးသတိပြုကြပါလေ၊ စီးပွားရေး အလုပ်ထဲတွင် လူမှုရေးကိစ္စများ ရောထွေး လာပါက စီးပွားရေးမှာ်စီး၏၊ ဆုတ်ယုတ်၏၊ အားနည်းသွား၏ ဟု မှတ်ကြပါလေ၊ ထို့ကြောင့် လူမှုရေးအားများနေလျှင် စီးပွားရေးကျဆင်း၏၊ ထို့ကြောင့် စီးပွားရေး အားကောင်းနေစေရန် လူမှုရေးကိစ္စများကို တတ်နိုင်သ၍ ထိန်းချုပ်ထားနိုင်ဖို့ လိုအပ်ပါသည်၊ ခိုင်မာသော စီးပွားရေး အောင်မြင်သောစီးပွားရေး တိုးတက်နေသော စီးပွားရေး တစ်ခု ရရှိလာနေသည်အထိ လူမှုရေး ကိစ္စများကို စည်းကမ်းတကျထိန်းချုပ်နိုင်ရပါမည်။ ဆိုလိုသည့်အဓိပ္ပာယ်မှာ ပိဝိသည် စီးပွားရေး တိုးတက် အောင် ကြိုးပွားအောင် ခိုင်မာနေအောင် ကြိုးစားအားထုတ်၍ လုပ်ကိုင်နေဆဲမှာ လူမှုရေးကိစ္စများကို

ဦးစားပေးသင့်ပါ။ အလိုမလိုက်သင့်ပါ။ ထိပ်တန်းဦးစားပေးမှုမှာ မရှိ သင့်ပါ။ စီးပွားရေးလုပ်ကိုင်ရာတွင် စီးပွားရေးအလုပ်အကိုင် ကိစ္စရပ်များကိုသာ ပထမတန်း အဆင့် ဦးစားပေးအဆင့်မှာပဲ ထားရှိသင့်ပြီး အလုပ်အကိုင် စီးပွားရေးကိုသာ အဓိက စောက်ချ၍ အလုပ်လုပ်သင့်သည်ဟု ဆိုလိုပါသည်။ လူမှုရေး ဆိုရာ၌ ဝိဝိဘိမိ၊ ဝိဝိအဆောက်တည်တွင်-

(က) ဒုက္ခသည် ဒုက္ခအကြောင်းမျိုးစုံပြော၍ လာရောက်နေထိုင်သူ၊

(ခ) အပူသည် အပူသောတမ်းများ ပြောဆို၍ လာရောက်တည်းခိုသူ လာရောက်နေထိုင်သူ၊

(ဂ) ရောဂါသည် ရောဂါဝေဒနာအကြောင်းပြု၍ လာရောက်တည်းခိုသူ၊ ဝိဝိဘိမ်မှာ လာတည်း ခိုပြီး ဆေးရုံလာတက်သူ၊ ဆေးခန်းလာပြသူ၊ ဆရာဝန်နှင့် ဆေးကုသမှု ခံယူသူ၊

(ဃ) တစ်ဝှမ်း တစ်လင်ကွား၊ တစ်နေရာ တစ်ပြို့ တစ်ရွာတွင် ဘိမ်ထောင်ကျ၍ ယောကျ်ား ဆုံးပါးခြင်း၊ ယောကျ်းစွန့်ပစ်ခံရ၍ ဝိဝိဘိမ်တွင် လာရောက်နေထိုင်သူ၊

(င) ဝိဝိဒင်္ဂမန်း ဆုံးပါး၍ သားသမီးများကလည်း မကြည့်ရှု မစောင့်ရှောက်ကြ၍ ဝိဝိဘိမ်သို့ ရောက်ရှိလာပြီး ခိုကပ်နေသူ၊

(စ) ဝိဝိ၏ သားသမီးအား ပြောရဆိုရ ဆုံးမရခက်ခဲပြီး မိဘများအား မြန်လှန်နှုတ်လှန် ပြောဆို၍ မိဘနှစ်ပါးအား ရန်လုပ်သော သားဆိုး သမီးဆိုးများအား ဝိဝိဘိမ်သို့ လာရောက်ပို့ထား၍ လာရောက်နေထိုင်သူများ

(ဆ) လင်ဘက်က အမျိုးအဆွေများ၊ မယားဘက်က အမျိုးအဆွေများ အပါအဝင် ရပ်ဆွေ ရပ်မျိုးများသည် ခိုကိုးရာမဲ့ အားကိုးရာမဲ့ အခြေအနေမဲ့ဖြစ်ပြီး ဝိဝိဘိမ်သို့ ဝုံ့ပြုရောက်ရှိ လာကာ နေ့စဉ် တဲ့ဝဲနှင့် မီးဖိုဆောင်တွင် အခြောက်တိုက် လက်ဖက်ခြောက်ကုန်၊ ထမင်းကုန်၊ ဟင်းကုန်၊ မီးဖိုဆောင်စားရိတ် ကြီးထွားနေမှုများ စသည်တို့ဖြစ်ပါသည်။ စုစုပေါင်း (၇)ချက်ဖြစ်ပါသည်။ ဤလူမှုရေး (၇)ချက်ကို အမှန်တကယ် စီးပွားရေး တိုးတက်အောင် ဆောင်ရွက်လုပ်ကိုင်နေရသော မိသားစုများအတွက် ဤ(၇)ချက်သည် စီးပွားရေးအလုပ်အကိုင်၏ (အန္တရာယ်များ) ပင်ဖြစ်ပါသည်။ သတိပြု ထိန်းချုပ်နိုင်ကြပါစေး (သက်သေ သာဓကတစ်ဝှက် ထုတ်ပြပါဦးဗုံ)

အကျွန်ုပ်တာဝန်လင်မယား နှစ်ယောက်စလုံးသည် တောသားတောသူများ ဖြစ်ကြပါသည်။ နှစ်ဦးစလုံးသည် ခေတ်ပညာ(၁၀)တန်းလောက်အဆင့်အထိ သင်ဖူးကြပါသည်။ နှစ်ဦးစလုံးကတော့ပြင့် ဘွဲ့ဒီဂရီမရခဲ့ပါ။ နှစ်ဦးစလုံးသည် ပြည်ပြို့ပေါ်တက်၍ ပြောင်းရွှေ့လာခဲ့ပြီး ပြည်ပြို့မှာပင် စီးပွားရေး အရောင်းအဝယ်များ လုပ်ကိုင်နေကြပါသည်။ လင်ယောကျ်းလုပ်သူကလည်း ကုရာအလုပ်ကို ရတတ် သရွေ့အဖို့နှိုင်းမှာ အလုပ်ကို ကြိုးစားပြီး လုပ်ကိုင်လွှက်ရှိပါသည်။ ဇနီးမယားလုပ်သူကလည်း အရောင်းအဝယ်လုပ်ငန်းများကို ဝါသနာပါ၍ စွေးဆိုင်ဖွင့်ကာ ရွေးရောင်း၏၊ ဤသို့ဖြင့် လင်ရော မယားပါ တက်ညီလက်ညီ စီးပွားရေး အလုပ်အကိုင်များကို လုပ်ကိုင်လာခဲ့ရာ (၃)နှစ်ကြာလာခဲ့သောအခါ ပြည်ပြို့ပေါ်မှာ စားနိုင် သောက်နိုင် နေထိုင်နိုင်သောအဆင့်ကို ရောက်ခဲ့ပါသည်။ သားတစ်ယောက် သမီးတစ်ယောက် တွန်းကားလာခဲ့၍ စီးပွားရေး အရောင်းအဝယ်လုပ်ငန်းများကို လင်ကတစ်ဖက်တစ်လမ်းက တစ်ဆိုင်ဖွင့်၍ ရွေးရောင်းပါသည်။ ယောကလည်း ကွန်တစ်ဖက်က ကုန်ရုံဆိုင် ကုန်ပြောက် ဆိုင်ဖွင့်၍ ရွေးရောင်းရပါသည်။ ကလေးနှစ်ယောက်ရလာသည်နှင့်အမျှ စားမည်သောက်စပေါက် မှားတိုးလာပါ၍ ကျောင်းနေစရိတ်၊ ကွန်းဟရေး စားရိတ်ကစ၍ ထည့်တွက်ကာ စီးပွားရေးကို အားသွန်ခွန်စိုက် ကြိုးစား၍ အလုပ်လုပ်ရပါတော့၏။ ထို့ကြောင့်လည်း ကလေးများ ကျောင်း စာဘင်ထားရတော့မည်။ ယောကျ်းလေး

က (၅)နှစ်အရွယ်၊ ဗိန်းကလေးက (၄)နှစ်အရွယ်ခန့်တွင် ထိုတပည့်မိသားစုသည် အတော်အသင့် ကြီးပွားလာခဲ့ပါတော့၏၊ တးနိုင် သောက်နိုင် ငွေကြေး သုံးစွဲနိုင်သောအဆင့်သို့ ရောက်ရှိလာခဲ့တော့၏၊ ပြည်ပြီ့တွင်လည်း အိမ်တစ်လုံး ဝယ်နိုင်လာတော့၏၊ မိသားစုမှာလည်း မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်နှင့် ဖြစ်လာတော့၏၊ တစ်ပတ်တစ်ကြိမ် ဆွမ်းတုဝ်ယူထားသောကြောင့် ကျောင်းသို့ ဆွမ်းပို့လာသည့်အခါ အကျွန်ုပ်က-

ဆရာတော် - "ဟဲ့ . . . မင်းတို့ဝန်းဟောင်နဲ့တို့ . . . ဘယ်နယ်လဲဟေ့ . . . စီးပွားရေး အရောင်းအဝယ် လုပ်ငန်းရော . . . အားလုံး အဆင်ပြေကြရဲ့လားဟေ့"

တပည့် - "တဆင်ပြေပါတယ် ဘုရား . . . အခုဆိုရင် တပည့်တော်တို့ မိသားစုက ကလေးက နှစ်ယောက်နဲ့ဆိုတော့ . . . မိသားစု (၄)ယောက်ဖြစ်လာပြီပေါ့ ဘုရား . . . စီးပွားရေး လည်း ကောင်းလာနေပါတယ်ဘုရား . . . အိမ်တစ်လုံး မော်တော်ကားတစ်စီး . . . ဆိုင်ကယ်တစ်စီးလည်း ဝယ်ပြီးသွားပါပြီဘုရား"

ဆရာတော် - "ဟေ . . . တယ်ဟုတ်နေပါလားဟ . . . ကောင်းတယ် . . ကောင်းတယ်ဟေ့ . . . မင်းတို့ တော်တယ်ကွာ . . . ဒါမျိုးမှ ဆရာတော်တို့က သဘောကျတယ် ဟေ့ . . . ဘာပဲဖြစ်ဖြစ် လင်မယားနှစ်ယောက် တက်ညီလက်ညီနဲ့ စီးပွားရေးကို ကြိုးစားပြီး လုပ်တော့လည်း . . . ကြာလာတော့ တိုးတက်လာတာပေါ့ကွာ . . . ဆက်လုပ် ဆက်လုပ်ကြဟေ့ . . . ဝမ်းသာတယ်ကွာ"

ဤသို့လျှင် အကျွန်ုပ်သည် အကျွန်ုပ်၏ တပည့်တား ဝမ်းသာအားရဖွာဖြင့် စီးပွားရေး အလုပ်အတွက် အားပေးခဲ့ရ၏၊ နှစ်သိမ့်ခဲ့ရ၏၊ ထိုအခါ တို့တောရွာက ဘယ်သူကတော့ ပြို့မှာ ကြီးပွားနေလေရဲ့ . . . ဘယ်သူသားတဲ့တော့ . . . အခုဆိုရင် အိမ်နဲ့ ကားနဲ့ ဒေးဆိုင်နဲ့ အတော့်ကို ကြီးပွားနေလေရဲ့ . . တို့ဘုရားပူးသွားရင် အဲဒီအိမ်မှာ တည်းကြမယ်ပေါ့ . . . အချို့ကလည်း အိမ်ကသားက ဆိုးလွန်းလို့တော့ . . ပြောမရ ဆိုမရနဲ့ . . အဲဒါ သူဦးလေးရှိတဲ့ ပြည်ပြီ့မှာ သွားထားမလို့ . . သူဦးလေးက ပြို့မှာ ကြီးပွားနေတာ အတော်ပဲ . . . အဲဒီမှာ သွားထားမှပြစ်မယ် . . . ဒါက ယောက်ဂျားဘက်က အချို့အဆွေ တွေက ပြောကြဆိုကြလာလေ ရဲ့၊ ဗိန်းမဘက်က အချို့အဆွေတွေကပြန်တော့လည်း တစ်ချို့ လင်သေ မုဆိုးမပြစ်၊ တစ်ယောက်တည်း ရွာမှာ တလည်လည်နဲ့ . . . (ညည်း ဒီအတိုင်းနေလဲ ဘာထူးလဲ . . . နင့် အစ်ကိုက ပြည်ပြီ့ပေါ်မှာ အတော်ကြီးပွားနေတာ . . . နင် အဲဒီမှာ သွားနေပါလား . . . ကောင်းကောင်း လည်းစားရမယ် . . . ကောင်းကောင်းလည်း ဝတ်ရမယ် . . . ဘာအလုပ်မှလည်း လုပ်စရာမလိုဘူး . . . ဒိန်ပဲ . . . ကိုယ့်အစ်ကိုပဲ . . . ဘယ်သူကို ဂရုစိုက်ရမှာလဲ) ဤသို့သော အပြောမျိုးဖြင့် အကျွန်ုပ်၏ တပည့်ဖြစ်သူ၏ အိမ်တွင် တဝ တစနှင့် လင့်ဘက် ယောဘက်၊ တောရွာက တစ်ဘုပ်ပြီးတစ်ဆုပ်၊ တစ်ပွဲပြီး တစ်ပွဲ ရောက်ရှိလာကြကုန်တော့၏၊ ဗိန်းမဘက်ကလည်း ယောက်ဂျားလုပ်သူက အားနာတော့ မပြောရက်ခဲ့ပါ။ ယောက်ဂျားဘက်ကလည်း ဗိန်းမလုပ်သူက အားနာပြီး မပြောရက်ခဲ့ပါ၊ သိပ်ပြီး မကြာ လိုက်ပါ၊ (၂)နှစ်ခန့် ကြာလာသောအခါ ဆရာနှင့်တပည့် မတွေ့တာကပင် (၂)နှစ်ခန့် ရှိသွားခဲ့ပါပြီ၊ သေသေချာချာ တွေ့တွေ့ဆိုင်ဆိုင် အကျိုးအကြောင်းများ စကားမပြောပြစဲခဲ့ကြပါ။ အကျွန်ုပ်လည်း ကိုယ့်ကိစ္စနှင့်ကိုယ် သာသနာပြုလုပ်ငန်းများ၊ သံယာကိစ္စများ၊ အလှူအတန်းကိစ္စများ ဆောင်ရွက်နေရ သည်ဖြစ်၍ တပည့်လင်မယား ကျောင်းကို ရောက်လာတိုင်းလည်း ပေးဖေးဆေးထေး စကားမပြော အားခဲ့ပါ။ ဤသို့နှင့်ပင် နှစ်နှစ်ခန့် ကြာသွားခဲ့ပြင်းပြစ်ပါသည်၊ တစ်နေ့ ကျောင်းမှာ ဥပုသ်နေ့ပြစ်၍

လုပ်လုပ်၏။ အားလုံးဥပုသ်လာတော့ကြ၏။ ဤတွင် တပည့်ဖြစ်သူလည်း သီလ လာယူရန်း အကျွန်ုပ်နှင့် တွေ့ပြီး နေ့ခင်းဘက် စကားစမြည် စတင်၍ပြောဖြစ်ခဲ့ပါသည်။

အကျွန်ုပ်ဆရာတော် - "ဟဲ့ကောင် တပည့် ... မင်းလည်း မတွေ့ရတာ ကြာပကောတွာ ... ငါကလည်း မအား .. မင်းကလဲ မအားနဲ့ အေးအေး ဆေးဆေးလေး စကား မပြောရတာတောင် ကြာလှပကောကွာ ... မင်းရော စီးပွားရေး အဆင်ပြေရဲ့ လားဟဲ့ ... အလုပ်အကိုင် အရောင်းအဝယ်ရော ကောင်းရဲ့လား ... မင်း ကလေးတွေရော နေထိုင်ကောင်းရဲ့လား ... ဘယ်နှတန်းရောက်ကုန်ပြီလဲ"

တပည့် - "အဆင်မပြေပါဘူး ဘုရား ... အခု တပည့်တော် ဒုက္ခရောက်နေပါတယ် ဘုရား ... ဘိန်လည်း ရောင်းလိုက်ရပြီဘုရား ... အခု တပည့်တော် ဘိန်ငှားနဲ့ပဲ နေပါတယ် ဘုရား"

ဆရာတော် - "ဟဲ့ကောင် မင်းက ဒါဘယ်လိုဖြစ်တာတုံးဟ ... အဝက မင်း အဆင်ပြေသား ပဲဟ ... အခု ဘယ်လိုဖြစ်တာတုံး ငါနဲ့မတွေ့တာမှ (၂)နှစ်လားပဲ ဒို့သေးတာ ... မင်းတို့ဟာက မြန်လှချည်လားကွာ ... ဒါ ဘယ်လိုဖြစ်နေကြတာတုံးကွာ"

တပည့် - "တပည့်တော်လည်း ဘယ်ကစပြီး ... ဘယ်လိုပြောရမှန်း လျှောက်ရမှန်းကို မသိတော့ပါဘူး ဘုရား ... တပည့်တော်တို့ဘိန်က အရင်လို မဟုတ်ဘူး ဘုရား ... တစ်နေ့ တစ်နေ့လည်း ဘိန်ထဲမှာ ဆူဆူ ပူပူက ခဏ ခဏပြစ်၊ တစ်ယောက်နဲ့ တစ်ယောက်ကလည်း မတည့်ကြ ... စီးပွားရေးအလုပ်အကိုင် ကလည်းမကောင်း .. ကြာတော့ တပည့်တော်လည်း ဘိန်က ထွက်ပြေးချင်စိတ် တောင် ပေါက်လာတယ်ဘုရား"

ဆရာတော် - "လျှောက်စမ်းကွာ ... မင်းကိစ္စက အဲ့ဒြဖို့ကောင်းနေတယ် .. အဝတုန်းက တော့ မင်းတို့လင်မယားက တက်ညီလက်ညီနဲ့ စီးပွားရေး အလုပ်အကိုင်တွေ လုပ်လာခဲ့ကြတာ ... အားလုံးအဆင်ပြေကြသားပဲကွာ ... အခုကျခါမှ ဘိန် လည်းမြှုတ် စီးပွားရေးကလည်း ကျဆင်းလာတယ်ဆိုတော့ ... ဒါ မဟုတ်သေး ဘူးကွ .. အဝေး အရာရာ အသေးစိတ် ငါ့ကို လျှောက်တင်စမ်းကွာ ... ငါ ကြည့်ပေးမယ် .."

ဤတွင် တပည့်လုပ်သူသည် မျက်နှာညိုးညှိုးငယ်ငယ်နှင့် အောက်ပါအတိုင်း လျှောက်ထား လာပါတော့၏။

တပည့် - "ဘိန်ထောင်ကျပြီးသည့်နောက် တပည့်တော်တို့လင်မယား ... ပြည်ပြို့ ပေါ်ကို တက်လာပြီး ဒို့တွေအောင်ဖက် အတူတူလုပ်ကိုင် စားသောက်ကြမယ် ဆိုပြီးတော့ ... စိတ်တူကိုယ်တူနဲ့ ပြို့ပေါ်တက်လာပြီး စီးပွားရေး အရောင်း အဝယ်တွေကို အတူတူလုပ်ကြတာပါပဲဘုရား ... သားတွေ သမီးတွေ ကျောင်း စတက်သည့်အချိန်အထိပါပဲ ဘုရား ... ကိုယ်ပိုင်ဘိန်လည်း ဝယ်နိုင်တယ် ... မော်တော် ကားလည်း ဝယ်နိုင်တယ် ... အတွင်းပစ္စည်း လွှေတို့ ငွေစရော အားလုံး ပြည့်ပြည့်စုံစုံနဲ့ စီးပွားတက်ခဲ့ပါတယ် ဘုရား ... အဲဒို နောက်ပိုင်း တော့ တောက ဆွေမျိုးတွေ တစ်ပွဲပြီးတစ်ပွဲ. ဘိန်မှာ လာတည်းကြပါတယ်

ဘုရား . . . ပြည်ပြီးပေါ်က ဘုရားတွေ လာမှုံးတာ ဆိုပြီးတော့ လာကြတာပါပဲ ဘုရား . . . တပည့်တော်ဘက်က ဆွေမျိုးတွေရော . . . ရဲဘော်ရဲဘက်မျိုးတွေရော . . . ဘုရားမှုံးလာတာဆိုပြီး အိမ်မှာ လာတည်းကြ . . . နောက် ပိန်းမဘက်က ဝိန်းမ ရွာက အမျိုးတွေ၊ ရဲဘော်ရဲဘက်မျိုးတွေကလည်း ဟဲဒီလိုပဲ ဘုရား . . . ပြည်ပြီကို မရောက်မှုံးလို့က တစ်မျိုး ဘုရားလာမှုံးတာက တစ်ပုံစံနဲ့ အိမ်မှာ ချည်သည် တဝင်အထွက်တွေ များလာခဲ့ပါတယ် ဘုရား . . . တပည့်တော်တို့ လင်မယားတလည်း . . . ပိဝိတက်နိုင် သလောက်တော့နိုင်သ၌တော့ ချည်ဝတ် ကျေပါတယ် ဘုရား . . . အစစအရာရာ သူတို့ ချည်သည်တွေအတွက် . . . စားဖို့ သောက်ဖို့ အိပ်ဖို့က စပြီး . . . အဆင်ပြေအောင် လုပ်ပေးပါတယ်ဘုရား . . . ဘယ်ကိုသွားချင်သလဲ ဘယ်ဘုရားမှုံးချင်သလဲ . . . မှုံးချင်တဲ့ဘုရား သွားချင်တဲ့နေရာကို တပည့်တော်တို့ . . . အလုပ်အမှုက်ခံပြီး လိုက် ပို့ပေး ပါတယ်ဘုရား . . . လာကြပြန်တော့လည်း ချည်သည်တွေက အနည်းဆုံးတောင် ဆယ်ယောက်ခန့် ရှိပါတယ်ဘုရား . . . ဒါ အနည်းဆုံးပါဘုရား . . . ဘုရားမှုံးလာကြတဲ့ အမွဲတွေက ဆယ်ယောက် (၁၅)ယောက် . . . တစ်ခါတလေ များ အယောက် (၂၅) ယောက်လောက်တောင် ရှိပါတယ်ဘုရား . . . ဒါလည်း တပည့်တော် သည်းညည်းခံပြီး တတ်နိုင်သ၌ ချည်ဝတ်ကြေအောင် ဆောင်ရွက် လုပ်ကိုင်ပေးပါတယ် ဘုရား . . . ဒီဘုရားမှုံးလာကြတဲ့အမွဲတွေက ပြန်သွားပြီး ရွာရောက်တော့ ရွာသူရွာသားတွေကို အားပါးတရပြော . . . ဒါနဲ့ ရွာက ရွာသူရွာသားများက ဘုရားမှုံး ဆို ဆိုပြီး အိမ်မှာ လာပြီးတည်းခိုကြ . . . ဘုရား မှုံးကြတာတွေက . . တစ်နှစ် တစ်နှစ် ဆိုရင် (၆)ခွဲ (၇)ခွဲလောက်ရှိပါတယ် ဘုရား . . . ဒါက တပည့်တော် ဘက်တပါ . . . တပည့်တော်ရဲ့ ဒကာမဘက် တပါ ကြည့်မယ်ဆိုရင် တစ်နှစ် တစ်နှစ်မှာ အိမ်မှာ ဘုရားမှုံးဆိုပြီးတော့ . . . လာလာပြီး တည်းခိုကြတာတွေဟာ . . . (၁၀)ခွဲလောက် အနည်းဆုံး ရှိပါတယ် ဘုရား . . . ဒါ တပည့်တော်လျှောက်တာ အနည်းဆုံးကို ပြောတာ ပါဘုရား . . . တစ်ခါ တပည့်တော်ရဲ့ ဒကာမဘက်က ခယ်မ (၂) ယောက်က လည်း တက္ကသိုလ်တက်ဖို့ဆိုပြီးတော့ အိမ်မှာ လာနေပါတယ်ဘုရား . . . အိမ်က နေပြီးတော့ ကျောင်းတက်ပါတယ်ဘုရား တစ်ခါ တပည့်တော်ဘက်က ကြည့် ပြန်တော့လည်း . . တပည့်တော် ညီမဖအရင်းတစ်ယောက်က သူယောက်ကျားက ဝိုးတိုးပြီး သေသွားတော့ ကလေး (၂)ယောက်နဲ့ . . . တပည့်တော်အိမ်ကို ရောက်လာပြီးနေပါတယ်ဘုရား . . . တပည့်တော် ညီမရော ကလေး (၂)ယောက် ကျောင်းဝရိတ်တွေရော . . စားတာသောက်တာတွေပါ တပည့် တော်က တာဝန်ယူထားရပါတယ်ဘုရား . . . တစ်ခါ တပည့်တော်ညီမနှင့် ကလေး (၂)ယောက်နဲ့ . . . တပည့်တော်အိမ်မှာလာနေတဲ့ ခယ်မ ကျောင်းသူ (၂)ယောက်နဲ့က မတည့်ကြပြန်ဘုးဘုရား . . . အိမ်မှာ ခဏ ခဏ ရန်ဖြစ်လိုက် . . ဆူလိုက် ဆဲလိုက်နဲ့ တစ်နေ့တစ်နေ့ ဟိုဘက်ကို ထိန်းလိုက် . . ဒီဘက်ကို

ပြန်မြေလိုက်နှင့် တပည့်တော်တော့ သေသာသေလိုက်မှင်တော့တယ်ဘုရား
. . ဒီကြားထဲ ဒကာမ ဘက်က ဆွေမျိုးတွေက ပြည်ပြန်က မှက်စိဆရာဝန်ကြီးက
တော်လို့ ကောင်းလို့ဆိုပြီးတော့ ဒီသားစု(၅)ယောက် တပည့်တော်အိမ်မှာပဲ
လာတည်းပြီးတော့ မှက်စိလာခွဲပါတယ်ဘုရား . . ဘာမှ
မလုပ်ရဘဲ နားနားနေနေနေရမည်ဆိုတဲ့ တပည့်တော်အိမ် ပေါ်မှာပဲ နားနေတာ
ကြာလှပါပြီဘုရား . . . တခုဆိုရင် (၂)လ ပြည့်တော့မယ် . . . ဆေးဖိုးဝါးခရော
ဆရာဝန်ပေးတာရော . . အိမ်ပေါ်မှာ ဒီ(၅)ယောက်ကို တင်ကျွေးထားတာ
ရော တပည့်တော်တို့ကပဲ တာဝန်ယူ ကုန်ကျနေရတာပါပဲ ဘုရား . . . ငွေတွေ
ကကုန် လူတွေက စိတ်မချမ်းသာ . . . တစ်နေ့ တစ်နေ့ အိမ်ကဆူ အလုပ်
အကိုင်ကမကောင်း . . . စီးပွားရေးက ကျလာတာဆိုတော့ ဒီနှစ် အဖေပိုင်း
ကပဲ လက်ရှိအိမ်ကို ရောင်းချလိုက်ရပြီး အရောင်းအဝယ် လုပ်ငန်းထဲမှာ
ထည့်လိုက်ရပါတယ်ဘုရား . . . အခုဆိုရင် တစ်လ ကို သုံးသောင်းနဲ့ အိမ်ငှား
မြန်နေရပါတယ် ဘုရား . . . ဒီကြားထဲ အိမ်အသုံးစရိတ်ရယ် . . . စားဝတ်နေ
တွေက အမှားကြီးတက်လာတော့ လက်ရှိမော်တော်ကားကို ပေါက်ဈေးနဲ့ပဲ
ရောင်းထုတ်ပြီး အိမ်စားရိတ်ကာမိအောင် စိုက်ထည့်နေရပါတယ် ဘုရား
. . . တပည့်တော်တို့ လင်မယားကို ဆရာတော်ကြည့်ပေးပါဦး ဘုရား . . . ကံ
မကောင်းတာလား . . . ကံစာတာပဲ နိမ့်နေ ညံ့နေတာလား . . ဒါမှ မဟုတ်
ဝယ်နေတဲ့ အိမ်ကပဲ ခိုက်နေတာလား . . ဆိုတာ ဆရာတော် ကြည့်ပြီး
လမ်းညွှန်ပေးပါဦးဘုရား . . . တစ်နေ့ တစ်နေ့ အိမ်မှာ နေချင်စိတ်တောင်
မရှိတော့ပါဘူး ဘုရား . . ဘယ်လိုလုပ်ရမယ် ဘာလုပ်သင့်တယ် . . ဘာလုပ်
မှပြန်ကောင်းမယ်ဆိုတာ ဆရာတော် တပိန့်ရှိပေးပါ ဘုရား . . . "

လို့ လျှောက်ထားလာပါတော့တယ်။ ဤတွင် အကျွန်ုပ်က တပည့်၏ လျှောက်ထားချက်များကို အသာပင် နားထောင်ပုံး သဘောပေါက်လိုက်ပါပြီး အဓိပ္ပာယ်ကို နားလည်သွားပါပြီး ဒါကြောင့်

(မင်းက ငါမြော်ရင် လိုက်နာနိုင်ပုံမလား) လို့ အကျွန်ုပ်ပေးလိုက်ပါသည်။

ဤတွင် တပည့်က *(စိတ်ချပါဘုရား . . . တပည့်တော် လိုက်နာပုံမယ်ဘုရား)* ဟု လျှောက်ထားလာသောကြောင့် အကျွန်ုပ်သည် တပည့်အား အဓိန့်ပေးခဲ့၍ ဩဝါဒချွေပါတော့တယ်။

အကျွန်ုပ်ဆရာတော် - "လောကမှာ လူမှုဖူလုံတွေအားကောင်းလာရင် စီးပွားရေးပျက်စီးတယ် . . .
ကျဆင်းတယ်ကွဲ့ . . မင်းပြုပြုမှတ်ထား . . . မင်းတို့ လင်မယားက သဘော
ကောင်းလွန်းနေတော့ . . . ရွာက မင်းဘက် မင်းဝိန်းမဘက်တွေက အုပ်စုလိုက်
အဖွဲ့လိုက် အိမ်ပေါ် တက်လာပြီးတော့ စားလိုက်ကြ သောက်လိုက်ကြ လျှောက်
လည်လိုက်ကြပေါ့ ကွာ . . . ဒီကြားထဲ ခယ်မက တစ်မျိုး . . မုဆိုးမညီမက
တစ်မျိုးနဲ့ မင်းတို့ ဝုက်ရောက်ရတာပေါ့ကွာ . . . ဒီတော့ အခုအခိုန်ကစပြီး
ငါ ဆရာတော် အဓိန့်ချမှတ်မယ် . . . မင်းနားရေရေထောင်ပါ . . အခုအခိုန်
ကစပြီး မင်းညီမနဲ့ ကလေး(၂)ယောက်ရော . . . မင်း ဝိန်းမဘက်က ခယ်မ
(၂)ယောက်ကိုရော . . . အိမ်ပေါ်က မောင်းချပါ . . . မင်းဝိန်းမကိုလည်း

ပြောလိုက် ငါဆရာတော်က ဒီအတိုင်းပဲ အဓိန့်ချမှတ်ခဲ့တယ်ဆိုသည့်အကြောင်း
.. မင်းအိမ်ပေါ်မှာ မင်းတို့ လင်မယား(၂)ယောက်ရယ် .. မင်းကိုက ပေါက်ကွဲ
ထားတဲ့ကလေး (၂)ယောက်ရယ် .. ဒီ(၄)ယောက်ပဲ အိမ်ပေါ်မှာရှိရပါမယ်
... ကျန်တာ အယ်သူမှ မရှိဝေနဲ့ ... မင်းအက်တရော မင်းဖိန်းမအက်
ကပါ အယ်စည်သည်မှ အိမ်မှာ အတည်းမခံပါနဲ့ .. စည်သည်တွေ လာခဲ့ရင်
ဧကာတမြုတ် စည်ခံစရာ စည်ခံစကားပြောစရာရှိရင်ပြောပါ ... တည်းဖို
မယ်ဆိုရင် တည်းခိုခန်းမှာပဲ သွားတည်းခိုပါစေ .. အိမ်မှာမထားနဲ့ အိမ်မှာ
မတည်းခိုစေနဲ့ .. ပြီးတော့ မင်းအိမ်မှာ ဒုက္ခသည် အမူသည် ရောဂါသည်
ခိုကိုးရာမဲ့ တစ်ခုလပ် တစ်လင်ကွာ မုဆိုးမ လုံးဝမထားပါနဲ့ .. ရင်းရင်း
ကျက်ကျက် ဆွေမျိုး တော်တော် မတော်တော် အိမ်ပေါ်မှာတင်မထားနဲ့ ..
ကိုယ့်မိသားစုနဲ့ အတူတူမနေစေရ .. မိမိအိမ်မှာ လုံးချင်းအိမ် ခြံနဲ့ဝင်းနဲ့ဆိုရင်
ခွေးမွေးလို့တယ် ... ခြံနဲ့ဝင်းနဲ့ မဟုတ်ရင် တိုက်ခန်းပြစ်လျှင် အိမ်ငှားပြစ်နေ
ရင် ခွေးမမွေးရ .. သတိထားပါ ဒါဟာ ငါဆရာတော်ရဲ့ အဓိန့်လည်း ဟုတ်
တယ် ... မင်းတို့ လင်မယားရဲ့ စီးပွားရေးတိုးတက် သာယာရေးအတွက်
လမ်းညွှန်ချက်ကြေငါးလည်း ဟုတ်ပါတယ် .. ဒီအတိုင်းလိုက်နာဆောင်ရွက်
လုပ်ကိုင်ပါ .. ဒီအတိုင်းမလုပ်နိုင်ပါဘူး ... မလိုက်နာနိုင်ပါဘူးဆိုရင် မင်း
နောက်ထပ် ငါ့ကိုဘာမှ မလျှောက်တင်နဲ့တော့ ... ငါဆီလည်း လာချင်မှလာ
... မလာချင်လည်း နေ"

လို့ ခပ်ပြင်းပြင်းအဓိန့်ရှိလိုက်ပါသည်၊ ထိုတပည့်လည်း ခေါင်းငိုက်စိုက်ကွဲလွဲက် ပြန်သွားပါတော့၏။ နောက်ထပ် တော်ရုံတန်ရုံပြင့် ကျောင်းကိုမရောက်လာတော့ပါ။ အကျွန်ုပ် အဓိန့်ချမှတ်ထားသည့်အတိုင်း လိုက်နာသလား၊ မလိုက်နာသလား လုပ်သလား မလုပ်သလား အကျွန်ုပ်မသိရတော့ပါ။ သိလာရသည်မှာ အိမ်မှာ အယ်သူမှမထားတော့ပါ။ ဆရာတော် အဓိန့်ရှိသည့်အတိုင်း "ဆွေမျိုးသားချင်းတွေ မုန်းချင်လည်း မတတ်နိုင်ဘူး .. ငါဆရာတော်အဓိန့်ချ ထားကဲ့အတိုင်းကတော့ လုပ်ရမှာပဲဆိုပြီး လုပ်နေပါတယ် ဘုရား .. အခုဆိုရင် လင်ရော မယားရော စီးပွားရေးကို အရင်အတိုင်းဆက်လုပ်နေပါတယ် ဘုရား ..." ဟု တစ်ချို့ သူ မိတ်ဆွေ တပည့်မိတ်ဆွေများက လာရောက်လျှောက်ထားတတ်ကြပါသည်။ တစ်နှစ်ခန့်ကြာ၌ ဝါတွင်းဥပုသ်နေ့များတွင် ထိုတပည့်သည် ကျောင်းသို့ ဥပုသ်စောင့် ခဏ ခဏ လာကြပါသည်။ ခဏခဏခါ လင်ရော မယားရော ကလေးတွေပါ ပါဝင်လာပြီး ကျောင်းမှာ နေကုန်အောင် နေကြပြီး ဥပုသ်သီတင်းတော်သုံးကြပါသည်။ အားလုံးသည် ပျော်ပျော်ရွှင်ရွှင်နှင့် စီးပွားရေး ဝင်ငွေများ တစ်ပန် ဦးဟော်လာခဲ့ချေလေပြီ။ ဤသို့နှင့် (၅)နှစ်ခန့် ကြာလာသည့်အခါ ကိုယ်ပိုင် တိုက်တစ်လုံး ဝယ်နိုင်သွားပြီး ကိုယ်ပိုင် (ဟိုင်းလပ်) ဓာတ်တော်ကားတစ်စီး ဝယ်နိုင်လာခဲ့ပြီး အက်မှာလည်း ငွေတော်တော် များများအပ်နှံနိုင်လေပြီ။ မိသားစုမှာလည်း ရွှေ ငွေ တွဲလွဲနဲ့ အဆင်ပြေ ဟန်ကျလာပါတော့၏။ အခုမှပဲ လင်ရော မယားရော ဆရာတော်ကို ကျေးဇူးတင် ကြလေပြီ။ တပည့်တို့ အမျိုးသမီးကဆိုလျှင် "ယခုမှပဲ စိတ်အေးရတော့တယ် ဘုရား .. တပည့် တော်မတို့သားဆိုရင် ဘာလုပ်ရမှန်းကို မသိတော့ပါဘူး ဘုရား ... အခုလို အပြတ်ပြောပြီး အပြတ်လုပ်လိုက်တော့မှပဲ ... စီးပွားရေးအလုပ်အကိုင်တွေ တိုးတက်လာပြီး မိသားစုလည်း အေးချမ်း အိမ်လည်းဖေးချမ်းလာပါတော့တယ် ဘုရား .. ဒါတွေဟာ ဆရာတော်ကြီးရဲ့

တဖြစ် အတိုင်း လိုက်နာကျင့်သုံးလို့ပါဘုရား" ဟု ဆိုလာပါတော့၏။

ထို့ကြောင့် (စီးပွားရေးအားကောင်း အကျိုးပေးနေလျှင် လူမှုရေး ကျဆင်းစေပြုပြင်၏၊ လူမှုရေး အားကောင်းနေပါလျှင် စီးပွားရေး ကျဆင်းစေပြုပြင်၏) ဟု သတိပြုကြပါလေ။ ထို့ကြောင့် စီးပွားရေး အပြုတမ်းကောင်းနေစေလိုပါလျှင် လူမှုရေးကို အပိုတွေ လျှောက်လုပ်မနေဘဲ တတ်နိုင်သ၌ ထိန်းချုပ် ထားနိုင်ပါလျှင် စီးပွားရေး တိုးတက်သာယာနိုင်၏။

ထို့ကြောင့် လွှာဝ လွှလောကမှာ စီးပွားရေး တောင်ပြင်မှုသည် အဓိက အချက်ပြစ်ကြောင်း သတိပြုပါလေ။ စီးပွားရေးတောင်ပြင်မှုရလေလေ (ဒါန) ကုသိုလ်ကို အားပြင့် အားပြုသို့ များများသော ဘာသာရော၊ ကုသိုလ်ရော၊ သာသနာရော၊ သာသနာပြုလုပ်ငန်းများကို ငွမ်းငွမ်းတမ် ပြုမွှေးတိုး ပြုစွဲနိုင် ရလေလိမ့်မည်။ စီးပွားရေးမကောင်းပါက စီးပွားရေး မဖို့ပါက လွှာဝ လွှလောကတွင် (ဒါန)၏ ကုသိုလ်အား ကို အားမပြုနိုင်တော့ ဘဲ သာသနာရော၊ ဘာသာရော ကုသိုလ်ရော၊ သာသနာပြုရေးကိစ္စများမှာ ဆို့တိုင်ဆို့ အားမရှိနိုင်တော့ပေး ဤသည်ကား . . . လောကလူသားများ၏ အရာပင်တည်း သာသနာ့ဝန်ထမ်း ရဟန်း သံဃာများမှာမူ မိမိ၏အကွင် သီလ သီကွာ တရားကို အားကောင်းအောင် ကွင်းကြဲ အားထုတ်ရာ၏။ ထိုအကွင် သီလ သီကွာ အားကောင်းလာသည်နှင့်အမျှ ဒါန သီလ သမထ ဝိပဿနာတရား (၄)ပါးအား ကွင်းကြွားများ အားထုတ်ကြရာ၏။ ထိုအခါ ဘာသာရော သာသနာရော သာသနာပြုလုပ်ငန်းများကို အောင်ပြင်စွာ ဆလိုလိုဆောင်ရွက်လာနိုင်ကြတော့၏။

(လွှာဝ လွှလောကသည် စီးပွားရေးအရေးကြီးသကဲ့သို့ ရဟန်း သံဃာတော်တို့တွင်လည်း ရဟန်း တရားသည် အလွန်အရေးကြီးလှသည် ဟု မှတ်ရာ၏။ လွှာဝ လွှလောကမှာ စီးပွားရေးအောင်ပြင်ခဲ့လျှင် များစွာသော အကျိုး ဘာသာ သာသနာပြုလုပ်ငန်းကြီးများကို ပါဝင်အကျိုးပြုစေနိုင်တော့၏။ ထို့အတူ သာလျှင် ရဟန်း သံဃာတော်များသည်လည်း ရဟန်း တရားကို ကွင်းကြဲအားထုတ်၍ အောင်ပြင်လာ ခဲ့သည်နှင့်အမျှ ဒါနတရား သီလတရား ဘာဝနာ တရားများကို ပီပီစိတ်ကြိုက် အားထုတ်နိုင်ပါသည်။ ထို့ပြင် အကျိုးဘာသာ သာသနာပြု လုပ်ငန်းကြီးများကို ငွမ်းငွမ်းတမ် ကြိုးစားဆောင်ရွက်နိုင် လာတော့၏။)

ထို့ကြောင့် လွှာဝ လွှလောကသည် စီးပွားရေး အောင်ပြင်အောင် ပထမဆုံး ဆောင်ရွက်သင့်ပါ သည်။ လွှတိုင်း လွှတိုင်းသည် စီးပွားရေး အောင်ပြင်အောင် မလုပ်နိုင်ကြပေ။ စီးပွားရေးကို အောင်ပြင် အောင် လုပ်ဆောင်နိုင်သော ပုဂ္ဂိုလ်များရှိသလို စီးပွားရေးမအောင်ပြင်ဘဲ ဆင်းရဲဒုက္ခိတဖြစ်သော ပုဂ္ဂိုလ် များသည်လည်း နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ များစွာ ရှိကြကုန်၏။ (ဥပမာ) ဆိုပါဦးအုံး။

(၁၀)တန်းစာအောင် ပြဆိုရာမှာ အောင်ပြင်သောပုဂ္ဂိုလ်များ ရှိသလို မအောင်ပြင်သော ပုဂ္ဂိုလ် များသည်လည်း မြန်မာပြည်မှာ ရှိကုန်၏။ လောကတွင် လူအများသည် စာပေသင်ကြားရေး အတွက် စာကိုကြိုးစားသင်ယူကြရကုန်၏။ သို့သော်လည်း စာတတ်သွားသော လူများရှိလာ သလို စာသင်ပါလျက်နှင့် စာမတတ်သောလူများလည်း ပြည်ပြည်မှာ ရှိကြကုန်၏။ ထိုသူမှာအတိုင်းပင်၊ ထို့ပြင် လွှအဖွဲ့အစည်း များထဲတွင် စီးပွားရေးအလုပ်အကိုင်များကို အားကြိုး မာန်တက်ဆောင်ရွက်လုပ်ကိုင်ပါသော်လည်း အလုပ်တော့ အောင်ပြင်ကြိုးပွားသောလူများ ရှိသလို မအောင်ပြင်ဘဲ ကျဆုံးသွားကြသည်များလည်း ပြည်ပြည်မှာ ရှိကြကုန်၏။ ဤ ဥပမာ ဝိဓိယ ဥပုံ(၃)မျိုးတို့ဖြင့် ကြိုးစားလုပ်ကိုင်ပါသော်လည်း စီးပွားရေးမအောင်ပြင်ဘဲ ကျဆုံးသွားကြသည်လည်း မှတ်ပြုရာ၌ ရှိကြကုန်၏။ ဤသည်ကို ကြည့်၍ အတူတူတွင် (က) မအောင်ခဲ့ကလား (ဂ)က အကျိုးမပေးတာလား သို့မဟုတ် ဥပဓိမပါတော့ကြောင်း

ညက်နှင့် ယှဉ်ပြီး စီးပွားရေးကို မလုပ်တတ်တာလား သို့တည်းမဟုတ် ကြွေးတားမှု ဝိရိယလိုနေတာလား စသည်ဖြင့် ဝေဖန်သုံးသပ်တတ်ရာ၏၊ မည်သည့်လုပ်ငန်းကိုပင်မဆို (က) (ညက်) (ဝိရိယ) ဤ အချက်အလက် သုံးပါးတို့နှင့် အလုပ် လုပ်ကိုင်ပါက၊ ကြွေးစားဆောင်ရွက်ပါက မအောင်ဖြင့်တာ မကြီးဘဲ မရှိနိုင်ဟု ဆိုထားပေမယ့် လူလိမ် လူကောက်ကိုတော့ဖြင့် သတိ ဝိရိယနှင့် ကြည့်ရှောင်ရှားတတ်ရာ၏၊ လူလိမ် လူကောက်သည် ဦးဏှိတတ်ထားတာ မဟုတ်သည့်အတွက် (အတွေ့အကြုံရယ်၊ ဗဟုသုတရယ်၊ ညက်ရယ်) သုံးမျိုးပေါင်းပြီး လေ့လာသုံးသပ်တတ်ဖို့ အထူးလိုအပ်ပါသည်။ ထို့သို့ လေ့လာသုံးသပ်တတ်ပါလျှင် ဒါဟာ လူကောင်းလား၊ ဒါဟာ လူဆိုးလား၊ ဒါဟာ လူလိမ်လား ဆိုသည်တို့ကို အလွယ်တကူ သိမြင်နိုင်မှာ ဖြစ်ပါသည်။ ဗိမိပေါင်းသင်းဆက်ဆံနေတာသည် လူလိမ်လား၊ လူကောင်းလား သိဖို့ အထူးလိုပါသည်။ ဗိမိသည် လူကောင်းနှင့် ဆက်ဆံမိပါက တော်သေး၏၊ ဘာပဲဖြစ်ဖြစ် စီးပွားရေး အလုပ်အကိုင်များတွင် အထောက်အကူတော့ ရနိုင်သေး၏။ ဗိမိသည် လူလိမ်နှင့် ဆက်ဆံမိပါက ငွေကြေး ဝတ္ထု ဆုံးမှုံနစ်နာနိုင်သည့်အပြင် ဗိမိဘဝပါ မှောက်စီးသွားနိုင်ပါသည်။ အကျွန်ုပ် ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို ဒေးသားဟော်ပြရပါလျှင် သာကေတစ်ခုကို ထုတ်ဟော်ပြရပါလျှင် ရန်ကုန်ဖြို့ မှာ နေထိုင်သော မောင်နမ (၃)ယောက်ရှိပါသည်။ အစ်ကို အကြီးဆုံးက ယောကျ်ားလေး၊ ကျန်သည့်နှစ်ယောက်က မိန်းကလေးများ ဖြစ်ကြပါသည်။ သုံးယောက်စလုံးသည် အဖျိုအစွယ် လုဖျိုအစွယ်များ ဖြစ်ကြပြီး ခန့်မှန်းခြေအားဖြင့် အစ်ကိုကြီးလုပ်သူသည် အသက် (၃၀)နီးပါး ခန့် ရှိနိုင်ပြီး ကျန်အဖျိုးသမီး (၂)ယောက်စလုံးသည် အသက် (၂၁)ကျော်ခန့်သာ ရှိနိုင်ပါလိမ့် မည်။ အားလုံးသည် အိမ်ထောင်မကျသေးပါ။ လူလွတ်များသာ ဖြစ်ကြပြီး စီအာ (၂)ပါးစလုံး ကွယ်လွန်ခဲ့၍ မိဘများ၏ အမွေပစ္စည်းအများစုကို ပိုင်ဆိုင်ထားကြပြီး ချမ်းသာကြွယ်ဝသော ဗိသားစု တစ်စုဖြစ်ခဲ့ပါသည်။ ထိုသုတို့သုံးဦးသည် မကြာမီ အကျွန်ုပ်စာနေသူထဲသို့ ရောက်ရှိလာခဲ့ပါသည်။ အကျိုးအကြောင်းတို့ကို မေးမြန်းကြည့်သည့်အခါ အောက်ပါအတိုင်း လျှောက် ထားခဲ့ပါ၏။ (တပည့်တော်တို့ ရန်ကုန်ဖြို့က လာခဲ့တာပါ ဘုရား . . . တပည့်တော်တို့၏ ဒုက္ခများကို ဆရာတော်များ ကယ်တင်ပေးနိုင်မလား ဆိုပြီး လာရောက်လျှောက်ထားတာပါ ဘုရား . . . အမှားပါရင် ခွင့်လွှတ်တော်မူပါ ဘုရား). . . (ကဲပါ နှင်တို့လာရင်းကိစ္စသာ ငါ့ကို လျှောက်ထားကြပါ . . ငါကြည့်ပြီး ဆုံးဖြတ်ပေးပါ့မယ်)ဟု အကျွန်ုပ်က မိန့်ကြားလိုက်ပါသည်။

မောင်နမအကို. - "တစ်နေ့မှာ အဖျိုးသမီးတစ်ယောက် . . တပည့်တော်တို့အိမ်ကို ရောက်လာခဲ့ပါတယ် ဘုရား . . . ဒီအဖျိုးသမီးက တပည့်တော်တို့နှင့်ဆိုရင် ငယ်စဉ် ကလေးဘဝထဲက ကျောင်းနေဖက်တွေပါဘုရား . . . မြောရရင် သူတို့ ဗိသားစု အပေ အဖေတွေနဲ့ တပည့်တော်များ၏ ဗိသားစုအပေအဖေတွေနဲ့က အိမ်နီးချင်း မိတ်ဆွေလို အလွန် ခင်မင်ခဲ့ကြပါသည်ဘုရား . . တကယ် ဆွေမျိုးအရင်းလို ဗိသားစုလိုနေလာခဲ့တာပါ ဘုရား . . . တစ်အိမ်ထောင်စု နှင့် တစ်အိမ်ထောင်စု တစ်ဦးနှင့်တစ်ဦး အခက်အခဲ ရှိကြရင်လည်း ဝိုင်း ဝန်းကူညီပြေလှည်းပေးကြနဲ့ . . . တစ်ဦးအိမ်မှာ ထမင်းကောင်း ဟင်းကောင်း ဖုတ်ရင်လည်း တစ်ဦးဗိသားစုကို အိမ်ခေါ်ဖိတ်ပြီး ထမင်းကျွေးကြ မွေးကြ ဒီလိုနေခဲ့ကြတာပါ ဘုရား . . တပည့်တော်တို့အိမ်ကို ရောက်ရှိလာခဲ့တဲ့ ဗိန်းမနှင့်အိုလွှင် တပည့်တော်တို့အားလုံး အဆက်တန်းကျောင်းတက်တုန်းက (၅)တန်းမှာလည်း တစ်ခန်းထဲ တစ်ကျောင်းထဲ အတူတူပင် (၆)တန်း ရောက်တော့လည်း အခန်း တစ်ခန်းထဲမှာ အတူတူပင် ကျောင်းတက်လာခဲ့ကြပါတယ်ဘုရား . . . (၇)တန်း

(၈)တန်း (၉)တန်း (၁၀)တန်းအထိ အတူတူပါပဲဘုရား . . . အခန်းတစ်ခန်းထဲမှာ မကွေလည်း ဆရာမကို ပြော ပြီး တစ်ခန်းတည်းကျအောင် ပြောင်းယူပြီး သွားမင်းဘုန်ကိုယ်တိုင်းဘုး အတူတကွရောနှောပြီး စားသောက်လာခဲ့သည်အထိ ရင်းနှီးခဲ့ပါတယ်ဘုရား . . . စီးပွားရေးတက္ကသိုလ်တက်ကြတုန်းကလည်း အတူတူပါပဲဘုရား . . ကျောင်းသွားအတူတူ ကျောင်းဆင်းအတူတူ အိမ်ပြန်တော့လည်း အတူတူ စားသောက်တော့လည်း အတူတူ ပိဘဖျင်းကလည်း ရင်းနှီး လူငယ်ချင်းက လည်း ရင်းနှီးနဲ့ ဒီလိုနေထိုင်ခဲ့ကြတာပါဘုရား . . . သို့နှင့် တက္ကသိုလ်က ကျောင်းပြီးတော့ လူချင်းကွဲသွားကြပါတယ်ဘုရား . . . စီးပွားရေးလောက နယ်ထဲရောက်သွားကြပြီး တိမ်ရွှမ်ကွက် ပြီနယ်တွေ ပြောင်းရွှေ့ကြရသည် နှင့် ပိသားစုခြင်း ကွဲကွာသွားကြသည်မှာ ယခုဆိုလျှင် (၆)နှစ်ပင် ပြည့် တော့မှာပါဘုရား . . . အခုမှ လူချင်းပြန်တွေ့ရပြီး တပည့်တော်တို့ဘိမ်ကို ဆိုက်ဆိုက်ပြိုက်ပြိုက်ကြီး ရောက်ရှိလာပြန်တော့ မတွေ့ရတာကြာနေတော့ အံ့လည်း အံ့ဩတာပေါ့ဘုရား . . . ဝမ်းလည်းဝမ်းသာသွားတာပေါ့ဘုရား ကျောင်းပြီးကတည်းက မတွေ့ရတာ (၆)နှစ်ခန့်ရှိသွားပြီး အခုမှပြန်တွေ့ရတော့ အံ့အားသင့်ခြင်း အံ့ဩခြင်း ဝမ်းသာခြင်းမှားစွာနဲ့ပေါ့ဘုရား . . တစ်ဦးနှင့်တစ်ဦး ရယ်ကြ မောကြ ပြောကြ ဆိုကြ ရယ်လိုက်ကြ စားလိုက် ကြ . . . နွေးထွေးနွေးထွေးဖြစ်တွေ ပြောလိုက်ကြ . . ကျောင်းတက်တုန်းက ကိစ္စတွေအကြောင်းတွေ ပြောလိုက်ကြ ရယ်လိုက်ကြ . . . ယခုမှ ပြန်တွေ့ကြရတော့ ပြောလို့မကုန် ရယ်၍မဆုံး ပျော်၍မပြီး ဖြစ်ခဲ့ပါ၏ဘုရား . . . ဤတွင် အိမ်ကိုလာသော သူငယ်ချင်း အမျိုးသမီးက စကားဝင်၍ . .

သူငယ်ချင်း-အမျိုးသမီး - "ဟဲ့ ငါ ကုမ္ပကီထောင်ထားတယ်ဟဲ့ . . . အခုဆိုရင် (၄)နှစ်တောင်ရှိသွား ပြီဟဲ့ . . . ငါ့ဆွေမျိုးတွေ ရှယ်ယာဝင်ချင်တာတောင် ငါက လက်ခံခဲ့တာ မဟုတ်ဘူးဟဲ့ . . . နင်တို့ မောင်နှမကျတော့ ငါနဲ့က . . . ဟိုး ငယ်စဉ် တောင်ကြေး ကလေးဘဝထဲက သူငယ်ချင်းတွေဆိုတော့ ကျောင်းတက် လာခဲ့ကြတာလည်း အတူတူဆိုတော့ . . . နင်တို့ကတော့ ရှယ်ယာဝင်ချင်ရင်ဝင်ပေါ့ဟယ် . . . နင်တို့ကျတော့ ငါ့ကုမ္ပကီထဲ ဝင်ရေးချင်တယ် . . ဘာကြောင့်လဲဆိုတော့ ဟိုးငယ်ငယ်ကတည်းက အလွန်ခင်မင်ရင်းနှီးခဲ့ရတဲ့ သူငယ်ချင်းတွေပို့လို့ ပြောတာပါ . . . ငါ့ကုမ္ပကီထဲ ရှယ်ယာဝင်ချင်တယ်ဆိုရင်ဝင်ပေါ့ . . ရှယ်ယာဝင်ထားတယ်ဆိုရင် နင်တို့မောင်နှမတွေ ဘာတလုပ်မှ ထပ်လုပ်စရာမလိုတော့ဘူးပေါ့ဟယ် . . ကိုယ်ချစ်ရတဲ့သူငယ်ချင်းတွေပဲဟာ . . တစ်လ တစ်ကြိမ် ရသင့်ရထိုက်တဲ့ အမြတ်ငွေတွေ အတိုးငွေတွေ လာထုတ်ယူနဲ့ပဲပေါ့ . . . နင်တို့သူငယ်ချင်းတွေ မဟားလို့ လာမထုတ်နိုင်ရင်လည်း ငါ လာပို့ပေးလည်း ရနေတာပဲဟယ် . . . နင်တို့ဟာမြတ်ငွေတွေရမှာဆိုတော့ ကြိုက်သလိုစား ကြိုက်တာဝယ် ဘာတွေအလှူအတန်း လုပ်ဦးမလဲ . . . ဘယ်ဘုရားတွေကို လျှောက်ဖူးဦးမလဲ . . . ငွေရှိတော့ ကြိုက်တာလုပ်လို့ရတာပေါ့ဟယ် . . . ကဲ ဘယ်လိုလဲ သူငယ်ချင်းတို့ . . သဘောကျရဲ့လား . . . ဘယ်လိုလဲ ရှယ်ယာရောထည့်မှာလား"

မောင်နှမအဖွဲ့ - ("ဟာ . . . ဒါဆိုရင် အတော်ပဲ အစ်ကိုကြီး ဘယ်လိုလဲ . . . ကွန်မတို့လည်း

အမွေတွေရထားတာ ဘာစီးပွားရေးလုပ်ရမှန်း မသိသေးဘူး . . . လုပ်လည်း မလုပ်တတ်ဘူး . . . ဒီအတိုင်းထိုင်စားနေတာလည်း ကြာလာပြီ အစ်ကိုကြီး သဘောကိုလည်း ပြောပါဦး" ဟု ညီမဖဲမဲမှ အကြီးမက ဆိုလာပါတော့၏။ ညီမအငယ်မကလည်း . . . ("ဒီလိုသူငယ်ချင်းကောင်းက ရှဲခဲပါတယ် . . တစ်ကိုကြီး ကျွန်မတို့လည်း ဒီသူငယ်ချင်းနဲ့ အတူတူ ငယ်ငယ်ကတည်းက အတူသွား အတူလာ အတူစားလာတာ ဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် တတ်သိလိုပြစ်နေတာ . . . ဘာမှ ဝိုးဝိုးဝါးဝါးစရာ ကြောင့်ကျစရာတော့ ရှိမယ်မထင်ပါဘူး . . အစ်ကိုကြီး ဒီသူငယ်ချင်းထဲမှာပဲ ကျွန်မတို့ ရွယ်ယာဝင်လိုက်ကြရအောင်") လို့ ဆိုလာပါတော့၏။ ဤတွင် အစ်ကိုကြီး လှမ်းသူက . . . ("အေးလေ နင်တို့တွေက အားလုံးသဘောတူပြီး ရွယ်ယာဝင်ချင်နေမှတော့ အစ်ကိုကြီး ဘာမှမပြောလိုတော့ပါဘူး . . အားလုံးလည်း အသိတွေပဲ . . ဘာမှတော့ အထူးအထွေပြောစရာတော့ လိုမယ်မထင်ပါ ဘူး . . ကိုင်း ရွယ်ယာဝင်လိုက်ကြတာပေါ့") ဟု ဆိုပြီး ရွယ်ယာဝင်လိုက်ကြ ပါတယ် ဘုရား . . . တပည့်တော်က သိန်း(၅၀၀) . . . တပည့်တော်ညီမ အကြီးမက သိန်း(၅၀၀) . . . ညီမအငယ်မက သိန်း(၅၀၀) . . . အားလုံး စုစုပေါင်းဆိုရင် သိန်းပေါင်း (၁၅၀၀)ပေါ့ဘုရား . . . တစ်ခါတည်းပဲ ရွယ်ယာထည့်ဝင်လိုက်ကြပါတယ်ဘုရား . . . ငွေတွေကလည်း အိပ်မီးခံ သေတ္တာထဲမှာ အဆင်သင့်ရှိနေတော့လည်း အားလုံးပဲ ရွယ်ယာထည့်လိုက် ကြတာပေါ့ဘုရား . . . အဲဒီသူငယ်ချင်းမလည်း သွက်ကားထဲကို ငွေတိတ် တွေထည့်ပြီးတော့ မောင်းထွက်သွားပါတော့တယ် ဘုရား . . . တပည့်တော်ဇနီးညီမတွေကတော့ ပျော်လို့ပေါ့ဘုရား ကွဲကွာနေတဲ့ သူတို့ခဲ့ သူငယ်ချင်းမနဲ့ တွေ့လိုက်ရတော့ ပျော်မဆုံး ဟော်မဆုံးဖြစ်နေတာပေါ့ ဘုရား . . ဒီကြား ထဲ ရွယ်ယာက သိန်းပေါင်းတစ်ထောင့်ငါးရာတောင် ထည့်လိုက်ရတော့ . . ဟန်ကျပြီ ဆိုပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ပေါ့ ဘုရား . . . ဒီလိုနဲ့ တစ်လ ဆိုတဲ့ အဖိုးနဲကုန်လွန်သွားပါတယ်ဘုရား . . . ရွယ်ယာထည့်ထားသည့် ငွေထဲမှ ဘာအမြတ်အစွန်း အတိုးမှ လာပြီး မပို့ပါဘူး ဘုရား . . . တစ်ရက်လာနိုးနိုး နောက်တစ်နေ့လာနိုးနိုးနဲ့ မျှော်သာမျှော်ရသည် . . ပေါ့ မလာခဲ့ပါဘုရား တပည့်တော် ညီမ(၂)ယောက်ကတော့ "အစ်ကိုကြီးကလည်း ဘာမှားယွင်းနေရတာလဲ ပူစရာမရှိ ကြေမန့်ပြီး ပူနေလိုက်တာ . . လာမှာပေါ့ ဒီလ လာလို့ ရှိမှာအားသေးလို့ နေမှာပါ . . . ငွေလကျမှ မပေါင်းပြီး လာရှိရင်ပို့မှာပေါ့ အစ်ကိုကြီး . . . မဟုတ်တာတော့ လုပ်မယ်မထင်ပါဘူး အစ်ကိုကြီးရာ ဟေးဟေးသာနေပါ" ဟု ဆိုကြပါတယ် ဘုရား . . သို့ပေမဲ့ ညီမတွေက ဘယ်လိုပဲပြောပြော တပည့်တော်မှာ ဟေးဟေးမနေနိုင်ခဲ့ပါဘူး ဘုရား "ငါတို့ငွေတွေ လိမ်သွားရော်တော့ ဒုက္ခပဲ . . . မလိမ်ပါစေနဲ့" လို့ စိတ်ထဲမှာ ဓာတ် ခဏဆုတောင်းမိလာပါတော့တယ် . . ဒါနဲ့ပဲ နောက်ထပ်တစ်လသည် လည်း ကုန်မှန်းမသိ . . ကုန်လွန်သွားခဲ့ပါပြီ ငွေလာပို့ဖို့ကား အရိပ်အရောင်မျှပင် မမြင်မတွေ့ရသေးပါ . . . ဤသို့ဖြင့် ရက်ပေါင်း (၆၀) နှစ်လ ရှိသွား ခဲ့လေပြီ . . . ထိုသူငယ်ချင်းမသည် အမြတ်ငွေရော အတိုးငွေတွေကိုပါ လာပေးလာဖို့ အရိပ်အရောင် မမြင်မတွေ့ရသေးပါ . . . ဤသို့နှင့် တပည့်တော်က ညီမ

နှစ်ယောက်ကို စတင်ပြီး ပြောရပါတော့တာ့ "ကဲ ကဲ ငါ့ညီမ တွေ . . . နှင်တို့ သူငယ်ချင်းမကိုတော့ အရိပ်အယောင်တောင် မပြင်ရ တော့ဘူး . . အခုလည်း နှစ်လ ပြည့်သွားပြီး . . သူပေးခဲ့တဲ့လိပ်စာအတိုင်း တို့မော်တော်ကားနဲ့ ပတ်ရှာကြည့်ရင် မကောင်းဘူးလား" ဟု ပြောပြလိုက် ပါသည် . . ဤတွင် ညီမနှစ်ယောက်စလုံးက "ဟာ အစ်ကိုကြီးကလည်း တစ်ဦးနဲ့တစ်ဦး . . မှက်နှာပျက်အောင်တော့ မလုပ်လိုက်ပါနဲ့ဦး . . . တော်ကြာ အချင်းချင်း အထင်အမြင်လွဲမှားသွားရင် မကောင်းပါဘူး . . တစ်သက်လုံး ခင်မင်ရင်းနှီးလာတာတွေဟာ အလကား ဖြစ်ကုန်ပါ့မယ် ခင ဗျား လောက်တော့ စောင့်ကြည့်စေချင်သေးတယ်" ဟု ဆိုလာသောကြောင့် တပည့်တော် လည်း အောင့်အည်းပြီး သည်းခံပြီး နေခဲ့ရပေမယ့် စိတ်ထဲမှာတော့ မကေးတော့ပါဘူး ဘုရား . . . တစ်ရက်ထက် တစ်ရက် တစ်ပတ် ထက်တစ်ပတ် တစ်လထက် တစ်လ ပိုပြီး ပိုပြီး မူလာရပါပြီ ဘုရား . . . ထိုသူငယ်ချင်းမသည် ငွေကိစ္စ ငွေထုပ်ကိုင် မလှက် နံနက် ပေါ်လာနိုးနိုး ညနေပေါ်လာနိုးနိုး . . . မနက်ဖြန်ပေါ်လာနိုးနိုး . . . စီတစ်ပတ်ပေါ်လာ နိုးနိုး ရှေ့တစ်ပတ်မှာ ပေါ်လာနိုးနိုးနဲ့ မျှော်ခဲ့ရတာဘုရား . . . ညဘက် လည်း မအိပ်နိုင် . . . နေ့ဘက်လည်း မစားနိုင် နေ့ရှိသမျှ သည် . . . ဤ အကြောင်းကိုပဲ စိတ်ထဲက တထင့်ထင့်နှင့်သာ အချိန်ကုန် ကုန်သွားရပါတယ်ဘုရား . . . ဤသို့ပြင့် (၃)လကျော်သွားလေတော့ မဖြစ်တော့ဘူး ကားနဲ့လိုက်မှပဲ ဆိုပြီး ကားနဲ့ လိုက်ရှာပါသည်ဘုရား . . . သူပေးခဲ့တဲ့ လိပ်စာအတိုင်း လိုက်ရှာရတာပေါ့ ဘုရား . . . တစ်ရက်တည်းနဲ့ မတွေ့နိုင်လို့ (၂)ရက်တိတိရှာမှ တစ်နေရာမှာ သွားတွေ့ ပါသည် ဘုရား . . သူ့ အလုပ်အခန်းကလေးက အိပ်သာသာလောက်ကလေးပါပဲ ဘုရား . . ဆိုင်းဘုတ်ကလေးကလည်း တလုံးသေးသေးနဲ့ ဖြစ်သလို ရေးတင်ထားတဲ့ သဘောမျိုးပါပဲ ဘုရား . . . ထိုသူငယ်ချင်းမကိုလည်း ဤမှာတွင် စားပွဲ တစ်လုံး ကုလားထိုင်တစ်လုံးနှင့် ထိုင်နေတာကို အခန့်သားတွေ့ရပါတော့ သည်ဘုရား . . . အဲဒီ သူငယ်ချင်းမသည် တပည့်တော်တို့ မောင်နှမ တစ်သိုက်ကို ရုတ်တရက် မထင် မှတ်ဘဲ အမှတ်မဲ့ တွေ့မြင်လိုက်ရတော့ မှက်နှာတစ်ခုလုံး မှက်သွားတာ တပည့်တော် တွေ့လိုက်ရပါပြီဘုရား . . ဤတွင် တပည့်တော်၏ ညီမတွေကိုသာ မပြောရက်ခဲ့ပါ ဘုရား . . တပည့်တော်ကတော့ ရင်ထဲ အသဲထဲမှာ သိလိုက်ရပါပြီ ဘုရား "ငါတို့ မောင်နှမ တစ်တွေဟာ ကြိုးကြိုးကျယ်ကျယ် လိပ်ခဲထိလိုက်ရပြီ . . . ငါတို့တော့ တစ်သက်နဲ့ တစ်ကိုယ် ခံလိုက်ရပြီ" ဟု သိရှိလိုက်ပါသည်ဘုရား . . သို့ပေမဲ့ ဤမြေ မမှက် ဟန်မမှက် အတတ်နိုင်ဆုံး မှက်နှာကို ပြုထားရ၌ သူတခန်းထဲ ဝင်ထိုင်လိုက်ပြီး သူ့ကို နှုတ်ဆက်လိုက်ပါတော့သည်"

မောင်နှမ - "ဟေ့ သူငယ်ချင်းမ . . . နင် မလာနိုင်လို့ဟယ် . . . တို့တွေ လိုက်လာ ကြတာပဲ့ . . . နင် နေကောင်းရဲ့လား မှက်နှာလည်း မကောင်းပါလား . . နင် အာပြစ်နေတာလဲ တစ်နေ့ တစ်နေ့ဟယ် နင် အပြတ်ငွေ အတိုးငွေတွေနဲ့ လာမလားလို့ တို့မျှော်လိုက်ရတာ . . . တပုံတိုရုံ (၃)လကောင် ကျော်သွားပြီ . . . အခု နင်မလာနိုင်တာနဲ့ ငါတို့လိုက်လာ တာပဲ"

သူငယ်ချင်းမ - "နင်တို့က ငွေလာယူတာလား . . . တစ်ပြားမှ ပြန်ပေးစရာ မရှိဘူး . . . ရှိလည်း ပြန်မပေးနိုင်ဘူး . . . နင်တို့ပြန်တော့ . . . နင်တို့မျက်နှာကို ငါ ကြည့်ရတာ မွန်နာ ပူတယ် သွားကြ"

မောင်နှမ (အကြီးမ) - "ဟေ့ ဟေ့ . . . အောင်မယ် . . . . နင် ဒီလိုမပြောနဲ့လေ . . . နင့်ကို ငယ်ငယ် ကတည်းက တကယ့်မောင်နှမအရင်းလို ခင်မင်ခဲ့လို့လည်း တို့က နင့်ထဲမှာ ရှယ်သာ ထည့်လိုက်တာလေ . . . အပြတ်နဲ့ ဘတိုးငွေကိုတော့ နင်ပေးရမှာပေါ့ . . . မပေးလို့ တယ်ရမလဲ . . ဒီငွေတွေကို တို့ အခုလာတောင်းတာပဲ တို့ အချင်းချင်းတွေ အခင်မင် မပျက်စေဖို့ပဲ . . ဒီတော့ တို့ငွေ တွေကို ပြန်ပေးပါ"

သူငယ်ချင်းမ - "မပေးဘူးဟေ့ . . . မပေးတော့ နင်တို့က ဘာလုပ်ချင်လို့လဲ . . . ဘာလုပ်နိုင်မှာ ဖို့လို့လဲ . . တရားစွဲမလား ငါ့ကို နင်တို့ကြိုက်သလို လုပ်နိုင်တယ်ဟေ့ . . မကွေနပ်ရင် တရားရုံးမှာ တရားစွဲလိုက်ပါ . . . နင်တို့ငွေ သိန်းပေါင်းတစ်ထောင့်ငါးရာက ငါ့လက် ထဲမှာ . . နင်တို့ ဘာတတ်နိုင်မှာလဲ . . . ဘာလုပ်နိုင်မှာလဲ ကဲ ကဲ ပြောစမ်းပါ . . . နင်တို့ ငါ့ကိုတရားစွဲလည်း နင်တို့ဆီက ယူထားတဲ့ ငွေတွေနဲ့ . . . အပူနိုင်ကောင် လိုက်ဦးတော့ ငွေသိန်းတစ်ရာထက် ဝိုမကုန်ဘူးဟေ့ မှတ်ထား . . . အခု ငါ့ရွေ့က ထွက်သွားကြ . . . အခုကို ထွက်သွားပါ"

ဤတွင် တပည့်တော်ကပဲ ကိုယ့်ညီမတွေကို အသာလက်ကုပ်ပြီး ဆွဲခေါ်ပြီး ကားပေါ် တက်ပြီး အပြန်မောင်းထွက်လာခဲ့ပါတော့တယ် ဘုရား . . ရှက်ဖို့လည်း ကောင်းပါ တယ် . . . တပည့်တော်တို့က တစ်ရွက်က နှစ်ရွက်ပြစ်ခဲ့ရတာပါဘုရား . . ငွေ တော် တော်များများ လိမ်ခံ ထိတာက တစ်ရွက် . . . ကိုယ့်ငွေကိုယ် ပြန်တောင်းတော့ ရန်တွေ့စံရတာက တစ်ရွက် . . . ငယ်သူငယ်ချင်းဆိုပြီး ယုံကြည်မိလိုက်တဲ့ (နောင်တ) တစ်ခုကတော့ ရလိုက်ပါပြီ ဘုရား"

ဟု လျှောက်ထားသွားပါတော့၏။ ဤကိစ္စနှင့် ပတ်သက်၍ အမည်ဖော်၍ မသင့်တော် လို့သာ မဖော်ပြခဲ့ခြင်းလည်း ဖြစ်ပါသည်။ ငွေ နှင့် ပတ်သက်လာလျှင် အတော်ကြောက်စရာ ကောင်းပါလားဟု မှတ်ချက်ချမိပါတော့သည်။

ထို့ကြောင့် (ငွေနှင့် ပတ်သက်လာပါလျှင် မည်သူ ကိုမှ မယုံကြည်ရ) ဟု မှတ်ရပါမည်။ ညီအစ်ကို မောင်နှမ သားချင်းပေါက်ဖော် သူငယ်ချင်း မိတ်ဆွေ မည်သူမှ မယုံကြည်ရ မယုံကြည်အပ် ဟု မှတ်သား ထားရပါမည်။ ထိုသို့ မယုံကြည်အပ် မယုံကြည်ရ ဟု ပြသထားပါလျှက် အားနာလို့ဟူ၍လည်းကောင်း၊ ယုံကြည်စိတ်ချရသည် ဟူ၍လည်းကောင်း (ဒီလိုတော့ လုပ်လိမ့်မယ် မထင်ပါဘူး) ဟူ၍ လည်းကောင်း၊ (ညီအစ်ကို အရင်းခေါက်ခေါက်ကြီးပဲ ဒီလိုတော့ မလုပ်ပါဘူးဟယ်) ဟူ၍ လည်းကောင်း၊ ငွေပေးမိခြင်း၊ ငွေကို ချေးငှားမိလိုက်ပါက (ရာခိုင်နှုန်း ၉၀)ခန့်သည် မယုံကြည် ရသောကြောင့် ဆုံးမဲ့နစ်နာ သည့်အခါ ငွေပြန်တောင်းရ၍ မရသည့်အခါ လိမ်မှုန်းသိသွားသည့်အခါ ပြီးတော့မှ ဘဝကို အပြစ်မတင်လေနှင့်၊ လောကကြီးကို အပြစ်မဖို့ပါနှင့်၊ လိမ်ညာတဲ့လူကို သွားပြီး အပြစ်မတင် ရန်မတွေ့လိုက်ပါနှင့်၊ (ကိုယ့်ကိုယ်ကို အသုံးမကျလို့) သာ ဟူ၍ အပြစ်တင်ကြပါလေ။

ကမ္ဘာ လူသားတို့သည် များသောအားဖြင့် မိမိကိုယ်ကို အပြစ်တင်ခြင်းထက် သူတစ်ပါးအပေါ် မှာသာ အပြစ်တင်တတ်ကြကုန်၏။

ယခုခေတ်၊ ယခုကာလသည် ကလိယုဂ် ဆုတ်ကပ်ကာလဖြစ်လာသောကြောင့် သစ္စာရှိ သောသူ၊ ကတိတည်သောသူ တလွန်နည်းပါးကုန်ခဲ့၊ အလွန်းလည်း ရှားပါးလှကုန်ခဲ့၊ ငွေ မဟုတ်ဘဲ အခြား အခြားသော ဂိုဏ်မူး တလုပ်မူးကို သစ္စာရှိခဲ့ဖို့ ခိုနိုင်ပါသည်၊ ကတိတည်မည်ဆိုပါလျှင် ကတိ တည် နိုင်ပါလိမ့်မည်၊ သို့သော် ငွေ ရေးကြေးရေးကိစ္စ ကြွေလာလျှင် လည်းကောင်း၊ ငွေ နှင့် ပတ်သက်လာ ခဲ့လျှင်လည်းကောင်း၊ များသောအားဖြင့် ရာခိုင်နှုန်း (၉၀)ခန့် စိတ်ပျက်ရပါ။ ကတိ မတည်ခိုင်တော့ခြင်း၊ သစ္စာမရှိနိုင်တော့ခြင်း ဖြစ်ကြရကုန်တော့၏။ ထို့ကြောင့် ငွေ နှင့် ပတ်သက်လာပါလျှင် သတိ ကြီးစွာ ထားတတ်ကြပါလေ။ ညီအစ်မ တရင်းဝေါက်ခေါက်တို့၏ လိမ်ပုံ လိမ်နည်းတစ်မျိုးကို အကျွန်ုပ်သာဓက ထုတ်ပြပါဦးအံ့၊ ပြည်ပြို့မှာ ညီအစ်မအရင်းခေါက်ခေါက်ရှိကြပါသည်၊ အစ်မလုပ်တဲ့သူလည်း ဘိန်ထောင် ကျ၍ သူဘိန်ထောင်နှင့်သူ သူစီးပွားရေးနှင့်သူ လုပ်ကိုင်နေထိုင်လျက် ရှိပါသည်၊ ညီမလုပ်သူကလည်း တိန်ထောင်ကျ၍ သူတလုပ် သူစီးပွားရေးနှင့်သူ နေထိုင်လျက်ရှိပါသည်၊ (အမည်နာမ မတော်ဝကောင်းပါ) အစ်မလုပ်သူသည် ပြည်ပြို့ ဈေးချပ်လမ်းမှာ နေထိုင်ပြီး စတိုးဆိုင်နှင့် ကြီးမှားချမ်းသာနေပါသည်၊ ညီမလုပ်သူက ခေတ္တရာပြို့သစ်မှာ နေထိုင်ပြီး ကုန်ဝုံဆိုင်လေး ဖွင့်ကာ ရောင်းဝယ်နေထိုင်လျက် ရှိနေ ပါသည်၊ (တစ်နေ့) ညီမလုပ်သူက သူ့အစ်မထံသို့ ရောက်ရှိလာခဲ့ပြီး

"အစ်မရေ . . . လက်ဝတ်လက်စားလေး ခဏငှားပါလား အစ်မ . . ကျွန်မ မင်္ဂလာဆောင်တစ်ခုကို သွားစရာရှိလို့ပါ . . . မင်္ဂလာဆောင်ကလည်း တကယ်လှကဲ့သ . . . မျက်နှာကြီး အသိုင်းအဝိုင်းက မင်္ဂလာဆောင်ဆိုတော့ ကျွန်မ ဒီအတိုင်းပသွားရဲဘူး လက်ဝတ် ရတနာ ရွှေလေးဘာလေး အစ်မ ခဏ ငှားပါလား" လို့ဆိုလာပါတယ်၊ ဤတွင် အစ်မလုပ်တဲ့ သူသည် ခဏမျှ စဉ်းစားပြီးနောက်

"အေး အေး ဟုတ်တာပေါ့ဟယ် . . . ခွမ်းသာတဲ့ မျက်နှာကြီး မင်္ဂလာဆောင်ပွဲဆိုတော့ ဟုတ်တာပေါ့ . . . ညည်း ဒီအတိုင်းသွားလို့ကတော့ အယ်သင့် တော်ပုံမလဲ . . . အေး ငါ ငှားလိုက်ပါမယ် ခဏစောင့်ဦး" ဟု ဆိုပြီး တိန်အပေါ် တက်သွားပါသည်၊ ခဏအကြာတွင် လက်ကောက် နှစ်ရံ၊ ဆွဲကြိုးနှစ်ကုံး၊ နားကပ်၊ လက်စွပ် အားလုံး စုစုပေါင်းဆိုရင် (၅)ကျပ်သားခန့် ရှိပါလိမ့်မည်၊ ယူဖုလာပြီး ညီမလုပ်သူ၏ လက်ထဲသို့ ထည့်ပေးလိုက်ပါသည်၊ ညီမသည် အစ်မလုပ်သူအား သေချာစွာကြည့်၍ မျက်နှာမှာလည်း အပြုံးရိပ်များ သန်းကာ . . .

"ကျေးလူးတင်လိုက်တာ အစ်မရယ် . . အစ်မသာ ဒီလွှဲတွေ မပေးလိုက်ရင် ဒီမင်္ဂလာဆောင်ကို ကျွန်မ မသွားရဲဘူး . . . မျက်နှာမပြရဲဘူး တစ်ဖက်က သတို့သား အက်ကလည်း ကိုယ်နဲ့က အလွန် ရင်းနှီးနေလေတော့ မသွားရင်လည်း မကောင်းတတ်ပြန်ဘူး . . . အခုလို အစ်မ ကူညီတာ ညီမထော့ သိပ်ဝမ်းသာတာပဲ အစ်မရယ်" . . . ဟု ကျေးဇူးတင် စကားဆိုပါသည်။

ဤတွင် အစ်မလုပ်သူကလည်း . . . "ဟယ် မဟုတ်တာပဲ ညီမရယ် . . . ကျေးလူးတင်စရာ မလိုပါ ဘူးအေ . . ဒီအစ်မ ဝီညီမနှစ်ယောက်တည်းရှိတာ . . ငါမှ မကူညီရင် နှင့်ကို အယ်သူက ကူညီမှာလဲဟဲ့ . . . ဒီဘတွေ မရှိတော့တဲ့နောက်ပိုင်းမှာ အစ်မဆိုလည်း ငါပဲ အမေဆိုလည်း ငါပဲပေါ့ဟယ် အာမ ကားမယ်နဲ့ . . . နောက်လိုတာရှိရင်လည်း အခုလိုပဲ လာပြောပေါ့ဟဲ့" . . . ဟု ဆိုလိုက်ပါသည်။

ညီမလုပ်သူလည်း ပြန်သွားပါပြီး ကြည့်ရတာကတော့ အစ်မလုပ်သူက စီးပွားရေးအဆင်ပြေနေပြီး ညီမလုပ်သူက အို့တဲ့ဟန်တူပါရဲ့၊ သို့နှင့် တစ်လခန့်ကြာသွားတော့ ရွှေငွေပြန်မပို့လာတော့ အစ်မလုပ်သူ က မြို့သစ်ကို လိုက်လာပါတယ်၊ ညီမနဲ့ တွေ့တော့ . . . "တဲ့ ငါညီမ ညည်းမလာနိုင်လို့ အစ်မလိုက်လာတာ . . . ညည်းပစ္စည်းတွေ ယူသွားတာ တစ်လလောက်ရှိသွားပြီ . . . ညည်းမင်္ဂလာဆောင်သွားတာကလည်း

မပြီး သေးဘူးလားဗေ့ . . . ငါ့ပစ္စည်းတွေ ငါပြန်အစ်တော့လေ" . . . ဟု တောင်းပါတော့၏။ ဤတွင် ညီမလုပ်သူသည် အစ်မအား ရယ်ရယ်မောမောပြင့် . . . "အစ်မရယ် . . . ပစ္စည်းတွေအတွက်ကတော့ မပူပါနဲ့ . . . အားလုံးပြီးရင် ကျွန်မကိုယ်တိုင်ကို အစ်မဆီလာပို့မှာပါ . . . စိတ်သာချနေပါ . . . မင်္ဂလာဆောင် နောက်ထပ် နှစ်နေရာလောက်ကျန်နေသေးလို့ပါ အစ်မရာ . . . မင်္ဂလာဆောင်က ပေါက်ခေါင်းပြို့မှာပါ . . . ပေါက်ခေါင်းထိအောင် သွားရဦးမှာမို့လို့ပါ . . ဒီပေါက်ခေါင်းက မင်္ဂလာဆောင်တွေကို သွားပြီးရင် ပြီးပါပြီ အစ်မရာ . . . အစ်မပစ္စည်းတွေကို ကျွန်မကိုယ်တိုင်ဆက်ဆက်လာပို့ပေးပါ့မယ် . . အစ်မ စိတ်ချသာပြန်ပါ" . . . လို့ ဆိုလာပါသည်၊ ဤတွင်မှ အစ်မလုပ်သူလည်း ပြုံးပြုံးရွှင်ရွှင်နှင့် နှုတ်ဆက်ပြီး ပြန်သွားပါတော့၏။

ဤသို့ပြင် နောက်ထပ် တစ်လခန့်ကြာသွားပြီးနောက် တစ်နေ့တွင် ညီမလုပ်သူသည် အစ်မ လုပ်သူ၏ အိမ်သို့ရောက်ရှိလာပြီး သူငှားယူသွားသောပစ္စည်းအထုပ်ကို အစ်မအား သေချာစွာ ပြသပြီးနောက် ပြန်လည် အပ်နှံပြီး သွတိပ်ရှိရာ ခေတ္တရာပြို့သစ်သို့ ပြန်သွားပါသည်၊ ထို့နောက်တွင်ကား အစ်မလုပ်သူသည် ရွှေဆိုင်ပါ တွဲ၍ ဆိုင်ဖွင့်ခွင့်၌ ရင်းနှီးပြုပ်နှံရန်အတွက် ရွှေ လက်ဝတ်လက်စားများကို ရောင်းချပါမှ သူညီမ ပြန်အပ်သွားသော ရွှေထည်ပစ္စည်းများသည် အားလုံးအတုတွေမှန်း သိရတော့၏၊ ဤတွင်မှ ညီအစ်မနှစ်ယောက် ကြိုးကြိုးကျယ်ကျယ် စကားများ ရန်ဖြစ်ရသည်အဆို ရောက်ကြရကုန်၏၊ ညီမ အစ်မချင်းလည်း မခေါ်မပြောနှင့် စိတ်ဝမ်းကွဲကုန်ရတော့၏၊ အစ်မလုပ်သူကလည်း . . .

"နင်မတရားဘူး နင်လိမ်တာ . . . ငါ့ပစ္စည်း တွေ နင်ယူသွားတုန်းကတော့ ငါပေးလိုက်တာ အစစ်တွေ . . . နင် ငါ့အပေါ်မှာ ဒီလို လုပ်ဖို့ မကောင်းဘူး . . . ငါကတော့အဟုတ်မှတ်လို့ မင်္ဂလာဆောင်တွေပြီး သေးလို့ ကျန်နေသေးလို့ ဆိုတော့ ငါက အဟုတ်မှတ်တာပေါ့ . . . အယ်ဟုတ်မလဲ ညည်းက ငါ့ပစ္စည်းတွေကို အစစ်နဲ့ အတု ခွဲမရတောင် နင်က အတုလုပ်ပြီး ငါ့ကို လာပြန်ပေးတာပေါ့လေ . . . အစစ်ကတော့ နင်တို့က အပြီးဖောက်ထားပြီး ဒီးလိုက်တာပေါ့ . . . ဟဲ့ သူဒီးမ နင် မဟုတ်တာလုပ်ရင် နင်ပဲ ခံရမှာဟဲ့ မှတ်ထား"

. . . စသည်ဖြင့် စကားများကုန်၏၊ ညီမလုပ်သူကလည်း ဆတ်ဆတ်ထိမှန်မခံ . . . ဟဲ့ နင့်ကို ပစ္စည်း ပြန်အပ်တုန်းက ငါသေသေချာချာအပ်ခဲ့တာပဲဟဲ့ . . . ပစ္စည်း အထုပ်ကိုတောင်မှ နင့်ကိုယ်တိုင်ပြခဲ့သေးတာပဲ . . . ဘာ အခုမှကလိပ်ကျပြီး လှည့် မတရားစွပ်စွဲတာလဲ . . . အဲဒီတုန်းက နင် မှက်စိမပါဘူးလား . . . နင်အဲဒီတုန်းက အတုလား အစစ်လား ဆိုတာ စစ်ယူပါလားဟဲ့ အဲဒီတုန်းကတော့ စစ်ဆေးပြီး မယူဘူး . . . အခုကျမှ အတုတွေပါလို့ ဘာလာစွပ်စွဲတာလဲ . . . မဟုတ်ရင် နည်းနည်းမှ သည်းခံမှာ မဟုတ်ဘူး . . . အစ်မမကလို့ ဘာပြစ်ပြစ် . . . သောက်ဂရုမစိုက်ဘူး" . . . စသည် စသည်ဖြင့် ကြိုးကြိုးကျယ်ကျယ် ရန်ဖြစ် ကြကုန်တော့၏၊ မုဆရောက် ဂတ်ရောက် တရားမဲ့ ရောက်ကုန်ကြရတော့၏၊ ဤသည်ကို ကြည့်ပြင်းဘးဖြင့် ညီအစ်မ အရင်းခေါက်ခေါက်ပင် စိတ်မချရတော့ပါကလား . . . ဟု အကွန့်ဝိပ္ပတ်မှတ်မှုမိပါတော့၏၊ တို့ကြောင့် လောကမှာ ရွှေငွေနှင့် ပတ်သက်လာလျှင် ဘယ်အရာကိုမှ မယုံကြည်ရပါလား၊ ဘယ်အရာကိုမှ စိတ်ချထားလို့ မရပါလား ဟု သိမြင်ခဲ့ရ လေတော့၏၊ ညီအစ်မ အရင်းခေါက်ခေါက်ပင် လိမ်သည်ဆိုတော့ ကျန်တာ တွေးတောင်မတွေး ပုံတော့ပေး၊

တို့ကြောင့် ဤလောက ဤကမ္ဘာပေါ်တွင် စီးပွားရေးစပ်တူ ရွယ်ယာလုပ်ငန်းများ သတိကြီးစွာ ထားပြီးအလုပ်လုပ်ပါ၊ အလွယ်လေးနှင့် မဆုံးဖြတ်လိုက်ပါနှင့်၊ အိမ် စပ်တူဝယ်တာ၊ မော်တော်ကားစပ်တူဝယ်တာ၊ ပြေးကွက်စပ်တူဝယ်တာ ဆန်စက်၊ ဆီစက်၊ လယ်ထွန်စက်၊ ထော်လာကိုတို့ကို

စစ်တုဝယ်တာမျိုးကို အထူးသတိပြုကြပါ ဝယ်း သခုလောလောဆယ် ပြဿနာ အမှုမရှိလည်း နောက်တော့ ရှိလာစေပြုပြစ်ပါသည်။

ငွေ ရွှေ အခေ့အငှားလုပ်တာလည်း ဤအတိုင်းပင် တစ်ဦးဦးက ငွေလာခေ့းလျှင် မခေ့းငှားခင် မိမိကိုယ်ကို အရင်ပေးခွန်းထုတ်ပါ။ (ငါအဆုံးအဖြတ်ပေးနိုင်ပါသလား) အဆုံးပေးနိုင်ရင် ခေ့းငှားပါ။ ရပါသည်။ ဤငွေလောက်ကတော့ ပြန်မဆပ်လည်း ကိစ္စမရှိဘူး ငါအဆုံးအဖြတ်ပေးနိုင်တယ် ဆိုခဲ့ပါရင် ခေ့းငှားပါ။ ရပါသည်။ သို့မဟုတ် အဆုံးအဖြတ်မပေးနိုင်ပါက အစ ပထမကတည်းက သွားမစေပါပေနှင့်။ အစပထမကို ကပင် မခေ့းငှားပါပေနှင့်။ ခေ့းငှားပါက ကြိုးပမ်းစွာ ဆုံးဖြတ်နိုင်ပါသည်။ ယခုခေတ် ယမုကာလများတွင် မော်တော်ကား လိုင်စင်လာပေါင်နဲ့ တာတို့ မြေကွက်ဂရန်ကို ယူလာပြီး ပေါင်တာတို့ အိမ် မြေ မြေခ် မြေပုံကို ယူလာပြီး မလိမ့်တပတ်နှင့် လာပေါင်တာတို့ကိုလည်း အထူး ဂရုစိုက်ပါ။ အထူးလေ့လာကြည့်ရှုပြီးမှ ဆောင်ရွက် သင့်တာကို ဆက်လက်ဆောင်ရွက်ပါ။

ထိုအထက်ပါ အပေါင်အနှံကိစ္စမျိုးကို မလုပ်တာက ပိုကောင်းပါသည်။ လုပ်မိလို့ကတော့ လား ပြဿနာပေါင်းစုံ ဂုက္ခပေါင်းစုံဝင်ရောက်လာနိုင်ပါသည်။ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ မော်တော်ကား တစ်ခု အထူးဂရုစိုက် လေ့လာပြီးတော့မှ လုပ်သင့် လုပ်ထိုက်တာကို လုပ်သင့်ပါသည်။ မည်သည့်အခါမှ ပေါ့ပေါ့ဆဆ မလုပ်မိပါစေနှင့်။ သတိကြီးစွာထား၍ ဆောင်ရွက်သင့်ပါသည်။ မော်တော်ကား လာပေါင်တာ၊ လာရောင်းတာ၊ မော်တော်ဆိုင်ကယ် လိုင်စင်လာပေါင်တာ လာရောင်းတာကစ၍ သေချာစွာ စီစစ်ပါ။ စစ်ဆေးပါ။ အထူးသဖြင့် ခိုးရာပါပစ္စည်း ဟုတ် မဟုတ် သေချာစွာ လေ့လာပြီးမှ ဆောင်ရွက်သင့်တာကို ဆောင်ရွက်ပါ။ တစ်ဆို့လည်း မြေဂရုံအတု လိုင်စင်အတု သူတစ်ပါးတို့ကိုယ်ကို တိတ်တဆိတ် တတ်ပုံဖိုးဖိုက်ပြီး အိမ်ပုံပြ၍ အိမ်လာပေါင်မှု ပုဂ္ဂလိကဘက်တွေမှာ အိမ်ပုံပြဉီး ငွေလိမ်ထုတ်မှုတွေ၊ ယခုခေတ်မှာ စိတ်ခုထား၍ မရနိုင်ပါ။ လူလိမ် လူကောက်တွေက နေရာတကာမှာပေါမှပေါပါတိသနဲ့၊ ထို့ကြောင့် အောက်ပါ လမ်းညွှန်ချက်ကို သတိပြုပါ။

(က) စပ်တုလုပ်ငန်းကို လုံးဝတွေ့ကြုံပါ။

(ကျွန်တော်ကတော့ ငွေမရှိဘူး . . . ငွေမရှိဘူး လုပ်ဖို့က်နိုင်တယ် . . . လူအနေနဲ့ အလုပ် လုပ်ပေးနိုင်ပါတယ် . . . ခင်ဗျားကတော့ ငွေကြေးပြည့်စုံတဲ့လူဆိုတော့ ခင်ဗျားက ငွေစိုက်ပေါ့ဗျာ . . . အယ့်နယ်လဲ . . . ဒီမှ အတိုင်း ခင်ဗျားနဲ့ ကျွန်တော် စပ်တုလုပ်ကြရအောင်လေဗျာ . . အယ့်နယ်လဲ အဲဒ ကျွပ်ပြောတဲ့ မှုကို ခင်ဗျား သဘောကျရဲ့လား . . . ခင်ဗျား သဘောထူရင် ကျွပ်တို့ စပ်တုလုပ်ကြရအောင်ဗျာ)

ဤကဲ့သို့ ပြောဆိုလာကြသူတွေလည်း လောကမှာ အလွန်ပင် များပြားလှပါတယ်။ သူငွေကုတော့ ငွေမရှိဘူးပေါ့။ ကျွန်က ငွေမစိုက်နိုင်ဘူး လူတော့ လုပ်အားအနေနဲ့ စိုက်နိုင်တယ်ဆိုတော့ လောကမှာ လူလည်လှုပ်တာပေါ့ဗျား သူငွေကုတော့ အထီးမခံဘူးလေး သူများကုတော့ ခင်ဗျားက ငွေကြေးပြည့်စုံတဲ့သူဆိုတော့ ခင်ဗျားက ငွေစိုက်ပေါ့ ဗျာ . . . ဆိုတော့ မလွန်လွန်းဘူးလား၊ လူလူချင်း အပေါစီးက မစီးလွန်းဘူးလားဗျာ . . လို့ ပေးစရာရှိလာခဲ့ပါသည်။ ဤကိစ္စစပ်တုမျိုးတွင် အကျွန်ုပ်အဝတစ်သက်တွင် အတော်များများပင် တွေ့ကြုံခဲ့ဖူးခဲ့၏။ စီးပွားရေးလုပ်ငန်းက အောင်ပြင်တာ မအောင်ပြင်တာ အသာထားပါ။ ပြဿနာစတင်လောင်ကြီး အမှုတက်ပြီဆိုပါစတော့။ ပထမစလုပ်တုန်းက ဝိုက်ဆဲ ငွေတစ်ပြားမှ မထည့်ဘဲ လုပ်စိုက်နိုင်တယ်ဆိုတာက စောင်ကြီး ပြဿနာအမှုစတက်တော့တာပါပဲဗျာ . . တို့ ဆိုရမလောက် ပြစ်မှုက်ကြတာ အတော်များများ တွေ့ကြုံခဲ့ရဖူးလေကြီး

ရှယ်ယာလုပ်ကြလျှင်လည်း ဗိဓိ၏ အလုပ်ထဲ ကုမ္ပဏီထဲကို မည်သူက ရှယ်ယာဝင်မှာလဲ၊ ဝင်နိုင်လေကောင်းလေပါပဲ။ သူတစ်ပါးအနွံ့အစည်းထဲ ကုမ္ပဏီထဲကို ဗိဓိက ရှယ်ယာဝင်ဖို့ဆိုသည်မှာ အထပ်ထပ်ဝဉ်းစားပါ။ ဝေဓနပါ။ ဟုတ်နိုင်၏၊ မဟုတ်နိုင်၏၊ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏၊ ဗိဓိ ရှယ်ယာဝင်တော့မည့် ကုမ္ပဏီသည်၊ လီဗိတက်သည်၊ ကော်ပိုရေးရှင်း တစ်ခုခုတို့သည် အမာခံတုတ် မဟုတ်၊ ခိုင်မာမှု ရှိ မရှိ၊ တိကျမှု ရှိ မရှိ၊ စည်းကမ်းရှိ မရှိတို့ကို လေ့လာသုံးသပ်ပြီးတော့မှ တိကျခိုင်မာသော (အာမခံ) ရှိသော အချက်အလက်များနှင့် ကိုက်ညီမှုရှိမှ ရှယ်ယာဝင်ပါ တုတ်တွန်းအပ်ပါ သည်။ လုခင်မင်တာလေးတစ်ခုအတွက်နှင့်လည်းကောင်း၊ သူငယ်ချင်းမို့လို့ ဆိုတာလေး တစ်ခုအတွက်နှင့်လည်းကောင်း၊ ဆွေမျိုးတော်သည်ဟု ဆိုကာမျှဖြင့်လည်းကောင်း အလွယ်နှင့် ယုံကြည်ပြီး ရှယ်ယာမဝင်မိစေနှင့်၊ အထူးသတိပြုကြပါလေ။

မှတ်ချက်

မြန်မာနိုင်ငံတော်တွင် ယခင်ယခင်က ငွေဆောင်းမှုကိစ္စများနှင့် ပတ်သက် ၍လည်းကောင်း၊ စပ်တူရှယ်ယာကိစ္စများနှင့် ပတ်သက်၍လည်းကောင်း၊ လူသိရှင်ကြား ကြီးကြီးမားမား မြစ်ခဲ့ကြပုံလေပြီ၊ မြန်မရတာ မြန်မပေးတာ ရှယ်ယာက်ခတ်တောင် မြစ်ခဲ့ပုံလေပြီး နောက်ဆုံး နိုင်ငံတော်အစိုးရမှ ဝင်ရောက်ရှင်းလင်းပေးခဲ့မှပဲ တည်ငြိမ်သွားရလေတော့၏၊ ထိုအချိန် ထိုအခါတုန်းက ရန်ကုန်မြို့မှာ ဟိုးလေးတကျော့ကို မြစ်ခဲ့ကြပြီး ရန်ကုန်မြို့သူ မြို့သားအတော်များများ မသိသူ မရှိသလောက်ပင် ထင်ပေါ်ခဲ့ပုံးလေပြီး ထို့ကြောင့် ငွေဆောင်းသောကိစ္စ၊ စီးပွားရေးလုပ်ငန်းထဲ ငွေလုံးငွေရင်းနှင့် ထည့်ဝင်ခိုင်းသောကိစ္စ၊ အစုရှယ်ယာဝင်သောကိစ္စများတွင် ပေါ့ပေါ့တန်တန်သဘောမထားဘဲ အထူးဂရုစိုက် လေ့လာပြီးတော့မှ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်လုပ်ကိုင်ကြရာ၏။ မဆောင်ရွက် မလုပ် ကိုင်သင့်သည်များကို ဆင်ခြင်၍ မလုပ်သင့်ပါကြောင်း အထူးသတိပြုကြကုန်ရာ၏။ ထို့ကြောင့် ငွေ သည် လောဘတရား၊ ဒေါသတရား၊ မောဟတရား၊ တဏှာတရား၊ မာနတရား တို့၏ သားကောင်သဘောပင်ဖြစ်ပါသည်။ ငွေကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရနိုင်သလို ငွေကြောင့် အဝပျက်စီးသွားတာလည်း လောကမှာ အလွန်ပင် များပြားကြကုန်၏၊ ငွေကြောင့် လူသတ်မှုဖြစ်တာ၊ ငွေကြောင့် အိမ်မီးလောင်တာ၊ ရဟန်းကွက်ပြို့ ရွာ မီးလောင်တာ၊ ငွေကြောင့် ဘဝဆုံးရှုံးတာ၊ ငွေကြောင့် ဒိုက်ရန်ဒေါသဖြစ်တာ၊ ငွေကြောင့် လင်မယားကွဲတာ၊ ငွေကြောင့် မိသားစု စိတ်ဝမ်းကွဲပြားတာ၊ ငွေကြောင့် ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမ စိတ်ဝမ်းကွဲ ပြားတာ၊ ငွေကြောင့် မှက်ရည်ပေါက်ကြီးငယ်ကျဆင်းရတာ၊ ငွေကြောင့် ရိုက်နှက်မှု၊ ထိုးကြိတ်မှု၊ ဆဲရေးတိုင်းထွာမှုတို့ ဖြစ်ကြရတာ၊ ငွေကြောင့် လူကြီး မိဘ ဆရာသမား စော်ကားလာတာ၊ မောက်မာတတ်လာတာ၊ ငွေကြောင့် စိတ်ရိုင်းဝင်လာတာ၊ ငွေကြောင့် ဘုရား တရား သံဃာ ရတနာသုံးပါးတို့ကို ပြစ်မှားတတ်လာတာ၊ စော်ကားတတ်လာတာ၊ ငွေကြောင့် ငရဲဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ၊ ဥစ္စာဗောင့် အဝသို့ ဆိုက်ရောက်သွားကြတာများသည်၊ အလွန်ကြောက်စရာ ကောင်းလှသော ငွေကြောင့်ဟု မှတ်သားထားကြပါလေ။

ထို့ကြောင့် ငွေ သည် အကျိုးရှိစေကာင် အသုံးချတတ်ဖို့ အထူးလိုအပ်လှပါသည်၊ အကျိုးရှိရှိ အသုံးချတတ်ပါမှ ကောင်းကျိုးချမ်းသာ မင်္ဂလာသုခနှင့် ပြည့်စုံမစေနိုင်ပါသည်။ အကျိုးမရှိရှိ အသုံးချတတ်ခြင်းထက် ငွေ ကြောင့် ဒုက္ခအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုး၊ ပြဿနာအမျိုးမျိုး ဖြစ်ပျက်ကုန်သည်ကား များပြားလှပေကုန်တော့၏၊ ထို့ကြောင့် ငွေ ကို ပညာရှိ သူတော် ကောင်းလို အသုံးချတတ်ဖို့လိုအပ်ပြီး

လူဖိုက်လို လူယုတ်ဟာလို အသုံးမချတတ်ပါက ငွေသည် အဆိပ်ပြင်းထန်သော မြွေဟေးနှင့် တလား သဏ္ဌာန်တူလှ၏။ အားလုံးကို လောင်ကျွမ်းစေနိုင်သော ငရဲမီးနှင့်လည်း တူလှကုန်၏ ဟု မှတ်သား တတ်ကြပါလေ။

(ငွေကို အထူးအကျိုးပေးနိုင်သော ဝင်ငွေကောင်းသော လာအသိုင်္ဂအုပ်စီရင်ပုံ)



အင်္ဂသားကို ဝဿဂုပ်ဟူးတော်၏ ဦးခေါင်းတော်ကို ထုပါ။ ပဒုံးတော်မှစ၍ ခါးတော်၊ ခွက်တော် အထိ အင်ကြင်းသားကိုထုပါ။ တစ်ဦးနှင့်တစ်ဦး အသားကပ်ကော်နှင့် ဆက်ပြီး တပ်ယူပါ။ လက်ပံသားကို ဒူးတော်နှစ်ဖက်၊ ခြေဝဲခေါင်းတော်အပါအဝင် ထုရပါမည်။

(အထက်ပါ ပြထားသောပုံကို ကြည့်၍ ဦးခေါင်းတော်နှင့် ပဒုံးတော်တစ်ဆက်၊ ခါးတော် ခွက်တော်နှင့် အောက်ဝိုင်း ဒူးတော် နှစ်ဖက်ထိအောင် တစ်ဆက်တို့ကို အသားကပ်ကော်နှင့် ကပ်ပါလေ။ (၃)မျိုးစလုံး ဆက်ပြီးလျှင် အချိုးအစားကျနေသော ဝဿဂုပ်ဟူးတော်ဖြစ်အောင် အချောကိုင်၍ ထုခိုင်းပါလေ။ စုစုပေါင်း ဥာက်တော်အပြင် (၁၅)လက်မရှိစေရပါမည်။ အပိုအလို မရှိစေရ။ ဦးခေါင်းဝိုင်း ခန္ဓာကိုယ်တော်ဝိုင်း ဒူးတော် နှစ်ဖက်အဝိုင်း စုစုပေါင်း သုံးဝိုင်းကို ဆက်လိုက်လျှင် အချိုးအစားပြေပြစ်သော၊ ကွန်ပလီဖြင်သော ဝဿဂုပ်ဟူးတော်တစ်ဆူ ဖြစ်စေရမည်ကို သတိပြုပါလေ။

မှတ်ချက်

ဝဿဂုပ်ဟူးတော်ကို တစ်ဝိုင်းနှင့် တစ်ဝိုင်း ဆက်ယူရာ၌ သတ်မှတ်ချက် မရှိ ပါ။ မိမိ သင့်တော်သလို ကောင်းသလိုသာ ဆက်ယူရပါမည်။ ဤနေရာ၌ အကွန်ပလီဖြင်ဆိုထားသည်မှာ အသားကပ်ကော်ကိုသာ ပြထားပါသည်။ အသားကပ်ကော်နှင့် ဆက်ရမည်ကို ပြသထားပါသည်။ အသားကပ်ကော်ထက် ကောင်းသော ကော်များရလျှင်လည်း ကပ်၍ ဆက်နိုင်ပါသည်။ ဆိုလိုရင်း အဓိပ္ပာယ်မှာ ဝဿဘုရား၏ ဦးခေါင်း တော်ဝိုင်း၊ ခန္ဓာကိုယ်ဝိုင်း၊ ဒူးတော် ဝိုင်းတို့ကို ဆက်ယူရာမှာ ပိုင်မာအောင်၊ ခိုင်မြဲအောင် ဆက်နိုင်ဖို့သာ လိုရင်းအချက် ဖြစ်ပါသည်။ အားလုံး ဆက်ပြီးသည့်နောက် အချိုးအစား ကွန်ပလီဖြင်အောင် အချောကိုင်ပြီးနောက် စစ်စည်းသုံး ထပ်သုတ် ရွေ့ချ၍ တန်လ်ာနေ့ လပြည့်နေ့နှင့် ကြိုးကြိုက်သောအခါ ထိုနေ့တွင် နံနက် အရုဏ်တက်အချိန်၌ ပဒုံသမာ အနည်းဆုံး (၅)ပါ။ အများဆုံး (၁၅)ပါး ပဒုံ၍ အနေကလာ တင်ပါလေ။ ဘုရားရှင်၏ ဘွဲ့တော်ကို (ဣတိပိ သဿ လာအသိုင်္ဂ) ဘုရားဟု ဘွဲ့တော်တံဆိပ် ခတ်နိုင်

ထားရပါမည်။ ထိုလာဘသိဒ္ဓိဘုရားကို တနလာနေ့ နံနက် (၇)နာရီ မှ နံနက် (၉)နာရီအတွင်းတစ်ကြိမ်၊ တနင်္ဂနွေနေ့ နံနက် (၉)နာရီမှ မွန်းတည့် (၁၂)နာရီ အတွင်းတစ်ကြိမ်၊ ဗုဒ္ဓဟူးနေ့ နံနက် (၇)နာရီမှ နံနက် (၉)နာရီအတွင်း တစ်ကြိမ်၊ ကြာသပတေးနေ့ နံနက် (၆)နာရီမှ နံနက် (၁၀)နာရီအတွင်းတစ်ကြိမ်၊ စုစုပေါင်း တစ်ပတ်လျှင် (၄)ကြိမ် ကပ်လှူပူဇော်၍ ငွေ အတွက် လိုသောဆုကို တောင်းတတ်ကြရာ၏။ ကပ်လှူရမည့်ပစ္စည်းများမှာ ပန်းများမှာ ငွေပန်း (၁၅)မျိုး၊ ကွမ်းယာ (၁၅)ယာ၊ မုန့်လုံးရေပေါ် (၁၅)လုံး၊ ဖယောင်းတိုင် (၅)တိုင်ထွန်း၊ ဗုဒ္ဓရုပ်ပွားတော်အား ကပ်လှူပူဇော်ပါ။ ဆုတောင်းသည့်အခါ (ကျွန်မ) ကပ်လှူပူဇော်ကန်တော့ရသော ကုသိုလ်ကောင်းမှုကံကြောင့် တပည့်တော်ထံသို့ လာစေရာရှိသော ငွေများ၊ ဝင်စရာရှိသော ငွေများ၊ ရစရာရှိသောငွေများ၊ အကြွေးငွေ များ၊ လက်လွန်ထားသောငွေများသည် လျင်မြန်စွာ ပြန်လည်ဝင်ရောက်လာကြပါစေ၊ အမြန်ဆုံး ပြန်လည်၍ ရရှိလာပါစေသတည်း)ဟု (၅)ခါဆို၍ ဆုတောင်း ကြကုန်ရာ၏။

မှတ်ချက်

ငွေပန်းပရိုင်ခဲ့ပါလျှင် ကဲ့ကော်ပန်း၊ ကဲ့ကော်ပန်းပရိုင်ခဲ့ပါလျှင် ဂန္ဓမာပန်းအပြာ ဂန္ဓမာပန်းအပြာ ပရိုင်ခဲ့ပါလျှင် နာမည်ကောင်းသော ကော်ဖီ (၁၅)ခွက် ထည့်လှူ ပေးရမည်ကို အထူးသတိပြုပါလေ။

ဤသို့လျှင် တစ်ပတ်လျှင် (၄)ကြိမ် မှန်မှန် ကပ်လှူပေးခြင်း၊ ဆုတောင်းပေးခြင်းဖြင့် တစ်ပတ်ထက် တစ်ပတ်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက် တစ်နှစ် ဝင်ငွေကောင်းလာတော့၏။ ဝင်ငွေများ တိုးတက်လာ ရတော့၏။ ဝင်ငွေများ အပတ်တင်လာရတော့၏။ ငွေတို့သည် ခက်ခက်ခဲခဲလည်း ဝင်လာကုန်၏။ ကြဲကြဲ ပေါ်ပေါ်လည်း ငွေများ ဝင်လာကုန်၏။ အနည်းငယ်လှပ်ရှားရုံဖြင့် ငွေရေး ကြေးရေးများ အထူးတလည် ဝင်ရောက်လာရကုန်၏။ ဘယ်မှ ရစရာ ဝင်စရာမရှိလျှင် ထိသော်လည်းကောင်း ပေါက်ဝေတတ်၏။ ဆုံးဆုံးပြီဟု တွက်ဆထားသော အကြွေးငွေများ၊ လက်လွန်ထားသည့်ငွေများ မထင်မှတ်ဘဲ ပြန်လည် ရရှိလာနိုင်ပါသည်။ လာဘ်လာဘတို့သည် အထူးမွှဲလန်းလာကုန်တော့၏။ ဒီဓိသည် တစ်ပတ်လျှင် (၄)ကြိမ် စာတ်ပန္ဓာပုံများ၊ စာတ်ပန်းများကို ကပ်လှူပူဇော်ပေးခြင်း၊ ဆုတောင်းပေးခြင်းဖြင့် အရွေ့ အနောက် တောင် မြောက် စသော အရပ်မျက်နှာတို့မှ ငွေရေး ကြေးရေးတို့သည် ဝင်လာမစဲ ဝင်လာရကုန်၏။ အရပ်လေးမျက်နှာများမှလည်းကောင်း၊ အရပ်ရှစ် မျက်နှာများမှလည်းကောင်း ဝင်ငွေ လာဘ်လာဘ တို့သည် အထူးလာဘ်လာဘ ပွင့်လန်းကုန်၏။ ငွေဝင်အားကောင်းလာ၏။ ငွေ များသည် ဝင်လာမစဲ လာဘ်လာဘပွင့်လန်းကုန်တော့၏။ ဒီးပွားရေးလုပ်ကိုင်သူများနှင့် အထူးသင့်တော်၏။ ဒီးပွားရေးအလုပ်ကြီး အကိုင်ကြီးလုပ်သူများနှင့်လည်း အထူးသင့်တော်ကုန်၏။ ကုမ္ပဏီလုပ်ငန်းကြီးများ၊ လီဒိတက် လုပ်ငန်း ကြီးများ၊ ကော်ဝိုရေးရှင်းလုပ်ငန်းကြီးများ၊ ကြီးမားသော ပုဂ္ဂလိကဒီးပွားရေးလုပ်ငန်းကြီးများနှင့် အလွန် သင့်တော်သော ငွေလာဘ်ခေါ် ငွေလာဘ်ပွင့်ဘုရားဟု သိမှတ်ကြကုန်ရာ၏။

မှတ်ချက်

ထိုလာဘသိဒ္ဓိဘုရားကို တစ်ပတ် (၄)ကြိမ် ကပ်လှူပူဇော်ပြီးနောက် အကွန့်ပ်ထဲမှ ထုတ်လုပ် ထားပြီးသော **(မဏိဇောတ ပတ္တမြားဂါထာတော်လေးမုဒ်)** ဟား နံပါတ် (၁)မုဒ်ကို (၅၄)ခေါက်၊ နံပါတ် (၂)မုဒ်ကို (၅၄)ခေါက်၊ နံပါတ် (၃)မုဒ်ကို (၂၇)ခေါက်၊ နံပါတ် (၄)မုဒ်ကို (၂၇)ခေါက်နှုန်းဖြင့် တစ်ထိုင်တည်း ပြီးဖီးအောင် မွှတ်ဖတ်သရဇ္ဈာယ်ပေးပါလျှင် ထိုပုဂ္ဂိုလ်အား ဒီးပွားရေးလောက ငွေရေး ကြေးရေးလောကတွင် ပြိုင်ဖက်များအောင် အကျိုးပေး နိုင်ပေလိမ့်မည်ဟု သိမှတ်ကြကုန်ရာ၏။ လာဘသိဒ္ဓိ

(ဓနသိဒ္ဓိဘုရားထုလုပ်ပုံ)



ထိုဝဋ္ဌရုပ်ပွားတော်အားလည်း (၃)ပိုင်း ပိုင်းခြားရ၌ ပထမ မဟိတော်ပိုင်း၊ ဒုတိယ ဓနုကိုယ်တော်ပိုင်း၊ တတိယ ဂူးတော်နှစ်ဖက်အပိုင်း၊ ထိုသုံးပိုင်းကိုလည်း အသားကပ်ကော် အကောင်းစားဖြင့် သေချာစွာ ကပ်၍ မှက်နှာတော်၊ နှုတ်ခမ်းတော်၊ မျက်လုံးတော်၊ ဦးခေါင်းတော်၊ ဓနုကိုယ်တော်၊ ဂူးတော်များ လက်တော်များ၊ ခြေဖဝါးတော်များ ပီပြင်အောင် ကျနအောင် ထုလုပ် ကြရာ၏။

ထိုသို့ ထုလုပ်ပြီးနောက် ဝစ်စည်းသုံးထပ်သုတ် ဖွေ့ချ၍ ဝဋ္ဌဟူးရွေ့ လပြည့်နေ့နှင့် ကြဲကြိုက်သောအခါ နံနက်အဝဂ်တက် အချိန်၌ ပင့်သံယာအနည်းဆုံး (၅)ပါးပင့်၊ အများဆုံး (၁၇)ပါး ပင့်၍ အနေကစတင်ရပါမည်။ ဝဋ္ဌရုပ်ပွားတော်၏ ဘွဲ့တော်ကို **(ဓနသိဒ္ဓိ ဝဋ္ဌ ရုပ်ပွားတော်)** ဟု အမည်ဘွဲ့တော် ထိုးနှိပ်ပါ။

ဤဓနသိဒ္ဓိဝဋ္ဌဘုရားအား အဂ်ိနေ့ နံနက် (၉)နာရီမှ မွန်းတည့် (၁၂)နာရီအတွင်း တစ်ကြိမ်၊ ဝဋ္ဌဟူးနေ့ နံနက် (၇)နာရီမှ နံနက် (၉) နာရီအတွင်းတစ်ကြိမ်၊ သောကြာနေ့ နံနက် (၉)နာရီမှ မွန်းတည့် (၁၂)နာရီအတွင်းတစ်ကြိမ်၊ စနေနေ့ နံနက် (၉)နာရီမှ မွန်းတည့် (၁၂)နာရီအတွင်း တစ်ကြိမ်၊ စုစုပေါင်း တစ်ပတ်လျှင် (၄)ကြိမ် ကပ်လှူပူဇော်၍ လိုအပ်သောဆုကို တောင်းရပါမည်။ ကပ်လှူပူဇော်ကန်တော့ရမည့် စာတ်ပစ္စည်းများမှာ နှင်းဆီပန်း (၁၇)ပွင့်၊ လိမ္မော်ရည် (၁၇)ခွက်၊ လက်ဖက်ပွဲ (၄)ပွဲ၊ လမုန့် (၁၇)ချပ်၊ သရက်သီးသနပ် (၆)ပွဲ၊ ဖယောင်းတိုင် (၇)တိုင်ထွန်း၊ ဘုရားကို ကပ်လှူပူဇော်ကန်တော့ပါ။ ဆုတောင်းသည့်အခါ ဤသို့တပည့်တော်သည် နှင်းဆီပန်း (၁၇)ပွင့်၊ လိမ္မော်ရည် (၁၇)ခွက်၊ လက်ဖက် (၄)ပွဲ၊ လမုန့် (၁၇)ချပ်၊ သရက်သီးသနပ် (၆)ပွဲ၊ ဖယောင်းတိုင် (၇)တိုင်ထွန်း၍ ဓနသိဒ္ဓိဝဋ္ဌဘုရားရှင်အား ကပ်လှူပူဇော်ကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့် အရပ် (၄)မျက်နှာ၊ အရပ်(၈)မျက်နှာတို့မှ လည်းကောင်း၊ အရပ် (၁၀)မျက်နှာတို့မှ လည်းကောင်း၊ အလုံးစုံသော စိန် ငွေ ငွေ ကျောက်သပ္ပာယ်ပြား၊ ဥစ္စာ စည်းစိမ် ရတနာ အပြာပြာတို့သည် လျင်မြန်စွာ ဝင်လာမစဲ တဖွဲဖွဲ ဝင်ရောက်လာကြပါစေ ကုန်သတည်း ဟု (၇)ခါဆို၍ ဆုတောင်းကြကုန်ရာ၏။

ဤကဲ့သို့ ကပ်လှူပူဇော်ဆုတောင်းပြီးနောက် ဓနသိဒ္ဓိဘုရားအား မိမိ၏ မျက်စိဖြင့် သေချာစွာ ကြည့်၍ မှုးမြင်၍ အောက်ပါဂါထာတော်များကို (၁၀၈)ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၏။

(က) ကိုယ - ဉာဏ်ကြီးသောယာ ရုပ်ရှစ်မျှက်နှာက လာ ဆရာ လာ ဝင် ဆရာ ဝင်
(ခ) ကိုယ - ဉာဏ် ရည်ကြီးသောယာ ရုပ်ဆယ်မျှက်နှာမှ လာ ဆရာ လာ ဝင် ဆရာ ဝင်
(ဂ) ကိုယ - ဉာဏ် သုရုဿတီဘဒါရိ၊ ဓတ္တာဘရိ၊ အဘာသဘရိ၊ အလောကဘရိ၊
သဟာ ပြဟ္မာ၊ အဓိပတိ၊ သက္ကတ္တိ၊ သဗ္ဗမိတြာ၊ သက္ကာရိ၊ သက္ကတတ၊ သတ္တရာ၊
ပြောင်း ဆီ ဆီ ဝယ်ခြင်းကဲ့

ဤတွင် ဣန္ဒာသယ၏ လာဘသိဒ္ဓိဘုရားနှင့် ဓနသိဒ္ဓိဘုရား (၂)ဆူကို ထုပ်ထုနည်းနှင့်တကွ ပြသခဲ့လေပြီး လာဘသိဒ္ဓိ၊ ဓနသိဒ္ဓိတို့ကို လိုလားတောင့်တကြကုန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများသည် ထိုဘုရား (၂)ဆူအား သေချာစွာ စိစစ်၍ ကိုးကွယ်ဆည်းကပ်ကြကုန်သည်ဖို့သော် မှားစွာသော လာဘ်လာဘတို့သည် ဝင်လာမစဲ တသဲသဲ ဖြစ်လာကြကုန်တော့၏၊ အလုပ်အကိုင်တို့သည် အဆင်မပြေလာကြကုန်တော့၏၊ စီးပွားရေးတို့သည် တစ်လပြီးတစ်လ အဆင်မပြေ အောင်မြင်တိုးတက်လာရတော့၏၊ အလုံးစုံသော ဒွေ ငွေ ကျောက်သံ ပတ္ထရြားများ တဖွဲဖွဲ ဝင်လာမစဲ ဖြစ်စေရတော့၏၊ အလုံးစုံသော စိန် ဒွေ ငွေ ကျောက်သံပတ္ထရြား ဥစ္စာ ဝည်းစိမ် ဘိမ် တိုက် ခြံ ကား (၁၁)မျိုးသော လောကီသုခ တရားများ၊ ရတနာများ ဝင်လာမစဲ တဖွဲဖွဲ ဝင်ရောက်လာကြရကုန်၏၊ ထိုဘုရားမျိုး နှစ်ဆူစလုံးသည် (ဆုတောင်းတိုင်း တောင့်တတိုင်း) ပြည့်စုံစေနိုင်သော ဖြစ်လာစေနိုင်သော ဘုရားမျိုးများ ဖြစ်ပါ၍ သေချာစွာ ယုံကြည်စွာ ဆည်းကပ်ကိုးကွယ်သင့်လှ၏၊ အလုံးစုံသော စီးပွားရေးလုပ်ငန်းရှင်များ၊ အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲခံလုပ်ငန်းများ၊ ကုမ္ပဏီထောင်သောလုပ်ငန်းများ၊ နိုင်ငံခြားကို ပစ္စည်းတင်/ပို့သော လုပ်ငန်းများ၊ ကြီးမားသော ဈေးဆိုင်ကြီးများ၊ စားသောက်ဆိုင်ကြီးများ၊ ကုန်ပဒေသာဆိုင်ကြီးများ၊ စတိုးဆိုင်ကြီးများ၊ ခရီးသွားလုပ်ငန်းများ၊ မော်တော်ကားလုပ်ငန်းများ၊ ကုန်ရောင်းကုန်ဝယ် ဈေးရောင်းဈေးဝယ်သောလုပ်ငန်းကြီးများ၊ နိုင်ငံရပ်ခြား အလုပ်သမား လွှဲပို့သောလုပ်ငန်းများ၊ နိုင်ငံရပ်ခြား တိုင်းပြည်များမှာ အလုပ်လုပ်ကိုင်နေကြကုန်သောပုဂ္ဂိုလ်များ၊ အလှူပြုပြင်ဆိုင်များ၊ ဖက်ရှင်လုပ်ငန်းများ၊ တေးဂီတလုပ်ငန်းများ၊ အနုပညာလုပ်ငန်းများ၊ ရုပ်ရှင်လုပ်ငန်းများ၊ စသည်တို့သည် ဤဝဇ္ဇရုပ်ပွားတော် (၂)ဆူအား ဆည်းကပ်ကိုးကွယ်ပြီး လိုအပ်သလို ဆုတောင်းပေးပါက ဆုတောင်းတိုင်း တောင့်တတိုင်း ပြည့်စုံရမြဲ လောကအလယ်တွင် ကြီးပွားခြင်း၊ ချမ်းသာခြင်း၊ တိုးတက်ခြင်းများ ဖြစ်နိုင်ပါ လိမ့်မည်၊ လူနေမှုဝန်စရိတ်အဆင့်အတန်းလည်း မည်သည့်အခါမှ မနိမ့်ကျစေဘဲ အမြဲတမ်း မြင့်မားစေနိုင်ပါလိမ့်မည်၊ ဤဝဇ္ဇရုပ်ပွားတော် (၂)ဆူဝယ်သည် အတောင်းအဝယ်၊ စီးပွားရေး အလုပ်အကိုင်များမှာတင် အကျိုးပေးသည်မဟုတ်၊ ဒွေ ငွေ စိန်ကျောက် ထိန်ထိန်တောက်မှု၊ လှပတင့်တယ် ကြွယ်ဝချမ်းသာသော ဘဝမျိုးကို ပေးစွမ်းနိုင်သည်မက အခြံအရံ ပေါများခြင်း၊ အသွေအရံပေါများခြင်း၊ တပည့်လက်အောက်ငယ်သား ကျေးကျွန် အဝိုင်းအဝန်း ဝန်ထမ်းများလည်း စည်ကားတိုးတက်လာစေပါသည်၊ ထို့ပြင် ဘိန်းထောင်ရေး စီးပွားရေး စားရေးသောက် ရေး ငွေကြေး ဝတ္ထုပစ္စည်းကစ၍ ပေါများကြွယ်ဝလာစေတတ်ပါသည်၊ ဝိမိတ် ဝိသားစုများ၊ ဘိုးဝေါင်စုများ၊ လက်ဝေးမှော်ဝန်ထမ်းများ၊ ဘဏ်ခံများ၊ ဘဏ်ငှါးဘဏ်များ၊ အလုပ်သမား များတို့သည်လည်း စည်းစည်းလုံးလုံး ချစ်ဖွယ်ခင်ဖွယ် ဖြစ်လာကြကုန်၏၊ ဝိသားစုအလိုက်၊ ဝန်ထမ်းဝိုင်းမှာ ဝန်ထမ်းအလိုက်၊ ကျေးကျွန်အဝိုင်းအဝေအလိုက်ကစ၍ မနာလိုဖြင်း၊ သဝန်တိုဖြင်း၊ ရန်မီးပွားဖြင်း၊ ဒိုက်ရန်ဝေါသဖြစ်ခြင်းများ၊ ပပျောက်ကြရ၍ ဝိသားစု လက်မအောက် ဝန်ထမ်းများ၊ အဝိုင်းအဝေးများ၊ ကျေးကျွန်များတို့သည်ငြိမ်းချမ်းစွာ ပေါ်ရွှင်စွာ ချစ်ခင် စည်းလုံးလာကြရကုန်၏၊ ထို့ပြင် အစားအစာများ၊ အစားအသောက်များ၊ အသုံးအဆောင် ပစ္စည်းများ၊ ဝိမ်ခံပစ္စည်းများ၊ အမွေးနံ့သာပစ္စည်းများ၊ အလှူအတန်းများ

ကုသိုလ်ဧရိယာများဖြင့် ပေါများ ကြွယ်ဝလာနိုင်ခြင်း၊ ပြည်စုံလာခြင်း ဖြစ်လာကြရကုန်တော့၏၊ ဤဝန သိန္ဓိရုပ်ပွားတော် သည် အဖြစ်နိုင်ဆုံး၊ အတတ်နိုင်ဆုံး ဉာဏ်တော်အပြင့် (၁၇)လက်မထုလုပ်နိုင်ဖို့ လိုအပ်ပါသည်။ သတိပြုပါလေ။ ဤဒုဒ္ဓရုပ်ပွားတော် (၂)ဆူစလုံးတွင် ထုလုပ်ရာ၌ အထူးမှတ်သားရန် မှာ ဤစွာသဃ္မ လာဘသိန္ဓိဘုရားသည် ဉာဏ်တော်အပြင့် (၁၅)လက်မ ရှိစေရမည်ဖြစ်ပြီး ဗုဒ္ဓဟူးနေ့ လပြည့်နေ့နှင့် ကြုံသောအခါ နံနက် (၇)နာရီမှ စတင်၍ ဗုဒ္ဓရုပ်ပွားတော်ကို စတင်ထုလုပ်ရမည်ဖြစ်ပြီး တနင်္လာနေ့ လပြည့်နေ့ ကြုံကြိုက်သောနေ့မှာ နံနက်အရုဏ်တက်ချိန်မှာ အနေကဇာတင်ပေးရပါမည်။ (ဝန သိန္ဓိ) ဘုရားရုပ်ပွားတော်သည် ဉာဏ်တော်အပြင့် (၁၇)လက်မရှိစေရမည်ဖြစ်ပြီး တနင်္လာနေ့ လပြည့်နေ့နှင့် ကြုံကြိုက်သောနေ့တွင် နံနက် (၇)နာရီမှ စတင်၍ ရုပ်ပွားတော်ကို ထုလုပ်စေရပါမည်။ ထို့နောက် ဗုဒ္ဓဟူးနေ့ လပြည့်နေ့နှင့် ကြုံကြိုက်သောနေ့တွင် နံနက် အရုဏ်တက်အချိန်၌ အနေကဇာတင်၍ ကိုးကွယ်ရမည်ကို အထူးသတိပြုပါလေ။

အထူးမှတ်ချက် . . .

ဝန သိန္ဓိ ဗုဒ္ဓဘုရားရုပ်ပွားတော်နှင့် ဤစွာသဃ္မ လာဘသိန္ဓိ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူစလုံးကို ထုလုပ်ကြရာ၌ နှုတ်ခမ်းထော်သည် လေးကိုင်းသဏ္ဌာန် အထူး ပေါ်လွင်ထင်ရှားစွာ ထုလုပ်နိုင်ရပါမည်။ ဒုတိယအချက်မှာ ဗုဒ္ဓရုပ်ပွားတော်၏ နှာတံတော် ပေါ်လွင်ထင်ရှားနေရပါမည်။ တတိယအချက်မှာ မျက်လုံးတော်နှင့် မျက်နှာ၊ ပါးတော် နှစ်ဖက်စလုံးသည် ပြည့်ပြည့်ဖောင်းဖောင်းရှိနေအောင် ထုလုပ်ပေးရပါမည်။ မျက်လုံးတော်သည် သက်တော်ဝင်၍ ပြုံးရွှင်စွာ စိုက်ကြည့်နေသည့် ပုံသဏ္ဌာန်တော် ဖြစ်စေရပါမည်။ အထူးသတိပြုကြပါလေ။

ယခု ညွှန်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီအောင် ညီညွတ်အောင် ထုလုပ်စေရမည်ကို အထူးသတိပြုပါလေ။ အထက်ပါ အချက်အလက်များနှင့် ပြည့်စုံပါမှ ဝန သိန္ဓိဘုရား သို့မဟုတ် ဤစွာသဃ္မ လာဘသိန္ဓိဘုရားဟူ၍တို့၏ ဂုဏ်ထူး ဂုဏ်ရှိန်နှင့် ပြည့်စုံပါလိမ့်မည်။ ညွှန်ပြထားသောအချက်အလက်များနှင့် မကိုက်ညီပါက မညီညွတ်ပါက အမည်နာမ ပွင့်ပြထားသော (ဝန သိန္ဓိ) (လာဘသိန္ဓိ) စသော အမည်နာမနှင့် မကိုက်ညီတော့ပေ။ ထိုအခါ ဆုတောင်းတိုင်း၊ တောင့်တတိုင်း မပြည့်စုံနိုင်တော့ပေ။ ထို့ကြောင့် ယခု အကွန့်ဝ် ဆရာအရှင် ဖော်ပြထားသော မျက်လုံးတော်၊ နှုတ်ခမ်းတော်၊ နှာတံတော်များ အထူး ပေါ်လွင်အောင် ဂရုစိုက်ထုလုပ်ကြပါလေ။

စီးပွားရေးအရောင်းအဝယ် အလုပ်အကိုင်ကောင်းရှိ အကြံအစည် အောင်မြင်ရှိ ဝင်ငွေအားကောင်းသောယတြာ

ရုပ်ကလိပ်စိမ် - (၁၅) နှစ်
ထွယ်း - (၁၅) မှင့် တစ်ပွဲ
လမ်းအခြွင့် - (၁၅) မှင့် တစ်ပွဲ
မြှင်းလေးမြီးအင့် - (၁၅) မှင့် တစ်ပွဲ
မုန့်လုံးဆုယင် - (၁၅) လုံး တစ်ပွဲ
တွင်းဟ အချို - (၁၅) ယာ တစ်ပွဲ
ဘုသီကြော် ပဲကြော် အဟာကြော် ကြက်သွန်ကြော် အလူးကြော် အကြော် (၅)မျိုး တစ်မျိုးလျှင် (၅)ပွဲ ထည့်ခဲ့
ဆေးရံ - ၅ တိုင်ထွန်း
ဇီလျှံကြည် - ၁၅ နှစ်

တန်ဖိုးကြီးမားသော ဘုရားဝတ္ထုတို့၏ တနလာထောင်မှနေ၍ နံနက်(၇)နာရီမှ နံနက်(၉)နာရီ အတွင်း ဘုရားကပ်လှူပါ။ (၅)ခါ ဆို၍ ကပ်လှူပူဇော် ကန်တော့ပါ။ ဤကဲ့သို့ ကပ်လှူ ပူဇော်ကန်တော့ ထိုသော ကုသိုလ်ကောင်းမှု ကံစွမ်းတားကြောင့် ဒီးပွားရေး အရောင်းအဝယ် အလုပ်အကိုင်နှင့်ပတ်သက်၍ ကြုံရသည်တိုင်း၊ တောင့်တတိုင်း၊ ဆန္ဒရှိတိုင်း လွယ်ပြန်ပွာ ဖောင်ပြင် ပြီးစီးရ၍ တရုတ် (၄)မျက်နှာ အရုတ် (၈) မျက်နှာတို့တွင် လာဘ်လာဘ အထူးပွင့်လင်း၍ ဝင်ငွေတို့သည် ဝင်လာမစဲ တမြဲမြဲ ဝင်ရောက်လာကြ ပါစေ . . . ဟု (၅)ခါ ဆို၍ ဆုတောင်းတတ်ကြကုန်ရာ၏။

မှတ်ချက်

ယဝ ပြဆိုခဲ့ပြီးသော ဆုတောင်းပုံကို အထူးနည်းယူ၍ မှတ်သားကြပါလေး

ဤယတြာကို တနင်္ဂနွေနေ့ နံနက် (၉)နာရီမှ နံနက် (၁၀)နာရီအတွင်း၊ တနင်္လာနေ့ နံနက် (၇)နာရီမှ နံနက် (၉)နာရီအတွင်းတစ်ကြိမ်၊ ဗုဒ္ဓဟူးနေ့ နံနက် (၇)နာရီမှ နံနက် (၉) နာရီအတွင်း တစ်ကြိမ်၊ ကြာသပတေးနေ့ နံနက် (၇)နာရီ နံနက် (၉)နာရီအတွင်း တစ်ကြိမ်၊ စုစုပေါင်းတစ်ပတ်လျှင် (၄)ကြိမ်လုပ်ပေးနိုင်ရပါမည်။ ခင်ဗျန်းကိုယ်တိုင်မဘားလပ်ပါက ဖိဖိ၏ ဝန်းလုပ်သူဘား တစ်ပတ်(၄)ကြိမ် မှန်မှန် လုပ်၍ ဆုတောင်းပေးရန် ညွှန်ကြားထားရပါမည်။ ဤယတြာနည်းတွင် ငွေပန်းနှင့် မြတ်လေးပန်း ပွင့်သာ ရှားတတ်ပါသည်။ ကျန်သော ပန်းများက ရလွယ်ပါလိမ့်မည်။ ထိုပန်း (၂)မျိုးမရပါက ရှာ၍ မလွယ်ပါက ထို(၂)မျိုးကို ဖယ်ထားပြီး ကျန်တာ ညွှန်ပြသထားသောယတြာပစ္စည်းများဖြင့် ယတြာကို ဆက်လက်လုပ် သွားလျှင်လည်း ရနိုင်ပါသည်။ ငွေပန်းနှင့် မြတ်လေးပန်းတို့ပေါ်သော လရာသီရောက် ရှိလာပါက ယတြာ ပြုရာတွင် ထိုပန်းနှစ်မျိုးကို မထည့်ဘဲမနေအပ်ပါ။ ပစ္စည်းအမယ်စုံလေ ပြန့်ပြန့် ထက်ထက် အကျိုးပေးလေဟု မှတ်ကြရပါမည်။ ဤယတြာတစ်မျိုးတည်းနှင့်ပင် များစွာသော စီးပွားရေး လုပ်ငန်းများကို ကောင်းအောင်ထိန်းသိမ်းနိုင်ပါလိမ့်မည်။ များစွာသော အရောင်းအဝယ်လုပ်ငန်းကြီး များကိုလည်း ပုံမှန်အရောင်းအဝယ်မဟုတ် ဆက်လက်ထိန်းသိမ်းနိုင်သွားတော့၏။ ကုမ္ပဏီလုပ်ငန်းကြီးများ၊ လီမိတက် လုပ်ငန်းများ၊ ကော်ပိုရေးရှင်းလုပ်ငန်းများတို့ကိုလည်း ယန္တယားလည်ပတ်နေအောင် ထိန်းထားနိုင်သော စွမ်းအားနှင့် ပြည့်စုံနိုင်ပါသည်။ သိန်းပေါင်းများစွာတန်သော တိုး အိပ် ခြဲ မြေ တိုက်တာ အဆောက်အဦ လုပ်ငန်းများကိုလည်း အရောင်းအဝယ်ကောင်းနေအောင် ဆက်လက်ထိန်းသိမ်း ထားနိုင်သော စွမ်းအားနှင့်လည်း ပြည့်စုံနိုင်ပါသည်။ သိန်းပေါင်းများစွာ ရင်းနှီးလုပ်ကိုင်ရသော လမ်း တံတား အလုပ်အကိုင်များ၊ မော်တော်သင်္ဘောလုပ်ငန်းများ။ ပွဲရုံလုပ်ငန်းများကိုလည်း အလုပ်အကိုင် အမြဲတမ်း ကောင်းနေအောင် စွမ်းဆောင်နိုင်အားလည်း ရှိပါသည်။ ကြီးကျယ်ခမ်းနားသော ဟော်တယ်လုပ်ငန်းကြီးများ တည်းခိုခန်း လုပ်ငန်းများ၊ နိုင်ငံခြားသားစည်သည်များ၏ အဝင်အထွက် အလုပ်အကိုင်များတို့ကိုလည်း အဆင်ပြေနေအောင် အစဉ်ချောမောနေအောင် လုဝင်လုထွက်စည်ကား သိုက်မြိုက်နေအောင် စွမ်းဆောင်ပေးနိုင်သည့် စွမ်းအားနှင့်လည်း ပြည့်စုံရ၏။ ကြီးကျယ်ခမ်းနားသော စားသောက်ဆိုင်ကြီးများ၊ ထမင်းဆိုင်ကြီးများ၊ လက်ဖက် ရည်ဆိုင်၊ ကော်ဖီဆိုင်၊ အဖျော်ယမကာဆိုင်ကြီးများ၊ ကြီးမားသော စုပါမားကတ်ကြီးများအားလည်း ဤယတြာကို တစ်ဝတ် (၄) ကြိမ်မှန်မှန်လုပ်ပေးနေခြင်း အားဖြင့် အရောင်းအဝယ်များ တောက်မကျစေဘဲ အမြဲတမ်းအရောင်းအဝယ်ကောင်းနေအောင် ထိန်းသိမ်းပေးနိုင်ပါသည်။ ထို့ပြင် မည်သည့် လုပ်ငန်းမျိုးမဟု ဝင်ငွေကောင်းနေအောင် ဝင်ငွေမှန်နေ အောင် ဝင်ငွေမကျ ဆင်းအောင် ငွေရေးကြေးရေးတွေ ဘက်စုံကဝင်လာနေအောင် အလုပ်အကိုင် စီးပွားရေးနှင့် ပတ်သက်၍လည်း ငွေနှင့်ပတ်သက်ပြီး အဓက်အခဲမရှိအောင် အထစ်အငေါ့မရှိအောင် အကျပ်အတည်းမဖြစ်အောင် ဤယတြာသည် အမြဲတမ်း စွမ်းဆောင်ပေးနိုင်သော သတ္တိရှိနေသည်ကို သတိပြုတတ်ကြပါလေ . . .

(ဤတွင် စီးပွားရေးကဏ္ဍပြီး၏)

ပါပကြိုဟိယကြောပြုပုံ

ပါပကြိုဟ်လေးလုံးတို့၏ အသက်သည် (၃၆)နှစ်ရှိကုန်၏။ စိမိအား သုတစ်ပါး ပြုစားသည်ဟု ထင်သော် မိမိအား လူမျိုး (၁၀၁) ပါးက မကောင်းကြံစည်သည်ဟု ယူဆသော် စိမိအား စုန်း နတ်း ကဝေး တဘွေး ပြေဘုတ်ဘီလူး သဘက်တို့ တိုက်ခိုက်နောင့်ယှက်သည်ဟု ယူဆသော် အောက်ပါ ပါးပကြိုဟ် ယကြာကို စီရင်ဆောင်ရွက်ကြကုန်၏။ စီရင်ပုံနည်းမှာ-

စိမိအပြုနေထိုင်ရာ ပြိုးရွာဒေသ၏ လူအများကိုးကွယ်ဆည်းကပ်နေသော တန်ခိုးကြီး ဘုရား စေတီ၏ တနင်္ဂနွေထောင်ပွနေ့၌ ဖယောင်းတိုင်မီး အတိုင် (၃၀) ကပ်လှူ၍ ဆုတောင်းသည့်အခါ တပည့်တော်အား လူမျိုး (၁၀၁)ပါး၊ စုန်းကဝေ (၉၉)မျိုး ပြုစားနည်း(၈၀) တို့၏ အတိုက်အခိုက် အနောင့်အယှက်များ အဖျက်အဆီးများ ဘေးရန် အန္တရာယ်များမှ လွှင်ပြန်စွာ ကင်းဝေးပမျောက်ပါစေသတည်းဟု (၆) ခါဆို၍ ဆုတောင်းကြရာ၏။ ဤတနင်္ဂ နွေပြိုဟ် ပါပ ယကြာကို တနင်္ဂနွေနေ့ တနင်္ဂနွေထောင်ပွနေ့၌ ဘုရားအား ဖယောင်းတိုင်မီး (၃၀) ကပ်လှူဆုတောင်းရမည်ကို ဆိုလိုပါသည်။ ထို့နောက် အင်္ဂါနေ့ တန်ခိုးကြီးဘုရားစေတီ ၏ အင်္ဂါထောင်ပွနေ့၌ ဖယောင်းတိုင်မီး အတိုင် (၄၀) ကို ဘုရားကို ကပ်လှူပူဇော်၍ ဆုတောင်းသည့်အခါ တပည့်တော်အား လူမျိုး (၁၀၁)ပါး၊ စုန်းကဝေ (၉၉)မျိုး ပြုစားနည်း(၈၀) တို့၏ အတိုက်အခိုက် အနောင့်အယှက်များ အဖျက်အဆီးများ ဘေးရန်အန္တရာယ်များမှ လွှင်ပြန်စွာ ကင်းဝေးပမျောက်ပါစေသတည်းဟု (၈) ခါဆို၍ ဆုတောင်းကြရာ၏။

ထိုနည်းတူစွာပင် စနေနေ့ တန်ခိုးကြီးဘုရားစေတီ၏ စနေထောင်ပွနေ့၌ ဖယောင်းတိုင်မီး အတိုင် (၅၀) ထွန်းညှိ၍ ဝတ္ထုဘုရားကို ကပ်လှူပူဇော်ပါ။ ဆုတောင်းသည့်အခါ တပည့်တော်အား လူမျိုး (၁၀၁)ပါး၊ စုန်းကဝေ (၉၉)မျိုး ပြုစားနည်း (၈၀)တို့၏ အတိုက်အခိုက်များ အနောင့်အယှက်များ အဖျက်အဆီးများ ဘေးရန်အန္တရာယ်များမှ လွှင်ပြန်စွာ ကင်းဝေးပမျောက်ပါစေသတည်းဟု (၁၀)ခါဆို၍ ဆုတောင်းကြရာ၏။ ထို့အတူ ဝတ္ထုဟူးနေ့ ညနေဘက် တန်ခိုးကြီးဘုရားစေတီ၏ ဗုဟ္ဟူးထောင်ပွနေ့၌ ဖယောင်းတိုင်မီး အတိုင်(၆၀)ထွန်းညှိ၍ ဘုရားအား ကပ်လှူပူဇော်ပါ။ ဆုတောင်းသည့်အခါ တပည့်တော်အား လူမျိုး (၁၀၁)ပါး၊ စုန်းကဝေ (၉၉)မျိုး ပြုစားနည်း (၈၀)တို့၏ အတိုက်အခိုက်များ အနောင့်အယှက်များ အဖျက်အဆီးများ ဘေးရန် အန္တရာယ်များမှ လွှင်ပြန်စွာ ကင်းဝေးပမျောက်ပါစေသတည်းဟု (၁၂) ခါဆို၍ ဆုတောင်းကြရာ၏။ ကျွန်ုပ်ပါပကြိုဟ်လေးလုံးတို့၏ အန္တရာယ်ကင်း အတိုက် အခိုက်ကင်း ယကြာပင်ပြီးပါသည်။

တစ်နည်း

မည်သည့်နေ့သား သမီးမဟုတ် မိဖိအပြုနေထိုင်ရာ ပြိုဒ္ဓာဝေဆ၏ တန်ခိုးကြီးဘုရား စေတီတော်တွင် မိဖိ၏မွေးနေ့၌ တနင်္ဂနွေထောင့်က ပယောင်းတိုင်မီး (၃၀)ကပ်လှူ၍ တပည့်တော်မှာ လူမျိုး (၁၀၁) ပါး အနောင့်အယှက်များ အတိုက်အခိုက်များ အဖျက်အဆီးများ စုန်းကဝေမျိုး နတ်ဆိုး နတ်ဝါးတို့၏ အနောင့်အယှက်များ အတိုက်အခိုက်များ အဖျက်အဆီးများမှ ကင်းဝေးပယောက်ပါစေသတည်းဟု (၇) ခါဆို၍ ဆုတောင်းရမည်။ ပြီးသည်နှင့်တစ်ပြိုင် နက် ရပ်နားမနေဘဲ ထိုတန်ခိုးကြီးသော ဘုရားစေတီမှာပင် ဘဂါထောင့်မှနေ၍ ပယောင်းတိုင်မီး (၄၀) ကို ထွန်းညှိကပ်လှူကုန်းဝေ်၍ တပည့်တော်မှာ လူမျိုး (၁၀၁) ပါးတို့၏ အတိုက်အခိုက် အနောင့်အယှက် အဖျက်အဆီးများ စုန်းကဝေမျိုး နတ်ဆိုး နတ်ဝါးတို့၏ အတိုက်အခိုက်များ အနောင့်အယှက်များ အဖျက်အဆီးများ အဝရုဏ်က နတ်ဆိုး ဘီလူးဆိုး သရဲ သဘက် ဖုတ် ပြိတ္တာတို့၏ အနောင့်အယှက်များ အတိုက်အခိုက်များ အဖျက်အဆီးများမှ လျင်မြန်စွာ ကင်းဝေး ပယောက်ပါစေသတည်းဟု (၇) ခါဆို၍ ဆုတောင်းရပါမည်။ ထို့နောက် ရပ်နား မနေဘဲ စနေထောင့်သို့လာ၍ ထိုစနေထောင့်မှနေ၍ ပယောင်းတိုင်မီး (၅၀) ကို ဘုရားကပ် လှူ၍ တပည့်တော်မှာ လူမျိုး (၁၀၁)ပါး တို့၏ အတိုက်အခိုက်များ အနောင့်အယှက်များ အဖျက်အဆီးများ စုန်းကဝေဆိုး နတ်ဆိုး နတ်ဝါးတို့၏ အတိုက်အခိုက်များ၊ အနောင့်အယှက်များ အဖျက်အဆီးများ အဝရုဏ်က နတ်ဆို ဘီလူးဆိုး သရဲသဘက် ဖုတ် ပြိတ္တာတို့၏ အနောင့်အယှက်များ အတိုက်အခိုက်များ အဖျက်အဆီးများမှ လျင်မြန်စွာ ကင်းဝေး ပယောက်ပါစေသတည်းဟု (၇)ခါ ဆို၍ ဆုတောင်းကြရာ၏။ ထို့နောက် ရပ်နားမနေဘဲ ရာဟုထောင့်သို့ လာ၍ ထိုရာဟုထောင့်မှနေ၍ ပယောင်းတိုင်မီး (၆၀)ကို ဘုရားကပ်လှူ၍ ဆုတောင်းသည့်အခါ တပည့် တော်သည် လူမျိုး (၁၀၁)ပါးတို့၏ အတိုက်အခိုက်များ၊ အနောင့်အယှက်များ၊ အဖျက်အဆီးများ၊ စုန်း ကဝေဆိုး၊ နတ်ဆိုး နတ်ဝါးတို့၏ အတိုက်အခိုက်များ၊ အနောင့်အယှက်များ၊ အဖျက်အဆီးများ၊ အဝရုဏ်က နတ်ဆိုး ဘီလူးဆိုး သရဲသဘက် ဖုတ် ပြိတ္တာတို့၏ အနောင့် အယှက်များ၊ အတိုတ်အခိုက်များ၊ အဖျက်အဆီး များမှ လျင်မြန်စွာ ကင်းဝေးပယောက်ပါစေသတည်း ဟု (၇)ခါ ဆို၍ ဆုတောင်းပေးရပါမည်။

ဤပါဠိပြိုဟ် (၄)လုံး ယခြာနည်းသည် မိဖိအလုပ်လုပ်ကိုင်ရာ နေရာတွင် အတိုက်အခံပေါ်ခြင်း၊ မလိုမုန်းထားသူရှိနေခြင်း၊ မကောင်းကြံစည်သူရှိနေခြင်း၊ မိဖိတို့အလုပ်လုပ်ကိုင်ရာဌာန၊ ခုံးအတွင်း၌ မလိုမုန်းထားသူရှိနေခြင်း၊ မိဖိအား မကောင်းကြံစည်သူရှိနေခြင်း၊ အတိုက်အခံ ရှိနေခြင်း၊ မိဖိ စာသင်ရာ စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ပုဂ္ဂိုလ် နေကလေးထိန်း စသည်များတွင် မိဖိအား မကောင်းကြံစည်သူ ရှိနေခြင်း၊ မိဖိအား အတိုက်အခံပြုသူ ရန်ပြုသူရှိနေခြင်း၊ မိဖိ၏ ရပ်ကွက် မြို့ ရွာ မိဖိတာဝန်ထမ်းဆောင်ရာနေရာများတွင် မိဖိအား မကောင်းကြံစည်သူ ရှိနေခြင်း၊ မိဖိအား မလိုမုန်းထားသူ ရှိနေခြင်း၊ အတိုက်အခံ ရန်လုပ်သူရှိနေခြင်း၊ မိဖိ၏ ဝန်ထမ်းလောက၊ အမှုထမ်းလောက၊ ကုမ္ပဏီအလုပ်၊ လီမိတက်အလုပ်၊ ပုဂ္ဂလိကလုပ်ငန်း ဌာနများတွင် ရန်သူရှိနေခြင်း၊ မကောင်းကြံစည်သူ ရှိနေခြင်း၊ မလိုမုန်းထားသူရှိနေခြင်း၊ အတိုက်အခံရန်ပြုမည့်သူ ရှိနေခြင်းများကို အထက်ပါ ပါဠိပြိုဟ်ယခြာကို ပြုပေးခြင်း အားဖြင့် ရန်အန္တရာယ်များ ပယောက်ကုန်၏၊ အတိုက်အခံများ ချုပ်ငြိမ်းကုန်၏၊ မကောင်းကြံစည်မှုများ ပယောက်ကုန်ရ၏၊ မလိုမုန်းထားသူများ၏ အတိုက်အခံ ရန်အန္တရာယ်များမှ ကင်းဝေးပယောက်ကြရ၏၊ စုန်း ကဝေတို့၏ ပယောဂအတိုက်အခိုက်များ၊ ဖုတ် ပြိတ္တာ ဘီလူး သရဲ သဘက်တို့၏ အတိုက်အခိုက်များ အပင်းအမျိုးမျိုး၊ ဝက်အမျိုးမျိုး ပြုစားနည်းမျိုးများဖြင့် နှောင့်ယှက်ဖျက်ဆီးမှုများမှ လွတ်ကင်းရတော်၏။ မိဖိအိမ်တွင် အင်းပြုပ် ခြင်း၊ ဓမ်းပြုပ်ခြင်း၊ နမ်းထားခြင်း စသော ပြုစားမျိုး အတိုက်မျိုးတို့ကို ဤပါဠိပြိုဟ်

ယကြာကို တစ်ပတ်တစ်ကြိမ်ဖြစ်စေ၊ တစ်လတစ်ကြိမ်ဖြစ်စေ ပြုလုပ်ပေးခြင်းအားဖြင့် ဖိစီအဝတွင် အပြတမ်း သူတစ်ပါးတို့၏ အတိုက်အခိုက်များ၊ အနှောင့်အယှက်များမှ အပြတမ်း ထာဝရ လွတ်ကင်း နေရတတ်၊ ရန်သူဖျိုး (၇)ပါး အန္တရာယ်များမှ အပြထာဝရ လွတ်ကင်းနေရတော့တတ်၊ ဖိစီအား သူတစ်ပါး မကောင်းကြံဝည်၌ အထပမြောက်နိုင်တော့ပေ။ ယုံတွင်း ဌာနတွင်း အတိုက်အခံများ မရှိနိုင်တော့ဟု မလိုမုန်းထားသူများ မရှိနိုင်တော့ဟု လူဖျိုး (၁၀၁)ပါး တို့သည် မည်သည့်နည်းနှင့်မျှ မကောင်းကြံဝည်၌ တိုက်ခိုက်ခြင်း၊ အထပ်ပညာဖျိုးများဖြင့် တိုက်ခိုက်ခြင်း၊ စုန်း နတ် ကဝေ တရွေ့ ပြုစားမှု အထပ်ပညာဖျိုး၊ ပယောဂဖျိုးတို့ဖြင့် ပြုစား ခြင်း။ နှောင့်ယှက်ခြင်းများ မထပ်နိုင်တော့ဟု အန္တရာယ်မှန်သမျှ ကင်းဝေးရတော့တတ်၊

ဤကား မိမှုတော်သောနည်းအားဖြင့် အန္တရာယ် အတိုက်အခိုက်တို့အား ဖယ်ရှားဝေသောနည်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရန်မှန်သမျှ ဟန်မှန်သမျှ ပြေငြိမ်းခဲ့၍ အေးချမ်း သာယာစေလိုသော် မိုး နေရာမှာ ရေနှင့် သပြေတို့ကို မျှောင်းလဲခဲ့၍ ကပ်လှူပူတော်ရမည်ကို သတိပြုပါ။ မည်သည့်နေ့သားသမီးမဟု ဖိစီအပြုနေထိုင်ရာ မြို့ ရွာ ဒေသ၏ တန်ခိုးကြီးသော ဘုရားစေတီတော်တွင် တနင်္ဂနွေထောင့်မှ နေ၌ ဖိစီမွေးနေ့တွင် တနင်္ဂနွေထောင့်၌နေ၌ သောတ်တော်ရေ အခွက် (၃၀)၊ သပြေပန်းအခက် (၃၀)တို့အား ဘုရားကို ကပ်လှူပူတော်၍ တပည့်တော်၌ အန္တရာယ်မှန်သမျှ၊ ရန်မှန်သမျှ၊ အတိုက်အခံမှန်သမျှ၊ အနှောင့်အယှက်မှန်သမျှ ချမ်းငြိမ်းပါစေ၊ အေးချမ်းသာယာပါစေ၊ ငြိမ်းချမ်းသာယာပါစေ ဟု ဆုတောင်းရာ၏။ ထို့အတူ ရပ်နားမနေဘဲ အင်္ဂါထောင့်သို့လာ၍ ထိုအင်္ဂါထောင့်မှနေ၌ ရေအခွက် (၄၀) သပြေအခက် (၄၀)တို့အား ဘုရားကို ကပ်လှူပူတော်၍ တပည့်တော်၌ အန္တရာယ်မှန်သမျှ၊ ရန်မှန်သမျှ၊ အတိုက်အခံမှန်သမျှ၊ အနှောင့်အယှက်မှန်သမျှတို့သည် လျင်မြန်စွာ ချမ်းငြိမ်းပါစေ၊ လျင်မြန်စွာ အေးချမ်း သာယာပါစေ၊ ငြိမ်းချမ်းသာယာပါစေ ဟု ဆုတောင်းရာ၏။ ထို့အတူ ရပ်နား မနေဘဲ တစ်ဆက်တည်းပင် တန်ခိုးကြီးမားသော ဘုရားဓစေတီ၏ ဓနေထောင့်သို့လာ၍ ထိုဓနေထောင့်မှနေ၌ သောက်တော်ရေ အခွက် (၅၀)၊ အောင်သပြေပန်းအခက် (၅၀)တို့အား ဘုရားကို ကပ်လှူပူတော်ပြီးနောက် တပည့်တော်၌ အန္တရာယ်မှန်သမျှ ရန်မှန်သမျှ၊ အတိုက်အခံမှန် သမျှ၊ အနှောင့်အယှက်မှန်သမျှတို့သည် လျင်မြန်စွာ ချမ်းငြိမ်းပါစေသတည်း၊ လျင်မြန်စွာ အေးချမ်းသာယာပါစေသတည်း၊ ငြိမ်းချမ်းသာယာပါစေသတည်းဟု ဆုတောင်းကြာ၏။ ထို့အတူ ရပ်နားမနေဘဲ တစ်ဆက်တည်းပင် တန်ခိုးကြီးသော ဘုရားစေတီ၏ ရာဟုထောင့်မှ နေ၌ သောက်တော်ရေ အခွက် (၆၀)၊ အောင်သပြေပန်းအခက် (၆၀)တို့အား ဘုရားကပ်လှူ ပူတော်၍ တပည့်တော်၌ အန္တရာယ်မှန်သမျှ၊ ရန်မှန်သမျှ၊ အတိုက်အခံမှန်သမျှ၊ အနှောင့်အယှက် မှန်သမျှတို့သည် လျင်မြန်စွာ ချမ်းငြိမ်းပါစေသတည်း၊ လျင်မြန်စွာ အေးချမ်းသာယာပါစေသတည်း၊ ငြိမ်းချမ်းသာယာပါစေသတည်းဟု ဆုတောင်းတတ်ကြ၏။ ဤအေးချမ်း သာယာသောယတြာမျိုးကိုမူ တဆိုန် နာရီ အခါ အထူးလိုအပ်လှပါသည်။ ထို့ကြောင့် ဖိစီ၏ မွေးနေ့ နံနက် (၉)နာရီမှ နံနက် (၁၀)နာရီအတွင်း ဆောင်ရွက် လုပ်ကိုင်ရမည်ကို အထူး သတိပြုပါလေ။ သို့မဟုတ် အေးချမ်းလိုသောနေ့ ငြိမ်းချမ်း သာယာစေလိုသောနေ့၏ နံနက် (၉)နာရီမှ နံနက် (၁၀)နာရီအတွင်း အထက်ပါ ယတြာကို ပြုပေးသင့်၏။ အကျိုးကျေးဇူးကား ဖိစီ၏အထက်အရာရှိများ အေးချမ်းသာယာ၏။ ငြိမ်းချမ်းသာယာ၏။ ဖိစီ၏အထက် အကြီး အကဲများ အေးချမ်းသာယာရ၏။ ငြိမ်းချမ်းသာယာရ၏။ ဖိစီ၌ အေးမှန်သမျှ မရှိနိုင်၊ ရန်မှန်သမျှ မရှိနိုင်၊ အန္တရာယ်မှန်သမျှ မရှိနိုင်၊ အတိုက်အခိုက် အတိုက်အခံ မှန်သမျှ မရှိနိုင်၊ ပြဿနာမှန်သမျှ မရှိနိုင်၊ ဆင်းရဲ ဒုက္ခမှန်သမျှ မဖြစ်နိုင်၊ ရန်သူဖျိုး (၇)ပါး ငြိမ်းချမ်း၏။ အေးချမ်းသာယာ၏။ ငြိမ်းချမ်း

သာယာ၏၊ ရန်ရှိလျှင် ရန်ပြေငြိမ်း၏၊ မာန်ရှိလျှင် မာန်ပြေငြိမ်းရ၏၊ အပူသောကမှန်သမျှ မရှိနိုင်း၊ အပူအထစ် အခက်အခဲမှန်သမျှ မရှိနိုင်း၊ တစ်ဖက်နှင့် တစ်ဖက် တစ်ဖွဲ့နှင့် တစ်ဖွဲ့. ငြိမ်းချမ်းစွာ စကားဆို လာနိုင်၏၊ အေးချမ်းသာယာစွာ ညှိနှိုင်း ဆွေးနွေးနိုင်၏၊ ကိစ္စမှန်သမျှ အလုပ်မှန်သမျှ ငြိမ်းချမ်း သာယာလာ၏၊ အေးချမ်းသာယာလာ၏၊ ဆုပူပန်ကိစ္စမှန်သမျှ အေးချမ်းသွားရ၏၊ ငြိမ်းချမ်းသွားရ၏၊ အမှုကိစ္စ တရားတော်ဘာဝင် ရင်ဆိုင်ရမှုကိစ္စမှန်သမျှ အေးချမ်းသွားရ၏၊ ငြိမ်းချမ်းသွားရ၏၊ အပြန်ဆုံး ချစ်ငြိမ်းရတော့၏၊

ဤကား ပါဠိတ္တိဟ် (၄)လုံးတို့၏ ယတြာမှား ပြီးစီး၏။

သောမကြီးဟိယကြောပြုပုံ

အထူးမှတ်ချက်

ပါမကြီးဟ် (၄)လုံးတဲ့ အသက်သည် (၃၆)နှစ်ရှိ၍ သောမကြီးဟ် (၄)လုံးတို့တဲ့ အသက်သည် (၇၂)နှစ်ရှိပါသည်။ ကြီးဟ် (၈)လုံး ပေါင်းမိလျှင် (၁၀၈)နှစ်ရှိပါသည်။ အထူးသိထားပါလေ။ ပါမကြီးဟ် (၄)လုံးတဲ့ ယကြာကဏ္ဍာ ပြီးစီးသွားခဲ့၍ သောမကြီးဟ် (၄)လုံးတဲ့ ယကြာတား ဆက်လက်ဖော်ပြပါဦးတဲ့။ သောမကြီးဟ် (၄)လုံးကား တနလ်ာကြီးဟ်၊ ဝုဒ္ဓဟုကြီးဟ်၊ ကြာသပတေးကြီးဟ်၊ သောကြာကြီးဟ်အားဖြင့် စုစုပေါင်း (၄)လုံး ရှိပါသည်။ ယကြာပြုပုံ ပြုနည်းကား မိမိမွေးနေ့တွင် နံနက် (၇)နာရီမှ နံနက် (၉)နာရီအတိုင်အတွင်း၌ တနလ်ာထောင့်မှ နေ၍ သောက်တော်ရေ (၇၅)ခွက်၊ အောင်သပြေ (၇၅)ခက်၊ ဖယောင်းတိုင်မီး (၂)တိုင် ထွန်း၍ ဘုရားကို ကပ်လှူပူဇော်ပါ။ ဆုတောင်းသည့်အခါ တပည့်တော်၌ ရန်သူမျိုး (၅)ပါး မှန်သမျှ ချုပ်ငြိမ်း၌ ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်းသာယာပါစေ။ ကိုယ်တမျိုးမျိုး အလုပ်အကိုင်အမျိုးမျိုး အပူပြဿနာအမျိုးမျိုး မှန်သမျှ လွင့်ပြန်ရာ ချုပ်ငြိမ်း၌ ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်းသာယာပါစေ။ အတိုက်အခံများ၊ အပုအထစ်များ၊ အခက်အခဲများ၊ အကျပ်အတည်း မှန်သမျှတို့သည် လွင့်ပြန်ရာ ချုပ်ငြိမ်း၌ ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်းသာယာပါစေဟု ဆုတောင်းရပါမည်။ ထို့နောက် ရပ်နားမနေဘဲ ဝုဒ္ဓဟုထောင့်သို့လာ၌ တန်ခိုးကြီးဘုရားစေတီ၏ ဝုဒ္ဓဟုထောင့်မှနေ၌ သောက်တော်ရေ (၈၅)ခွက်၊ အောင်သပြေပန်း (၈၅)ခက်၊ ဖယောင်းတိုင် (၄)တိုင်ထွန်း ဘုရားကို ကပ်လှူပူဇော်ပါလေ။ ဆုတောင်းရန်မှာ တပည့်တော်၌ ရန်သူမျိုး (၅)ပါး မှန်သမျှ လွင့်ပြန်ရာ ချုပ်ငြိမ်း၌ ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်းသာယာပါစေ။ ကိုယ်တမျိုးမျိုး အလုပ်အကိုင် အမျိုးမျိုး အပူပြဿနာအမျိုးမျိုး မှန်သမျှ လွင့်ပြန်ရာ ချုပ်ငြိမ်း၌ ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်းသာယာပါစေ။ အတိုက်အခံများ၊ အပုအထစ်များ၊ အခက်အခဲများ၊ အကျပ်အတည်း မှန်သမျှတို့သည် လွင့်ပြန်ရာ ချုပ်ငြိမ်း၌ ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်းသာယာပါစေဟု ဆုတောင်းပါလေ။ ထို့နောက် ရပ်နားမနေဘဲ တန်ခိုးကြီးမားသော ဘုရားစေတီ၏ ကြာသပတေးထောင့်သို့ လာ၌ ထိုကြာသပတေးထောင့်မှနေ၌ သောက်တော်ရေ (၉၅)ခွက်၊ အောင်သပြေပန်း (၉၅)ခက်၊ ဖယောင်းတိုင် (၅)တိုင်ထွန်း၌ ဘုရားအား ရည်စူး၌ ကပ်လှူပူဇော်ပါလေ။ ဆုတောင်းရန်မှာ တပည့်တော်၌ ရန်သူမျိုး (၅)ပါး မှန်သမျှ လွင့်ပြန်ရာ ချုပ်ငြိမ်း၌ ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်းသာယာပါစေ။ ကိုယ်တမျိုးမျိုး အလုပ်အကိုင် အမျိုးမျိုး အပူပြဿနာအမျိုးမျိုး မှန်သမျှ လွင့်ပြန်ရာ

ချုပ်ငြိမ်းခြင်း ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်းသာယာပါစေ။ ဘတိုက်ဘဝဲများ၊ အဟုအထပ်များ၊ တခက် ဘဝဲများ ဘကျွပ်ဘတည်း မှန်သမျှတို့သည် လွင်မြန်စွာ ချုပ်ငြိမ်းခြင်း ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်း သာယာပါစေဟု ဆုတောင်းကြကုန်ရာ၏။

ထို့နောက် ရပ်နားပနေဘဲ တန်ခိုးကြီးဘုရားဝေတီ၏ သောကြာထောင့်သို့လာ၍ ထိုသောကြာ ထောင့်မှ နေ၍ သောက်တော်ဝရ (၁၀၅)ခွက်၊ ဘောင်သပြေပန်း (၁၀၅)ခက်၊ ပယောင်းတိုင် (၆)တိုင် ထွန်း ဘုရားကို ကပ်လှူပူဇော်ကန်တော့ပါ။ ဆုတောင်းရန်မှာ တပည့်တော်၌ ရန်သူဟိုး (၅)ပါး မှန်သမျှ လွင်မြန်စွာ ချုပ်ငြိမ်း၍ ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်းသာယာပါစေ။ ကိုယ်ဘမျိုးမျိုး၊ ဘလုပ်ဘကိုင် ဘမျိုးမျိုး၊ ဘပူပြသနာဘမျိုးမျိုး မှန်သမျှ လွင်မြန်စွာ ချုပ်ငြိမ်း၍ ငြိမ်းချမ်း သာယာပါစေ။ ဘေးချမ်း သာယာပါစေ။ ဘတိုက်ဘဝဲများ၊ ဘဟုဘထပ်များ၊ ဘခက်ဘဝဲများ၊ ဘကျွပ်ဘတည်း မှန်သမျှတို့သည် လွင်မြန်စွာ ချုပ်ငြိမ်း၍ ငြိမ်းချမ်းသာယာပါစေ။ ဘေးချမ်းသာယာပါစေဟု ဆုတောင်း တတ်ကုန်ရာ၏၊ ဤသောမဂ္ဂိုဟ်ယတြာဖျိုးသည် ဘလုပ်ဘကိုင်ကို ငြိမ်းချမ်းစေရာ၏၊ စီးပွားရေးကို ငြိမ်းချမ်းစေရာ၏၊ ဘိမ်ထောင်ရေးကို ငြိမ်းချမ်းစေရာ၏၊ ခန္ဓာကိုယ်ကို ငြိမ်းချမ်းစေရာ၏၊ ရန်သူမှန်သမျှ မရှိနိုင်၏၊ ဘတိုက် ဘခဲ့ မှန်သမျှမရှိနိုင်၊ ဆင်းရဲ ဒုက္ခမှန်သမျှ မရှိနိုင်၊ ဘပူသောက ဗျာပါဒ မှန်သမျှမရှိနိုင်း ဝိသားစု ငြိမ်းချမ်း၏၊ ဘေးချမ်း၏၊ ဘိမ်ထောင်ရေး ငြိမ်းချမ်း၏၊ ဘေးချမ်းရာ၏၊ စီးပွားရေး ငြိမ်းချမ်း၏၊ ဘေးချမ်း၏၊

တပည့်များ၊ လက်ဘောက်ငယ်သားများ၊ ဘခိုင်းဘစေများ၊ ကျေးကျွန်များ၊ ငြိမ်းချမ်းစေရာ၏၊ ဘေးချမ်းစေရာ၏၊ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံတော်ဝန်ထမ်းများ၊ ငြိမ်းချမ်းစေရာ၏၊ ဘေးချမ်း စေရာ၏၊ ကုမ္ပဏီလုပ်ငန်းများ၊ လီဒိတက်လုပ်ငန်းများ၊ ကော်ဝိုရေးရှင်းလုပ်ငန်းကြီးများ ငြိမ်းချမ်းစေရာ၏၊ ဘေးချမ်းစေရာ၏၊ ပုဂ္ဂလိကဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းကြီးများ၊ ဘားလုံး ငြိမ်းချမ်းစေရာ၏၊ ဘေးချမ်း စေရာ၏၊ ခိုက်ရန်ဘေါသမရှိနိုင်း ဘကယ်၍ ရှိခဲ့လျှင်လည်း ခိုက်ရန်ဘေါသမှန်သမျှ ငြိမ်းချမ်းစေရာ၏၊ ဘေးချမ်းစေရာ၏၊ ဆုပူပူ၊ သောင်းကျန်းမှုများ မရှိနိုင်း ဘကယ်၍ ရှိခဲ့လျှင်လည်း ထိုဆုပူပူ သောင်းကျန်းမှု တို့သည် ငြိမ်းချမ်းစေရာ၏၊ ဘေးချမ်းစေရာ၏၊ ဘတိုက်ဘခဲပြုသူများ၊ ဘတိုက်ဘခဲလုပ်သူများ၊ ဆုပူဆန္ဒ ပြမှုများ မရှိစေနိုင်၊ ဘကယ်၍ ရှိလာခဲ့လျှင်လည်း ဘားလုံး ငြိမ်းချမ်းစေရာ၏၊ ဘေးချမ်းစေရာ၏ ဟူလို ... ပိဋကတ်စိတ်ထဲတွင် ဗိုးရိပ်စိတ်များ၊ ကြောင့်ကြစိတ်များ၊ ပူပန်စိတ်များ၊ သောကစိတ်များ ရှိနေခဲ့ပါ လျှင်လည်း ဘပြန်ဆိုး ငြိမ်းချမ်းစေရာ၏၊ ဘပြန်ဆုံး ဘေးချမ်းသာယာစေရာတော့၏၊ ထို့ပြင် ဤသောမဂ္ဂိုဟ် ယတြာဖျိုးသည်လည်း ပိဓိမွေးစေ သို့မဟုတ် ပိပိငြိမ်းချမ်းစေလိုသောနေ့၊ ပိမိဘေးချမ်းသာယာစေလိုသော နေ့များကိုလည်း ဤဘတိုင်း ယတြာကို ပြုပေးနိုင်ပါသည်၊ ဘရေးကြီးသောကိစ္စများ၊ ဘရေးကြီးသော ဘခက်ဘခဲများ၊ ဘရေးကြီးသော ဘဟုဘထပ်များ ရှိနေရင်လည်း ဤသောမဂ္ဂိုဟ်ယတြာကို ပြုပေးခြင်း ဘားဖြင့် ဘရေးပကြီးတော့ဘဲ ဘလွယ်ဘကူပင် ငြိမ်းချမ်းသွားစေရာ၏၊ ဘေးချမ်းသာယာသွားစေရာတော့ ၏၊ သောက်တော်ဝရ သပြေပန်းနှင့်တွဲ၍ လုပ်ရသော သောမဂ္ဂိုဟ် ဘဘေးဘတ်ယတြာကိုလည်းကောင်း ဂြိုဟ် (၈)လုံး ယတြာဖြစ်ဘောင် ပါးပယတြာရော သောမယတြာ (၂)မျိုးစလုံးကို တစ်ပြိုင်နက် လည်းယတြာကို ပြုပေးနိုင်ပါသည်၊ ထိုသို့ ဂြိုဟ် (၈)လုံး စုဘောင် ပါး သောမ (၂)မျိုးစလုံး မူတွဲ၍ ယတြာပြုလုပ်နိုင်ပါလျှင် မြို့ ရွာ ဘေးချမ်းသာယာ၏၊ ငြိမ်းချမ်းသာယာ၏၊ ထိုယတြာ ပြုထားသော မြို့ ရွာများတွင် သူပုန်မရှိနိုင်း ဘေးပြမရှိနိုင်း သောင်းကျန်းသူ မရှိနိုင်း သူဒိုး ဘရေပြတို့သည် နေးကွေး နည်းပါးလာကြကုန်၏၊ မြို့ ရွာ ဘေးချမ်းသာယာရ၏၊ (ဥပမာ) ပြဆိုပါဦးတဲ့၊ ရန်ကုန်မြို့တွင် တည်ရှိသော ဒွေတိဂုံဝေတီတော်တွင်

ပါပကြိုဟ် ယကြာရော၊ သောမကြိုဟ်ယကြာရော (၂)မျိုးစလုံးကို အတေးတတ်၊ သပြေတတ် ယကြာမျိုးကို ပြုပေးပါက ရန်ကုန်ပြို့သည် အေးချမ်းသာယာ၏၊ ငြိမ်းချမ်းသာယာ၏၊ စိတ်ညစ်စရာ စိတ်ရွှင်စရာ စိတ်သောကများစရာ မရှိနိုင်တော့ပေ၊ ရန်ကုန်ပြို့သည် အမှုပြဿနာများ နည်းပါးလာရ တော့၏၊ ပြို့သူပြို့သားတို့သည် အေးချမ်းသာယာကြကုန်၏၊ ငြိမ်းချမ်းသာယာကြကုန်၏၊ ကိစ္စ ပြဿနာ အရှပ်အထွေးများ မရှိနိုင်တော့ဟူ၏၊ ထို့အတူ ပြည်ပြို့တွင် တည်ရှိနေသော ရွှေဆံတော် စေတီတော်တွင် ရေ/သပြေနှင့် ပတ်သက်သော အတေးတတ် ပါပ ယကြာ၊ သောမ ယကြာ (၂)မျိုးစလုံးကို ပြုပေးနေပါက ပြည်ပြို့သည် အေးချမ်းသာယာနိုင်သည်၊ ငြိမ်းချမ်းသာယာနိုင်ပါသည်၊ ပြည်ပြို့သူ ပြည်ပြို့သားတို့သည် ငြိမ်းချမ်းသာယာကုန်၏၊ အေးချမ်း သာယာကုန်၏ ဟူလို . . .

အထူးမှတ်ချက်

ဟု အဓိန့်ရှိပါတော့၏၊ အကွန့်ပ်၏ စိတ်ထဲတွင်လည်း သို့လော သို့လော နှင့် စိတ်တ စကား ပြောလာပါတော့၏၊ ဘို ဆရာတော်ကြီးဟောမယ့်တရားကလည်း အထူးအဆန်းပါလားဟ . . . ငါ့တစ်သက်တာ . . . တစ်ခါမှကို မကြားဖူးတဲ့ မနာဖူးတဲ့ ဘရားပါလား ဟဲ့ . . . လူမသိ နတ်မသိတဲ့ တရားဆိုပါလား . . . ငါကြားချင်လိုက်တာ ဒီတရားနာချင်လိုက်တာ၊ သို့နှင့် အကွန့်ပ်သည်လည်း ဤတစုံးပွဲသို့ လိုက်ပါခွင့်ရရန် ဆရာတော်ကြီးအား ခွင့်ပန်သောအခါ ဆရာတော်ကြီးက ကြည်ကြည် သာသာပင် အကွန့်ပ်အား လိုက်ပါခွင့် လိုက်ခွင့်ပြုလိုက်သည့်အတွက် အတိုင်းထက်အလွန် ဝမ်းသာဝမ်းပါ တော့၏၊ ဤသို့နှင့် အကွန့်ပ်သည် ဆရာတော်ကြီးနဲ့ အတူတကွ ပေါင်းတလည်ပြို့အနီးက တောရွာ တစ်ရွာသို့ လိုက်ပါလာပါတော့၏၊ ထိုနေ့ညက ဆရာတော်ကြီးသည် တရားဟောကြားရာမှာ **မင်္ဂလသုတ်** အား အထူးဟောကြားပေးပါသည် ဆရာတော်ကြီး မင်္ဂလသုတ်တော်ကို အကျယ်ချဲ့ပြီး ဟောလိုက် တော့မှပဲ . . . တို့ လက်စသတ်တော့ လူမသိ နတ်မသိတဲ့ တရားဆိုတာ မင်္ဂလသုတ်ပါလား ဟု ထိုအခါမှ စသိလာရတော့၏၊ မင်္ဂလသုတ်နှင့် ပတ်သက်၍ ပဓိတ်တော် သုတ်တော်တွေနှင့် ပတ်သက်၍ ဆရာတော် ကြီး စာဖတ်ဖူး၏၊ စာလိုက်ဖူး၏၊ သိလည်း သိခဲ့ဖူး၏၊ အထပ်ထပ်လည်း ရွတ်ခဲ့ဖူး၏၊

ဤအချက်ကို မှေမှေလျော့လျော့နှင့်ပင် အမှတ်မဲ့နေမိခဲ့ပါ၏၊ ယခု ဆရာတော်ကြီး ဟောလိုက်တော့မှပဲ အသာပင် ပြုံးနေလိုက်မိတော့၏၊

(တို့ . . ဟုတ်ပေသားပဲ လူတွေရော နတ်ပြဟ္မာတွေမှော တစ်ဆယ့်နှစ်နှစ်သော ကာလပတ်လုံး မင်္ဂလာတရားကို ကြံစည် စိတ်ကူးခဲ့တာတောင်မှ နတ်တွေ လူတွေတောင် မသိ နိုင်တဲ့အတွက် နတ်သားတစ်ပါးက ဗုဒ္ဓဘုရားရှင်ထံ လာရောက်လျှောက်ထားပါမှ ဗုဒ္ဓပြတ်စွာ

ဘုရားက ဤမင်္ဂလသုတ်တော်ကို ဟောကြားတော့မှ ဤမင်္ဂလတရားကို လူတွေ နတ်တွေ ဗြဟ္မာတွေ စတင်ပြီး သိရှိလာကြတာလား) ပြော . . . ဆရာတော်ကြီးက ဤအချက်ကို ထောက်ပြီးတော့ လူမသိ နတ်မသိတဲ့တရားလို့ ဆိုလိုတာကိုး . . . ဟုတ်လဲဟုတ်ပါ၏။ မှန်လဲမှန်လှပါ၏။ သို့သော်လည်း ဤအချက်ကို သတိမထားမိခြင်းသာဖြစ်ပါသည်။ အခု သတိထားမိလိုက်တော့မှ ဆရာတော်ကြီး ဟောကြားသော လူမသိ နတ်မသိသော တရားတော်ကို အသာ နာယူရင်း ပြုံးမိပါတော့ ၏။ ထိုညက ဆရာတော်ကြီးသည် (မဟာဝီတ္ထ ဥပဒ္ဒာန် ကိုလည်းကောင်း) (တပေါစ - ခြုံးဟု စရိယာ ပုဒ်ကိုလည်းကောင်း) (ဖုဋ္ဌသ ဂါထာတော်နှင့် ပတ်သက်၍ စာတွေ့ရော၊ လက်တွေ့ရော၊ ပွဲတွေ့ရော အတော်စုံအောင်ပင် ထည့်ဟောကြားသွားပါသည်။ ဤလောကဓံဂါထာဖြစ်သော ဖုဋ္ဌသဂါထာတော်၏ အကျွှင်းလမ်းများ၊ ရွတ်ပုံရွတ်နည်းများ၊ ပုတီးစိပ်ပုံ၊ ပုတီးစိပ်နည်းများ၊ အသုံးပြုပုံ ပြုနည်းများကို သေချာစွာထည့်၍ ဟောကြားသွားပါသည်။ လောကဓံတရား တို့ကို မည်သူမှ မခံစားနိုင်ကြကြောင်း၊ အားလုံး သတ္တဝါမှန်သမျှတို့သည် လောကဓံတရား၏ လှည့်စားရာ အောက်မှာ ခံနေရတတ်ကြောင်း။ ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါတို့မှသော လောကဓံတရားမှ လွတ်မြောက်နိုင်ကြကြောင်းဖြင့် အကျယ်ချဲ့တွင်၍ မင်္ဂလသုတ်တော်ကို ဝေဝေဆာဆာ ဟောကြားသွားခဲ့ပါသည်။

(လောကဓံဂါထာတော်ကြီး)

ဖုဋ္ဌသ လောကဓမ္မေဟိ
စိတ္တံ ယဿ န ကမ္ပတိ
အ သောကံ ဝိရဇံ ခေမံ ။
တဒေ သေ မင်္ဂလမုတ္တမံ ။(ထည့်ဖွဲ့)

ယဿစိတ္တံ - အကြင်ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်၊ လောကဓမ္မေဟိ - လောကဓံတရား ရှစ်ပါးတို့၌ ဖုဋ္ဌသ - ထိတွေ့ကြုံတွေ့ရသော်လည်း၊ န ကမ္ပတိ - မတုန်လှုပ်၊ အ သောကံ - ဒုက္ခမရှိ၊ ဝိရဇံ - ကိလေသာတည်း ဟူသော မြေမှုန့် မရှိ၊ ခေမံ - ဘေးလည်းမရှိ။
တဒေ - ထို့အတူ၊ သေ - တပည့်တော်အား၊ မင်္ဂလမုတ္တမံ - မြတ်ဟိစေသတည်း။

တစ်နည်း

ယဿ - အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ စိတ္တံ - စိတ်သည်၊ လောကဓမ္မေဟိ - ကောင်းဆိုးနှစ်တန် လောကဓံရှစ်ပါးနှင့်၊ ဖုဋ္ဌသ - ထိတွေ့ကြုံတွေ့ရသော်လည်း၊ န ကမ္ပတိ - မတုန်လှုပ်၊ အ သောကံ - ဒုက္ခရိန်ကြောင့်ကျွမ်းဝင်ခြင်းလည်း မရှိ၊ ဝိရဇံ - ကိလေသာတည်း ဟူသော (ဂါ) ကိလေသာ အညစ်အကြေးတည်း ဟူသော မြေမှုန့်လည်း မရှိ၊ ခေမံ - ဘေးရန် အန္တရာယ် ဥပဒ္ဒဝေါမှန်သမျှလည်း မရှိ၊ တဒေ - ထို့အတူ၊ သေ - တပည့်တော်အား၊ မင်္ဂလမုတ္တမံ - မြတ်ဟိစေသတည်း။

ဤဖုဋ္ဌသဂါထာတော်ကြီးသည်ကား အလွန်အသုံးများပြားလှသော ဂါထာတော် ဖြစ်ပါသည်။ ဝမ်းစိုက် ဓာတ် ဓာတ် နာနေသော်၊ ဤဂါထာနှင့် ရေကို (၇၇)ပေါက်ရွတ်မန်း၍ သောက်ပေးရသည်။ ဂါထာတော်ကိုလည်း အနည်းဆုံး ပုတီး (၁)ပတ် (၁၀၈)ပေါက် ရေအောင် ရွတ်ပတ် သရဇ္ဈာယ်ထား၊ လေတိုက်၊ လေနာရောဂါ၊ လေတိုးရောဂါ၊ လေမျိုပ်ရောဂါ၊ လေကယ်သော ရောဂါ၊ ဝမ်းစိုက်အတွင်း

ဖြစ်ပြီးခြင်းတို့အား ဤပုဒ္ဓသာဂါထာတော်အား ရောက်ပို့ (၃၇) ခေါက် ရွတ်ပန်းချီ နံနက် တစ်ကြိမ်၊ ည တစ်ကြိမ် မှန်မှန်သောက်ပေးပါက လေနှင့် ပတ်သက် သောရောဂါ၊ တနာမှန်သမျှ ပျောက်ကင်းစေရာ၏။ ညသော်လည်းကောင်း။ နံနက်သော်လည်း၊ ကောင်း။ ပုဒ္ဓသာဂါထာတော်အား (၁၀၈)ခေါက် ရတောင် ရွတ်ပတ်သရဇ္ဈာယ်ရာ၏။ ရွတ်ပတ်သရဇ္ဈာယ်ရာ၌ (ခံစားနေရသော ရောဂါ အနာအတွက် ထည့်ဆု တောင်း၍) ဂါထာကို ရွတ်ပတ်၊ သရဇ္ဈာယ်ပေးရမည်ဟု ဆိုလိုပါသည်။ စုန်းပင်း၊ နတ်ပင်း၊ ကပေပင်း၊ တရွေပင်း၊ ဘုတ်ဘီလူး သရဲ သဘက်တို့ ပြုစားနောင့်ယှက်လာ၍ ဒိုလား ရယ်လား ပြစ်ခြင်း၊ ရင်ဘတ် နာခြင်း၊ ရင်ဘတ် အောင့်ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ ဝမ်းဗိုက်အောင့်ခြင်း၊ ဝမ်းဗိုက်ဆဲ၌ အလုံး အကြိတ် အခဲတည်ခြင်းများကိုလည်း ဤပုဒ္ဓသာဂါထာကိုပင် ရောက်ပို့ (၃၇)ခေါက် ရွတ်ပန်းချီ နံနက်/ည တိုက်ပေးရာ၏။ ဂါထာကိုလည်း လူနာ၏ ဦးခေါင်းကို ကိုင်ထားပြီး ဆရာလုပ်သူက ပုဒ္ဓသာဂါထာတော်ကို (၁၀၀)ခေါက် ရတောင် ရွတ်ပတ်သရဇ္ဈာယ်၍ လူနာအတွက် ထည့်ဆုတောင်းပေးရာ၏။ ထိုအခါ အပင်းအဖျိုးဖျိုး၊ အစာအဖျိုးဖျိုးတို့သည် အထက်ကို နီးလျှင် ပါးစပ်၊ နှုတ်မှ အံထုတ်လာရ၏။ အောက်ကို နီးလျှင် ကုန်ဝင်အောင် တတ်သွားပစ်၏။ ထိုအခါ လူနာရောဂါ၊ အနာ သက်သာပျောက်ကင်းရ၏။ ငိုတာ ရယ်တာ ပူတာ ကပ်တာများ အကုန်ပျောက်ကင်း၏။ လက်ကြောတက်တာ ခေါင်းကိုက်တာ၊ နောက်ကြောတက်တာ ခေါင်းတုံတာ၊ ဝက်ကြောထိုးတာ စသည်များအား စွေ့မဆစ်ပဲ ဝယ်သောဆီ သို့မဟုတ် အသင့်မှီပြီးသား ပရဝဏ်ဆီ၊ ဒက်ကွေ့ လိမ်းဆေး စသည် ရရာတစ်မျိုးမျိုးကို ဤပုဒ္ဓသာဂါထာတော်ပြင့် (၃၇)ခေါက် မန်းချီ လိမ်းချေ ပေးခြင်း၊ ရောဂါ ဝေဒနာရှိနေသော နေရာ၊ အနာအား လိမ်းပွတ်ပေးခြင်း၊ ဝမ်းဗိုက်၊ ရင်ဘတ်၊ ခါးနာ၊ ဦးနာ၊ ကျောနာက စ၍ လိမ်းပေးခြင်းဖြင့် ရောဂါ အနာများ သက်သာပျောက် ကင်းဝေရာ၏။

ထို့ပြင် ကလေး သူငယ်များ ကြောပူ၊ ရင်ပူ၊ ရင်ကြပ်၊ အသက်ရှူမဝ၊ အဖေးမိ၊ အဖေးပတ် စသော ရောဂါမျိုးအားလည်း ဤပုဒ္ဓသာဂါထာနှင့် မန်းပွတ်ထားသည်နှင့် လိမ်းပေး သပ်ခဲ့ပေးပါက ခဏချင်းပင် ကလေး သူငယ်နာများ သက်သာပျောက်ကင်းဝေဆိုင်ရာ၏။ ကလေးများ လူကြီးများ စိန်းမ ယောကျ်ားများ စသည်မှာ မှက်စိမကောင်းသော မှက်စိရောဂါ ရလာသော် မှက်ရည်ခဏ ခဏ ထိုက်လာသော်၊ မှက်စိနာသော်၊ မှက်ဝတ် ခဏ ခဏထွက်နေသော် အကြောင်းမဲ့သက်သက် မှက်စိ နီရဲနေသော် သို့မဟုတ် စုန်း နတ် ကဝေ တရွေ ဘုတ် ပြိတ္တာ ပယောဂ အနောင့်အယှက်ကြောင့် မှက်စိနာ၊ မှက်စိကိုန်း၊ မှက်စိနီရဲသော ရောဂါရရှိသော် ရောက် (၃)ထပ် ဝစ်ပြီး၍ ရလာသောရေကို ပုဒ္ဓသာဂါထာတော်ကြီးပြင့် (၃၇)ခေါက် မန်း၍ ထိုရေအား မင်စုပ်သည့်ပိုက်ဖြင့် စုပ်ယူ၍ တစ်နေ့ (၃)ကြိမ် မှက်ဝဉ်၊ ခပ်ပေးရမပါမည်၊ ရောဂါသက်သာပျောက်ကင်းရာ၏။ ထိုရေမန်းများကိုပင် တိုက်ပန်းကန်ပြား ပြန့်ပြန့်သန့်သန့်ထဲတွင် ထည့်၍ မှက်စိရောဂါသည်၊ လူနာ၏ မှက်နာနှင့် မှက်စိကို ရေမန်း ပန်းကန်ပြား ထဲမှာ နှစ်၍ ရေအောက်မှာ မှက်စိကို ဖိတ်လိုက်၊ ဖွင့်လိုက် အကြိမ်များစွာ လှုပ်ခိုင်းခြင်းဖြင့် ပြန်ဟု၍ ပြန်နားပြီးလျှင် ပြန်နှစ်၊ ပြီးလျှင် ပြန်ဟု၊ ပြန်လည်၍ နှစ်၍ ဖိတ်ဆို ဖွင့်ဆို အကြိမ်ပေါင်းများစွာ လှုပ်ပေးပါက မကြာပိုရက်ပိုင်းအတွင်း ရောဂါအနာများ ပျောက်ကင်းဆုံးသာရ၏။ မှက်စိထဲမှာ အပင်း အတာများထည့်ထားပါကလည်း ရေမန်း ပန်းကန်ပြားထဲတွင် အပင်းမှုန်သမျှ အစာမှုန်သမျှ ကျလာစေရ တော့၏။ ခြေထောက်၊ ခြေဖဝါးများ သွားရင်းလာရင်းပြင့် ခြေခေါက်လဲခြင်း၊ ခြေနှင့်၍လဲခြင်း။ တွင်းဆိုး ကျွင်းဆိုးထဲ ခြေဖဝါးကျမိ၍ ရောဂါဖြစ်ခြင်း၊ ခြေချော်လဲခြင်းကြောင့် ခြေဖဝါးယောင်ယမ်းခြင်း၊ ခြေထောက် ယောင်ယမ်းခြင်း၊ ခြေသလုံးယောင်ယမ်းခြင်း၊ ခြေဖဝါး ခြေပုံ ခြေဆစ်များ ကိုက်ခဲခြင်း၊ ခြေဖဝါး မထောက် နိုင်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်း၊ အဘို့ခြေထောက်တွင် အနာရလာခြင်း၊ ပက်ရာရထားစားမှ ကော်သော်ကြီး

လရွည်ပြီး အနာမပျောက်နိုင်ခြင်း။ နွေဘက်ကို အကောင်း။ ညဘက်ကို ခြေဖဝါး ခြေထောက်ကိုက်ခဲခြင်း။ အဆစ်နာခြင်း။ ခြေထောက် ခြေဖဝါးအား ပြေဘုတ်ဘီလူးဖမ်းခြင်း။ ခြေထောက် ခြေဖဝါးမြေဟတ်ခြင်း။ မြေကိုင်ခြင်း။ စသော ရောဂါ ဝေဒနာများကိုမူ (ထုံးနွင်းကိုစပ်၍ အဆောင်နိုင်လာအောင်) ပေးပါ။ မဖူစပ်ကဲ့ တနေတော် ရှိပါစေ။ အရမ်းဖူစ်နေတာ မဖြစ်စေနှင့်။ အရမ်းကြီးကဲ့နေတာလည်း မဖြစ်ပါစေနှင့်။ (တနေတော် မဖူက်မကဲ့ဖြစ်နေပါစေ။ ထိုထုံး နွင်းစပ်ထားသည်ကို ပုဋ္ဌဿဂါထာတော်နှင့် (၃၇) ခေါက် မန်း၍ ည/နံနက် ခြေထောက် ခြေဖဝါးတို့ကို လိမ်းမွှေးပေးပါက တစ်ရက်နှင့်တစ်ရက် သိသိသာသာ ရောဂါ အနာများ၊ ဝေဒနာများ သက်သာပျောက်ကင်းစေရ၏။ ခန္ဓာကိုယ်ပေါ်တွင် လည်းကောင်း၊ ကျော ခါး ပေါင် ရင်ဘတ် ဝမ်းဗိုက်စသည်များတွင် အလုံးတွေ့သော် အကျိတ်တွေ့သော် အဝု အကျိတ် အခဲ အပြင် အနာဟောင်း အနာအွေး ဖြစ်နေသော် ထွေး မဆစ်ဘဲ ဝယ်သောဆီကို လည်းကောင်း၊ ထုံးနွင်း စပ်ဖော်ထားသော ထုံးနွင်းညှော်ကိုလည်း ကောင်း ဤပုဋ္ဌဿဂါထာတော်ဖြင့် (၅၄)ခေါက် စုပ်မန်း၍ ည နံနက် တစ်နေ့ (၂)ကြိမ် လိမ်းပေးပါက ရောဂါ အနာများ သက်သာပျောက်ကင်း ကုန်၏။ အကျိတ်အမိုးမိုး အလုံးအဝု အမိုးမိုးများ၊ အခဲ အပြင် အနာများ လျင်မြန်စွာ သက်သာပျောက်ကင်းရတော့၏။ နို့ သားဖြူရည်၊ ကရမက်ရည် စသည်တို့ကို ပုဋ္ဌဿဂါထာတော်ဖြင့် (၁၀၈)ခေါက် ရွတ်ဖတ်သရဇ္ဈာယ်၍ တိပ်အတွင်းအပြင်တို့ကိုလည်းကောင်း၊ မင်္ဂလာတခန်းအနားများ၊ တိပ်သစ် တိုက်သစ်၊ အဆောက်အဦအသစ်များကိုလည်းကောင်း ထိုနို့သာရည်နှင့် ပက်ဖျန်းပေးရသည် ဖြစ်သော် အေးရုန် အန္တရာယ်ကင်းဝေးရ၏ တိပ် တိုက်သစ် အခန်းအနားအသစ်များ၊ သန့်ရှင်း စင်ကြယ်ရကုန်၏။ တိပ်မြေ တွင်းမြေ ခြံမြေ ဥယျာဉ်မြေ စသည်တို့အား ပက်ဖျန်းပေးရ သည်ဖြစ်သော် နေရာသန့်၏၊ မြေသန့်၏၊ အဆောက်အဦများသန့်ကုန်တော့၏။ ခေါင်းလျှော်ရည်၊ တရော်ရေ နို့သာငါးပါးရေ စသည်တို့ကို လေးထပ်ထည့်၍ ဤပုဋ္ဌဿဂါထာတော်ဖြင့် (၁၀၈) ခေါက်ရွတ်၍ ခေါင်းလျှော်ပေးခြင်း။ ခေါင်း ဆံပင်တို့ကို လောင်းရာ သန့်ရှင်းပေးခြင်းဖြင့် ဦးခေါင်းကောင်း၏။ ခေါင်းသန့်၏။ ဆံပင်ကောင်း၏။ ခေါင်းမကောင်း သော ရောဂါများ ပျောက်ကင်း၏။ ခေါင်းယားခြင်း။ ခေါင်းမြဲခြင်းတို့သော် ယားနာဘယ္ဓိုးဘိုး အဝု အကွက် အမိုးမိုး မွေး ညှင်း ယားကွက်များကစ၍ ပျောက်ကင်းချမ်းသာရ၏။ သန့်ရှင်းပြီးသား ဖြစ်စေတော့၏။ ရေမွှေးအကောင်းစားများ၊ နို့သာဆီအကောင်းစားများ၊ တခြားလူသုံးကုန်များထဲ မှ အကောင်းစားအမွှေးဆီများအား ဤပုဋ္ဌဿဂါထာတော်ကြီးဖြင့် (၁၀၈)ခေါက်စုပ်မန်း၍ ရွတ်ဖတ် သရဇ္ဈာယ်၍ မြင့်ရာမြတ်ရာမှာ ထားပါ။ အနေအကြောင်းကြံလျှင် အနေကြီးသော ကိစ္စရှိခဲ့ပါလျှင် အခြား အခြားသော တောလမ်းခရီး ရွာလမ်းခရီး ပြို့လမ်းခရီး ယွက်ရမ်းလျှင် သို့မဟုတ် အကြွေးတောင်း ငွေတောင်း အလုပ်တောင်း သို့မဟုတ် နွတ်မြေ ရေမြေ စာမေးပွဲ လူတွေ့ကိစ္စများ သံဓိဝင်ရပည့်ကိစ္စများတွင် ထိုအမွှေးဆီကို မျက်ဦး နှစ်ခုကြားမှာ တစ်စက် တို့ထိပါ။ အထက်နွတ်ခမ်းမှာ တစ်စက်တို့ထိပါ။ အောက်နွတ်ခမ်းမှာ တစ်စက်တို့ထိ၍ သွားပါက ပြောတိုင်းထိုတိုင်းအောင်မြင်ရ၏။ ပီပီအား အားလုံးသော ခုနစ်ရက်သား ခုနစ်ရက်သမီးများ ဖူစ်ခင် မြတ်နိုးကြရကုန်၏။ ဖော်ရွေစွာ ကောင်းမွန်စွာ ချည်နှံခြင်း၊ ချည်တော်မြဲခြင်း ဖံစေရတတ်၏။ အကြွေးတောင်း ငွေတောင်းရလွယ်တော့၏။ စာမေးပွဲ နွတ်မြေ ရေမြေ မှန်းသမျှ လူတွေ့စစ်ဆေးတာ မှန်သမျှ အောင်မြင်ပြီးစီးရတော့၏။ အလုပ်လျှောက်လျှင် အလုပ် ရလွယ်မတ္တ၏။ သံဓိဝင်လျှင်လည်း အပယ်မစံရတော့တဲ့ အောင်မြင်ပြီးစီးရ၏။ ပြောတိုင်း ဆိုတိုင်း တောင့်တတိုင်း ကြိတိုင်းအောင် ဆောင်တိုင်းပြောက်တော့၏။ စီးပွားရေး အရောင်းအဝယ်ကိစ္စများ ကုန်ရောင်းကုန်ဝယ် ကိစ္စများ ရေးတိုင်ပုံတိုင် ဆိုင်ထိုင်ဈေးရောင်းတာ အားလုံး အရောင်းအဝယ်ကောင်းစေရတတ်၏။

စာတိမင်းသား၊ မင်းသမီးများ၊ ရုပ်ရှင်မင်းသား မင်းသမီးများ၊ အနုပညာအလုပ်၊ အဆိုတော်အလုပ် စသည်များသည်လည်း မှက်ခဲ့ (၂)ခု ကြားတစ်စက်၊ အထက်နှုတ်ခမ်းတစ်စက်၊ အောက်နှုတ်ခမ်း တစ်စက် တို့ထိသွားရုံမြင့် အနုပညာလုပ်ငန်းများ၊ အောင်မြင် တိုးတက်ဝေရေး၊ အဆိုတော်များ၊ သရုပ်ဆောင်များ၊ မင်းသား မင်းသမီးများ တိုးတက်အောင်မြင်ရန် လူပရိသတ်များ ကြိုက်နှစ်သက်ကြကုန်၍ နိုင်ငံတစ်ဝှမ်း တွင် ထင်ပေါ်ကျော်ကြား တောက်ပနိုင်ပါသည်။ သနပ်ခါးရေကဲ့အား ဤဗုဒ္ဓသာဂါထာတော်မြင့် (၃၇)ခေါက် ရွတ်မန်း၍ အမျိုးသမီးများ မှက်နှာလိမ်း၍ စွေးရောင်းလျှင် ရွှေးရောင်းကောင်း၏၊ ရောင်းမည်ကုန်ပစ္စည်းများ၊ ဈေးဆိုင်မှက်နှာစာအား ဤဗုဒ္ဓသာဂါထာရွတ်ဖတ် သရဇ္ဈာယ်ထားသော သနပ်ခါးရေနှင့် ပက်ဖျန်း တောက်/ပက်ပေးပါက ဈေးရောင်းကောင်း၏၊ အရောင်းအဝယ်လိုက်၏၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ထော်လာကီ၊ စက်ပစ္စည်း များ၊ အိမ် ခြံ မြေ အရောင်းအဝယ်များအား ဤသနပ်ခါးရေနှင့် နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ပက်ဖျန်းပေးပါက အမြန်ဆုံး ရောင်းဝယ်ဖြစ်စေ၏၊ အမြန်ဆုံး ရောင်းထွက်၏၊ တိုက် အိမ် ခြံမြေ အမြန်ဆုံး ရောင်းထွက်ရတော့၏၊ မွေးစားလေးသူငယ်များအား ကလေး ငို့မည့် နို့မှလင်းဆဲတွင် ဤဗုဒ္ဓသာဂါထာ ရွတ်ဖတ်သရဇ္ဈာယ်ထားသောရေကို ရောစပ်၍ ကလေးအား တိုက်ပေးပါက ကလေးများ ကျန်းမာရေး အထူးကောင်းပွန်၏၊ ကာလရောဂါ၊ တပ်ရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါများ ပျောက်ကင်းဝေရေး၊ ထိုရောဂါဆိုးများ အနာဆိုးများလည်း မကပ် ရောက်နိုင်း၊ ကာကွယ်ပြီးသား ဖြစ်စေရေးတော့၏၊

ထို့ပြင် ရောဂါ အနာတို့ကို ပြင်းပြင်း ထန်ထန်ခံစားနေရသော အခြား အခြား လူနာများကိုလည်း ဤဗုဒ္ဓသာဂါထာမြင့် (၁၀၈) ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ထားသော ရေကို နံနက် (၁)ကြိမ်၊ နေ့(၁)ကြိမ် ညဉ (၁)ကြိမ်၊ တစ်နေ့ (၃)ကြိမ်၊ လူနာအား သောက်စေခြင်းပြင့် အမြန်ဆုံး ရောဂါ အနာများမှ သက်သာလာနိုင်သည်။ အမြန်ဆုံးလည်း ရောဂါ အနာပျောက်ကင်းစေနိုင်ပါသည်။ မည်သည့်ရောဂါ၊ မည်သည့်အနာအဆိုးကို မဆို ဗုဒ္ဓသာဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ပေးပါက သို့မဟုတ် ဗုဒ္ဓသာဂါထာနှင့် ရွတ်ဖတ်သရဇ္ဈာယ်ပေးထားသောရေကို ပေးပါက မပျောက်သော ရောဂါမရှိ၊ မသက်သာသော အနာဟူ၍ မရှိနိုင်ဟု မှတ်ပါလေ။ နိုင်ငံတော်ဝန်ထမ်းများ၊ အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပုဂ္ဂလိက ဝန်ထမ်းများသည် နေ့စဉ် နံနက် အရုဏ်တက်အချိန်တွင် မိမိအိမ်က ဘုရားစင်တွင် ပုဒ္ဓဂုဏ်မွှားတော်ရှေ့၌ ဆွမ်း၊ ရေခဲမုန်း၊ ပန်း၊ မယောင်းတိုင်မီး၊ အမွှေးတိုင်မီးတို့ကို ထိုက်သည့်အားလျော်စွာ ကပ်လှူ၍ ဘုရားထံမှာပင် (၅)မိနစ်သော သီလတော်မြတ်တို့ကို ဆယ်ဆောက်တည်ကာ (တစ်ထိုင်တည်းမြင့်) (ကျရှိယာပုတ်တစ်ပါး တည်းမြင့်) ဤလောကဓံဂါထာတော်အား (၁၀၈)ခေါက် ရဟောင် ရွတ်ဖတ်သရဇ္ဈာယ်ရာ၏၊ လိုအပ်သော ဆုကိုလည်း တောင်းရာ၏၊ ထိုကဲ့သို့ဝေဘဲ နေ့စဉ်အချိန်မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ပေးပါက လူ နတ် ဗြဟ္မာများ ချစ်ခင်နှစ်သက်လာကြကုန်၏၊ တောတောင့်နတ်များ၊ တောင်တောင့်နတ်များ၊ ရုက္ခစိုးနတ်များ၊ ဘုမ္မစိုးနတ်များ၊ အာကာသစိုးနတ်များ၊ သမာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်များ ချစ်ခင် လေးစားလာရ၍ မိမိအား ကူညီမစေ ဖော်ရွေကာကြရကုန်၏၊ စီးပွားဥစ္စာတိုးတက်လာရ၏၊ အရောင်း အဝယ်အလုပ်များအဆင်ပြလာရကုန်၏၊ ဝင်ငွေ ကောင်းလာရ၏၊ လာဘ်လာဘ အထူးပွင့်၏၊ ပြောတိုင်း ဆိုတိုင်း ဆုတောင်းတိုင်း ဖြစ်ပေါ်လာပေးရ၏၊ အမှုကိစ္စမှန်သမျှ အမှုနိုင်၏၊ တရားမှုံးတွင် တရား ရင်ဘိုင်ရှု မှန်သမျှ တရားနိုင်၏၊ အပမ်းအဆီး အချုပ်အနောင်အယှက်. ထောင်ကျမှု အချုပ်ကျမှုများမှ ကင်းဝေး၏၊ မကောင်းသော အနိဋ္ဌာရုံများ၊ မကောင်းသော အိပ်မက်ဆိုးများ၊ မကောင်းသော ဥပဒ်းတန်း ဝိုးကြိုးပစ်၊ ဂုက်ဆိုးထိုး စသော မကောင်းသော နိမိတ်ဆိုးများ ပပျောက်ကြရကုန်၏၊ ဝိပိ ဒေဝတိုင်စာ

တိန် ဖြဲ ပြောအား သုတစ်ပါး မကောင်းကြံစည်၌ မရနိုင်တော့ရေး၊ ရေဘေး မီးဘေး၊ မင်းဘေး သူခိုးဘေး ဧးပြဘေး တန်ကြမ်းဖီးသောဘေး မချစ်မနှစ်သက်သော မုန်းတီးသောဘေး၊ မနာလို ဝန်တိုသောဘေး မဖွဖိမ့် မကြည်ဖြူသော ဘေးတို့မှလည်း အလိုအလျောက် ကင်းဝေးစေရတော့၏။ ညနေ ညတာ သွားလာရသည့်အခါ အဆိပ်ရှိသော မြွေမွေး မြွေဟောက်တို့၏ ဘေးရန်မှားမှလည်းကောင်း၊ ခြောင်းမြောင်း ဂိုက်နှက်၌ ခြောင်းမြောင်း ပစ်ခတ်သောလက်နက်ဘေးမှားမှလည်း ကင်းလွတ်စေရတော့၏။ ဝိပိတိမ် ဝိပိတ်ဖြစ်ခြင်း ဝိပိတ် တိုက်တာ အဆောက်အဦမှားတွင် အင်းမြုပ်ခြင်း။ ရွှံ့မြုပ်ခြင်း၊ နံထားခြင်း၊ နှတ်စင်မှ ပြုစား ခြင်း၊ သဘိုင်းမှပြုစားခြင်း၊ သစ်ပင်ကြီးကြိုးမှ ပြုစားခြင်း စသော အင်းတိုက်၊ ဆေးတိုက်၊ လောင်တိုက်ကြီး လောင်တိုက်ငယ် ပြုစားမှီးအတတ်၊ မကောင်းသော ဆောက်လမ်းဆရာတို့၏ အတိုက်အခိုက်မှီး မကောင်းကြံစည်မှုမှီးမှ စ၍ ကင်းဝေးလွတ်မြောက်စေရတော့၏။

ဤကား လောကဓံဂါထာတော်၏ အဋ္ဌနိုးအသုံးကို အကျဉ်းမျှပြဆိုခဲ့ခြင်းဖြစ်ပါသည်။ အကျယ်ကို ပြဆို ပါလျှင်ကား ကုမ်းတဖုဝ် တစ်ဖုပ်စာမျှ ရေးလျှင်ပင် ကုန်နိုင်မှယ်ရာ မပြင်နိုင်သေးပေး ထို့ကြောင့် ဤလောကဓံဂါထာတော်ကို မညာရှင်များသည်လည်းကောင်း၊ သိရှိရှင်များသည် လည်းကောင်း ဉာဏ်ရှိသလို အသုံးပြုကြကုန်၏။ ဉာဏ်သွားတိုင်းလည်း ကိစ္စမှန်သမျှ အောင်မြင်ရပါသည်။

လောကဓံဂါထာဖြင့် ယတြာပြုပုံ

ခန္ဓာကိုယ်တွင် သန့်ရှင်းဝင်ကြွယ်သော အဝတ်ကို ဝတ်ပါ။ သက်တော်ရှည်တော်မူသော တန်ခိုးကြီးသည့် ဖွေဟောင်းသမိုင်းဝင် ဘုရားဧတေတော်တွင် စိရဆောင်ရွက်ရမည် ဖြစ်ပါသည်။ တန်ခိုးကြီးမား သော ဘုရားဧတေတို့၏ ပိမိမွေးနံထောင့်တွင် ဆောင်ရွက်ရပါမည်။

(ဥဝမာ) ပြဆိုပါဦးအုံး

(က) တနင်္ဂနွေသား/သမီးသည် တန်ခိုးကြီးသောဘုရားဧတေတို့၏ တနင်္ဂနွေထောင့်မှနေ၍ တနင်္ဂနွေနေ့ နံနက်ပိုင်း အချိန်တွင် ဘုရားဧတေတော်အား အသက်သတ်လွတ်ဆွမ်း (၅)မွှာ၊ ယို (၅)မွှာ၊ ထို (၅)မျိုး (၅)မွှာကို ဆိုလိုပါသည်။ အောင်သပြေပန်း (၅)ခက်၊ ဂန္ဓမာအမြှေ (၅)မွှာ၌၊ သောက်တော်ရေ (၅)ခွက်။ ဖယောင်းတိုင် (၅)တိုင်ထွန်း ဘုရားကို ကပ်လှူပူဇော်ပါ။

ဆုတောင်းသည့်အခါ ဤသို့ ကပ်လှူပူဇော်ရသော ကုသိုလ်ကောင်းမှုကြောင့် တပည့်တော် တနင်္ဂနွေသား(နာမည်ထည့်)သည် (ကုန္ဓာသယ သဗ္ဗသိန္ဓိ မနောမယသိန္ဓိ မနော မယိန္ဒိ စိန္တာမယသိန္ဓိ၊ ဝိဇာမယသိန္ဓိတို့ကို အစိုးရအောင်မြင်ကြီးစီးရပါစေသတည်း) ဟု (၅)ခါ ဆိုပြီး ဆုတောင်း ပါလေ။ ပြီးလျှင် ဝိပိမွေးနံထောင့်ဘုရားမှာပင် (၅)ပါးသောသီလတော်ကြတ် တို့ကို ခံယူသောက်တည်၍ ဝိပိမွေးနံထောင့်မှာပင် လောကဓံဂါထာတော်ကို (၁၀၀၀)ပြည့် အောင် သို့မဟုတ် ပုတီး (၁၀)ပတ်ရအောင် ဂါထာတော်ကို ရွတ်ချီရွတ်စီပဲ စီပဲရပါမည်။ ဤ နည်းအတိုင်း အခဲ့ဌာန် (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက်၊ (၄၅)ရက်၊ (၅၄)ရက် စသည်ဖြင့် ဂါထာယတြာကိုပြုနိုင်ပါသည်။ အဆုံးစွန်ဆုံး ရက်ပေါင်း (၁၀၈)ရက် စုစုပေါင်း ဂါထာယတြာ ကို ကျဉ်ဆောင်အားယူတ်နိုင်ပါသည်။

(ခ) တနင်္လာသား တနင်္လာသမီးများသည် တန်ခိုးကြီးသောဘုရားဧတေတို့၏ တနင်္လာထောင့်မှ နေ၍ တနင်္လာနေ့ နံနက်ပိုင်း အဝိန်မှစ၍ ထိုဟနင်္လာထောင့်ဘုရားမှာပင် အသက်သတ်လွတ် ဆွမ်း(၅)မွှာ

ထို (၇)မျိုး (၇)ပွဲ၊ ကြက်သွန်ကြော်၊ ဟာလူးကြော်၊ ပဲကြော်၊ ဘူးသီးကြော်၊ ဘယာကြော် အကြော် (၇)မျိုး တစ်မျိုး (၇)ခုစီထည့်၊ အောင်သပြေပန်း (၇)ခက်၊ ဂန္ဓမာတပြွာ (၇)ပွင့်၊ သောက်တော်ရေ (၇)ခွက်၊ ဖယောင်းတိုင် (၇)တိုင်ထွန်း ဘုရားကို ကပ်လှူပူဇော်ပါ။

ဆုတောင်းသည့်အခါ ဤကပ်လှူပူဇော်ရသော ကုသိုလ်ကောင်းမှုကြောင့် တပည့်တော် တနလံ သား (နာမည်ထည့်)သည် (လွန်ခဲ့သော သင်္ဘသီဖို့ မနောမယသီဖို့၊ မနောမဟိဖို့၊ မနောမယီဖို့၊ စိန္တာမယသီဖို့၊ ဝိဇ္ဇာမယသီဖို့ သီဖို့တို့ကို အစိုးရ တောင်မြင့်ပြီးစီးရပါစေသတည်း) ဟု (၇)ခါ ဆိုရ၌ ဆုတောင်းကြရာ၏။

ပြီးလျှင် ဒိဗ္ဗမွေးနံ့ထောင့်ဘုရားမှာပင် (၇)ပါးသောသီလတော်မြတ် တို့ကို ခံယူဆောက်တည်ရ၌) ဒိဗ္ဗမွေးနံ့ထောင့်မှာပင် လောကခံဂါထာတော်ကို (၁၀၀၀)ပြည့် ဖောင် သို့မဟုတ် ပုတီး (၁၀)ပတ်ရအောင် ဂါထာတော်ကို ရွတ်၍ရွတ်စိပ် စိပ်ရပါမည်။

ဤနည်းအတိုင်း အဓိဋ္ဌာန် (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက်၊ (၃၄)ရက်၊ (၁၀၈)ရက် အဆုံးထား၍ ဂါထာတော်ကို စိပ်ရ၏။

မှတ်ချက်

တစ်နေ့တာ တစ်နေ့တာ ဂါထာ (၁၀၀၀) ရွတ်စိပ်ပြီးတိုင်း ဒိဗ္ဗဒွေတော် တွင် ဘုရားအား တင်လှူထားသော သောက်တော်ရေ (၇)ခွက်အား ဒုဿဘုရားထံတ ခွန့်တောင်းယူ၍ ပြထားသော ဆုတောင်း ဂါထာတော်နှင့် (၉)ခေါက်ဆို ဆုတောင်း၍ ရေများကို သောက်ပေးရပါမည်။ ထို့ကြောင့် သောက်တော်ရေခွက် (၇)ခွက်တို့ကိုမူ ဒိဗ္ဗဂါထာ (၁၀၀၀)ရွတ်စိပ်ရာ နေရာနှင့် အနီးဆုံးမှာ တင်ထားရမည်ကို အထူးသတိပြုပါ လေ။ သီဖို့ဆုတောင်းကို အပေါ်မှာ ဖော်ပြထားပြီး ဖြစ်ပါသည်။

(၀) အဂ်ါသား အဂ်ါသမီးများသည် အဂ်ါနေ့ နံနက်ပိုင်းအစိုန်မှာပင် တန်ဒိုးကြွေးဘုရား ဝေတီတော်၏ အဂ်ါထောင့်မှနေ၍ အသက်သတ်လွတ်ဆွမ်း (၇)ပွဲ၊ ယို (၇)မျိုး (၇)ပွဲ၊ ဆီးယို (၇)ပွဲ၊ ဆီးဖြူသီးသုတ် (၇)ပွဲ၊ သောက်တော်ရေ (၇)ခွက်၊ သပြေပန်း (၇)ခက်၊ ဂန္ဓမာတပြွာ (၇) ပွင့်၊ ဖယောင်းတိုင် (၇)တိုင်တွန်း ဘုရားကို ကပ်လှူပူဇော်ပါ။

ဆုတောင်းသည့်အခါ ဤကဲ့သို့ ကပ်လှူပူဇော်ရသော ကုသိုလ်ကောင်းမှုကြောင့် အဂ်ါသား (နာမည်ထည့်)သည် (လွန်ခဲ့သော သင်္ဘသီဖို့ မနောမယသီဖို့၊ မနောမဟိဖို့၊ မနောမယီဖို့၊ စိန္တာမယသီဖို့၊ ဝိဇ္ဇာမယသီဖို့ သီဖို့တို့ကို အစိုးရ တောင်မြင့်ပြီးစီးရပါစေသတည်း) ဟု (၇)ခါ ဆိုရ၌ ဆုတောင်းကြရာ၏။

ပြီးလျှင် ဒိဗ္ဗမွေးနံ့ထောင့်ဘုရားမှာပင် (၇)ပါးသောသီလတော်မြတ်တို့ကို ခံယူဆောက်တည်ရ၌) ဒိဗ္ဗမွေးနံ့ထောင့်မှာပင် လောကခံဂါထာတော်အား အခေါက်ရေပေါင်း (၁၀၀၀)ပြည့်အောင် သို့မဟုတ် ပုတီး (၁၀)ပတ်ရအောင် ဂါထာတော်ကို ရွတ်၍ရွတ်စိပ် စိပ်ရပါမည်။

ဤနည်းအတိုင်း အဓိဋ္ဌာန် (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက်၊ (၃၄)ရက်၊ (၁၀၈)ရက် စသည်ဖြင့် လောကခံဂါထာ ယတြာကို ဆောင်ရွက်နိုင်ပါသည်။ ဤလောကခံဂါထာ ယတြာ အကျင့်ကို ဆောင်ရွက်အားထုတ်နေစဉ်အတွင်း၌ နေ့စဉ် နေတိုင်း ဂါထာ (၁၀၀၀)ပြည့်ပြီးတိုင်း ကပ်လှူထားသော သောက်တော်ရေ (၇)ခွက်အား သီဖို့ဝင်ဆုတောင်းဂါထာဖြင့် (၉)ခေါက်ဆို ဆုတောင်း၍ ရေကို သောက်ရပါမည်။ ဤနည်းအတိုင်း ကျင့်ဆောင်ရာ၏။

(ဃ) ဝုဒ္ဓဟူးသား ဝုဒ္ဓဟူးသမီးများသည် ဝုဒ္ဓဟူးနေ့ နံနက်ပိုင်းအဓိန်မှာပင် တန်ဖိုးကြီးဘုရားစေတီ၏ ဝုဒ္ဓဟူးထောင့်မှနေ၍ အသက်သတ်လွတ်ဆွမ်း (၅)ပွဲ၊ ယို (၅)မျိုး (၅)ပွဲ၊ လက်ဖက်ပွဲ (၅)ပွဲ၊ လက်ဖက်ပွဲ (၅)ပွဲမှာ (လက်ဖက်အသား ဆီ ဆား ကြက်သွန်ကြော် နှမ်းလှော်) ထို (၅)မျိုးသော ပါဝင်ရမည်။ အဝိတွေ မထည့်ရ။ သောက်တော်ရေ (၅)ခွက်၊ အောင်သပြေပန်း (၅)ခက်၊ ဂန္ဓမာအမြွှေ (၅)မွှေ့၊ မယောင်းတိုင် (၅)တိုင်ထွန်းပါ။ ဘုရားကို ကပ်လှူပူဇော်ပါ။

ဆုတောင်းသည့်အခါ ဤသို့ကပ်လှူပူဇော် ရသော ကုသိုလ်ကောင်းမှုကြောင့် တပည့်တော် ဝုဒ္ဓဟူးသား (နာမည်ထည့်) သည် (ဤဘဝသာ သက္ကသိဒ္ဓိ မနောမယသိဒ္ဓိ၊ မနောဟိဒ္ဓိ၊ မနောမယိဒ္ဓိ၊ စိန္တမယသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိ သိဒ္ဓိတို့ကို အစိုးရ အောင်မြင်ပြီးစီး ရပါစေသတည်း) ဟု (၅)ခါ ဆို၍ ဆုတောင်းကြပါ။

ပြီးလျှင် မိမိမွေးနေ့ထောင့်ဘုရားမှာပင် (၅)ပါးသောသီလတော်မြတ် တို့ကို ခံယူဆောက်တည်၍) မိမိမွေးနေ့ထောင့်မှာပင် လောကဓံဂါထာတော်ကို (၁၀၀၀)မြည့် အောင် သို့မဟုတ် ပုတီး (၁၀)ပတ်ရအောင် ဂါထာတော်ကို ရွတ်၍ရွတ်စဉ် စိပ်ရပါမည်။

ဤနည်းအတိုင်း အဓိဋ္ဌာန်ရက်ကို သတ်မှတ်၍လည်း (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက်၊ (၃၄)ရက်၊ (၁၀၈)ရက် စသည်ဖြင့် အဓိဋ္ဌာန်ရက်ဝင်၍ လောကဓံဂါထာ ယတြာကို ကြိုးစား၍ ဆောင်ရွက်ကြဦးဆောင်ရာ၏။ တစ်နေ့တာ တစ်နေ့တာ ဂါထာတော် (၁၀၀၀)မြည့်တိုင်းလည်း မိမိအနိုးဒ် ကပ်လှူထားပြီးဖြစ်သော သောက်တော်ရေ (၅)ခွက်အား ဝုဒ္ဓဘုရားရှင်ထံမှ ပွန့်တောင်းယူ၍ အထက်ပါ သိဒ္ဓိဝင် ဆုတောင်းအတိုင်း (၉)ခေါက်ဆို၍ ဆုတောင်းပြီး ရေကို သောက်ပေးရပါမည်ကို သတိပြုပါလေ။

(င) ကြာသပတေးသား ကြာသပတေးသမီးများသည် လောကဓံဂါထာယတြာကို ပြုလုပ် ဆောင်ရွက်တော့မည်ဆိုသော် ကြာသပတေးနေ့နံနက်ပိုင်းအဓိန်၌ တန်ဖိုးကြီးမားသော ဘုရားစေတီတော်၏ ကြာသပတေးထောင့်မှနေ၍ အသက်သတ်လွတ်ဆွမ်း (၅)ပွဲ၊ ယို (၅)မျိုး (၅)ပွဲ၊ ဘူးသီးကြော်၊ ပဲကြော်၊ ဘယာကြော်၊ ကြက်သွန်ကြော်၊ ဟာလူးကြော် စုစုပေါင်း အကြော် (၅)မျိုး တစ်မျိုးလျှင် (၅)ခုစီထည့်ပါ။ သပြေပန်း (၅)ခက်၊ ဂန္ဓမာအမြွှေ့ (၅)မွှေ့၊ သောက်တော်ရေ (၅)ခွက်၊ မယောင်းတိုင်မီး (၅)တိုင်ထွန်း (လက်ဖက်ပွဲ ၅ ပွဲ) တို့အား ဘုရားကို ကပ်လှူပူဇော်ပါ။

ဆုတောင်းသည့်အခါ ဤကဲ့သို့ ကပ်လှူပူဇော်ရသော ကုသိုလ်ကောင်းမှုကြောင့် တပည့်တော် ကြာသပတေးသားသား (နာမည်ထည့်) သည် (ဤဘဝသာ သက္ကသိဒ္ဓိ မနောမယသိဒ္ဓိ၊ မနောဟိဒ္ဓိ၊ မနောမယိဒ္ဓိ၊ စိန္တမယသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိ သိဒ္ဓိတို့ကို အစိုးရ အောင်မြင်ပြီးစီးရပါစေသတည်း) ဟု (၅)ခါ ဆို၍ ဆုတောင်းကြပါ။ ပြီးလျှင် မိမိမွေးနေ့ ထောင့်ဘုရားမှာပင် (၅)ပါးသောသီလတော်မြတ် တို့ကို ခံယူဆောက်တည်၍) မိမိမွေးနေ့ထောင့် မှာပင် လောကဓံဂါထာတော်ကို (၁၀၀၀)မြည့်အောင် သို့မဟုတ် ပုတီး (၁၀)ပတ်ရအောင် ဂါထာတော်ကို ရွတ်၍ရွတ်စဉ် စိပ်ရပါ။

ဤလောကဓံဂါထာ ယတြာ အကျင့်နည်းကိုလည်း အဓိဋ္ဌာန်မြဲ၍ (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက်၊ (၃၄)ရက်၊ (၁၀၈)ရက် စသည်ဖြင့် ကျင့်ဆောင် ပွားများ အားထုတ်နိုင်ပါသည်။ တစ်နေ့တာ တစ်နေ့တာ ဂါထာတော် (၁၀၀၀)မြည့်တိုင်း မိမိရွေးနားတွင် ရှိသော ကပ်လှူထားသော သောက်တော်ရေ (၅)ခွက်ကို ဝုဒ္ဓဘုရားရှင်ထံမှ ပွန့်တောင်းယူ၍ အထက်ပါ သိဒ္ဓိဝင်ဆုတောင်းအတိုင်း (၉)ခေါက်ဆို၍ ဆုတောင်းကာ ရေကို သောက်ပေးရပါမည်။

(၀) သောကြာသား၊ သောကြာသမီးများသည် လောကဓံဂါထာယတြာကို ပြုလုပ်တော့မည် ဆိုလျှင် သောကြာနေ့နံနက်ပိုင်းအခိုနှိ်ဒ် တန်ဖိုးကြီးမားသော ဘုရားစေတီတော်၏ သောကြာထောင့်မှနေ၍ အသက်သတ်လွတ်ဆွမ်း (၅)ပွဲ၊ ယို (၅)မျိုး (၅)ပွဲ၊ ဘူးသီးကြော်၊ ပဲကြော်၊ ဘယာကြော်၊ ကြက်သွန်ကြော်၊ အာလူးကြော် တကြော် (၅)မျိုး၊ တစ်မျိုးလျှင် (၅)ခုစီ ထည့်ပါ။ သရက်သီးသနပ် (၆)ပွဲ၊ သံပုရာဖျော်ရည် (၆)ခွက်၊ သီးသီးသန့်ရှင်းပြီးသား (၆)စီပ်၊ သောက် တော်ရေ (၅)ခွက်၊ သပြေပန်း (၅)ခက်၊ ဂန္ဓမာတမြွှေ (၅)ပွင့်၊ ဖယောင်းတိုင်မီး (၅)တိုင်ထွန်း ဘုရားကို ကပ်လှူပူဇော်ပါ။

ဆုတောင်းသည့်အခါ ဤကဲ့သို့ ကပ်လှူပူဇော်ရသော ကုသိုလ် ကောင်းမှုကြောင့် တပည့်တော် သောကြာသားသား (နာမည်ထည့်) သည် (ဤဘွာသယ သဗ္ဗသိဒ္ဓိ မနောမယသိဒ္ဓိ၊ မနောမဟိဒ္ဓိ၊ မနောမယိဒ္ဓိ၊ စိန္တမယသိဒ္ဓိ၊ ဝိဇာမယသိဒ္ဓိ သိဒ္ဓိတို့ကို အစိုးရ အောင်မြင်ပြီးစီးရပါစေသတည်း) ဟု (၅)ခါ ဆို၍ ဆုတောင်းကြပါ။

ပြီးလျှင် ဝိဝိမွေးနံ့ထောင့်ဘုရားမှာပင် (၅)ပါးသောသီလတော်မြတ် တို့ကို ခံယူ ဆောက်တည်၍) ဝိဝိမွေးနံ့ထောင့်မှာပင် လောကဓံဂါထာတော်ကို (၁၀၀၀)ပြည့်အောင် ရွတ်ပတ် သရဇ္ဈာယ်ပါ။ သို့မဟုတ် မူတိုး (၁၀)ပတ်ရအောင် ဂါထာတော်ကို ရွတ်၍ရွတ်စီပ် စီပ်ပါ။

ဤလောကဓံဂါထာ ယတြာကျွင့်နည်းကိုလည်း အဓိဋ္ဌာန်ဝင်၍ (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက်၊ (၅၄)ရက်၊ (၁၀၈)ရက် စသည်ဖြင့် ကျင့်ဆောင် ပွားများ အားထုတ်နိုင်ပါသည်။ တစ်နေ့တာ တစ်နေ့တာ ဂါထာတော် (၁၀၀၀)ပြည့်ပြီးတိုင်း ဝိဝိရှေ့နားတွင် ရှိနေသော ကပ်လှူထားသော သောက်တော်ရေ (၅)ခွက်ကို ဝုဠဘုရားရှင်ထံမှ စွန့်တောင်းယူ၍ အထက်ပါ သီရိဝင်ဆုတောင်းအတိုင်း (၉)ခါဆို၍ ဆုတောင်းကာ ထိုရေတို့ကို သောက်ပေးရပါမည်။ (ဗုန်းမထားစေနှင့် မကျန်စေနှင့် ကုန်အောင် သောက်ရပါမည်။)

(ဆ) စနေသား စနေသမီးများသည် လောကဓံဂါထာယတြာကို ပြုလုပ် ဆောင်ရွက်စေလိုသော် စနေနေ့နံနက်ပိုင်းအခိုနှိ်ဒ် တန်ဖိုးကြီးမားသော ဘုရားစေတီတော်၏ စနေထောင့်မှ နေ၍ အသက်သတ်လွတ်ဆွမ်း (၅)ပွဲ၊ ယို (၅)မျိုး (၅)ပွဲ၊ ဘူးသီးကြော်၊ ပဲကြော်၊ ဘယာကြော် အကြော် (၃)မျိုး တစ်မျိုးလျှင် (၅)ခုစီထည့်ပါ။ နာနတ်သီး သန့်စင်ပြီးသား (၁၀)စီပ်၊ နာနတ် ဖျော်ရည် (၁၀)ခွက်၊ ဒေါနပန်း (၁၀)ခက်၊ အောင်သပြေပန်း (၅)ခက်၊ ဂန္ဓမာတမြွှေပွင့် (၅)ပွင့်၊ ဖယောင်းတိုင်မီး (၅)တိုင်ထွန်း၍ ဘုရားကို ကပ်လှူပူဇော်ကန်တော့ပါ။

ဆုတောင်းသည့်အခါ ဤသို့ ကပ်လှူပူဇော်ရသော ကုသိုလ်ကောင်းမှုကြောင့် တပည့်တော်စနေသား (နာမည်ထည့်) သည် (ဤဘွာသယ သဗ္ဗသိဒ္ဓိ မနောမယသိဒ္ဓိ၊ မနောမဟိဒ္ဓိ၊ မနောမယိဒ္ဓိ၊ စိန္တမယသိဒ္ဓိ၊ ဝိဇာမယ သိဒ္ဓိ သိဒ္ဓိတို့ကို အစိုးရ အောင်မြင်ပြီးစီးရပါစေသတည်း) ဟု (၅)ခါ ဆို၍ ဆုတောင်းကြပါ။

ပြီးလျှင် ဝိဝိမွေးနံ့ထောင့်ဘုရားမှာပင် (၅)ပါးသောသီလတော်မြတ် တို့ကို ခံယူဆောက်တည်၍ ဝိဝိမွေးနံ့ထောင့်မှာပင် လောကဓံဂါထာတော်ကို (၁၀၀၀)ရအောင် ရွတ်ပတ်သရဇ္ဈာယ်ပါ။ သို့မဟုတ် မူတိုး (၁၀)ပတ်ရအောင် ဂါထာတော်ကို ရွတ်၍ရွတ်စီပ် စီပ်ပါ။

ဤလောကဓံ ဂါထာယတြာကျင့်နည်း ကိုလည်း အဓိဋ္ဌာန်ဝင်၍ အဓိဋ္ဌာန်ပြု၍ (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက် စသည်ဖြင့်လည်းကောင်း အများဆုံး (၁၀၈)ရက် စသည်ဖြင့် ကျင့်ဆောင် ပွားများ အားထုတ်နိုင်ပါသည်။ တစ်နေ့တာ တစ်နေ့တာ လောကဓံ ဂါထာများကို ရွတ်ပတ်သရဇ္ဈာယ်ရာ၌ ဂါထာ (၁၀၀၀) ပြည့်ပြီးတိုင်း သို့မဟုတ် မူတိုးအပတ်ပေါင်း (၁၀)ပတ် ပြည့်ပြီးတိုင်း ဝိဝိရှေ့နားတွင် ရှိသော ကပ်လှူ

ထားသော သောက်တော်ရေ (၅)ခွက်ကို ဒုဿ ဘုရားရှင်ထံမှ စွန့်တောင်းယူ၍ အထက်ပါ ပြဆိုခဲ့ပြီးဖြစ်သော သီဒွိဝင်ဆုတောင်းနှင့် (၉)ခါ ပြည့်အောင် ဆုတောင်း၍ ထိုရေတို့ကို သောက်ပေးရပါမည်။

(၈) ရာဟုသား ရာဟုသမီးများသည် ဤလောကဓံဂါထာယတြာတကွင်လမ်းကို ဆောင်ရွက်စေလိုသော် ရာဟုနေ့ ဖြစ်သော ဥဿဟူးနေ့ နေ့လယ် (၁)နာရီမှဝ၍ တန်ခိုးကြီးမားသော ဘုရားစေတီတော်၏ ရာဟု ထောင့်မှ နေ၌ ဒဲယိုသီးဖျော်ရည် (၅)ခွက်၊ ယို (၅)မျိုး (၅)မှု၊ ရွှောက်ဖျော်ရည် (၅)ခွက်၊ သောက်တော်ရေ (၅)ခွက်၊ ယပ်တောင် (၁၂)ချောင်း အောင် သပြေပန်း (၁၂)ခက်၊ ဂန္ဓမာဘဖြူမွှေး (၁၂)မွှေး၊ ဗယောင်း တိုင်မီး (၅)တိုင်ထွန်း၍ ဘုရားကို ဖျာလှူပူဇော်ကန်တော့ပါ။ ဆုတောင်းသည့်အခါ ဤသို့ ကပ်လှူပူဇော်ရသော ကုသိုလ်ကောင်းမှုကြောင့် တပည့်တော်ရာဟုသား (နာမည်ထည့်) သည် (ဤကဲ့သို့သော သမ္မသိဒ္ဓိ မနောမယသိဒ္ဓိ၊ မနောမဟိဒ္ဓိ၊ မနောမယိဒ္ဓိ၊ စိန္တမယသိဒ္ဓိ၊ ဝိဇ္ဇာမယ သိဒ္ဓိ သိဒ္ဓိတို့ကို အစိုးရ အောင်မြင်ပြီးစီး ရပါစေသတည်း) ဟု (၅)ခါ ဆို၍ ဆုတောင်းကြရာ၏။

ပြီးလျှင် ဗိဓိမွေးနံ့ထောင့်ဘုရားမှာပင် (၅)ပါးသောသီလတော်မြတ်တို့ကို စံယူဆောက်တည်၍ ဗိဓိမွေးနံ့ထောင့်ဘုရားမှာပင် လောကဓံ ဂါထာတော်အား ဂါထာအခေါက်ရေပေါင်း (၁၀၀၀)ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ရာ၏။ သို့ မဟုတ် ပုတီးအပတ်ရေပေါင်း (၁၀)ပတ်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ရာ၏။

ဤလောကဓံ ဂါထာယတြာကျင့်နည်းကိုလည်း အဓိဋ္ဌာန်ဝင်၍ အဓိဋ္ဌာန်သစ္စာပြု၍ (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက် စသည်ဖြင့်လည်းကောင်း (၅၄) ရက်၊ (၁၀၈)ရက် စသည်ဖြင့် လည်းကောင်း ဆောင်ရွက် အားထုတ်နိုင်ပါသည်။ တစ်နေ့တာ တစ်နေ့တာ လောကဓံဂါထာများကို ရွတ်ဖတ် သရဇ္ဈာယ်ရာ၌ ဂါထာ (၁၀၀၀) ပြည့်ပြီးသည့်အခါ သို့မဟုတ် ပုတီးအပတ်ရေ (၁၀)ပတ် ပြည့်သည့်အခါ ဗိဓိရွှေနားတွင် ဘုရားရှင်ကို ကပ်လှူထားပြီးဖြစ်သော သောက်တော်ရေ (၅)ခွက်ကို ဒုဿ ဘုရားရှင်ထံမှ စွန့်တောင်းယူ၍ အထက်ပါ ပြဆိုခဲ့ပြီးဖြစ်သော သီဒွိဝင်ဆုတောင်းနှင့် (၉)ခါဆို ဆုတောင်း၍ ရေတို့ကို သောက်ရာ၏။

ဤတွင် လောကဓံဂါထာအား ယတြာနှင့် တွဲ၍ ကျင့်ဆောင်မှုများမှာပုံ အားထုတ်ပုံတို့ကို ပြသခဲ့ပါပြီး ဤအတိုင်း အဓိဋ္ဌာန်အကျင့်ကို (၉)ရက် တစ်ဝန်း တစ်ကြိမ်၊ (၁၈)ရက် တစ်ဝန်း တစ်ကြိမ်၊ (၂၇)ရက် တစ်ဝန်း တစ်ကြိမ် စုစုပေါင်း ဝန်း (၃)ဆင့်ကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်နိုင်ပါက ကြံစည်တိုင်း ပြီးစီးနိုင်၏။ ပြောတိုင်းဆိုတိုင်း အောင်မြင်နိုင်၏။ တောင်းတိုင်းလည်း ရနိုင်၏။ တောင့်တ တိုင်းလည်း မြည့်စုံစေနိုင်တော့၏။ အောင်မြင်ခဲ့ပါလျှင် အတိတ်ထူး နိမိတ်ထူးများ ပြသလာကုန်၏။ သုရသေတီနတ်သမီးများ အိမ်မက်ထဲတွင်မြင်တွေ့ရနိုင်၏။ အမျိုး အာသာ သာသနာ တော်မြတ်ကို တစ်မက်တစ်လမ်းက သာသနာပြုနိုင်၏။ ဤ (၉)ရက်တစ်ဝန်းမှ စ၍ (၂၇)ရက်၊ နံပါတ် (၃)ဝန်းအထိ ဝန်း သုံးဆင့်ဝယ်းကို ထပ်ခါတလဲလဲ အားနှံတလဲလဲ အကြိမ်ပေါင်း များစွာ အောင်မြင်ပြီးထားပါက ဆရာတစ်ဆု ဖြစ်လာတော့၏။ ကြံစည်သမျှ တောင့်တသမျှ ပြောသမျှ ဆိုသမျှ အကုန်ပြီးစီး၏။ စီးပွားရေး အလုပ်များ၊ ကုမ္ပဏီလုပ်ငန်းများ၊ အရောင်း အဝယ်လုပ်ငန်းကြီးများ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြီးများ သည် တိုးတက်လာရ၏။ ကြီးပွားလာရ၏။ ခွမ်းသာလာရ၏။ ပြည့်စုံလာရတော့၏။ ဝည်းစိမ်ဥစ္စာ ရတနာ ရွှေငွေ တို့သည် ဆတက်တိုး တိုး၍ တိုး၍သာ ဝင်လာမည် ဖြစ်လေတော့၏။ အလုပ်သမားအခွင့်အရင်း ညီညွတ် မှုစိတ်ခင်၏။ ဝန်းကပ်အခွင့်အရင်း ညီညွတ် ခွစ်ခင်၏။ လေးကွန် အဝိုင်းအဝန်းများ ဗိဓိကိန်း ဗိဓိဌာနမှာ မြဲမြံနေတတ်၏။ ဗိဓိအလုပ် ဗိဓိဌာန ဗိဓိလုပ်ငန်းများကွင် သုခိုးပရိန်းနိုင်း၊ ဘေးမြ ပရိန်းနိုင်း၊ အန္တရာယ်သမားပရိန်းနိုင်း၊ လိမ်ညာမည်သူ ပရိန်းနိုင်း ဗိဓိတပေါ်ခွင်လည်းကောင်း၊ ဗိဓိ၏ ဗိသားစုတပေါ်ခွ

လည်းကောင်း၊ ဖိဝိတ်လုပ်ငန်း၊ ဖိဝိတ် စီးပွားရေးအပေါ် ဒွဲလည်းကောင်း သစ္စာ ရှိကုန်၏၊ ကတိတည်လာကုန်တော့၏၊ ထို (၂၇)ရက်စခန်းမှ (၅၄)ရက်တစ်စခန်းအထိ ထိုမှ တစ်ဆင့် ရက်ပေါင်း (၁၀၈)ရက်စခန်းအထိ ကြိုးစားဆောင်ရွက်၍ ဟောင်ပြင်ထားပြီးပါက သမာဒေဝနုတ်တို့သည် သာသနာတော်စောင့်နတ်တို့သည် ဖိဝိအား စောင့်ရှောက်လာရကုန်၏၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာကွဲပိုးနတ်၊ ဘုမ္မရိုးနတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်တို့သည် ဖိဝိတို့အား ကြည့်၍စောင့်ရှောက်လာကုန်တော့၏၊ ကောင်းသောတိပဝက်ခြင်းသည် ပြစ်၏၊ ကောင်းစွာ နိုးထရခြင်းသည်ပြစ်၏၊ ကောင်းသောတိပဝက်များကိုသာ မြင်မက်နိုင်၏၊ ရောဂါမှန်သမျှတို့သည်လည်း အလိုအလျောက်ပင် ပျောက်ကင်းဆုံးသာ ရကုန်၏၊ ကမ္ဘာသူ ကမ္ဘာသား နိုင်ငံသူ နိုင်ငံသား၊ ခုနစ်ရက်သား၊ ခုနစ်သမီး အားလုံးတို့တွင် စွဲကပ်နေသော ရောဂါအမျိုးမျိုး၊ အနာအမျိုးမျိုးတို့ကိုလည်း ဖိဝိရွှေမှာ ကပ်လှူထားပြီးပြစ်သော အသက်သတ် လွတ်ဆွမ်း၊ ခဲဖွယ်၊ ဘောဝဲ့ အချို အချဉ်တို့ကို သိဒ္ဓိဝင်ဆုတောင်းနှင့် ဆုတောင်း၍ ဝဋ္ဌ ဘုရားရှင်ထံက ဖွန့်ယူတောင်းယူ၍ လူနာများအား ကျွေးမွေးခြင်းဖြင့် ရောဂါအမျိုးမျိုး အနာ အမျိုးမျိုးတို့ကို ပျောက်ကင်းစေရတော့၏၊ ခန္ဓာကိုယ်ပေါ်တွင် ပြစ်ပေါ်လွှက်ရှိသော အနာ ရောဂါအမျိုးမျိုး တို့ကို ပျောက်ကင်းစေရတော့၏၊ ခန္ဓာကိုယ်ပေါ်တွင် ပြစ်ပေါ်လွှက်ရှိသော အနာ ရောဂါအမျိုးမျိုးတို့ကိုလည်း ဘုရားရှေ့မှာ ကပ်လှူထားသော သောက်တော်ရေ (၅)ခွက် ကို ဘုရားရှင်ထံမှ ဖွန့်ယူတောင်းယူ၍ သိဒ္ဓိဝင်ဆုတောင်းပြင့် ဆုတောင်း၍ လူနာများ၏ အနာများအား လိမ်းခွေးခြင်း၊ ပက်ဖျန်းပေးခြင်း၊ သောက်လည်း သောက်စေခြင်းဖြင့် လွှင့်ပြန်ဖွာသာလျှင် အနာများ ရောဂါများ သက်သာပျောက်ကင်းစေရတော့၏၊ နေ့စဉ်ရက်ဆက်ဤကဲ့သို့ လုပ်ဆောင်ပေးပါက ရောဂါမှန်သမျှ အနာမှန်သမျှ အားလုံးပျောက်ကင်းရကုန်၏၊ ဗောဓိဟာ ဓာတ်ဟာ နတ်ဟာ ကြွေက်တာဟာ စိတ်ထဲက ပေါ်လာတာ အားလုံးဟောပါ၊ ဟောတိုင်း မှန်နေရတာတော်၏၊ သူရဿတီနတ်ဒေဝီနှင့်တကွ ဒေဝီ (၇)ပါး၊ ဒေဝီ (၉)ပါး၊ ဒေဝီ (၁၂)ပါးတို့ ကူညီမစကြရကုန်တော့၏၊ ဗောဓိပညာရပ်များကို မသင်ဘဲနှင့် တက်နေတတ်၏၊ ဟောတိုင်း ပြောတိုင်း မှန်ကန်နေတတ်၏၊ ဆရာလုပ်သူ ဖိဝိသည် စိတ်သွေးတိုင်း ကိုယ်ပါ လိုရာဒေါသကို ပေါက်ပြောက်စေနိုင်၏၊ စိတ်၏တန်ခိုးကို ရရှိခြင်း၊ စိတ်၏ သိဒ္ဓိကို ပြီးစီးခြင်း၊ စိတ်၏ လိုအင်ဆန္ဒဆန်းသာခြင်းကို ပြီးစီးခြင်း၊ လိုချင်ရာ တောင့်တရာတို့ကို ပြီးစီးစေနိုင်သော မနောမယသိဒ္ဓိ မနောမဟိဒ္ဓိ မနောမယိဒ္ဓိ စိန္တာမယသိဒ္ဓိတို့ကို ရရှိအောင်မြင်ပြီးစီးဝေဖြည်း အမြဲ ဘာသာ သာသနာအကျိုးကို မုချကောန်ပြုနိုင်ရာတော့၏၊

ယောင်းမ ယောင်းသမန္မေယတြော

ယခုခေတ် ယခုကာလသည် ဝိပွတ္တိ ကာလ ဖြစ်လေသောကြောင့် ကိစ္စတဝဝတို့သည် အစာစာ အကြောင်းတို့သည် ပုံသေကားခွက် ဖြစ်လိမ့်မည်ဟု မဆိုသာသလို မဖြစ်ဘူးဟုဒ္ဓိလည်း မဆိုသာသော ကာလဖြစ်ပါသည်။

ကာလသမယသည်ကား ကုသိုလ်တရားထက် အကုသိုလ် ဒုစရိုက်များက လွှမ်းမိုးသောကာလဖြစ်၍ အကောင်းကနေ အဆိုးဖြစ်လိုက်၊ အဆိုးကနေ ပိုဆိုးသွားတာမျိုးဖြစ်လိုက်၊ ပိုဆိုးမည်ထင်သော အစာမှန်သမျှ သက်သာစာရလိုက်၊ သက်သာ စာရသည်မှ အကောင်းဆုံးဖြစ်လိုက်နှင့် မတည်မငြိမ် ဖြစ်နေတတ်ပါသည်။ အစာစာသည် အစိုး မရနိုင်၊ ကိစ္စမှန်သမျှသည် အပြမရှိ။

ထို့ကြောင့် ခွမ်းသာမှုထက် ဆင်းရဲဒုက္ခတွေက ပိုမို များပြားလာရကုန်၏။ ကလိယုဂ် ဆုတ်ကပ် ကာလဟုပင်မှတ်ရပါမည်။ တိုအဒ်ဒိန် ထိုကာလမျိုးတွင် လောကီပညာအရ ဇီးပွားရေး အလုပ်အကိုင်များနှင့် မတ်သက်သော ယကြာကောင်းကောင်း၊ အဆောင်ကောင်းကောင်း၊ ဂါထာကောင်းကောင်းရှိထားဖို့ အလွန် လိုအပ်ပါသည်။ မရှိထားသော ပုဂ္ဂိုလ်နှင့် ရှိထားသောပုဂ္ဂိုလ် အကျိုးပေတောခြင်း၊ ပြီးစီးအောင်မြင်ကြတာခြင်း မတူညီတတ်ကြပေ။ အချို့သည် ကောင်းကောင်းမွန်မွန် ပြီးစီးကြ၍ အချို့တို့သည် မကောင်းတကောင်း တစ်ဝက်၊ တစ်ပျက်ပြီးစီးကြတာမျိုးလည်း များပြားလှပါသည်။ လုတိုင်း လုတိုင်းသည် ဝိဓိဘဝကောင်းစား ရော ပြည့်စုံရော၊ တိုးတက်ကြီးပွားရေးများကို မလုပ်မူးသူ မရှိနိုင်ပါ။ အနည်းနှင့် အများ လုပ်မူးကြသည် ချည်းပင်။ ထိုအထဲမှ စွတ်စွတ်ယွတ်ယွတ် အောင်မြင်တိုးတက်သွားတာများ မြို့ကြသလို မအောင်မြင်ဘဲ တွဆုံးသွားကြသည်များလည်း များပြားလှကုန်တော့၏၊ အချို့လည်း တစ်ဝက်တစ်ပျက် အောင်မြင်မှု ရသည်ကိုပင် (တို့က ကံလောက်ပဲ ပေးတာကိုးဟ) ဟု ပြောဆိုတတ်ကြပါသည်။

မည်သို့ပင် ဖြစ်ပါစေး (က) က် တရားရယ် (ခ) ဉာက်တရားရယ် (ဂ) ဝိရိယဆိုသော ကြိုးစားမှုရယ်၊ ဤအဖွဲက် (၃)ဖွက် တို့ကို ဟန်ဖွက်ညီညီး သဟသမမျှမှုတတ ဆောင်ရွက်ကြမည်ဆိုပါက ဤလောကတွင် ဤကမ္ဘာ ပေါ်တွင် မအောင်မြင်သောအရာမရှိနိုင်၊ မဖွယ်းသာသော အရာမရှိနိုင်၊ မတိုးတက်သော အရာမရှိနိုင်၊ မကြီးပွားသောအရာလည်း မရှိနိုင်တော့ဟု ဆိုလိုပါသည်။ ဤနေရာ၌ အထူး ဆိုပါဦးတော့။

အချို့သောပုဂ္ဂိုလ်တို့သည် ကံကို ယုံစားတဲ့၊ ကံကို အားကိုးတဲ့၊ အားသာအားကိုးသည်း ကံကို ယုံတော့ယုံသည်၊ ထိုမိမိ ယုံကြည်နေသောကံ၊ မိမိအားကိုးသောကံကို ပိုမိုဖို့ အားကောင်းအောင် ပိုမိုဖို့

ကြီးကျယ်လာအောင် ပိုပိုရှိ အဆင့်မြင့်မားလာအောင်ကိုမူ မလုပ်တတ်ကြပေး လုပ်ရကောင်းမှန်းလည်း နားမလည်ခဲ့ပေး

(ဘာမြစ်မြစ် အလုပ်လုပ် ကံကို ယုံသည်၊ ကံကို ပုံးအုသည်၊ ကံကိုသာ အားကိုးသည်၊ သို့သော် ဗိမိအားကိုးယုံကြည်နေသော ကံသည် ကောင်းနေသလား၊ ဆိုးနေသလား ဟူ၍ မသိ မမြင်နိုင်ခဲ့ပေး၊ ကံအားသည် ကံနည်း နေသလား၊ ကံအားမှားနေသလား ဆိုသည်ကိုလည်း မသိနိုင်ကြပေး၊ ကံကို မယုံရဘူး မဆို လိုပါ၊ ယုံရပါမည်၊ အားလည်း ကိုးရပါမည်၊ သို့ပေမဲ့ ဗိမိအားကိုး ယုံကြည်နေသော ကံတရား သည် အမြဲတမ်း အားကောင်းနေဖို့လိုပါသည်၊ အမြဲတမ်း ထက်မြက်နေဖို့လည်း လိုပါသည်၊ ကံတရား သည် အမြဲတမ်း ထက်မြက်နေဖို့ ကြိုးကျယ်ခန့်ညားနေဖို့ အထူးလိုအပ်နေမည်ကို သတိမြဲသင့်ပါသည်၊ ဗိမိအားကိုး ယုံကြည်နေသည့်ကံသည် မဖို့နဲ့ပါဘေနှင့်၊ မချို့တဲ့ပါဘေနှင့်၊ အားမနည်းပါဘေနှင့်၊ ဤသည်ကို အထူးသတိပြုပါလေး ဤ၌ တတိသုဓမကြောက္ခမ်းကြီး၌ ဟော်ပြထားသောနည်း နိဿယများသည် ကံတရားကို အမြဲတမ်း အားကောင်းနေအောင် ကံတရား အမြဲတမ်းထက်မြက်နေအောင်၊ အမြဲတမ်း အားကြီးနေအောင်၊ ခန့်ညားနေအောင်၊ ကြီးကျယ်ခန့်နားနေအောင် ပြသထားသော ယတြာများပင် ဖြစ်ပါသည်။ ကံတရားပြီးပြန်တော့ (ဘုက်)တရားကို ဆိုပါဦးဘုံး၊ မိမိမှာရှိသောဘုက်သည် သမ္မာအာဇီဝနှင့် ယှဉ်တွဲနေသော ဘုက်ဖြစ်ဝေရပါမည်။ မိစ္ဆာဇီဝမဖြစ်စေသင့်ပေး အဖွဲ့ဝင်းဖွဲ့ဝင်းအပေါ် မတရားသော ဘုက်၊ မမှန်ကန်သောဘုက် ယုတ်မာညစ်ပတ်သော ဘုက်နှင့် လုပ်ကားတာမျိုး၊ ခွပ်းသောအောင်လုပ် တာမျိုး မဖြစ်သင့်ပါ၊ တစ်ပါးသူတပေါ်တွင် လိုးစားတာမျိုး၊ ဖြတ်စားတာမျိုး၊ မတရား အကွက် ဆင်စားတာမျိုး၊ အကြံအဖန်လုပ်စားတာမျိုး ဤကဲ့သို့သော ဘုက်မျိုးကို မဆိုလိုပါ၊ ဘုက်ဆိုသည်မှာ သူတစ်ပါးအား မထိခိုက်စေဘဲ သူတစ်ပါးဗိသားစုအား မထိခိုက်စေဘဲ ပြီးပြီးရာ ဒေသ နိုင်ငံ စသည်တို့ကို မထိခိုက်စေဘဲ သို့မဟုတ် အမှားပြည်သူတို့ကို မထိခိုက်၊ မနစ်နာစေဘဲ ဤကဲ့သို့ လုပ်လျှင် ဤသို့ ကြီးပွားနိုင်သည်၊ ဤအလုပ်ကို လုပ်ခဲ့လျှင် ဤကဲ့သို့ ချမ်းသာနိုင်သည်၊ ဤအလုပ်နှင့် ငါနှင့် သင့်တော်သည်၊ မသင့်တော်သည်၊ ဤအလုပ်ကိုလုပ်ခြင်းဖြင့်)

ကြီးပွားနိုင်ခံ၊ မကြီးပွားနိုင်ခံတို့ကို (ကောင်းသောဆန္ဒ၊ ကောင်းမြတ်သော ကိုယ်ခွင်းစနာ ထောက်ထားသောစိတ်ဖြင့် ကိစ္စအဝဝ၊ အကြောင်းတရာ အပြာပြာတို့ကို ဘုက်နှင့် ခွင့်ဖိုန်၍ အလုပ်လုပ် တတ်သောဘုက်ကို ဆိုလိုပါသည်။)

ဝိရိယတရားဆိုတာ၌လည်း သူတစ်ပါး ပျက်စီးအောင်၊ ဝုက္ခရောက်အောင်၊ သူတစ်ပါးမှက်ရည်ကျ အောင်၊ သူတစ်ပါး ထောင်ကျအောင်၊ ဘဝပျက်စီးအောင် ကြိုးစားအားထုတ်သော ဝိရိယကို ဆိုလိုသည် မဟုတ်။ သူတစ်ပါးအား မထိခိုက် မနစ်နာဝေရဘဲ အမှားပြည်သူတို့အား မထိခိုက်မနစ်နာဝေရဘဲ ဗိမိ ဘဝအတွက် ဗိမိ ဗိသားစုအတွက်၊ ဗိမိ၏ ဆွေမျိုးသားချင်းအတွက်၊ ဗိမိ၏ စီးပွားရေး ဘဝမှလုံရေး ဘဝတိုးတက်ရေး၊ ဘဝကြီးပွားရေးအတွက် ကြိုးမာန်စွာ ကြိုးစားအားထုတ်နေသော ဝိရိယတရားကို ဆိုလိုပါသည်၊ ဤကဲ့သို့သော ဝိရိယမျိုးကို ကြိုးစား၍ အားထုတ်သင့်သည်ဟု မှတ်ရပါမည်။

(ကံ ဘုက် ဝိရိယ ဤတရားသုံးပါးကိုသာ လတ်ကိုင်ထား၍ အားကိုး ယုံကြည်၍ နစ်လားတဲ့ . . . လောတဝံ . . . ငါလားဟဲ့ ကံ ဘုက် ဝိရိယ သို့မဟုတ် နင်လားဟဲ့ စီးပွားရေး . . . ငါလားတဲ့ ကံ ဘုက် ဝိရိယ ဤသို့လျှင် ကြုံရဝါး၍ စီးပွားရေး အလုပ် အကိုင်တို့ကို ပိုပိုရှိ ကြိုးစား အားထုတ်သင့်လှ၏) ကံကို အားကိုးတော့လည်း မည်သို့မည်ပုံ အားကိုးရမည်ကို မသိ (ကံယုံ၍ ဆုံးပုံမနှင်းစာ) ဟူသော စကားပုံကို ကြည့်လျှင် ကံကိုတော့ ယုံပါ၊ မယုံနဲ့ မဆိုလိုပါ။ သို့သော်လည်း

ကဲကိုယဲ့၌ ဆူးမဈးအောင်တော့ ဥာက်ကို အသုံးပြုရမည်ကို သတိရိုပါလေး ဤအတိုင်း ကဲကိုယဲ့၌ ဆူးမဲ့ကို နင်းလျှင်မူ ကဲကောင်းကောင်း ပ ကောင်းကောင်း ဆူးစူးမှာတော့ သေချာလှတ်။ နင်းလည်းနင်းရမည်၊ ပနင်းလျှင် မပြစ်ဟု ဆိုလာခဲ့ပါလျှင် (ဆူးမဈးအောင် ဘယ်လိုနင်းမည်နည်း) ဟူသော ဥာက်ကို အသုံးပြု၍ ဆူး မဈးအောင် နင်းတတ်ပို့ အထူးလိုအပ်သည်ဟု သိမှတ်ကြကုန်ရာ၏။

ဖုံးရိသောပုဂ္ဂိုလ်၊ ဥာက်မသုံးတတ်သော ပုဂ္ဂိုလ်၊ ဆွံ့ အ နားမကြားသော ပုဂ္ဂိုလ်၊ ဖွင့်သောပုဂ္ဂိုလ်၊ စိရိယ မရှိသောပုဂ္ဂိုလ်များအား ဘုရားလည်း မကြိုက်၊ နတ်လည်းမကြိုက်၊ ဗိဒ္ဓာ တော်ကို တပသီလည်း မကြိုက်၊ သုတော်ကောင်းတို့လည်း မကြိုက်၊ ပညာရှိတို့လည်း မကြိုက်ဟု သိမြင်တတ်ကြပါလေး။

ထို့ကြောင့် မည်သည့် ကိစ္စမဟူ မည်သည့်အကြောင်းအရာ မဟူ မည်သည့်အလုပ်အကိုင်ကိုမဟူ၊ မည်သည့်စီးပွားရေး အလုပ်အကိုင်ကို မဆို လုပ်ကိုင် ဆောင်ရွက်ကြစဉ် ကဲတရားကိုလည်း အားကိုးပါ။ တကိုးပေးမယ့် ကဲကိုလည်း ယုံကြည်ပါ။ ကဲတရားအပြတ်မံး ထက်ပြက်ကောင်းမွန်နေအောင်လည်း ပြည့်ဆည်းပေးပါ။ ဥာက်ကိုလည်း လွှာသုံးပါ။ မည်သည့်အလုပ်မဆို ဥာက်ကူပါ၊ ဥာက်နှင့် ယှဉ်လုပ်ပါ။

ထို့အပြင် ကြိုးစားမှု စိရိယကိုလည်း အားစိုက်ပါ။ ရေဆုံး မီးဆုံး ပြေအဆုံးတိုင် ကြိုးစားမှု စိရိယကို အားစိုက်ပါ။ ဒါဆိုပါလျှင် မီးပွားရေး အလုပ်အကိုင်၊ အရောင်းအဝယ် ကိစ္စမှန်သမျှ အောင်မြင်မှု တိုးတက်မှု၊ ကြီးပွားမှု ရလာမည်မှာ သေချာပါတော့တ်။ ထို့ကြောင့် **(စိရိယဥာက် မကွဲပြန် ရွှေတံ မပွင့်လင်း)** ဟု ဇွေပညာရှင်များ အဆိုအပိန့်ရှိခဲ့သည်မှားကို အထူးသတိပြုတတ်ကြပါလေး။

ယောင်းမ ယောင်းသမ ယကြာမျိုးကား ရှေးရွေးအခါ ထွက်ရပ်ပေါက်ဆရာကြီးများ ဆရာတော်ကြီးများ အသုံးပြုခဲ့သော ဟတ်ယကြာနည်းဖြစ်ပါသည်။ ဤနည်းဌ၌ နှစ်မျိုးနှစ်စားရှိပါသည်။

(က) အမျိုးထစားမှာ တနလာ၀နေ့ဖီးယောင်းမပြစ်ပြီး ကြိုးပြား ကြိုးခောင်းကို လုပ်ရပါမည်။

(ခ) အမျိုးအစားမှာ ဟတ်၊ ဝနေ့ဖီးယောင်းမပြစ်ပြီး ဆီးသား ဆီးခောင်းကို လုပ်ရပါမည်။

စောဖီးဌာ ပြကွဒိန်ကို ကြည့်ထားရပါမည်။ ပြကွဒိန်တွင် မည်သည့်လသည် တနလာလပြည့်ဖြစ်သည်ကိုလည်းကောင်း၊ အင်္ဂါနေ့ လပြည့်ဖြစ်သည်တို့ကိုလည်းကောင်း သေချာစွာ မှတ်သားထားရပါမည်။ ဤ (၂)ခုက်ကို မှတ်သားထားပြီးနောက် တနလာနေ့ မြန်မာလဆန်း(၈)ရက် မှ၀၌ လပြည့်နေ့နောက်ဆုံးထား၍ ကြိုးခောင်း ကြိုးပြားစသည်ကို (ယောင်းမ)လုပ်ရပါမည်။ ဤယောင်းမသည် (အ၀ယ်တောင်းသော ယောင်းမ) ဟု မှတ်ယူရပါမည်။ တနလာလပြည့်ပြီး နောက် လပြည့်ကျော် (၈)ရက်မှ၀၌ လကွယ်နေ့အထိ ဤရက်ဤအချိန်တတွင်း၌ ကြိုးပြား ကြိုးခောင်းကို ယောင်းမလုပ်ရပါမည်။ ဤယောင်းမသည် (အရောင်းကောင်းသော ယောင်းမ) ဟု မှတ်သားရပါမည်။ ဤယောင်းမ (၂)မျိုးကို တနလာလဆန်းနှင့် လပြည့်တွင် တစ်ကြိမ် လပြည့်ကျော် လကွယ်အတွင်းတစ်ကြိမ်အားဖြင့် ယောင်းမ နှစ်မျိုးရရှိနိုင်ပါသည်။

မှတ်ချက်

ပြန်မာလဆန်း(၈)ရက်မှ လပြည့်နေ့အထိ ဗလ၀နေ့၊ ဆတိဗလ၀နေ့၊ အင်္ဂါနေ့ ပြန်မာလပြည့်ကျော် (၈)ရက်နေ့မှ လကွယ်နေ့အထိ ဗိနေ့၊ ဆတိဗိနေ့၊ အင်္ဂါနေ့ဟု မှတ်ယူရပါမည်။ အခြားအခံ ယဉ်ကြော် ကို တိုအင်္ဂါနေ့ (၂)မျိုး ဗိအောင် စီရင်ချမြင်း ဖြစ်ပါသည်။

ထို့အတူ အင်္ဂါနေ့ လဆန်း (၈)ရက်မှ လပြည့်နေ့အထိသည် အတိ၀လ၀နေ့၊ အင်္ဂါနေ့အခါဖြစ်ပါသောကြောင့် ထိုအင်္ဂါနေ့တွင် ဆီးသားကို ယောင်းမလုပ်ရာ၏၊ ဤယောင်းမကို အ၀ယ်ကောင်းသောယောင်းမဟု မှတ်ရပါမည်။ ထို့အတူ အင်္ဂါလပြည့်ကျော် (၈)ရက်မှ စ၍ လကွယ်နေ့ နောက်ဆုံးထား၍

တင်ပြနေသည် အတိအိနစ်နစ်အခါမြစ်၍ ဆီးသားကို ယောင်းမလုပ်ရပါမည်။ ဤယောင်းသည် အရောင်းကောင်းသောယောင်းမ ဟု မှတ်ရပါမည်။ ဤသို့လျှင် ယောင်းမ လုပ်ပုံလုပ်နည်းကို သဘောပေါက်ပါလေ။ ဆေးပညာ နက္ခတ်ပညာ စန်းပညာကို တတ်သော ပုဂ္ဂိုလ်များ အလွယ်တကူစီရင်နိုင်သော ယတြာယောင်းမဖြစ်ပါသည်။ နေ့ ရက် တဆိုန် နာရီ စန်း တိထိ အနည်းအများကို ကြည့်၍ စီရင်ရသော နည်းဖြစ်ပါသည်။

ဤယောင်းပများကို စုပ်မန်းရပည်ဂါထာများမှာ ပြန်ဟလဆန်း (၈)ရက်မှ လပြည့်နေ့ အထိ ဆောင်ရွက်ထားသော ယောင်းပများကို ဥပုဇ္ဈပဲကာယ ဗန္ဓန် ဝိယံပဗတစ် ဤဂါထာနှင့် (၁၀၈)ခေါက် စုပ်မန်းထားရပါမည်။ ပြန်မာလပြည့်ကျော် (၈)ရက်မှ လကွယ်နေ့ အထိ ဆောင်ရွက်ထားသော ယောင်းပများကို ဥမ် ဗဇ္ဇတမုံပို ဩကာသေ တိဋ္ဌာဟိတိ စသာဥတ္တိ . . ဟူသော ကမ္ဘဝါသည်းဖြေ ဂါထာတော်ပြင့် (၁၀၈)ခေါက် ရွတ်မန်းထားရပါမည်။ ညွှန်ပြထားသော နေ့ကောင်းရက်သာ အခါကောင်း တဆိုန်ကောင်း စန်း တိထိ ဝိတောင် စီရင်နိုင်ပါက ပို၍ အစွမ်းထက်ပြက်ပါလိမ့်မည်။ ပြန်မာလဆန်း (၈)ရက်မှ လပြည့်နေ့အထိ ဆောင်ရွက်ထားသော ယောင်းမကို ဆောင်ထားရသော် လူဆုစ်လူခင်များ၏ လူ နတ်တို့ ဖွစ်ခင်ပြတ်နိုးရ၏။ မျက်နှာပွင့်လန်းရ၏။ ပြောသမှု ဆိုသမှု အောင်ပြင်ရ၏။ တောင်းတိုင်းလည်း ရစေတတ်၏။ အရောင်းအဝယ် ကိစ္စများတွင် ဈေးခေါ်တိုင်း ဆွေးဆစ်တိုင်း ရလာစေတတ်၏။ ယောကျ်ားလေးများဆောင်ထားသော် ခွစ်သူပေါများ၏။ ဝိန်းကလေးများ တပ်လာစေတတ်၏။ ဧရစဝ် မည်သူ တိပ်ထောင်ဖက်များ ပြစ်လာစေတတ်၏။ မင်္ဂလာကိစ္စများလည်း ပြစ်လာစေရ၏။ ငွေထားသည့် သေတ္တာ၊ မီးခံသေတ္တာ သို့မဟုတ် ရွှေ ငွေ၊ ကျောက်မျက်ရတနာထားသည့် သေတ္တာစသည်များတွင် ထိုယောင်းမနှင့် ပွေပေးပါ။ (စည်းစိမ်ဥစ္စာ၊ ရတနာရွှေငွေများ ဝင်လာ မစဲ တဖွဖွဝင်ရောက်လာကြပါစေ) တု နှတ်ကပြော၍ ပွေပေးပါ။ ဤတွင် လက်ဝဲရစ် ပွေပေးပြီး (နှတ်က ရောက်လာခဲ့ပါ) ဟုပြော၍ လက်ဝဲရစ်ပွေပေးပါက မကြာမီ ရက်ပိုင်းအတွင်း ရောက်လာစေနိုင်၏။

ထို့အတူ ပြောင်းပြန်လက်ဝဲရစ် ပြန်ပွေလျှင် ရှိသော တတ်ပုံရွှင် အပြန်ဆုံးပြန်ထွတ်ခွါသွားရတော့၏။ တို့ပြင် (လာစေလိုပါလျှင် လက္ခဏာမွေ၍ ခေါ်ရမည်) (ထွက်သွားစေလိုလျှင် လက်ဝဲရစ် ပြန်ပွေထုတ်ရမည်) ကိုအထူးသတိပြုပါလေ။ ဝိန်းကလေးများ အလွယ် ရောက်ပြီးသည်နောက် ခွစ်သူမရှိခြင်း၊ ခွစ်ကြိုက်မည့်သူ မရှိခဲ့လျှင် အသက်အရွယ်ရလာသည်တိုင် လက်ထပ်မည့်သူမပေါ်ခဲ့လျှင် အထက်ပါယောင်းမအား လိုရာဆုကိုတောင်း၍ ခေါင်းမှာ ထိုးထားရ၏။ ထိုအခါ မကြာမီပင် ခွစ်သူတွေ့ရတတ်၏။ မကြာမီပင် ဧရစဝ်ကြောင်းလမ်း တာမျိုး မကြာမီပင် လအနည်းငယ်အတွင်း မင်္ဂလာကိစ္စများပြစ်စေနိုင်ပါသည်။

ထို့အပြင် စပါးကိုအား ပွေပေးလျှင် စပါးများ ဝင်လာတတ်၏။ လက်ဝဲရစ်ပြန်ပွေလျှင် စပါးများ ဝယ်သူ လာရ ရောင်းထွက်ရ၏။ ထို့အတူ ပဲအမျိုးမျိုးထားရာနေရာ ပဲလှောင်ရာနေရာ နှမ်းလှောင်ရာနေရာအား ပွေပေးနေသော် ပဲနှမ်းများ ဝင်ရောက်လာရကုန်၏။ လက်ဝဲရစ် ပြန်၍ ပွေထုတ်သော် ပဲနှမ်းများရောင်းကောင်း၏။ ပြန်ထွက်ကုန်ရ၏။ တိမ်အား ဖားပြတိုက်သော် သူဝိုး ဝိုးသော် ထိုဝိုးသူ၏ ကျန်ရခဲ့သော အဝတ်အထည်ကိုရလျှင် ထိုယောင်းမနှင့် ပွေပေးပါက ထိုသူဝိုးအပြန်ဆုံးပြစ်လာရ၏။ ဝိုးမှုလည်း ပေါ်တတ်၏။ သို့မဟုတ် သူဝိုး၏ လက်ခံမရှည်း ဘာမျှ မရခဲ့သော် ထင်ကျန်ရစ်သော သူဝိုး၏ လက်ရာ ခြေရာတို့ကိုရလျှင်ပင် ထိုလက်ရာ ခြေရာတို့ကို ရလျှင်ပင် ထိုလက်ရာ ခြေရာအား ယောင်းမ ထိုးစိုက်ထားပါက ဝိုးသွားသော ကျွန်ုပ်များပြန်လာစေရ၏။ သို့မဟုတ် ဝိုးမှုပေါ်လာစေတတ်၏။ သို့မဟုတ် ဝိုးသူများ ဖမ်းမိလာတော့၏။ ဤ ဖမ်း သမှု အသိုးအနှံများ သူဝိုးဝိုးသော် ကျန်ရစ်ခဲ့သော အသိုးအနှံ

အညာတွင် လိုရာဆုကိုတောင်းချိ ယောင်းမကို ထိုးစိုက်ထားပါက ပစ္စည်းဝိုးမှု အမှန်ပေါ်ပေါက် ရတိ၊ လိမ်မှု၊ ဝိုးမှုပေါ်နိုင်တိ၊ သို့မဟုတ် ဝိုးသွားသော အသီးအနှံပန္ဆင်းပြန်ထားစေရတတ်တိ၊ ဤယောင်းမအား ညာလက်ကဆုပ်ပြောင်းခြင်းဆိုခြင်း၊ အပေါ်အကျိုအိတ်ထဲထည့်ချိ ဆောင်ခြင်း၊ လက်ကိုင်ပဝါ၊ ထောင့်စွန်းတွင် ထုံးချိဆောင်ခြင်း၊ အမျိုးသမီးများသည် ယောင်းမအား ဦးခေါင်းဆံပင်ကြားထဲတွင် ထိုးစိုက်ထားခြင်းပြင့် စီးပွားရေးအရောင်းအဝယ် ကောင်းလာတိ၊ ရောင်းပန်းဝယ်ပန်းမှာကနာပန်းလှတိ၊ စွေခေါ်တိုင်း စွေးဆစ်တိုင်းရရှိနိုင်ပြီး မျက်နှာပွင့်လန်းတိ၊ လူချစ်လူခင်ပေါများတိ၊ မိတ်ဆွေသင်္ဂဟ သူငယ်ချင်း အပေါင်းအသင်းများ ပေါများလာရတိ၊ ဘိယ် ကျောင်း ဆွေဆိုင် လူစည်ကားတိ၊ အလုပ်အကိုင်ကောင်းရတိ၊ လဆုပ်- လကွယ်တွင် စီရင်ထားသော ကြိုးယောင်းမ၊ ဆီးယောင်းမအသုံးကို ထပ်မံညွှန်ပြရသော်

ဒုတိယကဏ္ဍ

ပြန်မာလဆန်း (၈) ရက်မှ လပြည့်နေ့အတွင်း ဆောင်ရွက် လုပ်ကိုင်ခဲ့သော ယောင်းမသည် လည်းကောင်း၊ လဆုပ်(၈) ရက်မှ လကွယ်နေ့အတွင်း ဆောင်ရွက်လုပ်ကိုင်ထားသော ယောင်းမ အားလုံးတို့သည် အဆောင်အဖြစ် တသေးစားအသုံးဖြစ် သုံးလိုပါလျှင် (ယောင်းမအရွှည်သည် (၃) လက်မရှိစေရမည်) ဖြို့ တိမ် တိုက် လယ် ယာ စသည်များတွင် အသုံးပြုဖို့အတွက်ဆိုပါလျှင် (ယောင်းမအရွှည်(၆) လက်မရှိစေရမည်)၊ အခြေဖွထားသော ဆိုင်ကြိုးများ အရောင်းဆိုင်ကြိုးများ အကြိုးတားစုပါများကတ်များ ဆေးကောင်တာများ ဆေးမားကတ်များ ကျောက်မျက်ရတနာရွှေဆိုင်များအတွက် ယောင်းမကို အသုံးပြုရန်အတွက် (ယောင်းမအရွှည် (၁၂) လက်မရှိစေရမည်) ကို သတိပြုပါလေ။

ယောင်းမသည် ယောင်းမနှင့်သာ အားလုံးတူရမည်ဖြစ်ပြီး လော်တက်နှင့်မတူစေရ၊ လော်တက်သည် လော်တက်နှင့်သာ တူညီရမည်ဖြစ်ပြီး ယောင်းမနှင့် မတူညီစေရ) (လော်တက်ကို အသုံးပြုလျှင် အပြားက အပေါ်က ဆောင်ထားချိ အသုံးပြုရမည်ဖြစ်ပြီး ယောင်းမဟာမူ အပြားက အောက်က ထိုးစိုက်ထိုးမွေပေးခြင်းပြုရပါမည်၊ တို့ပန္ဆင်း (၂) မျိုးတို့၏ ကွဲပြားခြားနားမှုကို သဘောပေါက်ကြပါလေ)

ယောင်းမသည် ယောင်းမနှင့်မတူပါက အသုံးမတည့်နိုင်၊ အကျိုးမပေးနိုင်ဟု သိထားကြပါလေ။ အချို့သော ပုဂ္ဂိုလ်များသည် တော်သလို ရော်သလို ပြီးရင်ပြီးရောဆိုသည့်သဘောပြင့် အလွယ် လုပ်တတ်ကြပါသည်။ ထို့ကြောင့် ယောင်းမသည်ယောင်းမနှင့် လုံးဝမတူပါက အထက်တပော်ပြခဲ့သော အကျိုးပေးမှုများ မရရှိနိုင်တော့ပေ။ အကျိုးပေးမှုနှင့်တော့ပါဟု ဆိုလိုပါသည်။ (အနေအကြိုးသုံးမှာ ကြိုးပြားနှင့် ကြိုးအလုံး အတွောင်းမှာ လိမ်ချိညာချိ မရနိုင်ပေမယ့် ဆီးသားကျ လွှင်မှု ဆီးသားစစ်စစ်ပြစ်ဖို့ အလွန်အရေးကြီးလှသည်ဟု မှတ်ပါ။ ဝိပိတိ၊ ယောင်းမသည် ဆီးသားစစ်ရဲလား ဆီးသားရောယှက်ရဲလား ဆီးသားရော မှန်ကန်ပါရဲ့လားဟု ပေးစရာ မေးဖွန်းမကျန်ရလေအောင် ဆီးသားနှင့် ဆီးပင်ကို ကိုယ်တိုင်ရှာပါ။ ကိုယ်တိုင်ခုတ်ခိုင်းပါ။ ကိုယ်တိုင်မှတ်မြင်ယုချိ ဝိပိမှတ်စီရွေ့မှာပင်လျှင် ယောင်းမ လုပ်ခိုင်းရမည်ကို အထူးသတိပြုပါလေး ဤခေတ် ဤကာလ ဤသမယသည် လက်တစ်လုံးခြား လိမ်တတ်၊ ညာတတ်၊ လှိမ့်တတ်သော ခေတ်ပြစ်မကြောင်းကို အထူးသတိပြုပါလေ) (ကျွန်တော့်ဟာ ဆီးသားပါတွာလို့ပြောတိုင်း မယုံလေနှင့်)လော်တက်ကိုလည်း တွေ့ပြင်ဖူးသူ၊ ကိုင်တွယ်ဖူးသူများလဲသလို ယောင်းမကိုလည်း မြင်တွေ့ဖူးသူ ကိုင်တွယ်ဖူးသူများပြားလှပါသည်၊ ထို့ကြောင့် ယောင်းမနှင့် လော်တက်တို့၏ ပုံသဏ္ဌာန် ကွဲပြားခြားနားမှုတို့ကို သိရှိနားလည်ချိ ယောင်းမသည် ယောင်းမနှင့် အားလုံး တူညီရမည်ကို အထူးသတိထားတတ်ကြပါလေး ယောင်းမသည် ယောင်းမနှင့်မတူလို့ကတော့ အကျိုးပေးလိမ့်မည် မဟုတ်ဟု မှတ်ပါလေး

(၃) လက်မရှိသော ယောင်းပမျိုးကား ရွှေဆိုင် ကော့ကမ်းရတနာဆိုင်များတွင် ရောင်းမည်ပစ္စည်းနှင့် အတူ ယောင်းမကို ထည့်ထားရာ၏၊ ထိုအခါ ပစ္စည်းများအရောင်း သွက်လက်လာရတော့၏။ ဆိုင်များ အပြီးထိုင်နေတတ်သော ဇေးဆိုင်ရှင် ဝိန်းမသည် ဤ(၃) လက်မရှိသော ယောင်းမအား ဦးခေါင်းဆံပင် အတွင်းမှာ ထိုးစိုက်ထားပြီး အရောင်းအဝယ် လုပ်နိုင်ပါသည်။ ဇေးဆိုင်ရောင်းနေနိုင်ပါသည်။ ရောင်းကောင်း၏၊ အရောင်းသွက်လက်နေတတ်၏၊ ပိမိုဆိုင်၌ လူစည်ကားနေရတတ်၏၊

ထို့အတူ မော်တော်ဆိုင်ကယ် စက်ဘီး သုံးဘီး ဆိုင်ကယ် အစရှိသည်တို့အား ရောင်းထွက်စေလိုသော် ယောင်းမအား (အပြန်ဆုံးရောင်း ထွက်ဟဲ့) ဟု ဆုကောင်း၍ ဆိုင်ကယ် မီးထိုးထဲမှာ ယောင်းမ တစ်ချောင်း ထည့်၊ ဆိုင်ကယ် နောက်ပြီးမှာ ယောင်းမတစ်ချောင်းထည့်ထားပါက အပြန်ဆုံး ရောင်းထွက်စေ၏၊ ဤသို့ ရောင်းထွက်စေလိုသော ကိစ္စ၌ အင်္ဂါနေ့ သို့မဟုတ် သောကြာနေ့ ညနေ ၃ နာရီမှ ညနေ ၅ နာရီအတွင်း ယောင်းမကို အသုံးပြုရပါမည်၊ အထူးသတိပြုပါ၊ စက်ဘီး သုံးဘီးဆိုင်ကယ် ထော်လာကို ထွန်စက်တို့လည်း ထိုနည်းလည်းကောင်းပင် ယောက်မ ရှေ့တစ်ချောင်း နောက်တစ်ချောင်း ထိုးစိုက်ထားရပါသည်။ အင်္ဂါနေ့ (သို့မဟုတ်) သောကြာနေ့ ညနေ (၃) နာရီမှ ညနေ (၅) နာရီအတွင်း ယောက်မကို ကိုင်၍ (အပြန်ဆုံးရောင်းထွက်ဟဲ့) ဟုနှုတ်က ခပ်ပြင်းပြင်းပြောရ၏ ယောင်းမကို ထိုးစိုက်ရ၏၊ အပြန်ဆုံး ရောင်းထွက်နိုင်ပါသည်။ (နောက် ထပ်တစ်ကြိမ် ထပ်မံ၍ ယောင်းမထပ်ထိုးစရာမလိုတော့ပါ၊ တစ်ကြိမ် လုပ်ထားခဲ့ရုံနှင့် ကိစ္စပြီး စီးပါသည့် ရောင်းထွက်ပါသည်။) မော်တော်ကားများတွင်မူ လေးဘီးကားငယ်မှစ၍ (၁၄) ဘီး (၁၆) ဘီးကားကြီးများအထိ ရောင်းထွက်စေလိုသော် (၆) လက်မရှိသော ယောင်းမများကို အသုံးပြုရမည်ဟုဆိုလိုပါသည်။

ထိုအခါ အင်္ဂါနေ့ သောကြာနေ့ တစ်နေ့နေ့သည် ညနေ (၃) နာရီမှ ညနေ (၅) နာရီအချိန်အတွင်း၌ ယောင်းမကို ကားခေါင်း အပေါက်တစ်ခုခုထဲတွင် တစ်ချောင်း ကားဗင် ကားနောက်ပြီးထဲ အပေါက် တစ်ခုခုထဲတွင်လည်းကောင်း တစ်ချောင်း ထိုးစိုက်ပါ။ အထက်ပါအတိုင်း ဆုတောင်း၍ ထိုးစိုက်ထားပါ။ ရောင်းထွက်ရပါသည်၊ လယ်ယာ ဥယျာဉ် ခြံ စသည် ရောင်းထွက် စေလိုပါလျှင် (၆) လက်မရှည်သော ယောင်းမကိုပင် အသုံး ပြုရပါမည်၊ အထက်ပါညွှန်ပြထားသော အင်္ဂါ၊ သောကြာအချိန် နေ့ နာရီမှာပင် အသုံးပြုရ ပါမည်၊ လယ်ယာခြံဥယျာဉ် စသည်တို့၏ အလယ်စတိုရိမ်မှာ ယောင်းမ တစ်ချောင်းထိုးစိုက်ပါ ထိုးစိုက်လျှင်လည်း တစ်ချောင်းစိုက်တိုင်း စိုက်တိုင်း အပြန်ဆုံးရောင်းသွက်ပါစေဟု နှုတ်မှာ ပြောရ၏ ထိုးစိုက်ရပါမည်၊

(မှတ်ချက်) ထိုးစိုက်ပါလျှင် သုတစ်ပါး မမြင်ပါစေနှင့် ထိုးစိုက်လျှင်လည်း ယောင်းမကို မြေကြီးထဲ အနည်းဆုံး ပြည့်ဝင်နေအောင် ထိုးစိုက်ရပါမည်၊ အနည်းငယ်မျှ မြေကြီးပေါ်မှာ ပေါ်တက် မနေပါစေနှင့်၊ အဘယ်ကြောင့်ဆိုသော် မိမိယောင်းမထိုးစိုက်တာကို မြင်သွားခဲ့ပါလျှင် သို့မဟုတ် ယောင်းမအနီးတန်းက တစ်ဝက်တစ်ပျက်မှ မြေပေါ်မှာ ပေါ်တက်နေလျှင် မရောင်းစေလိုသော လူများ တွေ့ရှိသွားပါက သို့မဟုတ် မိမိ၏ ကြီးပွားတိုးတက်အောင်မြင်နေသည်များကို မနာ လိုဝန်တိုတတ်သောသူများက မိမိအလစ်မှာ မိမိမမြင်ကွယ်ရာမှာ ယောင်းမကို ဆွဲနုတ်၍ လွင့်ပစ်တတ်သောကြောင့်ဖြစ်ပါသည်၊

နေ့ရင် အချိန် အခါ တိကျစွာ ဆောင်ရွက်လျှင်မူ တစ်ကြိမ်သာ ပြုလုပ်ဆောင်ရွက်ရသည်နှင့် အောင်မြင်ကြီးစီးရပါသည်။ နေ့ရက် အချိန်အခါ မတိကျ မပုန်ပါက ထပ်၍ထပ်၍ လုပ်ကိုင်ရသည်ကို အထူးသိရှိကြပါလေ။ အချို့လည်း ယောင်းမလုပ်သည်မှာ နေ့ကောင်းရက်သား မှန်ကန်မှုတော့ရှိ၏၊ သို့ပေမယ့် ယောင်းမသည် ယောင်းမနှင့်မတူဘဲ လော်တက်နှင့် တူနေသောကြောင့်လည်း မကောင်းပြင်တာ

ဒိုတတ်ပါသည်။ အထူးသတိပြုကြပါလေ။ တိုပြင် အထူးသတိပြုရမည့် အရေးကြီးဆုံးသော အချက်မှာ (၆) လက်မရှိသော ယောင်းပများပြင့် ထိုးစိုက်ထားပြီးနောက် (၁၂) လက်မရှည်သော ယောင်းပအရှည်ပြင့် နွေစဉ် (၇) ချက်မွေ ပေးရသည်။ (၇) ချက်ပေါက်ပေးရသည်။

ဤကဲ့သို့ ယောင်းပအရှည်ပြင့် ခေါက်ပေးမွေပေးရာ၌လည်း (အပြန်ဆုံးရောင်းထွက်ဟို) ဟု နှုတ်ကပြော၍ နွေစဉ် (၁) ကြိပ်ပြစ်စေ၊ (၂) ကြိပ်ပြစ်စေ၊ (၃) ကြိပ်ပြစ်စေ၊ မွေပေး ခေါက်ပေးရုပါမည်။ (တစ်ကြိပ်ခေါက်လျှင် (၇) ချက်ခေါက်ပေးရမည်။ (၇) ချက်မွေပေးရမည်) ကို အထူးသတိပြုပေးပါလေ။ အရှည် (၁၂) လက်မရှိသော ယောင်းပအကြီးတစ်ခောင်းရှိ လျှင်ပင် အချို့အချို့သော ကိစ္စများသည် အပြန်ဆုံးအောင်ပြင်ပြီးစီးစေရတတ်ပါသည်။ ယောင်းမလုပ်ခင်က နွေ အခိုန်အခါ နာရီ တိတိကျကျ ကိုက်ညီအောင် လုပ်ဆောင်ထားဖို့ သာ အထူးလိုပါသည်။ ဖွေဆိုင်များ ကျောက်မှက်ရတနာဆိုင်များသည် ဆိုင်ဝတင်ဖွင့်သည်နှင့် တစ်ပြိုင်နက် ဤ (၁၂) လက်မရှည်သော ယောင်းနှင့် (၇) ချက်မွေပေးလိုက်သည်နှင့် အရောင်းအဝယ်ကောင်းစေတော့၏။ ရောင်းချမည့် ကျောက်မှက်ရတနာများ ဖွေထည်ပစ္စည်းများ ဖွေတုံး ဖွေချောင်းများကျောက်မှက်ရတနာများထည့်ထားသည့် ဘူးများအား (၁၂) လက်မ ရှည်သော ယောင်းပကြိုးပြင့်နွေစဉ် ဆိုင်ဝမှင့်ဖွင့်ခြင်း တစ်ကြိပ်နေ့လယ် တစ်ကြိပ် ညနေ တစ်ကြိပ် တစ်နေ့လျှင် စုစုပေါင်း (၃) ကြိပ်မွေပေးပါက သုများတကာ ဆိုင်ထက် ပိုပို၍ အရောင်းအဝယ်ကောင်းလာ၏။ အရောင်းအဝယ်သည် အခြားအခြားသော ဆိုင်ထက် ကောက်မကွေဘဲ အပြတ်သားလွန်ရာ၏။ ကျောက်မှက်ရတနာ အရောင်းကိုယ်တေးလှယ် မိန်းကလေးများ အမျိုးသမီးများသည်လည်းကောင်း ပြီနှယ် ဒေသအသီးသီးသို့ ထွက်၍ ရောင်းမှရသော အရောင်းအမျိုးသမီးများသည် အရောင်းမထွက်ခင် မိမိအိမ်က မထွက်ခွာခင် မိမိတည်းခိုရာ တည်းခိုခန်း ဟော်တယ် စသည်များမှ မထွက်ခွာခင် မိမိရောင်းမည့် ကျောက်မှက်ရတနာအထုပ်များ ဘူးများကို ဤ ၁၂ လက်မ ယောင်းပကြိုးနှင့် (၇) ခါမွေး (၇) ခါခေါက်ပြီးမှ အရောင်းထွက်ပါလေ။ အံ့သြလောက်အောင် အဆင်မြေ အရောင်းထွက်စေရတော့၏။

ဤကဲ့သို့ ယောင်းပကြိုးနှင့် မွေသော်၊ ခေါက်သော် (အရောင်းအဝယ် စည်ပင်ကားကား သွက်သွက်လက်လက်ဖြစ်လာကြပါစေ၊ ရောင်းမည့် ပစ္စည်းများ အပြန်ဆုံးရောင်းထွက်ပါ စေ ရောင်းကောင်းလာပါစေ) ဟုနှုတ်ကပြော၍ (၇) ဖွက်ခေါက် (၇) ဖွက် မွေပေးပြီးမှ အရောင်းထွက်ရမည်ဟု ဆိုလိုပါသည်။

ထိုနည်းတူစွာပင် ကုန်စုံဆိုင်များ ဆေးဆိုင်များ ကုန်ပြောက်ဆိုင်များ စားကုန်သောက်ကုန် အစို အပြောက်ပစ္စည်းများအား ဤ (၁၂) လက်မ အရှည်ယောင်းပဖြင့် အထက်ပါ ညွှန်ကြားချက်အတိုင်း မွေပေးခေါက်ပေးပါက အရောင်း အဝယ်ကောင်းလာစေ၏။ အရောင်းသွက်၏။ စားသောက်ဆိုင်များ ထမင်းဆိုင် လက်ဖက်ညှော်ဆိုင် ကော်ဖီဆိုင် အဆာပြေဆိုင်စသည်များသည်လည်း ဤအသတ်ပါ လမ်းညွှန်ဇုတ်အတိုင်း (၁၂)လက်မအရှည်ယောင်းပနှင့် ထမင်းအိုးများ ဟင်းအိုးများကို မွေပေး ခေါက်ပေးခြင်း ကော်ဖီမှော်ရာတွင်လည်းကောင်း လက်ဖက်ရည်မှော်ရာတွင် လည်းကောင်း ဤယောင်းပ အကြိုးနှင့် (၇) ခါမွေပေးခြင်း (၇) ချက်ခေါက်ပေးခြင်းဖြင့် လက်ဖက်ရည်ဆိုင်များ ထမင်းဆိုင်များ အဆာပြေဆိုင်များ နာမည်ကြီးလာစေ၏။ စားသုံးသူများ သဘောကျ နှစ်သြိုက်ကြရကုန်၏။ အရောင်းအဝယ် စည်ကားလာစေကုန်၏။ ကြီးမားသော ကြီးကျယ်သော စုပါများကတ်ကြီးများ ကြီးမားသော ကုန်ပစ္စည်းဆိုင်များ ကြီးကျယ်သော ဆေးဝါးပစ္စည်းဆိုင်ကြီးများ ကြီးမားကျယ်ပြန့်၍ အဆင့်အတန်းမြင့်မားသော အထည်အလိပ်ဆိုင်ကြီးများမှာမူ ဆိုင်ဝန်ထမ်း အမျိုးသမီးများမှာ (၃) လက်မယောင်းပအား ခေါင်းဆံပင်မှာ ထိုးကားရ၍ (၁၂) လက်မအရှည် ယောင်းပကြိုးဖြင့် ရောင်းကုန်ပစ္စည်းများ အထည်အလိပ်များအား (၇)

ချက်ခေါက် (၇) ချက်မွေ့ ပေးခြင်းဖြင့် အရောင်းအဝယ်မကျေဆင်းဘဲ အပြတ်မိုး အရောင်းအဝယ် တက်နေလိမ့်မည်။ အပြတ်မိုး အရောင်းအဝယ်ကောင်းနေစေလိမ့်မည်။ ကြိုးမားခန့်ထည်သော ကမ္ဘာ့ အဆင့်မီ (ကြွယ်) တစ်လုံး အဆင့်ရှိ ဟော်တယ်များ (ကြွယ်) နှစ်လုံး အဆင့်ရှိ ဟော်တယ်များ (ကြွယ်) သုံးလုံးအဆင့်ရှိ ဟော်တယ်များ (ကြွယ်) လေးလုံးအဆင့်ရှိ ဟော်တယ်ကြီးများ (ကြွယ်) ငါးလုံး အဆင့်ရှိဟော်တယ်ကြီးများသည် ဝန်ထမ်းအကြီးတန်းမှ ဝန်ထမ်းအလတ်၊ ဝန်ထမ်းအငယ် အထိ (၃) လက်မအရွယ်ရှိသော ယောင်းမအငယ်များကို ဦးခေါင်းဆံမင်ကြားမှာ ထိုးစိုက်ထားပြီး ယောက်ျားလေး များဖြစ်ခဲ့လျှင် (၃) လတ်မအရွယ်သည် ယောင်းမကို လက်ကိုင်ပဝါထောင့်စွန်းတွင် ထုံးချည်၍ အပေါ်တက်ကို အိတ်မှာဖြစ်စေ ဘောင်းဘီအိတ်မှာဖြစ်စေ၊ ထည့်ဆောင်ထားစေရမပါသည်။

ထို့နောက် ဟော်တယ်တွင် တာဝန်ရှိသူသည် (၁၂) လက်မ အရွယ် ယောင်းမကြီးတား ကိုင်၍ ဟော်တယ်၏ အဝိုကကျသော နေရာများ ဧည့်ခန်းများ၊ အိပ်ခန်းများ၊ စားသောက်ရာ နေရာဌာနများ၊ စားသောက်ပစ္စည်းရောင်းချရာ ဌာနများအား (၇) ချက်မွေ့ပေးခြင်း (၇) ချက်ခေါက်ပေးခြင်းဖြင့် ဟော်တယ်လုပ်ငန်းများ၊ ဝန်းသယ်လုပ်ငန်းများ၊ ဧည့်အဝင်အထွက်များ၊ ဧည့်ကားလာစေရတော့၏။ ဟော်တယ်ကြီးတစ်ခုလုံး ယန္တယား လည်ပတ်လာရတော့၏။ ဟော်တော်ကားများ အရောင်းအဝယ်ကိစ္စများ တွင်လည်း ဤသို့ပင် (၆) လက်မအရွယ် ယောင်းမအား အထက်က ပြထားပြီးဖြစ်သော ဆုတောင်းအတိုင်း ဆုတောင်း၍ ကားခေါင်းထိပ် အပေါက်ထဲမှာ တစ်ဆောင်းထိုးစိုက်ခြင်း ကားပင်နောက်ပြီး အပေါက်ထဲတွင် တစ်ဆောင်းထိုး စိုက်ခြင်းအပြင် ကားပိုင်ရှင်သည် (၁၂) လက်မအရွယ် ယောင်းမအကြီးဖြင့် ရောင်းမည့် ကားကို ပြထားသော ဆုတောင်းအတိုင်း နှတ်က ပြောခြင်း ကားကို (၇) ချက်မွေ့ပေးရပါမည်။ (၇) ချက် ခေါက်ပေးရပါမည်။ မွေ့ခြင်းသည် ကားခေါင်းကိုလုပ်ရမည်။ ခေါက်ခြင်းသည် ကားပင် ကားနောက်ပြီးကို ခေါက်ရမည်ဟု သေချာစွာမှတ်ပါလေး ဤလုပ်နည်း လုပ်ထုံးကား မိမိက အပြန်ထုံး ရောင်းထွက်ချင်သည် ရောင်းထွက်ဖို့အရေး ဟိုနားက ထစ်နေလိုက် ဒီဘက်နားက ထစ်နေလိုက်နှင့် အရောင်းနေးကွေးလေးလဲ နေပြီး ဝယ်မည့်သူက လာမယ်ပြောလိုက် မလာဘဲ ပုက်ကွက်နေလိုက်နှင့် အခိုန်ကြန့်ကြာနေသော အရောင်းအားနေသော ကိစ္စများတွင်မူ (၆) လက်မယောင်းမရော (၁၂) လက်မယောင်းမကိုပါ တွဲ၍ အသုံးပြုပြင်းဖြစ်ပါသည်။

ထိုကဲ့သို့ အကြီးအငယ်ယောင်းမများကို တွဲ၍ သုံးစွဲခြင်းဖြင့် အရောင်းအဝယ် မထစ်ငေါ့တော့ဘဲ မကြွန့်ကြာတော့ဘဲ မြန်မြန်ထက်ထက် အရောင်းအဝယ်ပြစ်လာရတော့၏။ ထို့အတူ အိပ်ရောင်းခြင်း တိုက်ခန်းရောင်းခြင်း လုံးချင်းတိုက် လုံးချင်းအိပ်ရောင်းရာ၌လည်း အထက်ပါအတိုင်းပင် (၆) လက်မ အရွယ်ရှိသော ဆီးယောင်းမ (၅) ချောင်းကို အသုံးပြုရမပါမည်။

အထက်က ပြဆိုခဲ့ပြီးသော ယောင်းမသုံးစွဲရာတွင် ဆုတောင်းသည့်အတိုင်း ဆုတောင်း၍ အခန်း အိပ် အလယ်ဗဟိုတွင် ယောင်းမတစ်ချောင်းကို ထိုးစိုက်ရပါမည်။ ကျန်သော အခန်း (၄) ထောင့် သို့မဟုတ် အိပ် (၄) ထောင့်တွင် တစ်ထောင့်တစ်ချောင်း ထိုးစိုက်ရပါမည်(စိုက်လျှင် (အင်္ဂါနေ့ ညနေ ၄နာရီမှ ၅ နာရီ) အတွင်းထိုးစိုက်ရပါမည်။ ပြီးလျှင် (၁၂) လက်မအရွယ် ယောင်းမ အကြီးဖြင့် ရောင်းမည်တိုက်ခန်းရောင်းမည့် အိပ်တိုက်အား (၇) ချက်မွေ့ပေးရမည်။ (၇) ခွက်ခေါက်ပေးရပါမည်။ (၁၂) လက်မအရွယ်ယောင်းမနှင့် (မွေ့)တာ (ပေါက်) တာသည် နေ့စဉ်လုပ်ပေးနိုင်ပါသည်။ အပြန်ဆုံး ရောင်းထွက်ရသောနည်းဖြစ်ပါသည်။ (တိုက်ခန်းလုံးဝင်း တိုက်တို့ကို ယောင်းမထိုးစိုက်သော် လွန်နှင့် အပေါက်မောက်၍ ယောင်းမကို ဆုတောင်းအတိုင်း ဆုတောင်း၍ ထိုးစိုက်ထည့်ထားရပါမည်။ အချို့

ဆိုပါလျှင် ယောင်းမကို ထောင်လျက် ထိုးစိုက်ပြီး တိတ်နှင့် ကပ်ထားသည်ကို တွေ့ဖူး၏)

ဤတွင် တနလာစန်းဇီး ယောင်းမနှင့် အင်္ဂါစန်းဇီး ယောင်းမတို့၏ ယတြာစီရင်ပုံ စီရင်နည်းတို့ကို လုပ်ပုံလုပ်နည်းနှင့်တကွ အသုံးပြုပုံနည်းများကို ပါ အကျယ်တဝံ့ဖော်ပြရေးသားခဲ့ပြီးဖြစ်ပါသည်။ ဤသည်ကို ဖတ်ကြည့်၍ လုပ်ကိုင်ပါက မည်သည့်နည်းနှင့်မျှ ခက်ခဲစရာ မရှိနိုင် မလုပ်တတ်စရာ မရှိနိုင်တော့ဟု ယုဆမိပါသည်။ ပညာလိုလား အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကောင်းသောစိတ် မွန်မြတ်သော သဒ္ဓါတရားဖြင့် စီရင်ဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုအပ်ပါသည်။ အသုံးပြုနည်းမှာမူ မိမိဉာဏ် ရှိသလို အသုံးပြုနိုင်ပါသည်ဟု မှတ်ယူကြပါလေး။

ဝိတုန်းရှင်ယတြာ

လှည်းပတောင်းပြစ်ရပါမည်။ ဝိတောက်သားဖြစ်ရပါမည်။ လှည်းပတောင်း ဝိတောက်သားကို ဝိတုန်းရုပ်ထုရပါမည်။ ဝိတုန်းရုပ်သည် အတောင်ပံဖြန့်ပုံနေသော ပုံဖြစ်ရမည်ဖြစ်ပြီး ပါးဝပ် နှုတ်သီးကို ဟထားရမည်။ ရန်သူအား တုတ်တော့မည်ဟန် ကိုက်တော့မည်ဟန် ထုရပါမည်။ ဝိတုန်းရုပ်သည် မာန်ပါပါနှင့် ဒေါသဟန်ဖြင့် ရန်သူများကို တိုက်ခိုက်တော့မည်ပုံ ထုပေးရပါမည်။

ဤနေရာ၌ ဝိတုန်းရုပ်ထု လုပ်ခြင်းသည်များသောအားဖြင့် ဝိတုန်းနှင့်မတူဘဲ နောက်ခေးဝိုးနှင့် တူနေတတ်ပါသည်။ အကယ်၍ ဝိတုန်းသည် ဝိတုန်းနှင့် မတူဘဲ နောက်ခေး ဝိုးနှင့်တူနေလျှင် အကျိုးပေး လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ဝိတုန်းသည် ဝိတုန်းနှင့် ဆွတ်စွတ် တူရမည်ကို သတိပြုပါလေ။ ရုပ်ထု ထုလုပ်မည့် ပန်းပုဆရာသည် ဝိတုန်းကို မမြင်ဖူးတာ ဝိတုန်းကို မတွေ့ဖူးတာ ရှိကောင်းရှိလာနိုင်ပါသည်။ ထိုအခါ ဝိတုန်းရုပ်ထုတာသည် အခက်အခဲပေါင်းများစွာနှင့် ကြုံရတတ်ပါသည်။ အရုပ်ထုသော ပန်းပုဆရာသည် ဝိတုန်းရုပ်ကို မြင်ဖူးရမည်။ ကိုင်ကြည့်ဖူးရမည်။ ဦးခေါင်းပုံသဏ္ဌာန် နှုတ်သီးပုံသဏ္ဌာန် ဝမ်းဗိုက် သဏ္ဌာန် ကိုယ်လုံးကိုယ်ထည် ဟန်ပန်အနေအထားတို့ကို အနီးကပ်လေ့လာဖူးပါမှ ဝိတုန်းရုပ်ကိုယ် ပီပြင်အောင် ထုလုပ်ဖို့အတွက် ဝိတုန်းကောင်စစ်စစ်ကို အနေအထား ပုံသဏ္ဌာန်တို့ကို လေ့လာပြီးမှ ဝိတုန်းရုပ်ထုသင့်ပါသည်။

သို့မှသာ ပီပီပြင်ပြင် ထုလုပ်နိုင်ပါလိမ့်မည်။ အရုပ်ထုမည့် ပန်းပုဆရာသည် ဝိတုန်းရုပ်ကို မမြင်ဖူး မတွေ့ဖူး ပဲနှင့် ဝိတုန်းရုပ်ကို ပီပီသသ ထုလုပ်နိုင်ဖို့ မစွမ်းနိုင်ပါ။ ထို့ကြောင့် ဝိတုန်းရုပ်နှင့် မတူတော့ပေး ထိုအခါ ဝိတုန်းမဟုတ်တော့သည့်အတွက် အကျိုးပေးမကောင်းတော့ပေး ထင်သလောက် လည်း အကျိုးမရှိနိုင်တော့ပေး ထိုအခါ (ဝိတုန်းရုပ်က ဘာမှလည်း အစွမ်းသတ္တိမရှိပါလား၊ ဘာမှလည်း အစွမ်းမပြပါလား) ဟု ပြစ်တတ်ပါသည်။ စတင်ပြီး ထုထားတာကို (ဝိတုန်းရုပ်) မဟုတ်တာ ဖြစ်နေတာကိုး ထို့ကြောင့်ဝိတုန်းရုပ်ထုသည့်အခါ ဝိတုန်းနှင့် ပီသစွာပီပြင်စွာ တူနေဖို့ လိုအပ်သည်။

ထို့နောက်ပုံသန်းနေသော ဝိတုန်း ရန်သူကိုတွေ့၍ကိုက်တော့မည်ဟန် ဝိတုန်း တုပ်တော့မည်ဟန် မာန်ပါပါ ထုလုပ်ရမည်ကို သတိပြုပါလေ။ သို့မှသာ အစွမ်းထက်သော သိဒ္ဓိတန်ခိုးနှင့် ပြည့်စုံသော

သိန္ဒိဝင် ဝိတုန်းတစ်ကောင်ကို ဆောင်ရွက် စီရင်နိုင်ပေလိမ့်မည်။ ဤသို့ သိန္ဒိဝင်ဝိတုန်းမျိုးကို ရရှိလာမှသာ လိုရာကို လိုအပ်သလို ခိုင်းစေနိုင်ပေလိမ့်မည်ဟု မှတ်ယူပါ။ ဝိတုန်းရုပ်၏ အာနိသင်စွမ်းအားကို (ဥပမာ) ပြုထိုပါဦးအံ့ . . .

(က) လှည်းပတောင်း - မှုန်ကန်ခဲ့ပါလျှင် သိန္ဒိစွမ်းအား ၂၅ ရာခိုင်နှုန်း

(ခ) ဝိတောက်သား - မှုန်ကန်ခဲ့ပါလျှင် သိန္ဒိစွမ်းအား ၂၅ ရာခိုင်နှုန်း

(ဂ) ဝိတုန်းရုပ် - မှုန်ကန်ခဲ့ပါလျှင် သိန္ဒိစွမ်းအား ၂၅ ရာခိုင်နှုန်း

(ဃ) ပြဒါးထည် - မှုန်ကန်ခဲ့ပါလျှင် သိန္ဒိစွမ်းအား ၂၅ ရာခိုင်နှုန်း

စုစုပေါင်း ဝိတုန်းရုပ် တစ်ကောင်၏ အာနိသင်သိန္ဒိစွမ်းအားသည် ၁၀၀ ရာခိုင်နှုန်းရှိရမည်။ ဝိတုန်းတစ်ကောင်၏ စွမ်းအားသည် ၁၀၀ ရာခိုင်နှုန်း ရှိသင့်ပါလျက် (တစ်ချို့မြည်သံ ဘဲ) သိန္ဒိစွမ်းအားသည် ၇၅ ရှိနေခြင်း ၅၀ ရာခိုင်နှုန်းပဲရှိနေခြင်း ၂၅ ရာခိုင်နှုန်းပဲရှိနေခြင်း တို့ကြောင့် အစွမ်းသတ္တိ သိန္ဒိ တန်ခိုးသည် စံချိန်မမီ အားအပြည့်မရှိ အကျိုးကျေးဇူး ထင်သလောက် အကျိုးမပေးခြင်း ဖြစ်တတ်ပါသည်။ ဝိတုန်းတစ်ကောင်သည် အထက်ပါ ပြသထားပြီးဖြစ်သော စွမ်းအား (၄) ချက်စလုံး ကိုက်မကိုက် မှုန်မမှုန် ဟုတ်မဟုတ် စစ်ဆေးပြီးမှ ဆောင်သင့်၏၊ အသုံးပြုသင့်၏။ စီးဆောင်ရွက်သင့်သည်ဟု မှတ်ယူကြပါလေ။

ထို့ကြောင့် ဝိတုန်းရုပ်တစ်ရုပ်ကို စစ်ဆေးကြည့်ရာ၌ (လှည်းပတောင်း) မဟုတ်ခဲ့လျှင် သိန္ဒိစွမ်းအားသည် ၂၅ ရာခိုင်နှုန်း လျော့သွားသည့်အတွက် ဝိတုန်း၏ စွမ်းရည် သိန္ဒိသည် ၇၅ ရာခိုင်နှုန်းသာ ရှိတော့၏၊ (ဝိတောက်သား) မဟုတ်ခဲ့လျှင် မမှုန်ခဲ့ပါလျှင် သိန္ဒိစွမ်းအား သည် ၅၀ ရာခိုင်နှုန်းလျော့ကျသွားသည့်အတွက် ဝိတုန်းတစ်ကောင်၏ စွမ်းရည်သိန္ဒိသည် ၅၀ ရာခိုင်နှုန်းသာရှိနေတော့၏၊

ထို့နောက် ဝိတုန်းရုပ်မှုန်မမှုန်ကြည့် ဝိတုန်းရုပ်ဟုတ်ဘဲ နောက်ခေတ်ပိုးနှင့်တူနေပါလျှင် ဝိတုန်းတစ်ကောင်၏ သိန္ဒိစွမ်းအားသည် ၇၅ ရာခိုင်နှုန်း ကျဆင်းသွားသည့်အတွက် နောက်ဆုံး၌ ဝိတုန်းသည် ၂၅ရာခိုင်နှုန်းခန့်သာ အစွမ်းသတ္တိကျန်နေတော့၏၊

ဤသို့ ဆိုသည်ကိုင်း ပြဒါးက စစ်ဦးမှ ထည့်ထားသော ပြဒါးက ပြဒါးမဟုတ်ဘဲ (ခဲ) တွေဖြစ်နေပါက ဝိဝိ၏ဆောင်ထားသော အားကိုးယုံကြည်ထားသော ဝိတုန်းရုပ်သည် မည်သည့် သိန္ဒိမှုမရှိ မည်သည့် စွမ်းရည်သတ္တိမှ မရှိနိုင်ဟု သိမြင်ကြကုန်ရာ၏၊

အထူးမှတ်ချက်

လှည်းပတောင်း ဝိတောက်သားပါဟုဆိုတိုင်း မယုံကြည်လေနှင့်၊ ဝိဝိကိုယ်တိုင် ငယ်သားကိုတိတိကျကျ တာဝန်ပေး၍ အစစ်အမှန်ကို ရှာခိုင်းပါ။ လှည်းပတောင်း ဖြစ်ဖို့လိုသည်၊ ထို့အတူ ထိုလှည်းပတောင်းသည် ဝိတောက်သားနှင့် လုပ်ထားသော လှည်းပတောင်းဖြစ်ဖို့အရေးကြီးလှပါသည်၊ ဆုတစ်ပါးပြော၍ လာပို့သော လှည်းပတောင်းဝိတောက်သား ဟုတ်မဟုတ် သေချာစွာ စစ်ဆေးပါ။ သို့မဟုတ် ဝိတုန်းရုပ်ထုမည့် ပန်းပုဆရာက ပြော၍ ပြထားသော ဟုတ်မဟုတ်သည်လည်း ဟုတ်၏၊ မဟုတ်၏ မှုန်၏ မမှုန်၏ သတိပြု စစ်ဆေးပါ။ ဟုတ်မှ မှုန်မှ လက်ခံပါ။ ဟုတ်မဟုတ်သည် အမှုန်အကန်ရဖို့သာ လိုပါသည်။ အကောင်းဆုံးမှာ အမှုန်ကန်ဆုံးဖြစ်နိုင်သည်ဟု သိမှတ်ကြရာ၏၊ ပြဒါးလည်း ဤအတိုင်းပင် ပြဒါးစစ်၏မစစ်၏ သေချာစွာ ပေးပြန်၍ ဝယ်သင့်၏၊ အချို့သည် ခဲရေတွင်းကို ပြဒါးဆိုပြီး လိမ်ရောင်းတတ်ပါသည်။ အချို့လည်း ပြဒါးထဲတွင် ခဲတွေရောစေးပြီး ရောင်းနေတာလည်း တွေ့ဖူး၏၊ တို့ကြောင့် ဝိတုန်းရုပ်အဆောင်ထဲတွင် ထည့်ထားရမည့် ပြဒါးသည် ပြဒါးစစ်စစ်ရထားဖို့ ပြဒါးစစ်စစ်မှုန်မှုန် ထည့်ထားဖို့ လိုပါလိမ့်မည်။

ဤအချက်အလက်များကို အထူးဂရုစိုက်၍ ဆောင်ရွက်သင့်ပါကြောင်း သိထားစေရပါမည်။ ထုလုပ် ဆောင်ရွက်ပုံကား (လှည်းပတောင်း ပိတောက်သား ပိတုန်းဂွပ်ထု ပိတုန်းဖင်ကို အပေါက်ဟောက် အပေါက် ထဲကို ပြာဒါးထည်ပါ ပစိုင်းအပြစ်နှင့် အပေါက်ကို ပြန့်ပိတ်ပါ ပြီးလျှင် ဆေးကတ္တရာ အနက်ကိုသုတ်ထားပါ) ထုလုပ်ပုံတစဉ်ကား ဤအတိုင်းပင် ဤပိတုန်းဂွပ်ကိုမူ (နှစ်ဘက်ကက်း နှကွတ် ခါးပါတ်နှကွတ် ဝရုဝပ် ကြွေသော တနဂိန္ဒေနေ့ ဘဂါနေ့ စနေနေ့ ထိုသုံးနေ့ တစ်နေ့နေ့တွင် ဆောင်ရွက် စီပံရမည်ဟု မှတ်ပါလေး

နှကွတ်အခြိန်အခါ မမှန်ပါက ထင်သလောက်မစွမ်းနိုင် လိုသလောက်လည်း အကျိုးမပေးနိုင်ပါ။ ထို့ကြောင့် ဤပိတုန်းဂွပ်ထုလုပ်ရာ၌ နှစ်ဘက်ကက်း ခါးပါဒ် နှကွတ် ဝရုဝပ် အခြိန်အခါ ပြစ်ရန် အလွန်အရေးကြီးလှသည်ဟု ဆိုလိုပါသည်) ဤသို့လျှင် ပိတုန်းဂွပ်များကိုထုလုပ်ပြီးနောက် ရဟန္တာ သိမ်တစ်ခုခုထဲတွင် သိမ်ထဲက ဘုရားရှေ့တော်တွင် ဆွမ်း (၅)လုံ လက်ဖက် (၅) လုံ ယို (၅) ဖျော် မုန့် (၅) လုံ ဘူးသီးကြော် ပဲကြော် ဘယာကြော် ကြက်သွန်ကြော် အာဘုးကြော် စုစုပေါင်း အကြော် (၅) ဖျော် တစ်မျိုးလျှင် (၃) ခုစီထည့်ပါ။ ဝပါယ်ပန်း (၈) ပွင့် နှင်းဆီပန်း (၈) ပွင့် နှင်းပန်း (၈) ခက် ထီးပြူ (၃) လက် တံခွန် (၃) လက် ဗယောင်းတိုင် (၈) တိုင်ထွန်း ဘုရားကို ကပ်လှူတော်၍ လိုတပ်သော ဆုကို တောင်းရပါမည်။ ပြီးလျှင် အောက်ပါဂါထာများ ဖြင့် အသက်သွင်း သိရှိတင်ရပါမည်။

(က) ဥမ် ဣတိပိအရဟံ အဓိဋ္ဌာနကသြသဓံ သဓိဋ္ဌာနကံ သမံ အံး တံး စုစုပေါင်း (၁၈) ခေါက်ရွတ်၍ ပိတုန်းရုပ်အား အသက်သွင်းပါလေး

(ခ) ဥမ် ဗုဒ္ဓသိရိဝမဲ့သိရိ သဲယံသိရိ ဟတာပီတု အာစရိယာသိရိ ဗြဟ္မာသိရှ ဒေဝသိရိ ဝိဇ္ဇာစရသိရိ ယက္ခသိရိ သိရိအပေါင်း ထောင်သောင်းတည်ပါစေသတည်း ထက်ပါစေသတည်း တောင်ပါစေသတည်း။

စုစုပေါင်း (၁၈) ခေါက်ဝေ့အောင် ရွတ်မတ်သရွှာယ်၍ သိရှိတင်ရသည်ဟု မှတ်ယူပါ။

ထို့နောက် (ဂ) ဗုဒ္ဓဂုဏ် ဒွဒွတ္တဲ့ မွေဂုဏ် ဝမွေစတ္တဲ့ သံယာဂုဏ် သံယာစတ္တဲ့ ဟတာပီတု အာစရိယဂုဏ် ဟတာပီတု အာစရိယစတ္တဲ့ သဗ္ဗဂုဏ် နှဘာဝေန သဗ္ဗစတ္တဲ့ နှဘာဝေန တိုက်ကြွာ တိုက်၊ ခဲ့က်ကြွာခိုက်၊ နိုပ်ကြွာနိုပ် ခူပ်ကြွာခူပ်စေး

ဤပိတုန်းစေ ပိတုန်းနှီးဂါထာတော်ပြင့် (၉) ခေါက်ဝေ့အောင် ရွတ်မတ် သရွှာယ်၍ ပိတုန်းရုပ်တို့ကို နှီးထားစေထားရာ၏၊ ညဈေးညတာ အရေးအကြောင်းရှိခဲ့ပါလျှင် ဤပိတုန်းစေ ပိတုန်းနှီးဂါထာကို အနည်းဆုံး (၇) ခေါက်ထား၍ နှီးထားရာ၏၊ တမှားဆုံး (၉) ခေါက်ရွတ်၍ နှီးသားရာ၏၊ ထိုသို့ နှီးထားလျှင် ရန်သူမျိုး (၅) ပါး မကောင်းကြံစည်၍ မရနိုင်တော့ပေး၊ ရန်သူကို ပိတုန်းရုပ်က သိမြင်နိုင်၏၊ အန္တရာယ်များကို ပိတုန်းရုပ်က ကြိုတင်၍ သိမြင်ပယ်ရှားနိုင်ရာ၏၊ ကုန်းသွား လျှင် ကုန်းဘေး ရေသွားလျှင် ရေဘေး ကောင်းကင် အာကာသ လေယာဉ်ပျံ ရထားယာဉ် စသည်တို့ ၏ ဘေးရန်များမှာ ကာကွယ်နိုင်တော့၏၊

ထို့ပြင် စုန်းတိုက်နတ်တိုက် သရဲတရွေတိုက် ဂုတ် ဘီလူးတိုက်များကစ၍ အတိုက်အခိုက်မှန်သမျှ တို့ကိုလည်း ကာကွယ်တားဆီးပေးနိုင်၏၊ အရေးအကြောင်းတစ်ခုတစ်ရာရှိလာပါလျှင် ပိတုန်းရုပ်က ဓိဝိအားတိမ်မက်ပေးလာရုံး၊ အိပ်မက်ထဲတွင် ပိတုန်းရုပ်ကိုပြင်တွေ့ရ၏၊

ထိုသောအခါ ပိတုန်းရုပ်က ကွဲရောက်လာမည့် ဘေးရန် အန္တရာယ်အသွယ်သွယ်တို့ကို ဖယ်များ သုတ်သင်ပေးလာရုံး၊ ခရီးသွားလာရသည်ဖြစ်အခါ ညဈေး ညတာသွားလာရသည်ဖြစ်အခါ ဤပိတုန်းရုပ်ကို လက်ကိုင်ပတ်သန့်သန့် ထောင့်စွန်းတွင် ထုံးချည်၍ ဆောင်ထားနိုင်၏၊ မော်တော်ကား မော်တော် ဆိုင်ကယ်များ အခွင်းခွင်း ဆိုင်ကယ်တိုက်မြင်း ဆိုင်ကယ်မှောက်မြင်း ဆိုင်ကယ်နှင့် မော်တော်ကားတိုက်မြင်းတို့မှ

ကာကွယ်ပေးနိုင်ပါလိမ့်မည်။ မော်တော်ဆိုင်ကယ်အား အတိုက်အခိုက် အန္တရာယ်များမှ ကာကွယ်လိုပါလျှင် ဆိုင်ကယ် ရွှေ့မီးလုံးထဲတွင် ပိတုန်းတစ်ကောင်ကို ထည့်ထားပါက ဘယ်သွားသွား ဘယ်လာလာ အန္တရာယ် အတိုက်အခိုက်ကင်းဝေးဝေရတော့၏။ မော်တော်ကားကြီးများတွင် အန္တရာယ် အတိုက်အခိုက်တို့ကို ကာကွယ်လိုပါက ကားမောင်းသူ၏ ခက်နေးညာဘက်မှာ ပိတုန်းကောင် ဘယ်ဘက်မှာ ပိတုန်း တစ်ကောင် စုစုပေါင်း (၂) ကောင်ထားရပါမည်။ ပိတုန်းတစ်ကောင်များ၏ မွှက်နှာ ဦးခေါင်းသည် ကား၏ အပြင်ဘက်သို့ ရွေ့သို့ လှည့်ထားရမည်ကို အထူးသတိပြုပါလေ။ ဆိုင်ကယ်ထဲထည့်ထားသော ပိတုန်းသည်လည်း ဤအတိုင်းပင် ပိတုန်းကောင်၏ ခေါင်းပိုင်းမွှက်နှာဘက်အပိုင်းသည် ဆိုင်ကယ်၏ ရွေ့တည့်တည့်ဘက်ကို လှည့်ထားရမည်ဟု မှတ်ကြပါလေ။ ထို့ပြင် အိမ် ကျောင်း ဈေး သိမ် စသည်များတွင်လည်းကောင်း ဖြစ် မြေ လယ် ယာ အိပ်ဝင်း ကျောင်းဝင်း ခြံဝင်း စသည်များတွင်လည်းကောင်း ပိတုန်းရှယ်ကို အစောင့်ထားသော အနေအားဖြင့် ပိတုန်းရှယ်ကို မြှုပ်ပါမည်ဆိုသော် အောက်ပါအတိုင်း ဆောင်ရွက်ရာ၏။



ဤနည်းအတိုင်း ဤပုံအတိုင်းကိုကြည့်၍ ပိတောက်သားအထုံးကိုပြတ်၍ အပေါ်က လွန်ကြိုးကြိုးနှင့် အပေါက်ဖောက် အပေါက်ထဲကို ပိတုန်းရှယ်ထည့်ပါ။ ပြီးလျှင် ပိတောက်သားနှင့်ပင် ကျပ်နေအောင် စိုစိုက်ပြီး ပိတ်ပါ။ ဒီဒီ၏ ခြံဝင်း အိပ်ဝင်း ဖြစ် လေးထောင့် သို့မဟုတ် ဖြစ် (၈) ထောင့် အိပ်လေးထောင့် (သို့မဟုတ်) အိပ် (၈) ထောင့်တွင် ပိတုန်းရှယ်ကို အထက်ပါ ပြထားသောလုပ်ပုံလုပ်နည်းအတိုင်း ထောင့်တွေ့မှာ မြှုပ်ထားရပါမည်။ အိပ် (၄) ထောင့် အိပ် (၈) ထောင့်တွင်ဖြစ်စေ ခြံဝင်း (၄) ထောင့် ဖြစ် (၈) ထောင့်တွင်ဖြစ်စေ မြှုပ်ထားနိုင်ပါသည်။ မြှုပ်ရန် အတွင်းကျင်းတူးလျှင် (၂) မေခန့်တူး၍ အထဲသဲတွင် အုတ်ခဲများစီစေ၍ ကျောက်လောင်းပြီး ပိတုန်းရှယ်ထည့်ထားသော ပိတောက်သားအတုံးကို ထည့်မြှုပ်ပါလေ။ ကျောက်လောင်းဆိုရာမှာ ဤအတိုင်း ကျောက်စရစ်များကို လောင်းမှုခိုင်းတာ မဟုတ် ပါဘူး အိပ်ပတ်ပြန့်နှံ့ကျောက်စရစ်များ ထုံး သဲများ အဆိုးအစားကျန်ရှာ ရောစပ်၍ မျော်၍ ကျောက် လောင်းမှုခိုင်းတာသာဖြစ်ပါသည်။

ပိတုန်းမှုပ်သည့်ထားသောပိတောက်သား အတုံးသည် မြေကြီးထဲတွင် ပိတောက်သားအတုံးကိုသည့်၍ ကျောက်လောင်းထားသဲပါက နောက်နှစ်ပေါင်း များစွာ မြေကြီးထဲတွင် မပျောက်မယ့်ကိစ်းဘဲ ထာဝရ

တည်တဲ့နိုင်ကြောင်းကို ဆိုလိုပါသည်။ ပြုပုံပြုနည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (ပထမဦးစွာ အိမ်မှာ ပြုပြင်လွှင် အိမ်အ လယ်ဗဟိုကစ၍ ပြုပုံရပါသည်။ အလယ်ဗဟိုမှာ ဝိတုန်းတစ်ကောင်ပြုပါ။ ပြီးမှ အိမ် (၄) ထောင့် (၄) ကောင်ဖြစ်ဝေ အိမ်ထောင့် (၈) ထောင့် ဝိတုန်းရှစ် (၈) ကောင်ဖြစ်ဝေ ပါတ်၍ ပြုပုံရပါသည်။ ဒြဝင်းမှာ အလယ်ဗဟိုပြေကြိုးတွင်း ပထမဆုံးဝိတုန်းတစ်ကောင်ကို စတင်ပြုပုံ ရပါသည်။ ပြီးမှ ဒြဝင်းလေးထောင့်တွင် ဝိတုန်းမွှာ(၄) ကောင်တို့ကိုလည်းကောင်း၊ ဒြဝင်း (၈) ထောင့်တွင် ဝိတုန်းရှစ် (၈) ရှစ်တို့ကိုလည်းကောင်း ပြုပုံရပုံသည်ဟု မှတ်ပါလေ။

တစ်ကောင် တစ်ကောင်ကို ပြုပုံတိုင်း ပြုပုံတိုင်း ပြုရတော့မည်ဆိုလျှင် ပြုရပုံသို့ ဝိတုန်းကောင်ကို ဝိတုန်း စေဂါဏာ ဝိတုန်းနှိုးဂါထာပြုပုံ (၉) ခေါက် ရွတ်ဆိုပြီးမှ ပြုပုံကြွတ်၊ ထိုနည်းတူ လယ်မြေ ယာမြေ ဥယျာဉ်မြေတို့ကိုလည်း ဤနည်းအတိုင်းပင် ပြုစီ၊ ပုံသဏ္ဌာန်နှင့်တကွ ပြုပုံ ပြုစနည်း တို့ကို သဘောပေါက်အောင်ရေးပြထားပြီး ဖြစ်ပါ၍ သိပ်ခက်ခဲမွှယ်ရာမရှိနိုင်တော့ပေ။ မပြုပ်တတ်စရာလည်း မရှိနိုင်တော့ပေ။ အိမ်တစ်အိမ်သည်လည်းကောင်း ဒြဝင်းတစ်ခုသည် လည်းကောင်း အိမ်အကြီးအသေးကို လိုက်၍လည်းကောင်း ဒြဝင်း အကြီးအသေးကိုလိုက်၍ လည်းကောင်း ပြုပုံရပါသည်။

(ဥပမာ) ကိုဆိုပါဦးကုံး အိမ်တော့အိမ်ပင်။ သို့သော်လည်း ထိုအိမ်သည် အလယ်စားသက္ကယ်မိုး ထဲက အိမ်မျိုးဖြစ်ခဲ့လျှင် ဝိုးတုန်းကောင် (၅) ကောင်ကိုပင် ပြုပုံနိုင်ပါသည်။ (သို့မဟုတ် (၈) ကောင်ပြုပုံ လည်း ရပါသည်။ တန်ဖိုးကြီးမားသော သိန်းပေါင်းများစွာ ထိုက်တန်သော တိုက်အိမ်ကြီးမျိုးဖြစ်ပါက တရုပ် (၈) ယွက်နှာ (၈) ကောင်အနည်းဆုံး ပြုပုံရပါမည်ဖြစ်နိုင်ပါလျှင် တိုက်အိမ်ကြီးလျှင် ကြီးသလို အိမ်အတွင်းထဲမှာရော အိမ်ထောင့်တွေမှာရော ဝိပိစိတ်ကြွေက် (၈) ကောင်အထက် ပြုပုံနိုင်ပါသည်။ (၉) ကောင် (၁၂) ကောင် (၁၆) ကောင် စသည် စသည်ဖြင့် ပြုပုံနိုင်ပါသည်။ ထို့အတူ ဝိပိစိ ဒြဝင်းသည် သေးငယ်သော ဒြဝင်းဖြစ်ပါက အလယ်ဗဟိုမှာ ဝိတုန်းတစ်ကောင် ဒြဝင်းထောင့် (၄) ထောင့်တွင် ဝိတုန်း (၄) ကောင် ပြုပုံထားခြင်းအားဖြင့် ဝုဝုပေါင်း ဝိတုန်းကောင် (၅) ကောင်ကို ပြုပုံရပုံသည်။ ဒြဝင်း ကျယ်ပါက ကြီးပါက ဝိတုန်းရှစ်မှား (၅)ကောင်အထက် (၈)ကောင် (၉)ကောင် (၁၂)ကောင် စသည် စသည်ဖြင့် ပြုပုံလို့ရပါသည်။ အချို့ တန်ဖိုးကြီးမားသော အိမ်တိုက်မှား ဆိုပါလျှင် ဝိတုန်းပြုပုံမည့်နေရာ ကို သေချာစွာ အုတ်နှင့် ဘီလပ်ပြုနှင့် ပိုင်ခန့်အောင်လုပ်၍ ထိုအထဲတွင် ဝိတောက်သားအတွင်း၌ ဝိတုန်းကောင်ကိုထည့်၍ ဝိတောက်နှင့်ပင် ပြန်ပိတ်၍ ထည့်ထားပြီးလျှင် ဘီလပ်ပြုနှင့် ကျောက်စရစ် ရောမွှေ၍ ကျောက်လောင်းအုပါသည်။ (ဤအရာက ပန်းရံဆရာမှ ကျွမ်းကျင်သည်ဖြစ်၍ ပန်းရံဆရာနှင့် သေချာစွာ အပ်၍ ဆောင်ရွက်နိုင်ပါသည်။ ဝိပိသည် ဘီလပ်ပြု သဲ ထုံး ကျောက်တို့၏ အစပ်အဟပ် အတွဲအဖက် တို့ကိုနားလည်ပါက အကောင်းဆုံးအဆိုးအစားအားဖြင့် စပ်၍ ကျောက်လောင်းနိုင်ပါသည်။ နားမလည်ပါက ပန်းရံဆရာကို ငှားရမ်း ဆောင်ရွက်နိုင်ပါသည်။)

ဤကဲ့သို့ ဝိတုန်းမွှာကို စီရင် ဆောင်ရွက်ထားသော ဒြဝင်းအတွင်း၌လည်းကောင်း အိမ်ပေါ်၌ လည်းကောင်း မကောင်းသော (၃၇) မင်းနတ်မှား နတ်မိစ္ဆာမှားပင် မဟုတ် မကပ်ဝဲ အနှောင့်အယှက် ပေးတော့ပေ။ ထို့အတူ ဓနုန်းကဝေမှား တရွေ့ မြေပုတ်မှား သရဲသဘက်မှားလည်း မကပ်ရောက်နိုင်တော့ ပေ။ ထိုပြင် သူဦးမှား တးပြမှား အနုကြွပ်စီးသမားများ သူပုန်မှား သောင်းကျန်းသူများသည် ပိပိစိ ဒြဝင်းထဲ တးပြတိုက်ခြင်း မလုပ်နိုင်တော့ပေ။ စီရင်ပုံ စီရင်နည်း မှန်ကန်ခဲ့ပါလျှင် ပြုပုံပြုပြင် နည်းမှန်ကန် ခဲ့ပါလျှင်မူ သူဦး တးပြ အနုကြွပ်သမားများ သောင်းကျန်းသူ သူပုန်များသည်ပင်လျှင် ပိပိစိပစ္စည်း ရွာပေမတွေ့နိုင်ဘဲရှိတော့ခြင်း အချို့ဆိုလျှင် အိပ်ကို မမှတ်မိပဲရှိတော့ခြင်း အချို့သော သူဦး တးပြများသည်

ကိစ်ထဲသို့ဝင်နိုင်သည်ကိုတွေ့ရတတ်ပြီး ပြန်ထွက်သည့်အခါ မထွက်တတ်တော့ဘဲ အယ်ကထွက်ရမှန်း မသိတော့ပါဘဲ မိုးလင်းသွားခဲ့ အားလုံးပမ်းပိတော့ခဲ့။

မော်လမြိုင်ပြို့နယ်အကွင်းမှ ပွန်ရွာတစ်ရွာတွင် မိသားစုတစ်စု နေထိုင်လျက်ရှိပါသည်။ အားလုံးသည် ဝိုင်းလုပ်ဝိုင်းစားဖြစ်နေသောကြောင့် အခေါ်လုပ်သူများက ဝိုင်းဝန်းထိန်းသိမ်းပေးသည့်အတွက် နှစ်အနည်းငယ်ကြာလာသည့်အခါ မိသားစု အိမ်ကြီး အိမ်ကောင်းနှင့်လည်း နေနိုင်လာခဲ့ပါသည်။ ယွမ်ပြေရော စိုက်ပျိုးရေးအပြင် အရောင်းအဝယ် လုပ်ငန်းများပါ လုပ်ကိုင်သည့်အတွက် စီးပွားရေးများ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာခဲ့ပြီး ကြီးပွားမှုမြင်းသာလာခဲ့ပါသည်။ မိသားစုအားလုံးတို့တွင် အမေ အမေ ဖိတနှစ်ပါးက ကွယ်လွန်သွားကြ၍ ကျန်တာသည် လူငယ် လူရွယ်များသာဖြစ်ကြ၍ အခေါ်လုပ်သူများက တုပ်ထိန်းအုပ်ချုပ်ပြီး နေထိုင်လာခဲ့ကြပါသည်။ အခေါ် (၂) ယောက်စလုံးမှာ အိမ်ထောင်မဝင်သော အမျိုးကြီးများသာ ဖြစ်ကြပါသည်။ ဤသို့နှင့် သူတို့၏ မိသားစုတွင် နွားအုပ် ဆိတ်အုပ် ကြက်အုပ်နှင့် ယွမ်ပြေ ရေအက်ကလည်း အောင်မြင်လာခဲ့ပါသည်။ ထို့အတူ စိုက်ပျိုးရေးအက်ကလည်း လယ်လည်းရှိတယ် မြလည်းရှိတယ်။ ရာဘာခြံလည်း ပိုင်ထားသေးတယ်။ ဤသို့ဆိုသော် ဘာမှ ပူစရာမပြင်း ဤကြားထဲ နေ့စဉ် ရာသီအလိုက် ထွက်ရှိနေသည့် ဟင်းနွယ်အနှီများ ကန်ငွန်းရွက်များ ခွဉ်ပေါင် ဝလပ် ပုစဉ်းဆူးသီး သစ္စား ပဲသီး ပဲတောင့် စသည်များကိုလည်း ပြို့တက်၍ ရောင်းသုံးရောင်းသေးသည်ဆိုတော့ စားရေးသောက်ရေး နေရေး ထိုင်ရေး စီးပွားရေးကပါ ဘာမှ ပူစရာမပြင် အားလုံး အဆင်ပြေတိုးတက်နေကြပါသည်။

ဤအခွက်အလက်များ အခြေအနေများကို အခွင့်ကောင်းယူ၍ တစ်နှစ်လျှင် တစ်ကြိမ် နှစ်ကြိမ်ခန့် နွားဖောက်တာ ကျဲဖောက်တာ ဆိတ်ဖောက်တာ ပြစ်ပြစ်လာခဲ့ပါသည်။ မည်သူမည်ဝါတာ ဦးမှန်းမသိ အလစ်သုတ်မှန်းမသိဘဲနှင့် ကွဲနွားဆိတ်များ ဖောက်ဖောက်နေတတ်ပါသည်။ အိမ်မှာ လူကြီး ဆိုလို့ အမျိုးကြီး အခေါ်များသာရှိ၍ မိန်းမသားများဖြစ်သည့်အတွက် ညရေးညတာ အပြင်ကို မထွက်ရဲ မလိုက်ရဲကြပေ။ သိသိကြီးနှင့်ပင် ဤအတိုင်း လက်လွတ်ကြည့်နေရသည့် သဘောပင် ဖြစ်နေရပါသည်။ ကျန်တာတွေက အသက် (၂၀) အောက် ကလေးများ မိန်းမငယ်များဖြစ်နေ၍ လူငယ်သဘာဝ တွတ်ထိုးလိုက်လုပ်ချင်ပေမယ့် အခေါ်အမျိုးကြီးများက ထိန်းထိန်းသိမ်းသိမ်းလုပ်ထား၍သာ အားမတန် မာန်လျှော့ပြီး ဤအကိုင်းကြည့်နေရသည့် သဘောဖြစ်နေပါတော့ခဲ့။

ဤတွင် နွားဦး ဆိတ်ဦးအဖွဲ့များကလည်း အကြီးဆုံးတွေက မိန်းမတွေ အငယ်တွေက ကလေးတွေ သာဆိုတော့ တစ်နှစ်ထက်တစ်နှစ်က သူဦးအဖွဲ့များက အတင့်ရဲလာပါတော့ခဲ့။ တစ်နှစ်ကို အရင်က တစ်ကြိမ် နှစ်ကြိမ်အဦးခံရတာကအစ ယခုဆိုပါလျှင် တစ်နှစ်ကို (လေးငါးကြိမ်) အထိ အတင့်ရဲစွာ ဦးလာပါတော့ခဲ့။

အကွန့်ပ်သည် မော်လမြိုင်ပြို့နှင့်နယ်အက် တောရွာအက်များသို့ တစ်နှစ်ကို (၁) ကြိမ် ခရီးထွက်ပြီး သာသနာ့ပြုလုပ်ငန်းများ ဆောင်ရွက်နေဆဲတွင် အကွန့်ပ်ခဲ့ မော်လမြိုင်ပြို့ ညောင်ပင်ဆိပ်ကေးရွာကို ရောက်နေဦးက အိမ်ရှင် အမျိုးကြီး အမျိုးသမီးများက လာရောက် လျှောက်ထားလာပါတော့ခဲ့။ အမျိုးကြီးများဟု ဆိုပေမယ့် အသက်တွေက (၅၀) ကျော်လောက် ရှိကုန်ပါပြီး ဤတွင် အကွန့်ပ်တပင် နှုတ်ခွန်းဆက်လျှက် စကားစလိုက်ပါတော့ခဲ့။

ဆရာတော် - "ဟဲ့ . . . ဒကာမကြီးတွေ မလာရဟူး အလာထူးပါလား . . ဘာကိစ္စဘာအကြောင်းများ ရှိနေပါသလဲ . . . ဘာကိစ္စရှိပါသလဲ ရှိခဲ့ရင် လျှောက်တင်စမ်းဟဲ့ . . ."

အမျိုးသမီးများ - "တန်ခိုးကြီးသော ဆရာတော် သိန္ဓိကြီးသော ဆရာတော် ဩနယ်အနှံ့ ကျော်ကြား နေ၍ ဆရာတော်ထံ အားကိုးတကြီး ရောက်လာကြတာပါ ဘုရား . . . တပည့် တော်မတို့၏ ဒုက္ခကို ဆရာတော် ကယ်တင်နိုင်မည် ထင်လို့ လာခဲ့ကြတာပါဘုရား"

ဆရာတော် - "အေး ဟုတ်ပါပြီ . . . လိုရင်းအချက်အလက်တွေကိုသာ လျှောက်ဟဲ့"

အမျိုးသမီးများ - "တပည့်တော်မတို့ဟာ မရှိဆင်းရဲတဲ့အဝကနေ၍ တက်လာခဲ့တာပါ ဘုရား . . . တပည့်တော်မတို့ရဲ့ တူလေးတွေ တူမလေးတွေကို ငယ်ရွယ်စဉ် ကလေးဘဝမှာ ကတည်းက သူတို့ရဲ့ ဝိဘ (၂) ပါးများက စောစောစီးစီး ရွှေဆင့် နောက်ဆင့် ဆိုသလို ကွယ်လွန်သွားကြတော့ ဤကလေးလေးတွေကို တပည့်တော်မတို့ကပဲ ကြီးပြင်းအောင်မွေး ကျောင်းထားဝိုင်းပြီးလုပ်ကြ ဝိုင်းပြီး စားကြနှင့် အလုပ် လုပ်ကိုင်ခဲ့ကြတာ ပါဘုရား . . . အခုတော့ တပည့်တော်မတို့မှာ ကျွဲအုပ် နွားအုပ် ဆိတ်အုပ်နဲ့ မွေးမြူရေးအလုပ်ကလည်း တိုးတက်အောင်မြင်လာခဲ့ပါသည်ဘုရား . . . ဤကြားထဲမှာ လယ်လည်း လုပ်ပါတယ်ဘုရား . . . ဧကလည်းလုပ်ပါတယ် ဘုရား . . . လယ်က ထွက်တာရော ခြံကထွက်တာရော အားလုံးကို ပြန့်တက်ပြီး ဈေးကလည်း ကလေးတွေက ရောင်းပါတယ်ဘုရား . . . ဤကဲ့သို့ပင် အားလုံးသည် မိသားစုများအဖြစ် စုပေါင်းလုပ်စုပေါင်းရောင်းချစားသောက်နေရာကနေ အတော် ပင်တိုး တက်လာခဲ့ပြန်တော့ ဤမှာပင် ပြဿနာက တက်တော့တာပါပဲဘုရား . . . လူဆိုး သူဆိုးတွေက ဆိတ်တွေ့ရင် ဆိတ်ခိုးသွားလိုက် နွားတွေ့ရင် နွားခိုးသွား လိုက်နဲ့ တပည့်တော်မတို့ကလည်း ညဆေးညဘေးမှာ အပြင်ဘက်ကို မလိုက်ခဲ့တော့ သူတို့အကြိုက်ဖြစ်နေတာပေါ့ဘုရား . . . အတိုချုပ်ကလေးပဲ လျှောက်တင်ရပါ လျှင် တစ်နှစ် တစ်နှစ်လျှင် ကျွဲ နွား စုစုပေါင်း (၅) ကောင်ခန့်အနည်းဆုံး အခိုးခံ နေရတာပါပဲဘုရား . . . ကျွဲနွားဆိတ်တွေ သူများ မခိုးနိုင်အောင် တိမ်ရော မွေးမြူရေး တိရစ္ဆာန်တွေပါ ကာကွယ်နိုင်သော (အဆောင်) ပြစ်ဖြစ်၊ ယတြာဖြစ်ဖြစ် စွန့်တော်မူပါဘုရား . . . တပည့်ဘော်မတို့ အတော်ပင် ဒုက္ခရောက်လွန်းလို့ပါ. . ကြာလာခဲ့ရင် ဤသူခိုးတွေ အတင့်မဲ့ပြီး အိမ်ပေါ် တက်ပြီး အနုကြမ်းစီးမှာတောင် ဦးမိမ်ရမှာပါသည်ဘုရား . . . တပည့်တော်မတို့အား ကယ်တင်တော်မူပါဘုရား . . . "

ဆရာတော် - "အေးအေး အဲဝါဆိုရင် ဝိတုန်းရွယ်ထုပ ဝိတုန်းရွယ်တွေကို အိမ်အလယ်ဝကိုမှာ အိမ်တိုင်ထဲမှာ တစ်ကောင်ထည့်ပါ . . . အိမ်လေးတိုင်ထဲမှာ လွန်နဲ့ အပေါက် တောက်၍ အပေါက်ထဲကို ဝိတုန်းရွယ်ထည့်၍ ပြန်ပိတ် . . . ငါတို့ယ်တိုင် ဂါထာ စုပ်ပြီး အဓိဋ္ဌာန်ပြန်ပြီး ငါကိုယ်တိုင်အိမ်တိုင်ထဲကို ထည့်ပေးမယ် . . . နင်တို့ကသာ ငါဩဇာပြတဲ့အတိုင်း ဝိတုန်းရွယ်တွေကိုသာ ခပ်များများရအောင်သာသွားထုကြ"

ဤသို့ အဓိဋ္ဌာန်ပေးလိုက်ပြီး ဝိတုန်းရွယ်ပုံ လုပ်ပုံလုပ်နည်းတို့ကို အသေးစိတ် လမ်းညွှန် ပြဆဲခဲ့ပြီး ခွက်ခြင်းပင် ပစ္စည်းများကို ရှာပိုင်းပြီး ဧရာကောင်းရက်မြတ်တွင် ဝိတုန်းရွယ်တို့ကို စီစဉ်ခိုင်းလိုက်ပါတော့၏။ သူတို့ကိုလည်း အမြန်ဆုံး ဦးစားပေးလုပ်ကြရန် လမ်းညွှန်လိုက်ပါတော့၏။ ထို့နောက် အကျွန်ုပ်သည် လာပို့လာသော ဝိတုန်းရွယ်များကို ပြုပြင်ထည့် ပစ်ခိုင်းပြစ်နှင့် ဆို့ပိတ်ပြီး ဝိတုန်းရောင် ဆေးကာထွာရာ အနက်သုတ်ထားပြီး နေလှမ်းထားလိုက်ပါသည်။ လေတိုက်ရာမှာ ပြန့်ထားလိုက်ပါပြီး အခိုန်အတော်ကြာ၌

ဆေးသုတ်ထားတာ ခြောက်သွားတော့မှ ပိတုန်းရွပ်များအား အသက်သွင်း သို့တိုင်၍ ပိတုန်း အနီးအဝေ
ဂါထာများနှင့် ထပ်ခုပ်မန်း၍ လိုရာကို အမိန့်ပေးပြီး လုတစ်ရပ်အပြင့်ခန့်တွင် ကိန်တိုင်ကြီးများကို လွန်ကြီး
ကြီးနှင့် အပေါက်ဖောက်ခိုင်းပြီး ပိတုန်းရွပ်များကိုထည့်၍ အသေပိတ်လိုက်ပါတော့၏။ ကိန်ကြီးက
ခြေတံရှည်ကိန်ကြီးဖြစ်ပြီး ကိန်ပေါ်မှာ လူအများနေထိုင်ပြီး ကိန်အောက်မှာ ကျွဲ နွား ခြံလှပ်ထားခြင်း
ဖြစ်ပါသည်။ ကြက်ခြံရော ဆိတ်ခြံရော နွားခြံတွေကိုပါ လေးထောင့်မှာ ပိတုန်း တစ်ကောင်စီထည့်၍
အဓိန့်ပြန်ခဲ့ပါတော့၏။ မကြာမီရက်အနည်းငယ်အတွင်း မြည်ဖြို့သို့ ပြန်ကြွလာခဲ့ပါတော့၏။ ဤသို့ဖြင့်
တစ်နှစ်ကိုတစ်ခေါက်တော့ မော်လမြိုင်ဖြို့ဘက်ကို သာသနာပြုခရီးကတော့ ရောက်ခဲ့ပါသည်။ ယခုဆို
ပါလျှင် ပိတုန်းလွှပ်ပြုပ်ခဲ့တာ နှစ်ပေါင်း (၂၀) ခန့် ရှိသွားပါပြီ။ ဘာသံမှု မကြားရတော့ပါ။ မည်သည့်
ကျွဲ နွား ဆိတ်တစ်ကောင်မှ မမျောက်ရတော့ပါ။ ပိတုန်းရွပ်ပြုပ်ခဲ့ပြီး နောက်တစ်နှစ် မော်လမြိုင်ဖြို့နယ်
ထိုရွာသို့ အကွန့်ဝင်ဆိုက်ရောက်သွားတော့ ထိုမိသားစု အမျိုးသမီးကြီးများသည် ဝမ်းသာအားရဖြင့်
လာရောက်ကန်တော့ကြပါတော့သည်။ လူ့ဘွယ်ဝတ္ထုများ ကပ်လှုပ်ရေးရင်း . . .

ဆရာတော် - "ဟဲ့ . . . နင်တို့တွေ နေကောင်းကြရဲ့လားဟဲ့ . . . ကျွဲတွေ နွားတွေ ဆိတ်တွေရော
အိုးဝံရသေးလားဟဲ့ . . . အဲဒီသုခိုးတွေရော အရင်လို အတင့်ရဲနိုင်ကြသေးရဲ့
လားဟဲ့ . . ."

အမျိုးသမီးများ - "သုခိုးတွေလာပြီးတော့ ဝန်ခံတောင်းပန်သွားပါသည်ဘုရား . . . ပိတုန်းမြှုပ်ပေး
ပြီး (၆) လခန့်ကြာတော့ သူတို့ အိမ်အောက်မှာရှိတဲ့ နွားခြံထဲက နွားတွေကို
လာဆွဲတာပါဘုရား . . . ဒါပေမဲ့ သူတို့ဟာ အိမ်ကိုလည်း ရှာမတွေ့ဘူး . . .
နွားခြံလည်း ရှာမတွေ့ခဲ့ဘူးဘုရား . . . ဒီလို နဲ့ ဝိုးလင်းလင်းသွားတော့ သူတို့
ပြန်ပြေးရတော့တာပေါ့ ဘုရား . . . သူတို့သုခိုးတွေဟာ အယ်နကြွယ်လောက်လာပြီး
ဝိုးတာတော့ တယည်တော်မတို့ မသိပါဘူးဘုရား . . . သူတို့ သုခိုးတွေတော့ ခန့်မှန်း
ပြီး ကြည့်ရတာတော့ အနည်းဆုံး (၃) ကြိမ်လောက်တော့ လာပြီး ဝိုးခဲ့လာမယ်လို့
တော့ ခန့်မှန်းမိပါတယ်ဘုရား . . . အခြစ်လို့လဲဆိုတော့ သုခိုးတွေလာပြီး
ဝန်ခံတောင်းပန်သွားတာမှာ . . ."

သုခိုးများ - "အဝေါ်တို့အိမ်မှ ကျွဲ နွားတွေကို ဝိုးယူနေတာ ကျွန်တော်တို့အဖွဲ့ပါ . . . ဒီအတွက်
ကျွန်တော်တို့ ဝန်ခံတောင်းပန်ပါတယ် . . . နောက်နောင်ကိုလည်း အဝေါ်တို့
အိမ်က ပစ္စည်းတွေကို ကျွန်တော်တို့ မဝိုးယူတော့ပါဘူး . . . သစ္စာလည်း ပြုပါ
တယ် . . . ကတိလည်း ပေးပါတယ် . . . ဝိုးယူမိတဲ့အမှားတတွက်လည်း
ကျွန်တော် တို့ နောင်တရလို့ မဆုံးပါဘူး . . ."

အမျိုးသမီးများ - "အေးအေး မင်းတို့ရဲ့ အသိစိတ်မာတ်နဲ့ ဝန်ခံတောင်းပန်တော့လည်း အဝေါ်
တို့က ကြေအေးပါတယ်ကွယ် . . . ဘာမှ အပြစ်မတင်သလို အပြစ်လည်း
ယူပါဘူးကွယ် မင်းတို့တွေ ကျန်းမာချမ်းသာစွာ နိုင်ကြပါစေလို့ပဲ အဝေါ်တို့က
ပေတ္တာပို့ပေးပါတယ်။

သုခိုးများ - "အဲဒီလို အဝေါ်တို့က ပေတ္တာပို့ပေးနေလေ ကျွန်တော်တို့က ဒုက္ခ ရောက်လေ
ပါပဲဗျာ . . . ဘာကြောင့်ဆိုတော့ အဝေါ်တို့အိမ်မှာ ဘာအဆောင်ရှိသလဲ . . .
ဘာတွေလုပ်ထားသလဲတော့ ကျွန်တော်တို့ မပြောတတ်ပါဘူးဗျာ . . . အဝေါ်တို့

ကိန်ကို ကျွန်တော်တို့ ဦးဖို့လာ တာ ခု ခါလောက်တောင်ရှိသွားပြီဗျ . . . ဒါပေမဲ့ ထူးဆန်းတာက နေ့ခင်းဘက်က ကိန်ကိုဘယ်လိုပဲမှတ်ထားထား ညဘက်ရောက်တော့ လမ်းမှား ကိန်မှား ကိန်ကို ရှာလို့မတွေ့ဘဲ ဖြစ်နေပါတယ် . . . ကိန်ကို ရှာရင်းရှာရင်းနဲ့ပဲ မိုးလင်းသွားတာနဲ့ ကျွန်တော်တို့လည်း ပြေးရတာပေါ့ဗျာ"

အမျိုးသမီးများ - "တို့ကတော့ ဘာမှမလုပ်ပါဘူးကွာ . . . လုပ်စရာလည်း မရှိပါဘူးဟေ့ . . . တို့မှာတာဘူးကိုးစရာဆိုလို့ ဘုရား တရား သံယာ ရတနာသုံးပါးပဲ ရှိတဲ့ဥစ္စာ . . . ဘာရှိရဦးမှာလဲဟဲ့ . . . မင်းတို့တွေအပေါ်မှာ တို့က မေတ္တာပဲရှိတာ . . . မေတ္တာကိုပဲ ဘာကိုးပြီး ပို့ပေးရတာပါ . . . ဤကဲ့သို့ တပည့်တော်မတို့က ပြန်ပြောလိုက်သည့်အခါ သူဦးမှူးသည် တံခြုတုန်လှုပ်စွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး တပည့်တော်မတို့အား တောင်းပန်တိုးလျိုးဖြား ပြန်သွားကြပါတယ်ဘုရား၊ အဲဒီထဲက နောက်နောင်ဘာတစ်ခုမှ မပျောက်မရှတော့ပါ ဘုးဘုရား"

ဟု လျှောက်တင်လာပါတော့၏။ ဤတွင်မှ တကွန့်ပ်သည်-

ဆရာတော် - "အေးအေး ကောင်းလိုက်တာဟေ့ ကိုယ့်ဘက်က လွန်လွန်ကဲကဲ မောက်မောက်မာမာမပြောပဲဒေနဲ့ ပြောရင်လည်း မေတ္တာနဲ့သာ ပြောကြပါဟေ့ . . . ဒီလို ပြောလိုက်တာ ကောင်းပါတယ်ဟေ့ . . . ဟိုဟာ မြှုပ်ထားတာ . . . ဒီဟာမြှုပ်ထားတာလို့ဆိုတာကို သူတို့တွေကို နှုတ်က မပြောပဲဒေနဲ့ ဒါတော့ သတိထားကြပေါ့ဟေ့ . . . အားလုံးကြားကြ လားဟဲ့ . . ."

အမျိုးသမီးများ - "စိတ်ခုပါ ဆရာတော် . . . တပည့်တော်မတို့ တစ်ခွန်းတစ်ပါဒမှ ပြောမှာ မဟုတ်ပါဘူးဘုရား အလိမ္မာနဲ့ပဲ ပျော်ပြောင်းညည်သာစွာပဲ ပြောလိုက်ပါတယ်ဘုရား. . ."

ဤကား တကွန့်ပ် ကွမ်းပြုတ္ထင်၏ ပိတုန်းနှင့်ပတ်သက်သော ငါတွေ့တစ်ခုပင်ဟု မှတ်ကြပါလေ၊ ထို့နောက် ကိုယ်တွေ့တစ်ခုရှိပါသေး၏၊ ဤကိစ္စအကြောင်းကား မော်လမြိုင်မြို့ တောရွာတစ်ရွာ၌ဖြစ်ပွားသော ကိစ္စတစ်ခုဖြစ်ပါသည်၊ အကြောင်းကား ခင်ပွန်းလုပ်သူက ရပ်ရွာမှာ လူကြီးလူကောင်း တစ်ရွာလုံးမသိသူမရှိ အားမကိုးသည့်သူမရှိ သူရွာသာမက အေးတစ်ပတ်လည်ရွာများကပါ သူ့ကိုသိကြပါသည်၊ အားကိုးယုံကြည်မှုများလည်း များပါသည်၊ သူရွာသူရွာသားများကအစ အခြားအခြားသော မြို့နယ်များ တောရွာများပါ မကျန် သူ့ကို လေးစားကြရ၏၊ ယုံကြည်ကြရ၏၊ အားကိုးကြရ၏၊ ကိစ္စအရေးတစ်စုံတစ်ရာရှိပါလျှင်လည်း သူနှင့်သာ တိုင်ပင်နှိုးနော်၌ ကိစ္စအဝဝကို ဆောင်ရွက်ကြရကုန်၏၊ ထို့ကြောင့်ပင်လျှင် ခင်ပွန်းသည်အား ရပ်ရွာမှာ လူကြီးလူကောင်းဟုဆိုလိုရင်းဖြစ်ပါသည်၊ ဇနီးလုပ်သူအမျိုးသမီးဆိုလျှင် နှတ်ပွဲတို့၊ နှတ်ကတာတို့ နှတ်မေးတာတို့ကို ဝါသနာပါ၏၊ တကွန့်ပ်သည် သာသနာပြုခရီးအဖြစ် မော်လမြိုင်မြို့တွင်လည်းကောင်း၊ မော်လမြိုင်မြို့အနီးအနား မွန်ကျေးရွာများ ကရင်ကျေးရွာများကို မကြာခဏရောက်တတ်ပါသည်၊ တစ်နေ့ တကွန့်ပ် ရောက်နေခိုက် ကိန်တစ်ကိန်မှ ဆွမ်းစားပင့်၍ ဆွမ်းဟးပြီး ဓမ္မတရား အချို့ပွဲ သုံးဆောင်နေဝဲ့အတွင်း၊ ထိုအမျိုးသမီးသည် ရေကြီးသုတ်ပြာပြင့် တကွန့်ပ်ထံသို့ ရောက်ရှိလာခဲ့ပါတော့၏၊ ဤတွင် တကွန့်ပ်ကပင်စ၍ . . .

ဆရာတော် - "ဟဲ့ ဟကာမကြီး ရေကြီးသုတ်ပြာနဲ့ ဘာကိစ္စ ဘာအကြောင်းရှိလို့လဲ . . . ကိစ္စရှိနေရင် အရေကြီးတဲ့ ကိစ္စရှိပါလျှင် လျှောက်စရာရှိတာ လျှောက်ဟဲ့"

ဒကာမ - "အရေကြီးဆို ဆရာတော် . . . တပည့်တော်မရဲ့ ခင်ပွန်းက ရပ်ရွာမှာ လူကြီး

လူကောင်းပါဘုရား ... မသိတဲ့လူမဖြစ်ပါဘူးဘုရား ... ရဝ်ရွာ အကျိုး ရှယ်ကွက်အကျိုး ဆောင်ရွက်နေတာပါဘုရား ... ပြီးခဲ့သော အပတ်က နတ်ပွဲ သွားရင်း အဲဒီမှာ နတ်ကဝင်ပြီး မူးတော့တာပါပဲဘုရား ... အဲဒီနတ်ကတော့ ပုပ္ပါးပယ်တော်ကြီးပါဘုရား ... ဟဲ့ နင့်ယောကျ်ားမှာ အန္တရာယ်ဖို့နေတယ်ဟဲ့ ... ပြီးတော့လည်း နင့်အိမ် ကို စားပြတိုက်ဖို့ပါ အဓိဘဉ်တွေရှိနေတယ်ဟဲ့ ... အဲဒါ ကိုယ့်သား သမီးများဖို့လို့ တမေက ကြွေတင်ပြီး သတိပေးတာဟဲ့ ... ဒီလို အဓိန့် ခဲ့သွားပါတယ်ဘုရား ... ကြားကြားခြင်း သိသိချင်း တပည့်တော်မ တိပ်လို့တောင် မပျော်ပါဘူးဘုရား ... တစ်နေ့က ပြည်ဆရာတော် ဆောက်နေ တယ်လို့ သတင်းကြားတာနဲ့ အဆောင်လေး ဘာလေးလည်း ဖွဲ့ပါဘုရား ... လို့ လျှောက်မယ်ဆိုပြီး ထွက်လာတာပါဘုရား။

ဆရာတော် - "ဟဲ့ ခကာမ ... နင့်နတ်တွေက ကြွေတင်ပြီး သတိပေးတာတို့ အဓိန့်ခံတာ တို့တော့ လုပ်တတ်သလားဟဲ့ ... မသကာဆိုရင် ဟဲ့ နင်တို့အိမ် ကို စားပြတိုက်ဖို့ ငါပြင်တယ် နင်တို့ဘာမှမယူကြနဲ့ ငါကိုယ်တိုင် ဒီစားပြ ရန်က လွတ်ကင်းအောင် ကာကွယ်ပေးမယ်ဟေ့လို့ မကြောဘူးလားဟ"

ခကာမ - အဲဒီလိုတော့ နတ်က ပြောမသွားပါဘူးဘုရား အမေပုပ္ပါးမယ်တော်ကြီးက ... နင့်ယောကျ်ားမှာ အန္တရာယ်ပြင်တယ်တဲ့ဘုရား ... နင့်တို့ အိမ်ကိုလည်း စားပြတိုက်ဖို့ ကြံစည်နေတယ်တဲ့ ဘုရား တပည့်တော်မတို့ကို ကယ်တင်ပါဦးဘုရား"

ဆရာတော် - "ဟင် နင်တို့ နတ်တွေကလည်း တစ်ဖျဉ်းကြီးပါလားဟဲ့ ... သတိတော့ ပေးတတ်တယ် ... ကယ်တော့ မကယ်နိုင်ကြဘူးလားဟဲ့ လူတွေတင် ပဲ့သ တင်မြောက် ထားကြတော့ စားကြသောက်ကြနဲ့ ဒီစားပြရန်ကတော့ မကယ်နိုင်ကြဘူးပေါ့လေ ... ကဲ ကဲ ထားလိုက်တော့ အခုအခိုန်က ပဋိုးတော့ ငါခိုင်းတာလုပ် ဟုတ်ညီလား ငါတောကွယ်ပေးလိုက်မယ်ကွာ ... ဝါပေမဲ့ ငါဆရာတော်ခိုင်းတာတော့ သေချာစွာ တိကျစွာ လုပ်လာခဲ့ရမယ်နော် ... ဝါတော့ သတိပြုပါဟော"

ဤသို့နှင့် အကျွန်ုပ်သည် ဝိတုန်းရွယ်ထုလာခဲ့ရန် အခြို့ နာရီ နကွတ်နှင့် တိတိကျကျ ညွှန်ကြား လိုက်ပါသည်။ ဝိတုန်းနှင့်တူအောင် တိတိကျကျထုလာနိုင်ပါ မှာလိုက်ပါသည်။ ဝိတုန်းခင် အသေက်သဲကို ပြဒါးယည်ပြီး ပဒိုင်းအပြစ်နှင့် သေမှာစွာ ဆို့ပိတ်ဖို့တွေကိုပါ မှာကြားလိုက်ပါသည်။ ဤသို့နှင့် အကျွန်ုပ် ပြန်မကြွခင်မှာပင် ထိုခကာမ ပြန်မောက်လာခဲ့ပြီး လက်ဆဲမှာလည်း ဝိတုန်းရွယ်များ ပါလာခဲ့ပါသည်။ ဤတွင် အကျွန်ုပ်သည် ဝိတုန်းမွှယ်များအား အသေးစိပ် သေမှာစွာ ကြည့်ရှုပြီး မှန်ကန်ကောင်းမွန်စွာ ထုလုပ်ပေးလိုက်သည်ကို ပြင်ကွေ့ရပြီး ဓာတ်ခွင်းပင် အသက်သွင်းရှိ သိရှိတင်ပေးလိုက်ပါတော့သည်။ ပြီးနောက် လူတစ်ရပ်အပြင် သာသာမှာ အပေါ်ဆုံးထပ်မှာ လွန်ကြီးကြီးနှင့် အပေါက်အောက်ရှိ ဝိတုန်းမွှယ်များ ထည့်ရှိ ဝိတုန်းမွှယ် စေ့ဂါထာ အနိုးဂါထာများပြင် ရွတ်ရှိ အမိန့်တော်ပြန်ပေးလိုက်ပါသည်။ အိမ်၏ အောက်ထပ်မှာလည်း လူတစ်ရပ် သာသာ နေရာများတွင် လွန်နှင့် အပေါက်အောက်ရှိ ဝိတုန်း ရုပ်များကို ဝိတုန်းစေ့ဂါထာ အနိုးဂါထာများပြင် ရွတ်ကို အမိန့်ပြန်ပေးပြီး ပြုပြင်ပေးခဲ့ပါကြောင်း ဤသို့နှင့် အကျွန်ုပ် သည် မပြန်ခင်စင်ကြား ဟိုကဖွယ်စေးပင် ဤက ဆွမ်းစားပင့်နှင့် အလှူများ ဆွမ်းကပ်ပင့်များအပြင်

အလုပ် ရှာနေပြီး ပြည်ပြီကို မပြန်ပြစ်သေးပေး တစ်ပတ်ခန့် တက်ကြာတွင် ထိုအမျိုးသမီးသည် အကျွန်ုပ်ထံသို့ ပြန်လည်ရောက်ရှိလာပါတော့၏။

ဆရာတော် - "ဟဲ့ ဒကာမ ပြန်မလာပြန်ပြီလားဟဲ့ ... ဘာကိစ္စ ဘာအကြောင်း ပေါ်ပြန်ပြီ တုံးဟဲ့"

ဒကာမ - "ဘာကိစ္စမှ အကြောင်းမရှိတော့ပါဘုရား ... ဒီတိပိဋကဓရ ဆရာတော်ကို ဆွမ်းကပ်မယ်ဆိုပြီး ဖိတ်ထားလို့ တပည့်တော်မလာတာပါဘုရား ... ပြီးတော့ လည်း ဆရာတော်ပြန်မကြွခင် ပိတုန်းကိစ္စနှင့် ပတ်သက်၍ ထူးခြားတာလေးတွေပါ လျှောက်တင်ချင်လို့ပါဘုရား"

ဆရာတော် - အေးအေး လျှောက်ဟဲ့ ... ဘာတွေများ ထူးခြားလာပြန်သလဲဟေ့"

ဒကာမ - ပြီးခဲ့သော တစ်နေ့က ဒီဝမ်ဟာ ဦးရာနတ်တင်ပါတယ်ဘုရား ... တပည့်တော်မ ကလည်း အသေးစိပ်မလုပ်တတ်တော့ နတ်ကတော်ကိုပဲ အပ်နှံပြီး ကိုယ်က လို အပ်တဲ့ပစ္စည်းတွေကို ဝယ်ပေးပြီး တင်ဒိုင်းတာပေါ့ ဘုရား ... ခါတိုင်း နှစ်တိုင်း ဆိုရင် ဒီဝမ်ဟာ ဦးရာနတ်တင်ရင် ဒီနတ်ကတော်ပဲလာပြီးတော့ နတ်တင်ပေးနေကျ ပါဘုရား ... တင်တိုင်းလည်း နတ်ပင့်ရင် နတ်မူးကပ်လာပြီး ပြောဆို အပိန့်ဆုံမှတ် သွားတာ ရှိပါတယ်ဘုရား ... အခု ဆရာတော်အပိန့်တော်ရှိသည့် အတိုင်း ဒီဝမ်တစ်ပတ်လည်မှာ အထက်ရော အောက်ရော ပိတုန်းဓမ္မာ အကောင်ပေါင်း စုစုပေါင်း (၁၈)ကောင် တိတိ ပြွမ်ထားတာ တပည့်တော်မကလည်း ပြွမ်ထားပြီး တော့ စိတ်ခွဲလက်ခွဲ နေလိုက်တာပါဘုရား ... ပြွမ်ထားတာလည်း အမှတ်မရှ တော့ဘူးပေါ့ဘုရား ... ဒီတစ်ခါတော့ နတ်ကိုပင့်တာ ပင့်လို့မရတော့ဘူးဘုရား ဘယ်လို ပင့်ပင့် နတ်က မလာတော့ဘူး ဘုရား ... ပင့်နေကျ နတ်ကတော်လည်း (ကင်နေတော့ ဘာဖြစ်တယ်မသိဘူးဟေ့ ဒီလောက် နတ်ပင့်နေတာတောင် ဘယ်နတ်ကမှ ကြွမလာဘူးဟေ့) ဟု ပြောလာရလောက်အောင်ကို နတ်က မကြွလာ ပါဘူးဘုရား၊ တပည့်တော်မကလည်း ခါတိုင်းပင့်ရင် ကြွနေကျပါ ယနေ့ကဲ့သို့ကမှ ဒါဘာဖြစ်ရတာတုံး သေသေချာချာ ဂဏန်းတိုက်ပင့်ပေးပါဦးရှင်ဟု ပြောလိုက်ပါ တယ်ဘုရား ... သို့မဟုတ် နတ်ကတော်က (ဟဲ့ ငါလည်း ပင့်နေတာပဲဟဲ့ အခုဟာက ဘယ်လိုပင့်ပင့် နတ်က မကြွဘူးဖြစ်နေတယ်) ဟု ပြောပါသည် ဘုရား ... ခါနဲ့ တပည့်တော်မလည်း ကဲကဲ ... မကြွလည်း နေတော့ အဖိုနှံလည်း မရှိတော့ဘူး ... နောက်တစ်ကြိမ်ကျမှပဲ ပင့်တော့မယ် ဆိုပြီး နတ်ကတော်ကို ပြန်ခိုင်းလိုက်တော့ တိမ်အမိုးလည်း လွန်သွားတော့မှ နတ်ကတော်ကို နတ်က မူးတော့တာပါပဲဘုရား ... ဒီတော့ တပည့်တော်မကလည်း ဒါက ဘယ်လိုဖြစ်တာ လဲပေါ့ ... ခါတိုင်း နတ်ပင့်ရင် မူးနေကျ ကြွနေကျပဲဟာ အခု ပင့်လို့မရတာ ဒါက ဘယ်လို ဖြစ်တာလဲလို့ မေးလိုက်ပါတယ်ဘုရား ... ဤတွင် မူးနေတဲ့နတ်က (နင်တို့ကိုမိန် ပိတုန်းတွေပြွမ်ထားတော့ ငါမူးရဲဘူးဟဲ့ မူးရင် ပိတုန်းတွေက ငါ့ကို လိုက်ကိုက်တော့မလို ... လိုက်တုပ်တော့မလို စောင့်နေတာပြင်ရတော့ ငါ မမူးရဲတော့ဘူးဟဲ့ ... နင်တို့ကိုမိန်က ပိတုန်းတွေက ငါ့ကို မှက်စောင်းထိုးပြီး

ကြည့်နေကြတာဟဲ့ ငါအယ်လိုလုပ်ပြီး နတ်ပူးရမလဲ . . . ငါမပူးရဲတော့ဘူးဟဲ့" နတ်က ပူးရင်းနဲ့ ပြောလာပါသည် ဘုရား . . . အဲဒီတော့မှ တပည့်တော်မလည်း သတိရပြီးဟာ ငါဆရာတော်ကိုယ်တိုင် ဝိတုန်းတွေကို အိမ်မှာ ပြုပြင်ထည့်ထားတာပဲ . . . နတ်တွေတောင် မကပ်ရဲဘူး . . . မပူးရဲဘူးဆိုတော့ ဟုတ်ပြီ . . . ငါတို့အိမ်ကိုတော့ အယ်ရန်သူ အယ်ဖန္ဒရာယ်မှ ဝင်နိုင်တော့မှာ မဟုတ်တော့ဘူးဟု ဆိုပြီး တပည့်တော်မ ဝမ်းသာအားရလွန်းလို့ ဆရာတော်မပြန်ခင် လာလျှောက်ထားတာ ပါဘုရား"

ဆရာတော် - နှင် (၃၇) မင်းနတ်တွေကလည်း ဒီဝိတုန်းရွပ်ကိုတောင် မနိုင်ပါလားဟဲ့ . . . ဟေး ဟေး ကောင်းတယ် ကောင်းတယ် . . . နှင်တို့အိမ်ထဲ မှာပင် နတ်တောင် မကပ်ရဲ မပူးရဲတော့ဘူးဆိုတော့ ကျွန်တာမတွေးတော့နဲ့တော့ နတ်တောင် မကပ်ရဲတော့တာ ကျွန်တဲ့ သူဦးတို့ ဓားပြတို့ ဘုန်းကြီးသမားတို့ သောင်းကျန်းသူတို့လည်း ဘယ်ဝင်နိုင်တော့မလဲကွယ် . . . သူတို့လည်း နှင့်အိမ်အနားကို ဘယ်ကပ်နိုင်ပါ့ တော့မလဲကွယ် . . . အန္ဒရာယ်တို့ ဘေးရန်တို့ ကင်းဝေးကြတာပေါ့ကွာ . . . "

ယခုဆိုရင် ထိုအိမ်သည်လည်း တကွန့်ပ်ပိတုန်းပြုပြင်ခဲ့သည်မှာ (၁၅) နှစ်ခန့်ပင် ကြာသွားခဲ့ပြီး ယနေ့ထက်တိုင် အိမ်မှာ သူဦးဦးခံရတာ ဓားပြတိုက်ခံရတာ အနှောက်ယှက်ခံရတာ လုံးဝမကြားရတော့ပေး ဒီသားစုအားလုံး ပျော်ရွှင်စွာ ကျန်းမာရေးကောင်းစွာ ဘေးဒုက္ခမှာ နေထိုင်လွတ်ငြိနေပါတော်၊ ထို့နည်းတူ စွာယင် ကုန်လွန်ပြီးခဲ့သော နှစ်ပေါင်း (၂၅) နှစ်ခန့်က ပြည်ခရိုင်အတွင်း၌ တည်ရှိသော တန်ဦးကြီးမားသော ဘုရားစေတီတစ်ဆူတွင်လည်း မကြာခဏဆိုသလို ဘုရားစေတီတော်၊ ထီးတော်မှ စိန်ပူးတော် အဦးခံရတော်၊ ခဏခဏ အဦးခံရတော်၊ အသစ်ထပ်လုပ်လိုက် မကြာပဲ အဦးခံရလိုက် လူကြားမကောင်း သူကြားမကောင်း တော့ ငြိုလူ ထုက ဒွေဒုတ္တိ စိန်ပူးတာသစ်မှာပြီး စည်စည်ကားကား စိန်ပူးတင်လိုက် နောက်တစ်လနှစ်လကြာလျှင် အဦးခံရလိုက်နှင့် တတော်ပင်စိတ်ပျက်စရာကောင်းနေတော့တော်၊ သူဦးကလည်း ပါဝင် နေသလို ပင်ပြစ်နေပါတော့တော်၊ စိန်ပူးအဦးခံရသည်မှာလည်း အကြိမ်းအကြိမ်းသော ဘုရားစေတီ ထက်ပိုဆိုးဝါးလှတော်၊ အဆို့အဆို့သော ဘုရားစေတီတော်များတွင် နှစ်ပေါင်း (၂၀) ကြာမှ တစ်ကြိမ်အဦးခံရတာမို့ နှစ်ပေါင်း (၃၀) ခန့်ကြာပါမှ တစ်ကြိမ် စိန်ပူးအဦးခံရတာကိုတော့ ကြားဖူးခဲ့ပါသည်။

ထူးထူးဆန်းဆန်း သတိုင်းကြီးက ဘုရားစေတီတစ်ဆူတော့ ကြားသိခဲ့ရဖူးတော်၊ လွန်ခဲ့သော (၁၀) နှစ်ကျော်ကျော်ခန့်ကပင် ပြစ်သည်။ လူသိထင်ရှားသော မိသားစုတစ်စုမှ စိန်ပူးတော်တင်လျှက်ခြင်းတော်၊ သတင်းအရ ကြားသိရသည်မှာ စိန်ပူးသည် သီးပေါင်း (၂၀) ခန့်ပင် တန်သည်ဟုတော့ဆိုကြပါသည်။ အကွန့်ပ်ကိုယ်တိုင်တော့ပြင့် မပြင်ဖူးခဲ့ပါပေး သို့ပေမယ့် ထိုစိန်ပူးလျှာသည့်ကာမိသားစုသည်လည်း အကွန့်ပ်နှင့် ဝင်မပတ်ရင်းနှီးလှပါတော်၊ သူတို့ပြောပြလို့ပင် စိန်ပူးအကြောင်း သိရှိခဲ့ရပါသည်။

(ယနေ့ စိန်ပူးတင်သည် စိန်ပူးတင်ပြီးနောက် ငြမ်းကို ဖောက်ခိုင်းသည် သို့သော် ငြမ်းဖောက်မည့်အစုံက ယနေ့ အဆိုန်လည်း မရှိတော့ဘူး နေလည်ဝင်တော့မည် နောင်တစ်နေ့ကမှပဲ ငြမ်းဖောက်တော့မည်၊ တစ်ည တစ်ရက်လောက်ကတော့ ကိုယ်မရှိတာနောင်းပါသူးဟုဆိုပြီး ငြမ်းမဖောက်ခဲ့ကြတာပါ၊ နောက်တစ်နေ့မနက် ငြမ်း ဖောက်ပို့လာတော့ စိန်ပူးတော်မရှိတော့ပါဘူး၊ သူဦးနောက်ပါသွားခဲ့ပါပြီး ပြုပူးလောက်ပင် စိန်ပူးဦးတာ ပြန်ဆန်လွန်းလှတော်။)

ထိုအဖို့ ထိုအခါတုန်းက စိန်ပူးဦးတာ ပြန်လွန်းလှပါလားဟု ကြားသိလိုက်ရသော အကွန့်ပ်

ကိုယ်တိုင်ပင် တံ့ဘားသင့် တံ့ခြဲခဲ့ရများ၏၊ ထိုစိန်ဖူးသို့ကို ယခုစားနေသည့်အချိန်အထိ ဖမ်းဆီးသည် စိန်ဖူးပြန်ရသည်ဟူ၍ မသိခဲ့တော့ပေ။

ယခု ဝဲဒုးတိုင်း ပြည်ခရိုင်အတွင်းက ဘုရားဝေတီကတော့ ဤသို့တော့ မဟုတ်ပါ။ ခကာခက အကြိမ် ပေါင်းများစွာ အဝိုးခံရခြင်းကို ဆိုလိုပါသည်၊ စိန်ဖူးတင် တင်ခြင်းတော့ မဖြောက်သေးဝေး စိန်ဖူးတင်ပြီး (၂၄၊ ၃၀၊ ၅၀) ကြာမှ စိန်ဖူးဖြောက်ခြင်းဖြစ်ပါသည်၊ ကြာလာတော့ လူကြား မကောင်း သူကြားမကောင်း စိန်ဖူးသည် အခါကြိုးရက်ကြိုးကျကာမှ စိန်ဖူး ကောက်တင်ခဲ့ကြပြီး အခါကြိုးရက်ကြိုး မဟုတ်ခဲ့လျှင် စိန်ဖူးကိုချ၍ ဂေါပကအဖိုဝ်တွင် အလှည့်ကျထားနေရသော ဟူ၏၊ နောက်ထပ် စိန်ဖူးအဝိုး ခံရမှာ ကြောက်၍ ဘုရားပွဲတော်ရက်များ တတွင်းသာ ဘုရား ဝေတီပေါ်တွင် စိန်ဖူးတွေ့ရတတ်ပြီး ကျန်သော လရက်များတွင်မူ ဘုရားဂေါပကအဖိုဝ်တွင်ပင် အလှည့်ကျစံပယ်နေရပါသည်၊ ဤမှု အဓွဝ်ဆိုး လှပါသည်၊ စိန်ဖူးအဝိုးခံရသည်မှာလည်း အကြိမ်ပေါင်းမရေတွက်နိုင်တော့ပေ။ ဤသို့နှင့် ဤပြဿနာ သည် အကျွန်ုပ်ထံသို့ ဆိုက်ရောက်လာခဲ့ပါပြီ၊ အကျိုးအကြောင်းကို စုံစေ့စွာ မေးမြန်းပြီးနောက် ဤစိန်ဖူး သူဝိုးရွန်ကင်းဝေးဒို့အတွက် စိန်ဖူးလည်း သူဘုရားဝေတီပေါ်မှာပင် ထာဝရတည်ရှိနိုင်ရေးအတွက် အကွန့်ဝ်ကပင် တာဝန်ယူ၍ ဝိတုန်းရုပ်များကို စီရင်ရပါတော့၏၊ သေချာကုန်စွာ အချိန်အခါ ပိပိမြင့် စီရင်ပြီး နောက် ဝိတုန်းနွဲးဂါထာ ဝိတုန်းစေဂါထာများပြင့်ရုပ်မန်း၍ စိန်ဖူးတော်တစ်ဝိုက်တွင် တပ်ဆင် စေ၍ အသစ်တင်လှူခဲ့ရများပါ၏၊ ထူးဆန်းလှသော အဖြစ်အပျက်တစ်ခုမှာ စိန်ဖူးတော် တင်လှူပြီး နောက် (၂) လခန့်အကြာတွင် (တစ်နေ့သော အလွန်တက် နံနက်ခင်း၌ ဘုရားဝေတီပေါ်သို့ ဂေါပက အဖွဲ့ဝင်များ တစ်နေ့တာ တာဝန်ထမ်းဆောင်ဖို့အတွက် တက်ရောက်လာခဲ့ရာ ဘုရားဝေတီ၏ ဖိနပ်တော် ပေါ်မှာ လူနှစ်ယောက် ဘုရားဝေတီ၏ မထမပစွယ်ပေါ်မှာ လူတစ်ယောက် စုဝှေပေါင်း လူသုံးယောက် လဲကျနေသည်များကို တွေ့ရ၏၊ သုံးယောက်စလုံးတွင် နှစ်ဦးမှာ လက်ခြေကျိုးရံ့ ဒဏ်ရာအနာတ ရရှိ နေကြပြီး ဘုရားပစွယ်ပေါ်မှ လူသည် ဒဏ်ရာပြင်းထန်စွာ ရရှိထား၏၊ ဘုရားဂေါပကအဖွဲ့များသည် ဌာနဆိုင်ရာများ အာဏာပိုင် အဖွဲ့အစည်းများ ပြည်သူရဲများကို ခေါ်ယူ၍ အကူအညီတောင်း၍ မေးမြန်း ခဲ့ရာ ဘုရားဝေတီတော်တွင် အသစ်တင်လှူထားသော စိန်ဖူးတော်ကို တက်ဝိုးသော သူဝိုးများ ဖြစ် နေပါတော့၏၊ ထိုသူဝိုးများပြောပြချက်အရ လှည်းဘီးခန့်ရှိသော ဝိတုန်းကြီးများ ထွက်လိုက်လာ၍ အောက်ပြုတ်ကျခဲ့ပြီး ယခုလို ဒဏ်ရာအနာတရ ရခဲ့ရကြောင်း ထွက်ဆိုခဲ့ပါတော့၏၊ ဤတွင်မှ စိန်ဖူး လာဝိုးသော သူဝိုးများကို အဝေဒ်ထားသော ဝိတုန်းများက လိုက်လဲတိုက်ခိုက်၍ သူဝိုး (၃) ယောက်စလုံး ဝမ်းဝိခဲ့ရပါသည်၊ ဤသို့သော အဖြစ်အပျက်များ ပြစ်ခဲ့ရပြီးနောက် ယခု စားနေနေသည့် အချိန်အထိ နှစ်ပေါင်း (၂၅)နှစ်ခန့် ရှိလာခဲ့ပြီးနောက် ယနေ့အထိ စိန်ဖူးတဝိုးခံရသည်ဟူ၍ မကြားမသိခဲ့ရများတော့ပေ) ဤသို့လျှင် ဝိတုန်းရုပ်များသည် သာသနာဖျက် စိန်ဖူးသူဝိုးများအား ကာကွယ်ဖမ်းဆီးပေးနိုင်ခဲ့သည်တို့ကို တံ့ခြဲရာ ဒိဋ္ဌပွဲတွေ့ သိရှိခဲ့ရလေ၏၊

ဤသို့လျှင် ဝိတုန်းရုပ်၏ အာနိသင်သည် ကြီးမားရ၏၊ ဤသို့လျှင် ဝိတုန်းသည် ရန်သူမျိုး (၅) ပါးအား ကာကွယ်ပေးနိုင်၏၊ ဘေးအမျိုးမျိုး ရန်တသွယ်သွယ် အန္တရာယ်အမျိုး မျိုးတို့ကို တားဆီး ကာကွယ်နိုင်စွမ်းလည်းရှိခဲ့ပါသည်၊ ထိုပြင် သူဝိုးဘေး ဓားပြဘေး အနုကြမ်း ဝိုးသောဘေး သူပုန် သောင်းကျန်းသူများ၏ ဘေးရန်အန္တရာယ်များမှလည်း ကာကွယ်ပေးနိုင် စွမ်းရှိပါသည်၊ သူဝိုး ဓားပြတိုက် ခြေရာ မြေကိုတွေ့သည်နှင့် ထိုမြေရာ မြေပေါ်တွင် လိုရာ ဆုကိုတောင်း၍ ဝိတုန်းရုပ်တင်ထားလိုက်ပါက အပြန်အုံး သူဝိုး မြေတိုက်ကို ဖမ်းဝိနိုင်စွမ်းရှိပါသည်၊ ကိုးအပြင် ခရီးသွားလျှင် ပစ္စည်းနှင့်တကွ သွားလာရလွယ်

ငွေနှင့်တကွ ခရီးထွက်နေရလျှင် ဤဝိတုန်းကို ဆောင်သွားခြင်းဖြင့် တောင်မြင့်နိုင်ပါသည်။ ဤဝိတုန်းရွယ်ကို ဖွေးဖွေးအခါက ငွေနှင့် သွားလာရသော ပုဂ္ဂိုလ်များ ဘက်တိုက်များ ဘက်လုပ်ငန်းများတို့တွင် ဝိတုန်းရွယ်ထည့်ဆောင်ထားခြင်းဖြင့် သူဦး ကားပြရန် အနုကြမ်းစီး ကိစ္စများ ကင်းရှင်းသွားလိုက်တော့၏ ... ဤတွင် ဝိတုန်းရွယ်ယကြားပြီးစီးတော်။

နိဂုံးချုပ်ကထာနှင့် ဆုတောင်း

မဟာအတိသုခ ယတြာကျမ်းကြီးသည်ကား နိဂုံးကပ်ပါဝ် အဆုံးသတ်မည့် အပိုင်းသို့ ရောက်ခဲ့ရလေပြီး အားလုံးသော ဒုနစ်ရက်သား ဒုနစ်ရက်သမီး မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် အပြင် ကမ္ဘာပြည်သူ လူထုအတွက်ပါ ရည်မှန်းလျက် ရည်စူးလျက် ဤမဟာအတိသုခ ယတြာကျမ်းကို ပြုစုနေသားခြင်း လည်းပြစ်ပါသည်း ဤမဟာအတိသုခ ယတြာကျမ်း၌ ပါဝင်ခဲ့သော ယတြာအစီအရင်နည်းများစွာသည် နှစ်ပေါင်း (၅၀) အတွင်း လောကီပညာရပ်ပေါင်းများစွာအား လေ့လာဆည်းပူးအားထုတ်ပူးခဲ့ပါ၏၊ ထို့နည်းတူစွာ နှစ်ပေါင်း (၅၀) အတွင်း သရုတ်ကို အကျင့်များ ဝုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအကျင့်များ ကသိုဏ်း အကျင့်တော်များအား ဂါထာစပ်ခြင်း အလုံးစုံသော မန္တန်တော်တို့အား အကြိမ်ပေါင်းများစွာ မန္တန် စီပ်ခြင်းများတို့ကိုလည်း လေ့လာ ဆည်းပူးအားထုတ်ခဲ့ပူးလေပြီး

ဤနှစ်ပေါင်း (၅၀) အတွင်းမှာပင် မိမိ၏ ဆရာသမားများ ဆရာတော်ကြီးများဖြစ်ကြပေကုန်သော ညောင်တုန်းမြို့ အင်းဝိဇ္ဇာဆရာကြီး ဦးအေးမောင် ဦးကလှဂဏ ဆရာတော် ရွှင်ဥတ္တမကျော်ဆရာတော် စမ္မသီဖို ပါရဂူ လေးကွန်းပိုင်ဆရာတော် စသည် ပုဂ္ဂိုလ်အကျော် သီဖို့ဖွင့်ဆရာသခင်များတို့၏ အထံတော်တွင် ခယဝတ်စင်း ရှိုးရင်းပြင့် ပညာအထူးထူး သီဖို့အထူးထူးတို့ကို လေ့လာဆည်းပူး အကြိမ်ပေါင်းများစွာ အားထုတ်ခဲ့ပူးပါ၏၊ ထို့ပြင်တဝ ပုပ္ပါးမှ ဘိုးမင်းကောင်း ယက္ကန်းဝင်တောင် ဘိုးဘိုးကောင် စသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ၏ ညွှန်ကြားမှု အားပေးမှု ကူညီမှု စောင့်ရှောက်မှု အတိတ်နိမိတ်ပြုမှုတို့ပြင့် အကူအညီပြောက်ပြားစွာပေးခဲ့ပူး ပြသခဲ့ပူးသော အင်္ဂဝိဇ္ဇာနည်းအပြားပြားနှင့် နက္ခတ္တဝေဒ ကောင်းကင် အကာသ အပြင်နက္ခတ် အခါ တတ် စုပ် ပါဝ် တိထိ ယဒို့မှစ၍ မှားစွာသော တတ်အကွေ့ရာ စာမအပြားပြား ပညာအမျိုးမျိုး တတ္တ နက္ခတ္တ ဘေသဇ္ဇနှင့် အဋ္ဌာရသဓာတ် အစုတို့ကို လေ့လာပြုစု လေ့လာဆည်းပူး အကြိမ်အခါပေါင်းများစွာ အားထုတ်ခဲ့ပူးလေပြီး ထွေးထွေးအခါ ဆရာကစ် သီဖို့နှင်း အပ်ပညာအမှတ်ပြင့် အောင်မြေတကာ အောင်မြေ သပိုင်းဝင် ဌာနေများ၌ အဓိဌာန်အကျင့် ဓုတင်အကျင့် ဧကစာအကျင့် ဖြူးပြေးမွှေတာသော အကျင့်တို့ကို များစွာလေ့လာဆည်းပူး အကြိမ်အခါပေါင်းများစွာတို့ကိုလည်း အားထုတ်ခဲ့ပူးလေပြီး

ဤသို့ဆိုပေမယ့် ယော်စဉ်တောင်ကေး ကလေးဘဝတွင်ယမ်ဟပင် လောကစံလိုင်းကြီး လိုင်းယဉ်တို့ အသွယ်သွယ်ရိုက်ပုတ်ခံခဲ့ရသောကြောင့် ကိုယ်ချင်းစာတရားတို့ကို ရင်ဝယ်ပိုက် ၍ မရှိဆင်းရဲ ဒုက္ခဝဲဆဲမှာ တလည်လည်နှင့် မြစ်နေကြကုန်သော သတ္တဝါများအား ထိုဆင်းရဲ ဒုက္ခ အမြှာမြှာတို့မှ လွတ်မြောက်စေရန် ရည်သန်တောင့်တ ဤမဟာအတိသုခကျမ်းပြတ်ကို ပြုစုခဲ့ခြင်းဖြစ်ပါသတည်း။

အကျွန်ုပ် ကျမ်းပြုအရွယ်သည် ယော်စဉ်တောင်ကေး ကလေးဘဝ အရွယ်မှစတင်၍ သက်တော် (၀၇) နှစ်သားအထိ နှစ်ကိုတွက်ဆစ် ဆယ့်ငုနှစ်နှစ်သောကာလ အတွင်း၌ အလွန်နှင့် ထနောက်အား မဝေခွဲနိုင်ခဲ့။ တောင်နှင့်မြောက်အား မထင်မှတ်နိုင်ခဲ့။ အကောင်းနှင့်အဆိုးအား ဝေဝါးနေခဲ့ရ။ နေအား လထင် လအားနေမှတ် မရေရာသောဘဝ မတိကျသောရွေးနေ မှန်တဝါးဝါးလမ်းများနှင့်သာ လျှောက်လှမ်း လာခဲ့ရ အပူလား အတေး လားဟူ၍ မသိမမြင်ခဲ့ရ မလုပသော ဘဝတည်ငြိမ်သော ဘဝရေရာသော ဘဝ၊ မတိကျသောဘဝ၊ မပြတ်သားသောဘဝ၊ ရေရေရာရာမရှိသောဘဝ၊ အားကိုးရာမဲ့သောဘဝ၊ မှုလုံ မပြည့်စုံသော ဘဝများနှင့်သာ ရင်ဆိုင်နေခဲ့ရသည်ဖြစ်၍ အကျွန်ုပ်နှင့် ထပ်တူ ထပ်မျှ ဖြစ်ခဲ့ရသော သတ္တဝါအပေါင်း လူသားအပေါင်းတို့ ထိုထိုသော ဘဝဆိုးမှိုမှ လွတ်ကင်းစေရန် ရည်သန်၍ ဤမဟာ အတိသုခ ယတြာကျမ်းကြီးကို ပြုစုပြီးသတည်း။

အကျွန်ုပ်ကျမ်းပြုအရွယ်သည် အကျွန်ုပ်၏ အသက် (၅) နှစ်သားခန့်တွင် အကျွန်ုပ်၏ အဖိသည် အကျွန်ုပ်အား စွန့်ခွာ၍ ဘဝတစ်နေရာသို့ထွက်ခွာသွားခဲ့လေပြီ။ ထိုအဖိသည် အကျွန်ုပ်အား စွန့်ခွာ သွားသည့်နေ့မှစတင်၍ အစာမစား ခဲ့ရသော ရက်ပေါင်း လပေါင်း နှစ်ပေါင်းများစွာ ဆိုခဲ့လေပြီ။ မသောက်ခဲ့ရသော နေ့ပေါင်း ရက်ပေါင်း လပေါင်း နှစ်ပေါင်း ကြာညောင်းခဲ့လေပြီ။ တော်တစ်လှည့် ပြတ်တစ်လှည့် ဘဝပေါင်းသည်လည်း လပေါင်းနှစ်ပေါင်းသည်လည်း နောင်းတမြေမြေဖြစ်ခဲ့ရလေပြီ။ သုံးဝဏ်မရှိ ဝယ်စရာမရှိ ဝတ်စရာမရှိ စားဖို့တစ်လုပ်အတွက်နှင့် ကျွန်ုပ်ရသော အလုပ်နှင့် ဘာမျှမခြားသော ဘဝမျိုးမှာ ရပ်တည်ခဲ့ရလေပြီ။ ထိုသို့သောအခါ သရဏာဂုံပြတ် သုံးပါးနတ်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် လည်းကောင်း သီလအကျင့် သမာဓိအကျင့် ဝုဏ်တော်အကျင့် ပြင့်သဆက်ပြင့် အောင် ပွားများဆောင်သော ကြောင့်လည်းကောင်း များပြားလှစွာသော လောကီ သိမ္ဘ ဝိဇ္ဇာခရာအတတ် လောကုတ္တရာအသိတရားတို့ဖြင့် အပန်ပန်အထပ်ထပ် လေ့လာဆည်းပူး အကြိမ်အခါပေါင်းများစွာ အားထုတ်ခဲ့ပုံးလေပြီ။ ယခုအခါ၌ကား အကျွန်ုပ်ကျမ်းပြုအရွယ်သည် ချို့တဲ့သောဘဝမှ လွတ်မြောက်ခဲ့လေပြီ။ နိမ့်ကျသောဘဝမှ လွတ်မြောက်ခဲ့ လေပြီ။ မသေချာသောဘဝမှ သေချာသောဘဝသို့ ကူးပြောင်းခဲ့လေပြီ။ မအောင်မြင်သောဘဝမှ အောင်မြင်သောဘဝသို့ တက်လှမ်းခဲ့လေပြီ။ မပြည့်စုံ မှုလုံသောဘဝမှ ပြည့်စုံဖူလုံသော ဘဝသို့ ဝင်ရောက်ခဲ့လေပြီ။ အကုသိုလ်တရား ကုသိုလ်တရား ကွဲပြားစွာ သိမြင်ခဲ့လေပြီ။ အမြှုနှင့်အပည်း ကွဲပြားစွာ သိမြင်ခဲ့လေပြီ။ အပူလား အတေးလားဆိုသည်မှာလည်း မှတ်ဝါးထင်ထင် သိမြင်လာခဲ့လေပြီ။ မှတ်ရည်မှား ကိုသာ အခေါ်ပြုရသော ဘဝမျိုးများမှ လွတ်မြောက်လာခဲ့ပြီးနောက် ပြုးနိုင်ရယ်နိုင် လက်မထောင်နိုင်သော ဘဝမျိုးသို့ တစ်ဆစ်ချိုး ဝင်ရောက်ခဲ့လေပြီ။

ထိုသို့သော အမေကြောင်းအရာတို့ကြောင့် ယခုအခါ၌ကား ပြုစွန့်ရယ်မောစွာပြင့် ဤမဟာအတိသုခ ယတြာကျမ်းပြတ်ကို ပြုစုနိုင်ပါပြီ။ စိတ်ဓာတ်သာစွာ စိတ်အေးချမ်းစွာ စိတ်တည်ငြိမ်စွာ စိတ်ချမ်းမြေ့စွာဖြင့် ဤမဟာအတိသုခကျမ်းပြတ်ကို ပြုစုအပ်ပါပြီ။ ယင်း၊ အတိတ်ကာလများကို ပြန်လည် သုံးသပ်ခဲ့လည်း ကောင်း ယင်း၊ လက်ရှိကာလ လက်ရှိဘဝ လက်ရှိအခြေအနေကို ဝေဖန်ဝိုင်းပြောခဲ့ လည်းကောင်း ဖြစ်ပေါ်လာမည့်

တနာဂတ်ကာလပေါင်းများစွာ ဘဝပေါင်းများစွာတို့ကို မစွမ်းတောင်းဘဲ ပတိမ်းမစောင်းဘဲ တည်မတ်စွာ မြောင့်တန်းစွာ ရွေ့တည်မတ်စွာကြည့်၍ မြောင့်မတ်စွာကြည့်၍ ကောင်းကျိုးများသော မင်္ဂလာ အပြာပြာ သုခအပုံပုံ ပြည့်စုံမှုအထွေထွေ တိုးတက်မှုအသီးသီး အောင်မြင်မှု အထွတ်အထိပ်တို့ ပြင့်ဂျိမဟာအတိသုခယတြာ ကျမ်းကြီးကို ပြုစုမှု ပြီးစီးပါသတည်း။

ဤယခုပြုစုလိုက်သော မဟာအတိသုခ ယတြာကျမ်းမြတ်အား လေ့လာဆည်းပူးရင်း ထိုယတြာ အတတ်ပညာမျိုးမှားမြင့် သတ္တဝါအပေါင်းတို့ကို အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်အောင် ဆောင်ရွက်နိုင်ကြပါစေ။

ဤမဟာအတိသုခ ယတြာ အစီအရင်များမြင့် နိမ့်ကျသော ဘဝခိုသူတို့အား မြင့်မားသောဘဝမျိုးသို့ မြောင်းလဲပေးနိုင်ကြပါစေ။ ဒုက္ခပင်လယ်ဝေနေသော ဘဝမျိုးမှ ဆယ်ထုတ်နိုင်၍ ချမ်းသာသုခနှင့် ပြည့်စုံသော ဘဝမျိုးကို ပြောင်းလဲပေးနိုင်ကြပါစေ။ ရောဂါ ဝေဒနာအနာအဖျားမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ဘဝမှ လွတ်မြောက်စေ၍ အနာရောဂါကင်းဝေး၍ ထာဝရ ကျန်းမာချမ်းသာနိုင်သော ဘဝမျိုးကို မြောင်းလဲပေးနိုင်ကြပါစေ။ စားရေး သောက်ရေး နေရေး ထိုင်ရေး မြေလည် ပြည့်စုံသော ဘဝမျိုးကို မြောင်းလဲပေးနိုင်ကြပါစေ။ လောကဓံလွှိုင်းကြီး လွှိုင်းငယ်တို့၏ အထပ်ထပ်ဝိုက်ပုတ်ခြင်းကို ခံနေရရှာသော ဒုက္ခသည်ဘဝ အပူသည်ဘဝ ခိုကိုးရာမဲ့ဘဝ စားရမဲ့ဘဝ ဝတ်ရမဲ့ဘဝ ရောဂါသယ်ဘဝတို့နှင့် ရင်ဆိုင်နေရရှာသော လူသားအပေါင်းတို့အား မျက်မြင်ဒိဋ္ဌ မြင်တွေ့ရသည်ရှိသော် မျက်မြင် သုတ ကြားသိခဲ့ရသည်ရှိသော် ကိုယ်ချင်းစာတရား မေတ္တာစွမ်းအားမြင့် ထိုထိုသော လောကဓံ လှိုင်းကြားမှ အမြန်ဆုံး လွတ်မြောက်ကျော်လွှားနိုင်အောင် ပြုပြင်ပြောင်းလဲပေးနိုင်ကြပါစေဟု ဆန္ဒပြုအပ်သတည်း။

ဤမဟာအတိသုခ ယတြာကျမ်းကြီးကို ပြုစုရေးသားရသော ကာမာ ဝါဝရ မဟာကုသိုလ် ဉာဏ သမ္ပယုတ် သောမနဿသဟဂုက် အသင်္ခါရိကစောစေတနာတို့ ကြောင့် တပည့်တော်သည် အပါယ် (၄) ပါးတို့မှ ဘဝဆက်တိုင်း ဆက်တိုင်း အပြတ်းထာဝရ လွတ်မြောက်နေရပါစေသတည်း။ ရန်သူမျိုး (၅) ပါး ဘေး (၀) ပါး ဒုက် (၁၀) ပါး အနာမျိုး (၉၆) ပါးတို့မှ ဘဝဆက်တိုင်း ဆက်တိုင်း အပြတ်း ထာဝရ လွတ်ကင်းနေရပါစေသတည်း။ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ဣန္ဒ္ရိယသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ ဘာကာသသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ ပထဝီသိဒ္ဓိ စသော (၁၀) ပါးသော သိဒ္ဓိကြီးကိုလည်းကောင်း စိဇ္ဈာမန္တသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ၊ မနောမယသိဒ္ဓိ၊ ယောဂုနသိဒ္ဓိ စသော (၁၄) ပါးသော သိဒ္ဓိတို့ကို လည်းကောင်း အောင်မြင်ပြီးစီးရသည်ဖြစ်ရပါလို၏။

ထိုအပြင် ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ ပရစိတ္တ ဝိဇာနန၊ ပုဗ္ဗေနိဝါသနုဿတိ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယ စသော (၆)ပါးသော ဝိဇ္ဇာဉာဏ် အဘိဉ္ဉာတို့ကိုဖြင့် ပြီးစီး အောင်မြင်ရပါစေသတည်းဘုရား။ ထိုပြင်တဝ အဌာရသ တေဇ ကျော်ဟိုး သိဒ္ဓိမျိုးကို အစိုးရမှာ အကွဲရာစတု လေးခုသော စာတ်လေးရပ် ဒေသ ပါမ သူဌေး အမြတ္တ ကောလီ ပထဝီ အာပေါ တေဇော ဝါယောဟု ဆိုအပ်သော စာတ်လေးပါး စာမ လေးလုံးတစ်ဆယ့်ရှစ်ရပ်သော အဌာရသအတတ်တို့ကို အောင်မြင်စွာပြီးစီးရပါစေသတည်း။

ထိုပြင်တဝ ထွက်စာမ ဝင်စာမ ထိမ်းစာမ အုပ်စာမ စသော စာမကြီး (၄) ပါးအား အောင်မြင် ပြီးစီးရ၍ အမျိုးအာသာ သာသနာတော်မြတ်တို့ကို တစ်ဖက်တစ်လမ်းက သာသနာပြုနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည် ဧကန်အမှန်ဖြစ်ရပါစေသတည်း။

အဆုံးဘဝ နောက်ကာလ၌ ခန္ဓာငါးပါး ရပ်နာမ်တရားတို့၏ ချုပ်ငြိမ်းရာ တစ်ဆယ့်တစ်ပါးသော ဓိကို၏ ငြိမ်းဖေးရာ အသင်္ခတမဟတ် နိဗ္ဗာန်တရားမြတ်ကို ဧကန်အမှန်ရရှိပါစေသတည်းဘုရား . . . . . .

(ကြံသည်ပုည ကုသလကြောင့်
လောဘဒေါသ မောဟကင်းကွာ
သံသရာဝယ် ကျင်ပါရုတိ
ပညာဒိန္ဒ္ဓ ယှဉ်မိပေါင်းသင်း
ဉာဏ်ပဲကွင်းဖြိ ပြည်လင်းလှုပ်ယှယ်
လှုစဉ်ဝယ်လည်း သုံးသွယ်စေတနာ
မြောင်ညီညာသည် ခေမာအထွဋ် တိုင်လိုသော်)
(သုခိအတ္တာနံ ပရိဟရန္တု)
(နိဋ္ဌိတံ)

ဘဒ္ဒန္တဝေဝုလ္ဘ
အဂ္ဂမဟာ သဒ္ဓမ္မ ဓောတိကဓဇ
ဝေဝုလ္လာရာမကျောင်းတိုက်
ပြည်မြို့ ။
(၁၃-၁-၂၀၁၀)

မဟာအတိသုခ ယင်္ကြာကျမ်းကြီးသည် တစ်နည်းအားဖြင့် ကုသိုလ်ကောင်းမှု တို့နှင့် ပတ်သက်သော လောကီယင်္ကြာကျမ်းကြီးဟုဆိုပါလျှင် မှားအံ့မထင်ပါ။

ဤမဟာအတိသုခယင်္ကြာကျမ်းဌ ညစ်ပတ်သော၊ ညစ်[illegible]သော၊ လောကီ အစီအရင်းယင်္ကြာများ မပါဝင်ပါ။ အောက်တန်းအနောက်တန်းကျသော သူတော်ကောင်း သူအဆင်စင်တို့ မနှစ်သက်၊ မကြိုက်သော ယင်္ကြာအစီအမံများ မပါဝင်ခဲ့ပါ။ ထို့ပြင် အကျင့်သီလ၊ သီကွာ၊ သစ္စာ၊ သမာဓိတရား တို့နှင့် ပြည့်စုံကြပေကုန်သော ပါရမီရှင်၊ ကုသိုလ်ရှင်၊ အကျင့်ရှင်၊ သမာဓိ အရှင်တို့၏ ဘွဲ့ကျော်စားရာ၊ ဂုဏ်[illegible]အားကိုးအားထားရာ၊ ကုသိုလ်ယင်္ကြာ ကျမ်းကြီးဟု ဆိုလျှင်လည်း မှားအံ့မထင်ပါ။

အပုန်မှာ ကာမာဝစရ ကုသိုလ်ကောင်းမှုတို့ ဖွဲ့မိအားသတ္တဝါတို့ကို လောကီ အတတ်ပညာနှင့် တွဲကော်လျက် လောကလူသားများအတွက် နှိပ်စက်သူ၊ နှိပ်စက်သားများအတွက် ကောင်းကျိုးချမ်းသာ မဂ်လာသုခအကြောင်းကြောနှင့် ပြည့်စုံပါဝင်ပြီး အကျိုးတရား ယင်္ကြာစီရင်ထားသော ကျမ်းစာအုပ်တစ်အုပ် ဖြစ်ပါကြောင်း။

ထိုစာအုပ်ထဲပါအတိုင်း ဗိမိအလိုရှိရာကို လိုအပ်သလို ဆောင်ရွက်စီမံ အားထုတ်ခြင်းဖြင့် မကောင်းသော အကျိုးတရားများ၊ မကောင်းသော အနိဋ္ဌ၊ ဘေးဒုက္ခ၊ ရန်အန္တရာယ်စပ်သိမ်း ကင်းလွတ်ပြီးနိုင်ပါကြောင်း။ ထို့ပြင် ကောင်းကျိုးချမ်းသာ မဂ်လာသုခတရားတို့နှင့်လည်း ပြည့်စုံနိုင်ပါကြောင်း။ လိုရာအကျိုး၊ လိုရာတန်နိုး၊ လိုရာသီဒို့၊ လိုရာမဟီဒို့၊ လိုရာကိစ္စတို့ကို အဆုံး လောက်စွာ ထူးခြားစွာ အောင်မြင်ပြီးစီးနိုင်ပါကြောင်း သိစေအပ်ပါသတည်း။